www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# Quality Publishing House ၏ အထွေထွေစာစဉ်

အမှတ် – ၅၀၈/၅၁၂ (၂–ခ) ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထေ
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃ qualityph@




"ရွေးကောက်ပွဲပြီးလို့ လူထုကရွေးချယ်တဲ့ အာဏာရလာတဲ့အခါ နေ့ချင်းညချင်း ချမ်းသာသွားကြမယ်၊ မာစီးဒီးကားကြီးတွေ စီး ခင်ဗျားတို့ အိပ်မက်မက်မနေကြနဲ့။ လွတ်လ အေးချမ်းတဲ့ဘဝကို ခင်ဗျားတို့ရမယ်။ တောင် မြေပေါ်မှာ လူသားဂုဏ်သိက္ခာပြည့်ပြည့်ဝဝနဲ့ ရှ ရမယ်။ ဒါလောက်ပဲ။ ဒီထက်ပိုပြီး ထူးထူး ပြောင်းလဲသွားမှာ မဟုတ်ဘူး။ တောင် ဖွံ့ဖြိုးတိုးတက်ဖို့ ခင်ဗျားတို့ဘဝတွေ ဖွံ့ဖြိုး စိတ်ရှည်ကြရမယ်။ အလုပ်လုပ်ကြရမယ်။ ကျွ ချစ်တဲ့ ဒီနိုင်ငံကို လူတန်းစေတဲ့ လူရှိသေ ရှင် တစ်ခုဖြစ်အောင် ကျွန်တော်တို့အတူတကွ တည်ဆောက်ကြရအီးမယ်"

ငြိမ်းချမ်းခြင်း ခရီးသည်
နယ်လ်ဆင်မင်ဒဲလား
Quality အယ်ဒီတာအဖွဲ့
NELSON MANDELA
| 1918-2013 |

သို့ ..........
မှ ..........

Quality စာအုပ်တိုက်မှ စီစဉ်သည်



Quality Publishing House

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃

www.burmeseclassic.com

www.burmeseclassic.com






Quality Publishing House

အမှတ် ၅၈၈/၅၁၂ (၂-ခ) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

NO.143, DECEMBER, 2016
preview 5



၆ ရဲပြည်သွားတောလားဖွဲ့ချင်တဲ့ ဖတ်မတီး ဘကြီးအုန်း
မောင်ညိုမှိုင်း (သန့်လျှင်)

၄၇ ထောင်မှူးကြီး သိန်းဝင်း
အမှတ်တရပွဲကလေးတစ်ည


၃၀ ရေသင်အိုင်
မိုးကေတု

၆၀ သခွပ်ပင်က မီးတကျည်ကျည်
လူမှိန်အောင်

၇၀ ဓစ်
မင်းရွှေသိန်း (ခင်းကျော်)

၈၄ အလွတ်စုံထောက် ဝင်းစည်နှင့် ကွေ့ကွေ့ကောက်ကောက်လူသတ်မှု
ကျော်မြင့်ကျော်

၂၆ မက္ကရာနယ်မြေ
မြေပြန့်သက်နိုင်


















၁၂၂ အနွှာရယ်ကြားက တောတွင်းသားတို့ဘဝ
တင့်လူး (မေယုဝတီ)

၁၄၄ ချိုးတော့ မှန်တယ်၊ သို့သော် ခြေမစိမ်း
လေးမောင်

၁၄၈ ချစ်ရှဲဒေါ် ရာ
မေယုမင်းသွင်

၁၅၅ သိုင်းပြောင်းပြန်တိုက်ပွဲ
ဝေယံသိန်း

၁၈၆ အဖွားအိုနှင့် ခွေးတစ်ကောင်
မြဝတီ

၁၆၆ လက်တစ်ကမ်းအလို
မောင်သိဂ္ဂ

၂၁၄ အယောင်ဆောင်လောကသားများ
ဆွေမြင့်

၂၂၂ ပျောက်ဆုံးသောလမ်းမှ ပြန်လာသူ
[illegible]









www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဒေါ်လှမြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလှိုင်၊ နေခင်လဟိ၊ ဝေလင်း၊ သန်းထက်ဇင်၊ ကောင်းကောင်း
ညိုနွယ်၊ မြမြသင်း၊ မြတ်နှင်းနွယ်၊ စုဝေလှိုင်၊ အိမြူ၊ မီမီ။

ပုံနှိပ်သူ
မြူးဝေလှုံပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ–၃၀၀
တန်ဖိုး–၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်–၅၁၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၁၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
[illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကိုကောင်း၊ [illegible] ဆောင်နိုင်လဟိ၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ ထောင်ငှ၊ စိုးမြင့်လေး၊
[illegible] မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်။

ကွန်ပျူတာနှင့် ဖလင်
Quality


ကြောင်စုန်း
ဓကုန်ရွှေများ



**NEXT**

ဆီးသိန်းနှင့် တစ်သက်ထောင်ဒဏ်
ကျော်ဆေးရွှေ



**MONTH**

ပွင့်တူရွက်တူ သီအိုရီ
မျှာမုံမိုးသား




**PREVIEW**

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုခေါ်ခေါ်** ဘကြီးကို အရပ်ထဲက လူကြီးပိုင်းများနှင့် ဘကြီးရဲ့ အပေါင်းအသင်းများက ပတ်မတီး ကိုအုန်းလို့ ခေါ်ကြတယ် ခင်ဗျ။ ရပ်ကွက်ထဲမှာ သီတင်းကျွတ် ရောက်ရင် ... မီးထွန်းပွဲတော် နှစ်စဉ်လုပ်လေ့ ရှိတယ်။ ရောင်စုံမီးပုံးတွေ၊ ကာတွန်းမီးပုံးတွေနဲ့ တစ်ရပ်ကွက်လုံး ရှိသမျှ လမ်း (၈) လမ်းကို မီးထွန်းကြတာဗျ။ ကာတွန်းမီးပုံးတွေပါတော့ သီတင်းကျွတ် မီးထွန်းပွဲလာ ပရိသတ်တွေက မီးပုံးကာတွန်းတွေကို ဖတ်ပြီး သဘောကျကြတာကိုး။

ဂုသည် စိတ်ထားဖြူစင်ဖို့လိုသည်၊
တိုင်းပြည်ခေါင်းဆောင်သည် ပြည်သူကို ရင်ဝယ်သားကဲ့သို့
ကြင်နာဖို့လိုသည်၊ အသိဉာဏ်၊ ဆင်ခြင်တုံတရား
ရှိဖို့လိုကြောင်း ဂျိုဝဲ့က သက်သေပြပေလိမ့်မည် ...



ဝေမှုန်လင်း

# မောင်ညိုမှိုင်း (သန်လျင်)

ရေမြှုပ်ညှိသွားတောလားပွဲချင်တဲ့

# ပတ်မတီး ဘကြီးအုန်း

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက လမ်းစဉ်ပါတီခေတ်၊

ကာတွန်းမီးပုံးတွေက ဘယ်လို ကာတွန်းတွေရေးပြထားလည်းဆိုတော့ –ဆေးရုံမှာ ဆရာဝန်သာရှိပြီး ဆေးမရှိတဲ့အကြောင်း။

ဦး – ဘသရေပါလာပြုပြုအေ – ဗီ – စီနဲ့ တိုဒါနင် ပါရာစီတမော့ အကိုက်အခဲ ပျောက်ဆေးပဲ ပေးတဲ့ ပြည်သူ့ဆေးရုံ အကြောင်း၊

မှောင်ခိုမယ်နဲ့ မီးရဲထားရဲတို့ ရှာဖွေရေးတို့ လာဘ်ပေးလာဘ်ယူ လုပ်တဲ့ အကြောင်း၊

သမဝါယမလူကြီးတွေ သမပစ္စည်း အပျောက်ရိုက်ပုံအကြောင်း။

ဇာတ် သဘင် သရုပ် ပျက်တဲ့ အကြောင်း၊

ထောက်ခံစာ သွားလုပ်တာ ငွေပေးရတဲ့အကြောင်း၊ မှတ်ပုံတင်ရုံး (လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ဌာန) မှာမှတ်ပုံတင်တတ်ပြားလုပ်ဖို့သွားတဲ့ အသက် (၂၉) နှစ်ရွယ် လူငယ်တစ်ဦး၊ အသက် (၈၀) ကျော်မှ မှတ်ပုံတင် သက်သေခံ ကတ်ပြားရလို့ မေတ္တာပို့တဲ့ကာတွန်း။

စတဲ့ ကာတွန်းနဲ့ ခေတ်ရဲ့လူ့အလှာတို့ သရော်သတိပေးတဲ့ ကာတွန်းမီးပုံး တွေဆိုတော့ မီးထွန်းပွဲလာ ပရိသတ် အရမ်းသဘောကျကြတာပေ့ါ။

တန်ဆောင်မုန်းလရောက်ရင် သက်ကြီး ပူဇော်ပွဲကျင်းပကြတယ်။

ရုပ်သေပြကွက် သရုပ်ဖော် ဇာတ် ထုပ်တွေကိုစင်တွေနဲ့ ခင်းကျင်းပြသကြ တယ်၊

ဒီနှစ် သုဝဏ္ဏသာမ ရုပ်သေဇာတ် ထုပ်ခင်းရင် နောက်နှစ်ကျတော့ မဟာ ဇနတ္တဇာတ်ကွက် သရုပ်ဖော် သို့မဟုတ် ဝေဿန္တရာ ဇာတ်ကွက် သရုပ်ဖော် စသည် တစ်နှစ်တစ်မျိုး ကျွန်တော်တို့ အစ်ကိုတွေ၊ ဝါသနာရှင်တွေက လူကိုယ် တိုင် ရုပ်သေပါဝင်သရုပ်ဖော်ပြတာကို။

အရမ်းစည်ကားတာပဲ၊

ကြိတ်ကြိတ်တိုးပဲဗျာ၊

တန်ဆောင်တိုင်ပြဇာတ်တွေ အပြိုင်ကကြတယ်။

မြို့မတောင် ရပ်ကွက် တက္ကသိုလ် ဆွေလှိုင်မင်းဦးစီးတဲ့ ပြဇာတ်။ ပဲခူးစုက ကိုဂြိုဟ်တုတို့၊ မင်းသားကြီး ဝင်းလှိုင်တို့ ဦးစီးတဲ့ပြဇာတ်။ မြို့ဟောင်းအရှေ့ရပ် ကွက်က ကပ္ပလီမင်းကြည်လှိုင် ဦးစီးတဲ့ ပြဇာတ်၊

ထန်းပင်ကုန်းရပ်ကွက်က ကိုသောင်းညွန့်ဦးတို့ ကိုရင်ရွှေမှိုင်းတို့ ကိုမောင်တရုတ်ကြီးတို့ဦးစီးတဲ့ပြဇာတ်။

စိုလ်ချုပ်ကျေးရွာက ကိုထွေးသိန်း ... ကိုနောင်တို့ ဦးစီးတဲ့ ပြဇာတ်။

စတဲ့ – စတဲ့ ပြဇာတ်တွေ၊ ပဒေသာ ...ပွဲတွေဟာ မြို့ပေါ်ရပ်ကွက်တိုင်းမှာ ...ညသုံးလီ မြိမ့်မြိမ့်သဲသဲ အပြိုင်ကပြကြတာ ခင်ဗျ။

တော်ရုံ ကြေးစားဇာတ်ထဲက ပြဇာတ်လောက်ကို ကျွန်တော်တို့မြို့က ...ရုပ်ဖော်တင်ဆက်တဲ့ ပြဇာတ်တွေက ...နိုင်တဲ့ အရည်အသွေးရှိတယ်လေ။

ကျွန်တော်တို့ မြို့ပေါ်အရပ်ပြဇာတ် ...နေ အောင်မြင်သွားတဲ့ ပြဇာတ်ရေး ...ရာ ပြဇာတ်မင်းသား၊ ပြဇာတ်မင်းသမီး၊ ...ချင်းရေးဆရာ၊ လူရွှင်တော်တွေ၊ ကြေး ...ဇာတ် အငြိမ့်တွေအထိ ထိုးဖောက် ...ရောက်နေရာ ရရှိသွားခဲ့တာ များမှ ...။

ပြောချင်တာက ...

ရပ်ကွက်ထဲမှာ ဘာပွဲအစီအစဉ် ...လုပ်လမ်းစဉ်ပါတီအောက်ဆိုတော့ ...စည်းအဝေးလုပ်ရင် ရပ်ကွက်ပြည်သူ့ ...ကောင်စီနဲ့ ရပ်ကွက်ပါတီစိတ်မှူးတွေပါ ...တ်ကြားစည်းဝေးပြီး သူတို့က လက်ခံ ...မီးထွန်းပွဲတော်လုပ်ရတာ၊ တန်ဆောင် ...တိုင်ပွဲတော်၊ မဟာသင်္ကြန်ပွဲတော်၊ သဲပုံ စေတီဘုရားပွဲတော် ကျင်းပပြုလုပ်ရ တာ၊

ရပ်မိရပ်ဖများနဲ့ လူငယ်တွေက ရပ် ကွက် စည်စည်ကားကား ဖြစ်စေချင်ကြ တယ်။ ရပ်ကွက်ထဲက လူငယ်အနုပညာ ရှင်လေးတွေကို မြေတောင် မြှောက်ပေး ချင်တယ်၊

စတိတ်ရှိုးလုပ်မယ်၊ အငြိမ့်ကမယ်၊ ပွဲကမယ်ဆိုရင်ရပ်ကွက်အာဏာပိုင်အဖွဲ့ က ကန့်လန့်လုပ်ပါရော။ ပွဲလမ်းသဘင် လုပ်ရင်၊ ရုပ်ရှင်ပြရင် ပရိသတ်တွေ အများကြီးလာမယ်၊ လာရင် မူးရူးရန်ဖြစ် တာလည်း ပါလာမယ်၊ ပွဲခင်းလုံခြုံရေး ဘယ်သူတာဝန်ယူမတုံး။

ကောင်စီဥက္ကဋ္ဌက အစည်းအဝေး မှာ မေးတာဗျ။

"ပွဲလန့်ပြီး ပြေးကြ၊ လွှားကြလို့ ထိခိုက်ကုန်ရင် ဘယ်သူတာဝန်ခံမှာလဲ ပြောကြလေ"

"ပွဲခင်းထဲ မသမာသူ ဝင်လာပြီး နှောင့်ယှက်လို့ အသေအပျောက်ရှိရင် ကျုပ်တို့ပါတီကောင်စီကအရင်ရှင်းရမှာ။ အရေးယူခံရမှာ၊ ခင်ဗျားတို့ ...တ်ခံပေါ် တက်ကချင်တဲ့ သူတွေက အချုပ်ထဲ ဝင် မလား၊ ပြောပါ ..."



www.burmeseclassic.com

တစ်ယောက်က ထမေးတယ်။

"ပွဲခင်းလုံခြုံရေးအတွက် ရဲအဖွဲ့ကို အကူအညီတောင်းရင် မရဘူးလား ဥက္ကဋ္ဌ"

"ရဲအဖွဲ့ကလည်း ခုလို ပွင့်လင်းရာသီမှာ တာဝန်တွေများတယ်၊ ခေါ်ဖို့ လွယ်ဘူး"

"တပ်ကို အကူအညီတောင်းရင် ရောဗျာ"

"ဒီနိုင်ငံတော်အဆင့် အလံသယ်တဲ့ ပွဲတော်ဘူး။ ပြည်ထောင်စုနေ့ မြို့ပေါ်ကော်ဆုံ ချော်ရွှဲ တော့ဘူး။ ခင်ဗျားတို့အရပ်ထဲကလူငယ်တွေချည်း စင်ပေါ်တက်တာကြမှာ၊ တပ်ကို ခေါ်လို့ ရေဘူး။ ပြီး - တပွဲက စင်ပေါ်မှာ အရှိုးကျ ရင်တော်ပါရဲ့ တစ်ယောက်မှ အရှိုးမကျ ရင်ရပ်ကွက်ပါနာမည်ပျက်ဦးမှာ၊ ခင်ဗျားတို့ စည်းစည်းစားစားလုပ်ပါလို့ ပြောချင်တာပါ"

ဒီရပ်ကွက်ဥက္ကဋ္ဌက နှစ်တိုင်း အစည်းအဝေးမှာ ပျော်ပွဲရွှင်ပွဲကို တာဝန်ယူမထိန်းပေးနိုင်ဘူးချည်း ပြောနေတာဝဲဗျ။

ဦးဘစုက မေးတယ်။

"ရပ်ကွက်ထဲက အရန်မီးသတ်တပ်ဖွဲ့နဲ့ ထိန်းပေးရင်ရော မရဘူးလား - ဥက္ကဋ္ဌကြီး"

"အရေးပေါ် အကြောင်းပေါ်ဆိုရင် အရန်မီးသတ်လက်ထဲမှာ တုတ်မရှိဘူး။ သေနတ်မရှိဘူး။ လက်ထိတ်မရှိဘူးလေဗျာ။ ကိုင်စွဲခွင့်လည်း မရှိဘူးလေဗျာ။ ပရိသတ်က ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ခွေးနှစ်ကောင်ကိုက်ရင်တောင် ဝိုင်းအုံကြည့်ကြတာ။ တီးဝိုင်းပါလာရင် လူများသွားမယ်၊ ရပ်ကွက်အရန်မီးသတ် ဆယ့်လေးငါးယောက်နဲ့ ပွဲခင်းထိန်းလို့ မနိုင်ဘူး"

အစည်းအဝေးတက်ရောက်လာသူ ရပ်မိရပ်ဖ၊ လူငယ်တွေ ပါတီစိတ်က လူတွေ အသံတိတ်သွားကြတယ်၊

ကိုဘအောင်က လေးလေးတန်ကန် ထမေးပြန်ပြီဗျ။

"ဒါဆို တန်ဆောင်တိုင်မှာ ပျော်ပွဲရွှင်ပွဲမလုပ်ဘဲ သက်ကြီးပူဇော်ပွဲ ရိုးရိုးပဲ လုပ်ရမှာပေါ့၊ ဟုတ်လား ခင်ဗျ"

"အန္တရာယ်ကင်းတာပေါ့ဗျာ"

"ပါတီစိတ်က ပုဂ္ဂိုလ်များကရော ဘယ်လိုသဘောထားများ ရှိပါသလဲ သိပါရစေ ခင်ဗျ"

ဒီမှာ ပါတီစိတ်မှူး ဦးညိုခွကထရပ်ပြီး -

"ဒီလိုရှိပါတယ် - ဦးဘအောင်တို့ ကိုဘစုတို့၊ ကိုသောင်းညွှန့်ဦးတို့ ခင်ဗျ"

ပါတီစိတ်မှူး ဦးညိုခွက အရမ်းဖေပ ...ညတဲ့လူ၊

"ဒီလိုပါခင်ဗျ၊ အဟာမ်း - ဟိုးသမိုင်း ...မြေခေတ်ကတည်းက ကျောက် ...ခတ်လူသားတွေဟာ"

အစည်းအဝေးတက်လာတဲ့ လမ်း ...သီးက လူတွေ စိတ်ညစ်စပြုလာ ...ဒီပါတီစိတ်မှူးဦးညိုခွကအသုဘ ...မှာလည်း စကားပြောရင် သမိုင်း ...မြေခေတ်က စပြောတယ်၊ လင် ...ရန်ဖြစ်လို့ ကောင်စီရုံးရောက်ရင် ...လင်မယားနှစ်ဦးကို သမိုင်းဦးဘုံ ...တ်နဲ့ အစချီပြီး လင်မယားရန်ဖြစ် ...ဲ့ဖြစ်စဉ်ကို စခင်းတာပဲ၊ အနည်း ...ရှိလောက်ကြာအောင်ကျောက် ...ခေတ်၊ ကျောက်ရျောခေတ်၊ ကြေး ...သံခေတ်ကနေ လင်မယားရန်ဖြစ် ...ဖြစ်တွေကို ချီလာလိုက်တာ၊

...ကျောက်မှောက်ခေတ်ကို ရောက် ...—

"အညာမည" သဘောတရားကို ...ယ်။

...ရှင် - အရင်းရှင်စနစ်ရဲ့ ကုပ်သွေး ...ထုတ်မှုကြောင့်အလုပ်သမား ...ရဲ့ ရုံ၊ ခေါင်းပုံဖြတ်ရပုံ၊ ဒီကနေ ...ဦးစီးကိုမှီခိုနေရတဲ့ ဇနီးသည်



ခများစားဝတ်နေရေးမပြေလည်မှုအကွက်ကို မိသားစုနဲ့ ခံစားကြရရာက လင်နဲ့မယား ပဋိပက္ခအသွင်ကို ဆောင်လာကြပြီး ကွဲမယ်၊ ကွာမယ် ဖြစ်ရတဲ့အကြောင်း။

အဓိက အချက်က ...

လင်သားလုပ်တဲ့ ကိုဝင်းနိုင်လည်း တရားခံမဟုတ်ဘူး။

ကိုဝင်းနိုင်ရဲ့ ဇနီး မပေသီးလည်း တရားခံ မဟုတ်ဘူး။

အဓိက တရားခံက ...

အရင်းရှင်စနစ်၊ မနှရှင်စနစ်၊ ခေါင်းပုံဖြတ်စနစ်၊ ဒီအရင်းရှင်၊ မနှရှင်စနစ်ကို အပြုတ်မတိုက်နိုင်သရွေ့...

မယားနဲ့လင် ရန်ဖြစ်မယ်၊

အဖေနဲ့သား စကားများမယ်၊

အထက် လူကြီးနဲ့ အောက်လက်ငယ်သား စိတ်ဝမ်းကွဲကြမယ်၊ စိတ်ညစ်ကြရင် အလုပ်ကို အာရုံမစိုက်ချင်တော့ဘူး။ ဒီမှာ ကုန်ထုတ်စွမ်းအားတွေကျလာရော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ယိမ်းယိုင်အောင် ထိုးနှက်နေတာ အရင်းရှင်ဝါဒပဲ၊

ပါတီစိတ်မှူး မျက်လုံးစုံမှိတ်ပြီး ကောင်စီရုံးခန်းမှာ တရားချနေတာ၊ တစ်နာရီလောက် ပြောပြီးလို့ဖေတာနဲ့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကောင်စီရုံးမှာ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လင်မယား ကွာရှင်းဖို့ နင်လား၊ ငါလား အပြိုင်တောင်းဆိုကြတဲ့ လင်မယားနှစ်ယောက် မရှိတော့ဘူး။

ဒါနဲ့ - ပါတီစိတ်မှူးက မေးတာပေါ့။

"ဥက္ကဋ္ဌ - ဟိုလင်မယားဘယ်ရောက်သွားတုံးဗျ"

"အိမ်ပြန်သွားကြပါပြီ ပါတီစိတ်မှူး"

"ဟ - စောစောကတော့ ကွာရှင်းမလို့ဆို၊ ကျုပ်က မဖြစ်သင့်တာ မဖြစ်ရအောင် ရှင်းပြနေတုန်းရှိသေး၊ မျက်လုံးဖွင့်ကြည့်တော့ နှစ်ယောက်စလုံး မရှိတော့ဘူး၊ ဥက္ကဋ္ဌ ကွာရှင်းပေးလိုက်လို့လား"

"မပေးပါဘူး - ပါတီစိတ်မှူး"

"ဒါဆို ဘာလို့ပြန်သွားကြတာတုံး၊ ပြောပါဦးလေ့ဗျ"

"ပါတီစိတ်မှူးနဲ့ ကျုပ်တို့ဆွေးနွေးနေကြတာကိုမှ မသိလိုက်ဘူးလား"

"လူနှင့်ပတ်ဝန်းကျင်တို့ရဲ့အညမညသဘောတရားမှာ ဘာပြောထားလဲဆိုတော့ - အဟတ်"

"တောက် - မိုးလင်းနိုင်တယ်ကွာ"

"အေးဗျာ - ဦးဘအောင်ကလည်း ဒီပါတီစိတ်မှူးကိုမှ သွားရှင်းခိုင်းရတယ်လို့ဗျ"

"ငါပြန်တော့မယ် - ကိုတင်ဝင်း"

"ဟ - နေဦးလေ၊ အစည်းအဝေး မပြီးသေးဘူးလေဗျာ၊ အစည်းအဝေးက ဘာဆုံးဖြတ်ချက် ချမလဲ မသိသေးဘူးလေ"

"ပြန်မှဖြစ်မယ် တင်ဝင်းနဲ့ သောင်းညွန့်ဦး၊ ပါတီစိတ်မှူး ကိုညိုခွ ပေရှည်ဦးမှာ၊ ငါ စောစော အိမ်ပြန်မလာရကောင်းလားဆိုပြီး ငါ့မိန်းမ လင်ငယ်နောက်လိုက်သွားနိုင်တယ်၊ ပြန်ပဟော့ - တာ့တာ"

"ဟော"

✡✡✡

ခုလည်းကြည့် - ကောင်စီဥက္ကဋ္ဌက ပွဲခင်းလုံခြုံရေး တာဝန်မယူနိုင်ဘူးတဲ့၊ ဒီတော့ ပါတီစိတ်မှူး ဦးညိုခွက ထရှင်းတာ၊

"ဒီလိုရှိတယ်ဗျ - အဟမ်း"

"ဆိုလိုချင်တာက - အေးဟော့"

"လူနှင့်ပတ်ဝန်းကျင်တို့ရဲ့အညမည သဘောတရားမှာ ဘာပြောထားလဲဆိုတော့ - အဟတ်"



တိုလုကြီးကုတ်ကုတ်ကုတ်ကုတ်နဲ့ အငြိမ်တယ်၊

တိုကျော်သောင်းလည်း ဆီးသွားသလိုလို၊ ကွမ်းတံတွေး ထွေးမလိုလိုနဲ့ အပြင်ထွက်ပြီး ပြန်ဝင်မလာတော့ဘူး။

ပါတီစိတ်မှူးကိုညိုခွက အာပေါင်အရင်းသန်သန်နဲ့ ပြောနေတုန်းဗျ။ ရှေ့ဆုံးလူကြီးတန်း ထိုင်နေသူအချို့လည်း ခေါင်းသူငိုက်၊ သမ်းသူ သမ်းဖြစ်နေကြပြီ။

"အညမည သဘောတရားမှာ ဘာပြောထားလဲဆိုတော့ အဟမ်း - လူနဲ့ ပတ်ဝန်းကျင်ရဲ့အညမညနဲ့ ပဋိပက္ခ အကြောင်းပေါ့၊ ကမ္ဘာကြီး ကျောက်ခေတ်ဦးမှာ ကျောက်ခေတ်လူသားတွေအဖွဲ့ - စုပေါင်းအမဲလိုက်ကြတယ်၊ သားကောင်ကိုရခဲ့တယ်၊ သူတို့ရလာတဲ့အမဲ - "

"အားဝါး - ဝါး"

ကောင်စီဥက္ကဋ္ဌလုပ်တဲ့ ကိုအောင်ငြိမ်းက ပါတီစိတ်မှူးကိုညိုခွကို တိုးတိုးတစ်ပြောလိုက်တယ်၊

"ကိုညိုခွ - သမ်းတဲ့လူ သမ်း၊ ပြန်တဲ့လူ ပြန်တုန်ပြီဗျ၊ အားလုံးပြန်အောင် အကြာခေတ် သံခေတ်ပါ ထည့်ပြော"

"အေး - အေးပါ - အမဲကောင်ကို စုပေါင်းအမဲလိုက်ကြတယ်၊ ရတဲ့အမဲကို ဝေခြမ်းစားသောက်ကြမယ်၊ ဝမ်းသာကြွလွန်းလို့ကလေးတွေ၊ လူငယ်တွေ၊ မိန်းမတွေက ပျော်ရွှင်စွာ ကခုန်ကြတယ်"

ဒီမှာ ကျုပ်တို့ဘကြီးအုန်းက ထရပ်ပြီး ...

"ကိုညိုခွ - ခဏလေးဗျာ"

"အဆို အကဆိုတာ ကမ္ဘာဦးလူ (ကျောက်ခေတ်ဂူနေလူ) တွေက စတင်ခဲ့"

"ကိုညိုခွ ခဏလေးရပ်ပေးပါဗျာ"

"ကိုရွှေအုန်း ဘာဖြစ်လို့တုံး၊ ကျုပ် ပါတီစိတ်မှူးတစ်ယောက်အနေနဲ့ - နဲ့ - ရှင်း"

"တော်တော့ဗျာ - ခင်ဗျားတို့ ပြောနေတာ လိုရင်းကို မရောက်ဘူး၊ ဒီမှာ ကောင်စီဥက္ကဋ္ဌရော၊ ပါတီစိတ်မှူးရော ကျုပ် ရှင်းရှင်းမေးမယ်"

"ဘာမေးချင်လို့ပါလိမ့်ဗျာ"

"တန်ဆောင်တိုင်မှာ အရပ်ထဲက လူငယ်တွေ ပဒေသာကပွဲလုပ်မယ်၊ တစ်၊ ခွင့်ပြု ထောက်ခံပေးနိုင်မလား၊ နှစ်၊ ပွဲခင်းလုံခြုံရေး ခင်ဗျားတို့ ရပ်ကွက် ဥက္ကဋ္ဌနဲ့ တာဝန်ရှိတဲ့လူတွေ တာဝန်ယူပေးနိုင်မှာလား - ပြော"

"ဒါ - ဒါကို ကျုပ်တော် ရှင်း"

www.burmeseclassic.com

www.burmeseclassic.com



"ထပ်မရှင်းနဲ့တော့ဗျာ၊ အချိန်တွေ အလဟဿကုန်သွားပြီဗျ၊ ခင်ဗျားတို့ တာဝန်မယူနိုင်ရင်ပွဲမိန့်ကိုကျုပ်တို့ရပ်မိရပ်ဖတွေ မြို့နယ်ပြည်သူ့ကောင်စီရုံးမှာ သွားတင်ပြမယ်။ ပွဲခင်းလုံခြုံရေးကိုကျုပ်တာဝန်ယူမယ်ဗျာ - တာဝန်ယူမယ်"

"ရှိုး - ဝေး"

"ဘကြီးရွှေအုန်းကွ"

"ရှိုး - ဖြောင်း - ဖြောင်း - ဖြောင်း - ဖြောင်း"

အစည်းအဝေးတက်ရောက်လာတဲ့ လူငယ်မောင်မယ်တွေကဘကြီးရွှေအုန်း အပြောကိုသဘောကျပြီး လက်ခုပ်တွေ တီးကြပါရောဗျာ၊

"အာပြောတယ်ဗျ - ပွဲခင်းလုံခြုံရေး ကိုကိုရွှေအုန်းကတာဝန်ယူမယ် - ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို တာဝန်ယူမှာတုံး - ရှင်းပါဦး"

"ဆေးလုံးကြီးရှာတဲ့ကျုပ်ဇာတိမွေးရပ်မြေပဲ၊ ကျုပ်ဇာတိဆေးလုံးကြီးရွာက ရွာသားလူကြီးလူရွယ် အယောက်ငါးဆယ်ကို ပွဲခင်းလုံခြုံရေး စောင့်ရှောက်ကြပ်မတ်ပေးဖို့ ကျုပ်ခေါ်ခဲ့မယ်။ ကျုပ်ရွာသားတွေ သေနတ်တော့ မကိုင်ဘူးဗျာ၊ ဝါးရင်းတုတ်တွေတော့ လိုအပ်လာရင် ကိုင်ကြလိမ့်မယ်၊ ပွဲခင်းတစ်ခုလုံး ပြဿနာ လုံးဝမရှိစေရဘူးဗျ"

"ရှိုး ..."

"ဘကြီးအုန်းကွ"

"ပတ်မတီးအုန်းကွ"

"ဘဲရိုးဝှတ်ပဲ - ဘကြီးအုန်းရာ"

"ကျုပ်တို့ ရပ်ကွက်ထဲက လူငယ်တွေပါပွဲခင်းလုံခြုံရေးကိုဘကြီးအုန်းလူတွေနဲ့ ပူးပေါင်းပါဝင်မယ်ဗျို့"

"ဝေး"

"ဟေး"

"ရှိုး"

သက်ကြီးပိုင်း ရပ်မိရပ်ဖတွေတလည်း ထရပ်ထောက်ခံ ထောက်ခံကုန်ကြပါရောဗျာ၊

"ဒီမှာဗျ - ရပ်ကွက်ဥက္ကဋ္ဌကြီးနဲ့ ပါတီစိတ်မှူးကြီးတို့ကိုယ့်ရပ်ကွက်ထဲက လူငယ်တွေ ရပ်ကွက်သာယာဖျော်ရွှင်အောင် သူတို့ရဲ့အနုပညာအစွမ်းအစလေးတွေနှစ်တိုင်းဖော်ထုတ်နေကြတာ၊ အားလုံးအသိ၊ တစ်ရပ်လုံး၊ တစ်မြို့လုံး အသိပေးဗျ၊ ခင်ဗျားတို့အုပ်ချုပ်ရေးပိုင်းကလူငယ်တွေရဲ့ကောင်းမွန်တဲ့လူမှုရေး သာယာရေးကိစ္စကို ကူညီအားပေးမှုမရှိဘဲ ကန့်လန့်တိုက် လုပ်နေကြတာ နှစ်



ဆိုင်းလိုလိုဖြစ်နေတယ်၊ မကူညီချင်နေကြဗျာ၊ မနှောင့်ယှက်ကြပါနဲ့၊ ဗျက်လိုဖျက်ဆီး မလုပ်ကြပါနဲ့ဗျာ၊ ကျုပ်တို့ ရပ်ရွာမြို့အတွက် တျုပ်တို့ အရပ်ထဲက တလေးတွေရဲ့ကြိုးစားအားထုတ်မှုကို ကျုပ်တို့ ရပ်မိရပ်ဖလူကြီးပိုင်းက အားပေးတယ်ဗျာ၊ ကျုပ်တို့ သက်ကြီးတွေပါ ပွဲခင်းလုံခြုံရေးကိုကိုအုန်းရဲ့ဆေးလုံးကြီး သား လုံခြုံရေးအဖွဲ့တွေ လူငယ်တွေနဲ့ ပါဝင်ကူညီ ကင်းစောင့်ပေးမယ်ဗျို့၊ ခင်ဗျားတို့ရုံးခန်းထဲမှာပဲ လက်ဖက်ရည်သောက်၊ လက်ဖက်လေးမြုံ့ပြီး ထိုင်နေကြပါဗျာ"

"ဝေးဟေး ..."

"ရှိုး ..."

"ဦးဘွတ်စွပ် - အဲ - အဲ - ဦးဘစုတဲ့တွ - ရှိ"

အစည်းအဝေးတက်လာတဲ့လူကြီးသူမတွေက သင်းတို့ ကောင်စီဥက္ကဋ္ဌနဲ့ လေကြောရှည်တဲ့ပါတီစိတ်မှူးကိုလုံးဝကြည့်ရတာ မဟုတ်ဘူးဗျ။

ပါတီရဲ့ဝဟိုဦးစီးစနစ်နဲ့ ဥက္ကဋ္ဌတို့ ဘာညာတို့ခန့်ထားလို့သာ အားနာပါးနာကြည့်နေရတာ၊ ယောင့်မကျိုး ပိုးမကျိုး လူကြီးတွေမို့မျက်စိနောက်နေတာကြာပြီ၊

ရတော့ - ဝိုင်းဖွဲ့ကြရော၊

ဒီတော့မှ မျက်စိမျက်နှာတွေ ပျက်ကုန်ကြပြီ၊ သံဃာအား ဘုရားမလွှန်ဆန်နိုင်ပါဘူး ခင်ဗျာ လုပ်ကြရော၊ သူများရပ်ဝေးကျေးရွာက လူတွေခေါ်ပြီး ပွဲခင်းလုံခြုံရေးတော့ မလုပ်ကြပါနဲ့ဗျာတဲ့၊ ကျွန်တော်တို့ လူကြီးပိုင်းလည်း သိကျွာကျပါတယ်တဲ့၊ ကျွန်တော်တို့ပဲ ရဲစခန်းနဲ့ ပါတီနဲ့ ညှိနှိုင်းပြီး လုံခြုံရေးရရှိအောင် အထူးကြိုးစားဆောင်ရွက်ပေးပါ့မယ် ဆိုပြီး ပြောရရော၊

အစည်းအဝေး နောက်ဆုံးတန်းမှာ ထိုင်နေတဲ့ ဘုန်းကြီးလူထွက်၊ မင်းသားပျက် ကိုဖအောင်ရွှေက မကြားတကြား ပြောလိုက်တယ်၊

ခင်ဗျားတို့မှာ ဘယ်တုံးကရော သိက္ခာရှိလို့လဲတဲ့၊

အလှူအိမ်နဲ့ ဘုရားကိုးဆူတပ်ရင် ခေါင်းရင်းခန်းမှာထိုင်ပြီး တစ်ဝကြိတ်တဲ့ လူတွေက အသုဘရက်လည်ဖိတ်ရင် အစည်းအဝေးတက်ရမှာမို့ ရက်လည်ဆွမ်းကျွေးမလာဖြစ်ဘူးဗျာ ပြောတဲ့ဒုတွေ၊ ကူငွေနဲ့ လက်ဖွဲ့ပေးရတဲ့ဂွဲဆိုအခါတမ်း ရန်ကုန်မှာ အစည်းအဝေးသွားမယ်ပြောပြီး ကူငွေနဲ့ လက်ဖွဲ့ပေးဘဲခါတည်တည် ခပ်တေတေ ပင်ဝါးသွားတဲ့ လူကြီးတွေတဲ့၊ ပြောင်းလိုက်တာ"

www.burmeseclassic.com



သာရေဝါ – ကိုအောင်ရွှေ၊

ခပ်ကျယ်ကျယ်လေး ပြောစေချင်ပါ့ဗျာ၊

သို့သော် – ကောင်စီရုံးကထိတ်တုန်းတလည်း လူဆာတယ် အိပ်မက်ပေးနေတော့ တိုးတိုးပဲ ပြောရရှာသပေါ့ဗျာ၊

✡✡✡

ကျုပ်တို့ရပ်ကွက်ထဲ ရပ်ရေးရွာရေး အစည်းအဝေးလုပ်ကြရင်ဘကြီးရွှေအုန်း [illegible]ဦးအွတ်စွပ်တို့၊ ကိုညွန့်သောင်းဦးတို့ [illegible]လာလာအောင် ဖိတ်ရတယ်၊

အထူးသဖြင့် ဘကြီးရွှေအုန်း။

[illegible]ပြောရင် နေရော၊ ပြောရင် ဝေထိ[illegible]ရော၊

[illegible]ကြောင့်ဝတ်ဝတီးတိုအုန်းလို့ခေါ် [illegible]ပေါ့ဗျာ၊ ဘကြီးရွှေအုန်းက ဘုန်း [illegible] လူထွက်ဗျ၊ သဒ္ဒါ [illegible] သူ့ရှေ့မှာ သမထ၊ [illegible]ကြောင်း[illegible]နဲ့ အမြင် [illegible]ရော။

ဘာ[illegible]လို့တုန်း —

မြင်တိုက်ရင် နာတယ်၊ နာတယ်လို့ မှတ်သဲ၊ ဝါမိုးမြင်တတိုက်လိုက်တာ၊ [illegible]ဝါ တို့[illegible]တော့မယ်၊ သေတာဆိုပြီး [illegible]ဆယ်မိနစ်တိုင်ရင်း မြင်အကောင် ပါးဆယ်လောက် လက်ဝါးနဲ့ရိုက်သတ်တဲ့လူက ဝိပဿနာအကြောင်းဖြစ်တဲ့ ဝင်တယ်၊ ထွက်တယ်၊ ဝင်ရင် အသိ၊ ထွက်ရင်အသိ၊ မြင်ရင်မှတ်၊ မြင်တယ်လို့ မှတ်၊ ဒေစီကျော်ဝင်းကိုမြင်တယ်၊ ဟုတ်ပြီ – မှတ်မှတ်၊ မှတ်ရင်း ပျောက်သွားလိမ့်မယ်၊ ဆဲဒါ အနိစ္စအမြဲမရှိတာလို့ ရှုံးပြီး ဖြစ်တာ ပျက်တာကို မရှု၊ ခင်သန်းနုနဲ့ ဒေစီကျော်ဝင်းတို့၊ မိုမိုမြင့်အောင်တို့မြင်ရှုမှတ်တဲ့သံယာစင်ပေါ်နဲ့အသုဘအိပ်မှာ လက်ဖက်သုပ်လေးပန်းကန်ကုန်အောင် စားပြီး ထရန်ဖြစ်ပြင်းတဲ့ကောင်တွေတဲ့၊ ဒါလားတွ – သောတာပန် – ထွီ၊ နားထဲခါးလွန်းလို့ မပန်နိုင်ပေါင်ကွာတဲ့၊

ဘကြီးအုန်းရဲ့ပုံစံက အရပ်မြင့်မြင့် အရိုးအဆစ်ကြီးကြီးဗျ၊ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေတယ်၊ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်မှာ တော်လှန်ရေးရဲဘော်တွေနဲ့ ပူးပေါင်းပြီး အင်္ဂလိပ်ရော၊ ဂျပန်ပါ ဆန့်ကျင်ခဲ့တယ်၊

သူ့ ဂျပန်စစ်သုံးရိုင်ဖယ် ပစ်ဖူးတယ်၊

ဘားမားရိုင်ဖယ် ပစ်ဖူးတယ်၊

မြန်မာ့သိုင်းဖန်တိုရော၊ ဖန်ရှည်ရော ကျွမ်းကျင်တယ်၊

လွတ်လပ်ရေးရပြီးတော့ နိုင်ငံရေးအတွဲအပြဲတွေဖြစ်ပြီး တောခိုကြ၊ လက်



နက်စွဲကိုင်ပြီး (ဖ.ဆ.ပ.လ) အစိုးရကိုဆိုတော့ ဘကြီး ဘယ်သူ့ဘက်ကမှ မဝင်ခဲ့ဘူးတဲ့”

ဘကြီးတို့ အရပ်ဒေသ သန်လျင်အရှေ့တန်းတလွတ်လပ်ရေးခေတ်ဦး [illegible]နှာတန်းက ရဲဘော်ဖြူတွေ စုဝေးတောခိုတဲ့ ဒေသတဲ့ဗျ၊ ရန်ကုန်အစိုးရလို့ခေါ်တဲ့ဦးနု အစိုးရကို ကရင်လက်နက်ကိုင် သောင်းကျန်းသူတွေ ဝိုင်းထားတော့ –

“ရန်ကုန်အစိုးရ”ကိုစစ်တပ်ကိုပြန် [illegible]ညီကျညီတိုက်ခိုက်ပေးတာ ကျောက်တန်းက ရဲဘော်ဖြူတွေတဲ့၊

ဘကြီးနဲ့လည်း တော်လှန်ရေးတုန်း အတိုက်ဖော်တိုက်ဖက်တွေတဲ့ဗျ၊ ဘကြီး [illegible] သူနေတဲ့ဆေးလုံးကြီးရွာကိုတော့ အလံဖြူရော၊ အလံနီရော၊ လာဒုက္ခမပေးကြပါနဲ့လို့ ပြောထားတယ်၊

သို့သော် – ဒုက္ခပေးကြတာပဲ၊

ဆေးလုံးကြီးရွာထဲ ဝင်တိုက်တဲ့ မား[illegible]ဘယ်သူလဲဆိုတာ ဘကြီး သိတယ်၊ မကြာခဏ အတိုက်ခံရဖန်များတော့ ဘကြီးတို့လည်း မခံနိုင်တော့ဘူး၊ နောက်ဆုံး —

ကိုယ့်ဘာသာ သေနတ်ရှာပြီး ကာကွယ်ရေးအဖွဲ့ဖွဲ့ရတယ်၊ ဘကြီးတို့ ကာကွယ်ရေးအဖွဲ့ကိုမြို့ပေါ်ရဲစခန်းက ကျည်ဆန်ထုတ်ပေးတယ်၊

ရွာ ကာကွယ်ရေးအဖွဲ့နဲ့ ရွာထဲ ဝင်လာတဲ့ ဓားပြရော၊ သူပုန်ရောကို ပြန်ခံတိုက်၊ ကာကွယ်ခဲ့တာတဲ့၊ ဘကြီးရဲ့ညီ တစ်ဦးဆိုရင်ရိုင်ဖယ်ပစ်တာလက်တည့်လွန်းလို့ ဓားပြရော၊ သူပုန်ရော၊ အရမ်းကြောက်ဆိုပဲ၊ ကျော်ခင်ရှိရင်ရွာထဲမဝင်နဲ့တဲ့၊

ပါတီခေတ်မှာဘကြီးလွတ်လပ်ရေးမော်ကွန်းဝင်မလျှောက်ဘူး၊ လျှောက်ဖို့လည်း ဝါသနာမပါဘူးတဲ့၊ ဘကြီးပြောတာ ရှင်းနေတာပဲ၊ အချို့လူတွေက လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်နဲ့ လုံးဝမထိုက်တန်ဘူးတဲ့၊

ကျွန်တော် ရပ်ကွက်ထဲမှာလုံခြုံရေးကင်းအဖွဲ့ရှိတယ်၊ လမ်းစဉ်ပါတီခေတ်မှာ ကိုယ့်ရပ်ကွက်ကိုယ် ပြန်ပြီး လုံခြုံရေးကင်းစောင့်ရတာပဲ၊ ရပ်ကွက်မီးကင်းလို့လည်း ခေါ်တာပေါ့၊

မီးကင်းစောင့်ရင် ဘကြီးရွှေအုန်းရောက်လာတတ်တယ်၊ ရောက်လာရင်ဗဟုသုတတွေ ပါလာတာပဲ၊ ဘကြီးရွှေအုန်း သိထားတဲ့ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆတွေက ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံဖတ်ထားတဲ့ လူငယ်တွေထက်ကို ပိုအားရအံ့ဖွယ်ကောင်းတယ်ဗျာ။

ဘကြီးအုန်း ရန်ကုန်တက္ကသိုလ် မတက်ဖူးဘူး။

ဘကြီးအုန်း အင်္ဂလိပ်သတင်းစာ ဖတ်နိုင်တယ်၊

ကိုင်း - ဘယ့်နယ်ရှိစဗျာ၊

မတာဗုဒ္ဓဝင်ကို ချဲ့ကားမပြောဘူး။ အရင်းခံအတိုင်းပဲပြောတယ်၊ ပရိတ်ကြီး (၁၁) သုတ်ပါဋ္ဌိရော၊ အနက်ရော ပြိုင် ပြောချင် ရွှင်ချင်လာခဲ့၊ မာတ်ကြီးလေး ... ရေနွေးကြမ်းအိုးနဲ့လာ ... တဲ့။

လူငယ်ဘာဝ အချစ်အကြောင်း လား။

နားထောင်ချင် ပြောတာပေါ့။

လွမ်းချင်စရာပေါ့ဗျာ၊ ကျုပ်တို့မျက်ရည်ကို ဝဲရော၊

ဗိုမကိစ္စဟုတ်လား။ ရတယ်။ ဘကြီး က စုံတယ်၊ တစ်လင်ကွာ၊ နှစ်လင်ကွာ၊ သုံးလင်ကွာကနေ ဆွမ်းခံကြွတဲ့ ဘုန်း ကြီးနဲ့ လိုက်ပြေးတဲ့အပျိုကြီးအကြောင်း အထိ ငြီ၊ အိ၊ သွားအောင် ပြောနိုင်ပါ့။ ကျွန်တော်တို့က ပါတီနိုင်ငံရေးတို့၊ ကွန် မြူနစ်ဝါဒ (ခေါ်) ဘုံဝါဒအကြောင်းတွေ ပြောတော့ ဘကြီးက ဝင်နားထောင်



... ရှင်ဘုရင်ဖြစ်သွားရင် အမြှုံးအာဏာ သူ့ပါးစပ်ထဲမှာရှိတယ်။

သေဆိုသေ၊ ရှင်ဆိုရှင်၊ ဖမ်းဆို ဖမ်း၊ လွှတ်ဆိုလွှတ်၊ သိမ်းဆို သိမ်း၊ ပေးဆိုပေး အာဏာရှိတယ်လေ။ ဘဏ္ဍာတိုက်ထဲက ငွေအလှူလုပ်မယ်။ ဘုရားတည်မယ် အမိန့်ပေးပြီး ဘုံးလို့ရတယ်။ သုံးလို့ ရတယ်။ လင်ရှိရှိ၊ မရှိရှိ ကြိုက်တဲ့မိန်းမ ယူချင် ယူလို့ရတယ်။ ကိုယ်မုန်းတဲ့လူ အပြတ်ရှင်းလို့ရတယ်။ ကိုယ်ချစ်တဲ့သူ ကြိုက်တဲ့ရာထူးပေးလိုက်လို့ရတယ်။



ဘယ်၊ ကျွန်တော်တို့မြန်မာ့ဆိုရှယ်လစ် နဲ့ တမ္ဘာ့ဆိုရှယ်လစ်အကြောင်း ငြင်းပြ ပြောပြ၊ မောလို့နားတော့ ဘကြီးက မေး ပါရော၊

“မင်းတို့ထဲမှာ တောနိဖူးတဲ့ လူ ဘယ်နှယောက် ပါတုံးကွ”

“တစ်ယောက်မှ မပါဘူး - ဘကြီး”

“တောထဲရှိတဲ့ ကောင်တွေလည်း တစ်ကောင်မှကောင်းတာမဟုတ်ဘူးကွ။ အာဏာရူးတွေချည်းပဲ၊ လက်နက်အား ကိုးနဲ့ လူထုကိုနှိပ်စက်နေကြတာ။ မြို့ပေါ် ရှိဖြီး လုပ်ကိုင်စားသောက်နေတဲ့ လူကြီးတွေလည်း အဝေးကကြည့်ရင် ကြည်ညိုစရာ၊ လေးစားစရာတွေ”

“ဟုတ်ကဲ့ - ခင်ဗျာ”

“အေ - အနီးကပ်ပေါင်းကြည့်၊ ကပ် ကြည့်မှ၊ နားစွင့်မှ သူတို့အချင်းချင်းလည်း နာဇပလ္လင်ဝန်းကျင် ဖြုတ်ထုတ်သတ် လုပ်၊ ဝေစုမတည့်၊ အချင်းချင်း ချောက် တွန်းလုပ်နေကြတာပဲကွ။ တောထဲက ခွေးသေကောင်ပုပ်လည်း ပုပ်စော်နံတာ ပဲ။ မြို့ပေါ်က ခွေးသေကောင်ပုပ်လည်း ပုပ်စော်နံတာပဲ၊ အာဏာရှိလေ ပုပ်စော် နံလေ၊ လုပ်ပိုင်ခွင့် ရှိလေ၊ အခွင့်အရေး များများယူလေချည်းပဲ။ ဗိုလ်ချုပ်အောင် ဆန်းရယ်၊ သခင်ကိုယ်တော်မှိုင်းရယ်၊

သူတို့နှစ်ဦးတော့ ငါဒီနေ့အထိ လေးစား တုန်းပဲ၊ နောင်ဘဝအထိလည်း လေးစား နေမှာပဲကွ”

“ရာဇဝင်ထဲက ရှင်ဘုရင်တွေရော မလေးစားဘူးလား - ဘကြီး”

“ဘယ်သူ့ကို လေးစားရမှာလည်း ကွ”

“အနော်ရထာမင်းကြီးလေဗျာ”

“အေး - အနော်ရထာမင်းကြီး မဆိုး ဘူးကွ။ သူက အရည်းကြီး သာသနာကို သန့်စင်ဖယ်ရှားပြီး ထေရဝါဒ ဗုဒ္ဓဝါဒကို မျိုးစေ့ချခဲ့တာကွ”

“ကျန်စစ်သားမင်းကြီးရော ဘကြီး”

“လေးစားစရာပါ ဘုရင်ပါကွာ၊ သူ့ သမီး ရွှေအိမ်စည်မင်းသမီးကို ကုလား လူမျိုးခြားနဲ့ မညားအောင် တားမြစ်ပြီး စောလူးမင်းရဲ့သား၊ စောယွန်းနဲ့ ဘာသာ တူ၊ လူမျိုးတူပေးစားခဲ့တယ်ကွ၊ ဒီမျိုးချစ် စိတ်တော့ ကြိုက်သပေါ့၊ ဒီမျိုးချစ်စိတ် ကြောင့် စောယွန်းနဲ့ ရွှေအိမ်စည်မင်း သမီးက အလောင်းစည်သူဆိုတဲ့ မင်း ကောင်းမင်းလောင်းကို မွေးနိုင်ခဲ့တာ ... ရွှေအိမ်စည်သာ ဟိုပဋိက္ခရားဆို ... ကုန်သည်နဲ့ညားခဲ့ရင် အလောင်းစည်သူ မင်းလို သားကောင်း မ... ကောင်း မွေး ဘဲ ကုလားပြည် ... သွားနယ်လှည့်ဈေး

www.burmeseclassic.com

www.burmeseclassic.com



ချောင်းတဲ့ကုလားကုန်သည်ကိုမွေးခဲ့မှာ အသေအချာပဲကွ။ ဒါတော့ တော်တာပဲ ပေါ့၊ သို့သော် ...”

“သို့သော် – ဘာဖြစ်တုံးဗျ ဘကြီးရ”

“မင်းတို့ အလောင်းစည်သူမင်း လည်းပဋိတ္တရားကုလားမင်းသမီးကိုယူ တာပဲကွ”

“သီဟိုဠ်က လက်ဆောင်ဆက်လို့ ယူတာပဲဗျာ – ဘကြီးရာ”

“မဟုတ်သေးဘူးကွ။ ကိုယ့်သား သမီးကိုကုလား၊ တရုတ်၊ ဂျပန်လူမျိုးခြား နဲ့ ပေးစားနိုင်ဘူးဆိုရင် ကိုယ်တိုင်က လည်း လူမျိုးခြား မိန်းမကို မယားမလုပ် သာစိုကောင်းတာပေါ့ကွာ။ ငါ ရှင်ဘုရင် အသိနှတ်ဝတ်ပတ်၊ သူတော့ ဘာဖြစ် အသဲချိုင်းသူထားတော့ ပဋိတ္တရားမင်း သမီးသာဘုရင့်မိဖုရားဖြစ်သွားတာပေါ့”

“ရှင်ဘုရင်နဲ့ညားတာကိုဗျ။ မိဖုရား ဖြစ်တာပေါ့”

“အလောင်းစည်သူမင်းကြီးက ပဋိ တ္တရားမင်းသမီးကို အရမ်းချစ်ဆိုပဲ၊ ရွာ အဝင်မှာရေးထားတာနော်”

“ဟုတ်လား”

“အလောင်းစည်သူမင်းမှာ သား တော်တွေ ရှိတယ်၊ မင်းရှင်စောနဲ့ နရသူ တဲ့၊ အိမ်ရှေ့မင်းသားတွေပေါ့၊ သားတော်

ကြီး မင်းရှင်စောက သူ့ခမည်းတော် အလောင်းစည်သူမင်းကြီး ပဋိတ္တရား မိဖုရားနဲ့ အတူရှိနေရင် အခစား မဝင်ဘဲ ချာခနဲ လှည့်ပြန်တာပေါ့၊ ဟို ပဋိတ္တရား ကုလားမိဖုရားကလည်း ဒါ – ငါ့အရှင်ရဲ့ လင်ပါသားတွေပါလားလို့အခေါ်အပြော အရိုအသေမပြုဘူး။ ပြီး – မင်းရှင်စောက အိမ်ရှေ့မင်းဟန်ကြီးတယ်၊ ရှင်ဘုရင်က ရှင်ဘုရင်လိုဝတ်၊ မှူးမတ်က မှူးမတ်လို ဝတ်၊ မှူးမတ်က မင်းညီမင်းသားလိုဝတ် ရင် လူပုံအလယ်ပေမယ့် အဝတ်အစား ဆွဲ ချွတ်ပြီး မတန်ဘူးကွ လို့ ပြောရဲတဲ့ အိမ်ရှေ့မင်းသား။ ဒီလို အပြောဆိုးလို့ ဖခင်အလောင်းစည်သူမင်းက နယ်နှင် ဒဏ်ပေးလိုက်ရတယ်၊ နယ်နှင်ဒဏ်ပေး လိုက်တော့ မင်းရှင်စောက မန္တလေး အရှေ့ဘက် (ထွန်တုံးမှုတက်) အရပ်မှာ မြို့သစ်ပြုပြီး တည်ထောင်နေထိုင်တယ်၊ သူက နန်းတော်အပြင်ရောက်မှ ကြိုးစား ပြီး တော်တဲ့ မင်းသားပေါ့၊ အောင် ပင်လယ်ကန်၊ တမုတ်ဆိုးကန်တို့ကို ဆည်တည်ပြုပြင်၊ လယ်စိုက်တာ ဖြစ် ထွန်းပါရောလားကွာ။ ပြည်သူလူထုရော၊ ရဟန်းရှင်လူရော “မင်းရှင်စော” ကို ကြည်ညိုလေးစားကြဆိုပဲ၊ ငါးရံ့မင်း တောင်ဆိုတာမင်းရှင်စောပြန်လွှတ်ခဲ့တဲ့

ငါးရံ့မင်းရုပ်တု အစွဲပြုတဲ့တောင်ကိုပြော တာကွ။

“ဒီအချိန်မှာ ပုဂံထီးနန်းမှာ ကျန်ရစ် ခဲ့တဲ့သားတော်အငယ် “နရသူ” ကအရင်း ရှင်ဘုရင် ဖြစ်နေတယ်ဆိုပဲ၊

“ဘာဖြစ်လို့ ရှင်ဘုရင်ဖြစ်ချင်နေ တာတုံး – ဘကြီး”

“အာဏာလေကွာ – ရှင်ဘုရင် ဖြစ် သွားရင် အမြင့်ဆုံးအာဏာ သူ့ပါးစပ်ထဲ မှာ ရှိတယ်၊ သေဆိုသေ၊ ရှင်ဆိုရှင်၊ ဖမ်း ဆို ဖမ်း၊ လွှတ်ဆိုလွှတ်၊ သိမ်းဆို သိမ်း၊ ပေးဆိုပေးအာဏာရှိတယ်လေ၊ ဘဏ္ဍာ တိုက်ထဲက ငွေအလှူလုပ်မယ်၊ ဘုရား တည်မယ် အမိန့်ပေးပြီး သုံးလို့ ရတယ်၊ သုံးလို့ရတယ်၊ လင်ရှိရှိ၊ မရှိရှိ ကြိုက်တဲ့ မိန်းမ ယူချင် ယူလို့ရတယ်၊ ကိုယ်မုန်းတဲ့ လူ အပြတ်ရှင်းလို့ရတယ်၊ ကိုယ်ချစ်တဲ့ သူကြိုက်တဲ့ရာထူးပေးလိုက်လို့ရတယ်၊ ရှေးနန်းသုံး အစဉ်အလာဥပဒေ ဘုရင့် အမိန့်နဲ့ ပြင်ချင် ပြင်၊ လုပ်ချင်သလို လုပ် လို့ ရတယ်၊ မိဖုရားတွေ အများကြီးယူ၊ တစ်ည နှစ်ဦး သုံးဦး ပျော်ပါးလို့ ရတယ်၊ မင်းတို့ ပြောပြောနေတဲ့ သာသနာပြု မင်းတုန်းမင်းကြီးမိဖုရားဘယ်နှယောက် ရှိလဲ သိလား”

“မသိဘူး – ဘကြီးရ”

“ကျောင်းမှာ မသင်ပေးဘူးလားကွ”

“ကျောင်းမှာ သင်ပေးတာက မင်း တုန်းမင်းကြီး ဘုရားတည်တာတို့၊ ထီး တော်တင်တာတို့၊ မင်းကောင်းမင်းမြတ် ဖြစ်တာတို့လောက်ပဲ သင်ပေးတာ ဘကြီးရ”

“အဓိက ရ ရှင်ဘုရင် တစ်ပါး အကြောင်း၊ ထီးတော်တင်၊ တိုင်းခန်း လှည့်တာလောက် ရေးသင်ကြတာ၊ ရာဇဝင်သင်တယ် မခေါ်ဘူးကွ”

“ဟုတ်ကဲ့”

“သူ့ကိုယ်ကျင့်တရားဘယ်လောက် ကောင်းတယ်၊ တိုင်းသူပြည်သားကိုဒုက္ခ မပေးဘူး၊ အခွန်နဲ့ မနှိပ်စက်ဘူး၊ ထမင်း ဝအောင်စီမံပေးတာပဲ၊ လုံခြုံမှုပေးတယ်၊ တရားဥပဒေ စိုးမိုးအောင် ဘာတွေလုပ် ပေးတယ်၊ သူ့ကိုယ်ကျိုး ဘာမှမကြည့် ဘူး၊ အတ္တနည်းတယ်၊ မဟုတ်တာ မှန် တာ ရှင်ဘုရင် ဘာမှမလုပ်ခဲ့ဘူး၊ လုပ်ခဲ့ ရင်လည်း သူ့အမှားကို သူ ဝန်ခံရတယ်၊ ဒီလို မင်းတစ်ပါးရဲ့ကောင်းကျိုးဆိုးကျိုး တွေကို ရှောင်ရန်ဆောင်ရန် သင်ပေးမှ ရာဇဝင်သင်တယ်လို့ ခေါ်တယ်ကွ”

“ဟုတ်ကဲ့ – ခင်ဗျ”

“ရာဇဝင်သမိုင်းရှိခဲ့တယ်လို့ ဆိုရ တာကွ”

www.burmeseclassic.com



“ဟုတ်ကဲ့”

“ခုဟာက ရှင်ဘုရင်ကောင်းတာပဲ ရေးကြတယ်၊ သူ့ဘိုးတော်၊ ဘွားတော်တွေ ကောင်းတဲ့အကြောင်းတွေကို ရေးခဲ့၊ တင်ခဲ့ကြတယ်။ နောက်လူတွေကလည်း အဲဒါလေး သံယောင်လိုက်ပြီး စာသင်ကျောင်းမှာ သင်ပေးနေတာလို့ ရာဇဝင်သင်တယ်လို့ ကြီးကြီးကျယ်ကျယ် ပြောနေကြတယ်။ ကဲ - ငါမေးမယ်၊ မင်းတုန်းမင်းတို့၊ ကနောင်မင်းတို့၊ အလောင်းဘုရားတို့၊ ရွှေဘိုမင်းတို့ မယားများတာ ဘာကြောင့် မသင်မပြောကြတာတုံးကွ”

“ကြားရင် ရှင်ဘုရင်ဖြစ်ချင်ကြမှာ စိုးလို့နေ့ တုတယ်ဗျ”

“သိပ်တုတ်တာပေ့ါ - ရှင်ဘုရင်ရဲ့ အရသာမှာ ကြိုက်တဲ့မိန်းမ မယားလုပ် ကောက်ပြီး ကာမဂုဏ် စည်းစိမ် ခံစားတာလည်း အဓိကအချက် အာဏာရှိရင် လက်ညှိုးညွှန်ရာ ဖြစ်စေတဲ့ အခွင့်အရေးရတာကိုက ပြည်မှာ သူ တစ်ယောက်တည်း ကြီးတာကွ။ ရှင်ဘုရင်အမျိုးတွေ လုပ်ချင်သလို မြေပလုလု၊ သိမ်းသိမ်း၊ သူ့မယား ဆွဲခေါ်ခေါ် ဘယ်သူမှ မတိရဲ၊ မပြောရတာ၊ ရှင်ဘုရင်ဆိုတဲ့အာဏာရှင် လူတစ်ဦးကြောင့်ကွ၊ ပုဂံမင်း ထင်တိုင်းကြဲခဲ့၊ တပည့်မွေးသူကောင်းမြောက်ခဲ့လို့ အမရပူရ နေပြည်တော် တစ်ခွင်လုံး သူ့တပည့်ကုလားဘိုင်ဆတ်ရယ်၊ မြို့စာရေး ငပိန်ရယ်၊ မြို့ဝန်ဘိုင်ဆတ်ရဲ့ နောက်လိုက်တွေ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်၊ မြေလုယက်မှု၊ လာဘ်စားဇော်ကားချင်တိုင်း ဇော်ကားနေရဲတာပေ့ါ”

“သာသနာပြုမင်းတုန်းမင်းကြီးမှာ မိဖုရားစုစုပေါင်း (၄၇) ပါး ရှိတယ်ကွ”

“များလှချည်လား - ဘကြီး”

“ဒါတရားဝင်စာရင်းပါ၊ မိဖုရားတွေ ကြံစည်ပြီး ပစ်ထားတဲ့ ကိုယ်လုပ်တော်တွေ၊ ဘာညာသာရကာတွေ ရှိသေးတယ်။ ဒီမိဖုရားတွေကမွေးတာ သားတော်ချည်း (၅၄) ပါး၊ သမီးတော်က (၆၀) နဲ့ မြေးတော်စုစုပေါင်း (၁၈၀) ရှိခဲ့တယ်။

“အမလေးဗျာ - ဒီလောက်များတဲ့ မိဖုရားမိန်းမတွေကို ဘယ်လိုများ၊ အဲ - အဲ - ဟိုဒင်းပြု”

“ဆေးပေ့ါကွ၊ ယောက်ျားအားကိုးဆေး ဖော်ပေးရတာပေ့ါ”

“ဟုတ်ရဲ့လား - ဘကြီး”

“သမားတော်ကြီးတွေ ကိုယ်တိုင် အထူးကျားအားတိုးဆေးဖော်ပေးရတာ ခုမှ ထိုင်းတို့၊ အမေရိကားတို့က ကာမအားတိုးဆေးတို့ လိင်စိတ်ကြွဆေးတို့ ဖော်ရောင်းနေတာ ဟိုတုန်းကတည်း မင်းတုန်းမင်းကြီး ဒီဆေးကို ကမ္ဘာပေါ်မှာ ဖြန့်ခဲ့ရင် ဒီထက်တောင်မယားများဦးမှာ။ သူ့ညီတော် ကနောင်မင်းသားကြီးမှာရော၊ မိဖုရား ဘယ်နယောက် ရှိလဲ သိလား”

“ဟင့်အင်း”

“ကျောင်းမှာ ဒီကိစ္စ ထိမ်ချန်ထားတယ်ပေ့ါ”

“ဟုတ်ကဲ့”

“ကနောင်အိမ်ရှေ့စံမှာမိဖုရား(၅၂) ဦးရှိတယ်။ ဒီစာရင်းက တရားဝင်ပြထားတဲ့စာရင်း၊ တိတ်တိတ်ပုန်းတွေ မပါသေး။ သူ့နောင်တော်ဘုရင် မင်းတုန်းမင်းကြီး သိသွားရင် မနာလိုဝန်တို ဖြစ်မှာစိုးလို့ ဖုံးထားတဲ့မိဖုရား၊ လျှော့ထားတဲ့ မိဖုရား စာရင်းရှိနိုင်သေးတယ်”

မြင်ကွန်းစားနဲ့ မြင်းခုန်တိုင် မင်းသား တူတော် နှစ်ဦးက ဦးရီးတော် ကနောင်မင်းကိုဓားနဲ့ခုတ်သတ်လိုက်လို့ ဆောင်သွားမယ့်မိဖုရားမျိုးဆက်ပြတ်သွားတာလည်း ပါမှာပေ့ါ။

ခပ်စောစော နတ်ရွာမစံရင် ယုံမှာ ပြောရတယ်။ မင်းမျိုးမင်းနွယ်တွေ၊ မင်းမျိုး မဟာနွယ်တွေလေ၊



အဲဒီကွယ်လွန်သူအိမ်ရှေ့စံကနောင်မင်းသားကြီးမှာ သူ့မိဖုရား(၅၂)ဦးက မွေးခဲ့တာ သားတော်က (၅၂)ဦး၊ သမီးတော်ကချည်း (၅၀)ဦး မြေးတော်က (၁၃၇)ဦးကွ”

“မင်းတုန်းမင်းနဲ့ ကနောင်မင်းသားကြီးနှစ်ယောက်ပေါင်းသားသမီးမြေးမြစ်တွေက မန္တလေးတစ်မြို့စာပဲဗျာနော်”

“ရှင်ဘုရင်ဖြစ်ချင်တဲ့ အရသာဗျ။ အဲဒီကာမတဏှာကိစ္စတွေကတော်တော်ကိုနေရာယူထားတာ၊ သူတို့သားမယားတွေ မြေးမြစ် ကျွေးရတဲ့စရိတ်က နည်းရောလားကွ၊ ပြီး - အခွင့်ထူးခံတွေလေကွာ၊ မင်းတို့ခေတ်မှာ သမ္မတကိုစီးဖို့ကားဆယ်စီးပေးထားရလည်း ဓာတ်ဆီဘယ်နဂါလံပေးရလဲ၊ ရိက္ခာသုံးဘယ်လောက်ထောက်ပံ့ရလဲ၊ လျှပ်စစ်မီး သုံးချင်သလိုသုံး၊ မီတာခ ဆောင်စရာ မလိုဘူးလေကွာ”

“အခွင့်အရေး ပေးရတာပေ့ါဗျာ”

“အခွင့်အရေးယူလို့ ပေးရတာပေ့ါကွ၊ ပေးလို့ယူတာမဟုတ်ဘူး၊ ယူလို့ပေးရတာ၊ လိုချင်လို့ပေးရတာ၊ အဲဒီလိုအခြေအရံတွေ၊ အောက်လက်ငယ်သားတွေ၊ ကျွန်တွေ၊ ဘုရားပေးခံတွေ၊ ခေတ်စစ်လုံး

www.burmeseclassic.com



ပိုင်တာတွေ၊ ရေမြေကို အစိုးရသောဆို
တဲ့ အနိုင်းကုန် ချီးပင့်တာတွေကြောင့်
ရှင်ဘုရင်ဖြစ်ချင်တာ။ ဘုရင် နရသူ သူ့
ဖခင် အလောင်းစည်သူမင်းကို သတ်ရ
တာ။ အာဏာရယ်၊ ရာဇပလ္လင်ရဲ့အရသာ
ရယ်၊ မင်းစည်းစိမ်ကို လိုချင်လို့ပဲကွ"

"ရှင်ဘုရင့်စည်းစိမ်ရဖို့ အဖေအရင်း
ကို သတ်ခဲ့ကြတဲ့ ဘုရင်တွေ ရာဇဝင်ထဲ
မှာအများကြီးပဲ။ ဒါကြောင့်မြန်မာအိမ်ရှေ့
မင်းသားတွေ၊ ကိုယ့်အဖေဘုရင်ကို
အမြန်သတ်ရတာလဲ၊ ကိုယ့်အစ်ကို
ဘုရင်ကို နန်းချရတာလဲ၊ ကျွန်က အရှင်
ကို လုပ်ကြံရတာလဲ။ အဲဒီဒဿနကို
ကျောင်းသင်ခန်းစာမှာ သင်ပေးမှ ရာဇ
ဝင်အင်တယ်လို့ ခေါ်တာ၊ တစ်နည်း
ညာဆင်တယ်လို့ခေါ်တယ်။ ရှင်ဘုရင်
ဖြစ်ဖို့ ရာဇပလ္လင်မှာ ထိုင်ရဖို့၊ ထီးနန်းလု
ကြတယ်။ လုပ်ကြံကြတယ်။ ရက်စက်ကြ
ရတယ်။ သားချင်းချင်းသတ်သတ်ရတယ်၊
ထောင်သွင်း အကျဉ်းချရတယ်။ အဲဒါ
တကယ့် အမုန်တရား ဟုတ်သလား၊
မဟုတ်ဘူးလား။ လုပ်သင့်လား မလုပ်
သင့်ဘူးလား၊ ကျောင်းသားနဲ့ ဆရာစာ
သင်ခန်းထဲမှာ အနှစ်ရှာပြီး ဆွေးနွေးရ
မယ်။ အပြန်အလှန် အမြင်တွေကို ဖော်ပြ
ဆွေးနွေးရမယ်။ အဲဒါမှ ရာဇဝင်သင်တယ်
လို့ ခေါ်တယ်။

မင်းတုန်းမင်း ရွှေတိဂုံဘုရား ထီး
တော်တင်တာ ရေးကြီးခွင်ကျယ် မဟုတ်
ဘူး။ စစ်သူကြီး မဟာဗန္ဓုလ နယ်ချဲ့နဲ့
တိုက်တဲ့ တိုက်ပွဲမှာ ကျဆုံးတာ အရေး
ကြီးတယ်၊ ခွင်ကျယ်တယ်။

ရှင်ဘုရင်ဆိုတာ တိုင်းသူပြည်သား
အကျိုးအတွက် ထမင်းတစ်နပ်သာ စား
ပြီး လုပ်နိုင်ရင် ပိုကောင်းတယ်။

ခုတော့ သူတို့က ထမင်းတစ်နပ်
လျှော့စားခိုင်းနေတယ်။ ကိုယ်ယူထားတဲ့
မယားကြီး၊ မယားငယ်တွေအတွက် မြင်း
လှည်းညဘက်အချိန်ပိုမမောင်းဘဲ ဆင်း
ရဲသားကို ဆိုက်ကားနင်းစား ချမ်းသာ
တယ်လို့ အရူးစကားပြောနေတယ်။

"ဟဲ့ - မောင်မင်းတို့ တိုင်းသူပြည်
သားတွေ ဘာလို့အော်ဟစ်ဆန္ဒပြနေကြ
တာတုံးလို့ ဘုရင့်မိဖုရားက မေးသတဲ့"

မှူးကြီးမတ်ကြီးတွေ ဘုရင်မိဖုရား
ကြီးကို ရိုသေစွာ လျှောက်တင်ကြတယ်။

"မုန့်လုပါ - ပေါင်မုန့်စားစရာမရှိလို့
ပေါင်မုန့်တောင်းနေကြတာပါ - မိဖုရား
ကြီး ဘုရား"

"အလို - ဖြစ်ရလေကွယ်၊ ပေါင်မုန့်
စားစရာမရှိရင် ကိတ်မုန့်စားကြပေါ့" တဲ့။



"ကိုင်း - မင်းတို့ စဉ်းစားကြည့်ကြ
စမ်း။

ပေါင်မုန့်နဲ့ ကိတ်မုန့် ဘယ်မုန့်က ပို
ဈေးကြီးတယ်ဆိုတာမသိတဲ့မိဖုရားတွေ
ကမ္ဘာမြေပြင်ပေါ်မှာ တကယ်ရှိခဲ့ဖူးတယ်။

ကိုယ့်ဘဝကိုယ် မေ့သွားကြတဲ့ ဆီး
ဆီးသည် မဂျိုင်း(မိဖုရား)တွေ ရှိခဲ့ဖူး
တယ်။

ရှင်ဘုရင်ဖြစ်ဖို့ ကိုယ့်အဖ၊ ကိုယ့်
မောင်တော်၊ ကိုယ့်ညီ၊ ကိုယ့်မိထွေး၊
ကိုယ့်သားအရင်း ပြန်သတ်ပြီး မင်း ဖြစ်
ခဲ့သူတွေ ရှိခဲ့ဖူးတယ်။

အဇာတသတ်က သူ့ခမည်းတော်
ဗိမ္ဗိသာရမင်းရဲ့နန်းတော်ထဲ ဓားဖွက်ယူ
လာတာ ဓားနဲ့ ကန်တော့ဖို့၊ ဖူးမြော်ဖို့
မဟုတ်ဘူး။ ဖခင်ဘုရင်ကို ဆက်ပြီး
ရှင်ဘုရင် လုပ်ဖို့ နောက်ဆုံးသတ်တာပဲ။
ဆော်ရက်စက်စက်ကို သတ်တာ၊ ထီးနန်း
လုချ သူက ရှင်ဘုရင်လုပ်၊ အကြံပေး
သူ့မိတ်ဘုန်းကြီး ဒေဝဒတ်ကို ဆရာတင်
ပြီး ဖခင်ကို ခြေဖဝါး ဓားနဲ့ခွဲ၊ ဆားပက်
ထားပြီး ခဲရဲရဲမှာ အစာငတ်စံ ကင်သတ်
တာ။ အဲဒါ လုံးဝ ပြန်မလှန်နိုင်အောင်
အပြတ်ရှင်းတယ်လို့ ခေါ်တယ်။

ကျွန်တော်တို့ငြိမ်ပြီး နားထောင်နေ
ကြတယ်။

ဘကြီးအုန်းက ရှင်ဘုရင်ဒဿနကို
ခွဲခြမ်းစိတ်ဖြာပြနေတာ၊ နရသူဘုရင်
လည်း ဒီလိုလုပ်တာပဲ။

အစ်ကို မင်းရှင်စောက ဟိုမန္တလေး
အရှေ့ဘက်မှာ ထီးနန်းစိုက်တယ်။ သူက
လက်ရှိမှာ အိမ်ရှေ့မင်း။ သို့သော် ဘုရင်
မြန်မြန်ဖြစ်ချင်တယ်။ တကယ့် ဂဠုန်
ဦးစောပဲ"

"ဟုတ်တယ်ဗျား ဒီဥပမာ မိုက်တယ်
ဘကြီးရာ"

"နေမကောင်းတဲ့ ဖခင်၊ အလောင်း
စည်သူကို ရွှေဂူကြီးဘုရားမှာ အသက်
ရှုကြပ်သေအောင် နှာခေါင်းကိုခေါင်းအုံး
နဲ့ ဖိသတ်ပြီး ဘုရင်လုပ်တယ်။

အစ်ကိုလုပ်သူ မင်းရှင်စောရန်ကို
ကြောက်လို့ ရဟန်းတစ်ပါးနဲ့ ပင့်ကြိုပြီး
တစ်ခဏ အစ်ကိုလုပ်သူကို ထီးနန်းတင်
တယ်။ ညနေရောက်တော့ ပွဲတော်တည်
တဲ့အထဲ အဆိပ်ခတ်သတ်လိုက်တယ်။

ပံသကူ မထေရ်ကို အကူအညီ
တောင်းတာ ဘုရင် နရသူကွ။ နောင်
တော်ကို ထီးနန်းတင်ပါ့မယ် ဘုရား။ ပုဂံ
ထီးနန်းကိုတော့ စစ်မတိုက်ပါနဲ့၊ လူသူ
တိရစ္ဆာန်တွေ သေကြေမှာ စိုးလို့ပါတဲ့။

ပံသကူမဟာထေရ်က ယုံကြည်ပြီး
စစ်ချီလာတဲ့ မင်းရှင်စောကို အကျိုး
အကြောင်း ပြောကြားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဇသတ်သား ဘုရင်ဖြစ်သူ ညီတော် နရသူလည်း နောင်တရနေပါပြီ မင်းကြီး၊ ထီးနန်းအပ်ပါ့မယ်၊ နောင်တော်ထားရာမှာ နေဆိုနေ၊ သေဆိုသေ ဖြစ်ရပါစေမယ်လို့ ဘုန်းကြီးကို ပြောဆိုအကူအညီတောင်းတာကိုး၊

လေးစားအပ်တဲ့ ပုံ့သကူ မဟာထေရ်မြတ် တာဝန်ခံတော့ မင်းရှင်စောတစ်စမတိုက်ဘဲ သူနဲ့ လူနည်းစု လိုက်ပါလာတာပေါ့၊

နရသူက တစ်ခါက ထီးနန်းအပ်၊ ထွက်လွှင်ခေါ်တင်၊ ညနေမှာအစာထဲအဆိပ်ထည့်လို့ နောင်တော်ဘုရင်ကို လုပ်ကြံလိုက်တယ်၊

ဒီတော့မှ ပုံ့သကူ မဟာထေရ် ငါပါအညာခံလိုက်ရပါရောလား၊ မင်းကောင်းခင်မြတ်တစ်ဦး ဖြစ်လာမယ့်မင်း ရှိစေ၊ နတ်ရွာစံရတာ၊ ငါနရသူ ဘုရင်ယုတ်ကိုယုံကြည်မှု လွန်ကဲလို့ ပါလားဆိုပြီး နောင်တတွေ ရခဲ့တယ်၊

ဒီလို ရဟန်းသံဃာကိုတောင် လိမ်လည်လှည့်ဖျားပြီးရက်စက်တဲ့အဇသတ်သားအစ်ကိုသတ်တဲ့ ရှင်ဘုရင်ရှိရာ ပုဂံမှာငါရဟန်းဘဝနဲ့ရှိနေရင် ငါသူ့နိုင်းသမျှ လုပ်ပေးနေရဦးမှာပဲ၊

လူမိုက်ဘုရင်၊ မင်းဆိုးမင်းညစ်နဲ့ ဝေးဝေးနေတာ အကောင်းဆုံး ရဟန်းဘဝလို့တွေးပြီးဟိုး - သီဟိုဠ်နိုင်ငံကိုကြွသွားခဲ့တယ်၊ ပြီး - အရှယ်ကောင်း ရဟန်းငယ်တွေကို အမွေလူထွက်နိုင်းပြီး မင်းမှုထမ်းစေတော့၊

အရှယ်ကောင်း ရဟန်းတွေလည်း ဘုရင်နရသူကိုကြောက်ပြီး သီဟိုဠ်ကျွန်းကို ပြေးရတော့တယ်၊

ပို ဆိုးတာက သူ့ခမည်းတော်ရဲ့ မိဖုရားတစ်ဦးဖြစ်တဲ့ ပဋိဗ္ဗာရား ကုလားမင်းသမီးကိုအပြတ်ရှင်းလိုက်တဲ့ကိစ္စတွေ၊

သူ့နောင်တော်မင်း ရှင်စောရော နရသူရော၊ မိထွေးတော် ပဋိဗ္ဗာ ရား မိဖုရားကို မရှုဆိတ်ကြဘူး၊ မိထွေးတော်ကုလားမင်းသမီးက သူတို့ ဘုရင်သားတော်တွေကို မလေးမခန့် လုပ်တတ်လို့ ယူဆ အထင်မှားနေတာ သူတို့ခမည်းတော် အလောင်းစည်သူမင်းလက်ထက်ကတည်းကကွ၊

သူတို့ခမည်းတော်အလောင်းစည်သူမင်း မှားခဲ့တာလား၊ သူတို့ ညီအစ်ကိုအတွေးအယူမှားခဲ့တာလား၊ ဒါမှမဟုတ်မင်းကြီးရဲ့ချစ်မြတ်နိုးခြင်းခံရတဲ့ပဋိဗ္ဗာရားမိဖုရား အနေအထိုင် မတတ်တာလား ငါတို့ စဉ်းစားစရာတွေ ရှိခဲ့တယ်၊

ဒီလိုမှမဟုတ်ရင်လည်း ...

အခြား အလောင်းစည်သူမင်းရဲ့ မိဖုရားတွေက ကုလားမင်းသမီးကို မျက်စိစပါးမွေးစူးနေလို့ အစွမ်းအစရှိတဲ့ မင်းသားနှစ်ပါးကို မြှောက်ပင့်ပေးရော့လားတွေးစရာ ရှိလာတယ်၊

စောမွန်လှ ရှမ်းမင်းသမီးက ချောသည်း ချော၊ လှလည်း လှတော့ ပုဂံမင်းမြတ်က အလွန်ချစ်မြတ်နိုးတာပေါ့၊ အဲဒါကြောင့် တဲ့ မိဖုရား အခေါ်များများက စောမွန်လှကို မနာလိုကြဘူးကွ၊ မိဖုရားစောမွန်လှကိုစုန်းမ၊ ပညာသည်မလို့ယိုးစွပ်ဘုရင်ကို ကုန်းတိုက်ကြတယ်၊

ကုန်းတိုက်ရောပစ်ပါများလာတော့ ရှင်ဘုရင်က ယုံချင်ချင်ဖြစ်လာပြီးနောက်ဆုံးဘုရင်က စောမွန်လှမိဖုရားကိုသူ့ဇာတိ ရပ်ပြန်ပို့ခဲ့တယ်၊ ချော ရင်နင့် ရှာသပေါ့ကွာ၊ ဒီ - ရင်ထဲက အချစ်ကိုအစော်ကားခံလိုက်ရတာပဲ၊

အလှအပကိုအစော်ကားခံရတာပဲ၊

ဘုရင့် ရင့်ထဲမှာ၊ ဦးနှောက်ထဲမှာ အင်ခြင်တုံတရား မရှိလို့ မြတ်နိုးအပ်လှစွာသော မိဖုရားကိုနေရပ်ပြန်ပို့ခဲ့ရပေမယ့် မိဖုရား စောမွန်လှက အချစ်မပျက်ခဲ့ပါဘူး၊



အလွမ်းနဲ့ပြန်ရင်း သူမရဲ့စိန်နားတောင်းတစ်ဖက် ချောင်းမြစ်အကူးမှာ နားကနေ ပြုတ်ကျသွားတော့ သစ္စာဓိဋ္ဌာန်ပြုခဲ့တယ်၊

“သူမသည် စုန်းကဝေ မှော်ပညာသည်မဟုတ်ပါ၊ ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူ ဖြစ်ပါ၏၊ မင်းကြီးအပေါ်၌လည်း ရိုးသားစွာ ချစ်ခဲ့ပါ၏၊

ဤမှန်သော သစ္စာစကားကြောင့် ရေအောက်သို့ ကျရောက်သွားသည့် နားတောင်းသည် ပြန်လည် ရရှိပါစေသတည်း”

ဆုတောင်းပြည့်ခဲ့တယ်၊ နားတောင်းပြန်ရတယ်၊ သစ္စာမှန်ခဲ့တာကိုးကွ၊ ပြည့်တာပေါ့၊

ဒါပေမဲ့ - ချစ်လင်ရှိရာ ရွှေနန်းတော်ကို မပြန်ခဲ့ပါဘူး၊ အချစ်တုရှိရာအရပ်ကို ဥပေက္ခာပြုပြီး နားတောင်းချောင်းရလို့ မန္တလေးနဲ့ ဒုဌဝတီမြစ်အနီးမှာ လွမ်းစေတီတစ်ဆူ တည်ခဲ့တယ်၊

စောမွန်လှစေတီတဲ့၊

ရွှေစာရံဘုရားလို့လည်းခေါ်ကြတယနေ့ထိပေါ့၊

ရွှေစာရံဘုရားပွဲရောက်ရင်အတွေးတွေ ရင်ထဲမှာ ငါတို့ကြိုက်တော်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တုံတရားကင်းမဲ့လို့အချစ်သစ္စာတွေ မိုးထိုးခံရတာလေ၊ ဘယ်သူညံ့လို့ စောမွန်လှ မျက်ရည်ကျရတာလဲ။ ရှင်ဘုရင်ကြောင့်လား၊ ကုန်းတိုက်မိဖုရားတွေကြောင့်လား၊ ချောမောလှပမိခဲ့တဲ့ စောမွန်လှရဲ့ဘဝပေး ကုသိုလ်တရားအဖြစ်ကြောင့်လား။

ရာဇဝတ်သင့်ရင် ရှင်ဘုရင် တိုင်းပြည်အုပ်ချုပ်တဲ့ အကြောင်းမျှသာ မဟုတ်ဘူး။ အဲဒီရှင်ဘုရင်ရဲ့ကိုယ်ကျင့်တရား စိတ်နေစိတ်ထားရဲ့ကောင်းကျိုး၊ ဆိုးကျိုးတို့ပါ သင်ပေးသင့်တယ်၊

အခု - နရသူဘုရင် ဖြစ်ခဲ့ပြီ၊

အလေအရင်း၊အစ်ကိုအရင်းမင်းနှစ်ပါးတို့ရှုတ်ဝတ်စွာလုပ်ကြံပြီး ရာဇပလ္လင်ပေါ်တက် မင်းလုပ်ခဲ့ပြီ၊

တော - သူ ကြည့်မရခဲ့တဲ့ မိထွေးတော်ဝဋ္ဋည္ဟရားမင်းသမီးကို အဆုံးစီရင်လိုက်တယ်။ ဖြစ်မှတာ သူ ကြွလာတုန်းက ဖိနပ်သေသေချာချာမချွတ်ဘူးဆိုလို့တဲ့ကွာ၊

အတကာမှိုနရင်အဖေရော၊အစ်ကိုရော၊ ထောအေရော မှန်းဘူ ချစ်သူတို လုပ်ချင်သလို လုပ်လို့ရတယ်။

ဒီလိုရှင်ဘုရင်ဖြစ်ကြတဲ့ညာမဲ့တော်တွေ ရာဇဝင်မှာ အထင်အရှားပေါ်ထွက်ခဲ့ဖူးတယ်၊ ဒီလို မင်းဆိုးမင်းညစ်တွေ တိုင်းပြည်အုပ်ချုပ်ရင် ဘယ်လိုလုပ်ပြီး တိုင်းပြည်အေးချမ်းသာယာမှာတုံး၊ ကြီးပွားစည်ပင်မှာတုံး။

ကိုယ့်မယားဘက်ပါတဲ့ အမျိုးတွေကိုရာထူးကြီးကြီးပေး၊ ကိုယ့်တပည့်ငယ်ကျွန်ရင်းတွေကို မတန်မရာ ရာထူးတွေပေး၊ လယ်အကြောင်းနားမလည်၊ ဆည်အကြောင်း နားမလည်၊ မြေအကြောင်းဘာမှမသိ၊

ကျောက်စိမ်းနဲ့ လိပ်သဲကျောက်မခွဲခြားတတ်တဲ့ ဘုရားထူး၊ မှန်ပါဘုရားအော်နေတဲ့ကျွန်ရင်းလူကပ်ပါးတွေ၊ စားဖားကြောင်သူတော်တွေကို နေရာအပေးများတော့ တိုင်းပြည်ပျက်တာပေါ့၊ တိုင်းပြည်နာတာပေါ့၊

နရသူ အဖသတ်ဘုရင်၊ အစ်ကိုသတ်ဘုရင်၊ အိပ်မပျော်ဘူး၊ ကြောက်လာတယ်၊ အကုသိုလ်တွေ ဖိစီးနေပြီ၊ ရဟန်းတော်တွေ သူ့ရန်ကြောက်လို့ သီဟိုဠ်ကိုပြေးကုန်ကြပြီလေကွာ၊ ဘုရားသားတွေ ပြေးရ၊ သေရ၊ ထောင်ကျတာကွ၊

ဒီတော့ ပုဂံမှာ ဘုရားတစ်ဆူတည်ပြီး အကုသိုလ် အပြစ်ကျွေးတွေ ဖြေဖို့ ကြိုးစားပါရောဟေ့၊ ရာဇဝင်မှာ ကြည့်ကောင်းအောင် ရေးထားတာက သူ့ရှေ့



မင်းဘုရင် ဆွေတော်မျိုးတော်တွေ တည်ခဲ့တဲ့ ဘုရားစေတီများထက် ပို၍ လွန်ကြီးမားသော ဘုရားကို တည်မယ်လို့ ဆိုသကိုး၊ ရယ်ရသဟေ့၊

ဘုရားတည်တယ်၊

ဘုရားစေတီဘွဲ့တော်က ဓမ္မရံကြီးစေတီတဲ့၊

ပုဂံမှာ ရှိရှိသမျှ ဘုရားစေတီတွေထက်ထုထည်ကြီးမားတဲ့စေတီတော်ကြီး တည်ရင်း မကြာခဏ ပြိုကျတယ်။ အဲဒါ အချိန်တွေ ညံ့လို့ဆိုပြီး ပန်းရန် ဆရာကြီးတွေကို နရသူအမိန့်နဲ့ သတ်ပစ်ဒဏ်ခတ်တယ်၊

ပုဂံမှာရှိသမျှယောကျ်ား၊မိန်းမအားလုံးမောင်းသန် အကုန်ထွက်ခဲ့ကြ။ ဓမ္မရံကြီး စေတီတည်ရာမှာ အုတ်ဖုတ်၊ အုတ်သယ်၊ရေရှာရေခပ်၊မဆလာရွက်၊ မြေ - မြင်းအမြင့်ပေါ်တက်ကြ၊လုပ်အားခ တစ်ပြားမှ မရဘူး၊ အမှန်က အခမ့လုပ်အားကို စေခိုင်းတာ၊ လုပ်အားခ ပေးမည်နရသူမင်းရဲ့ပုဂံခေတ် မင်းမှုထမ်းတွေ ဖြတ်နတ်စားဝါးပြီးဒါဘုရင်အမိန့်ဘူး၊ ကိုယ့်ထမင်းထုပ်နဲ့ ကိုယ်လာလုပ်ကိုင်ကြ၊ မလာတဲ့သူ သေဒဏ်။ ပြေးတဲ့သူ သေဒဏ်၊ ကဖျက်ယဖျက်လုပ်တဲ့ပန်းရန်ဆရာတွေ သေဒဏ် ...”

ဓမ္မရံကြီး စေတီတည်တော့ ...

သေလိုက်တာ နည်းရော့လား။

ပန်းရန်ဆရာတွေ စေတီပြိုကျလို့ အသတ်ခံရတယ်။

သူတို့နောက်လိုက်တွေ အသတ်ခံရတာပဲ၊

မြေပေါ်က ပြုတ်ကျလို့သေတယ်၊ အုတ်နံ့ရုံပြိုကျလို့သေတယ်၊ အလုပ်ပင်ပန်းလို့ သေကြတယ်၊ ဆာလောင်လွန်းလို့ သေကြတယ်၊ ဘုရင် နရသူလည်း ရည်မှန်းချက်အတိုင်း ဘုရားမပြီးရကောင်းလားလို့ ဒေါပွနေပြီ၊

သူက မြန်မြန် ထီးတော်တင်ချင်နေပြီလေကွာ၊

ရေစက်ချပွဲ ကျင်းပချင်နေပြီလေကွာ၊

အိပ်မက်တွေက မကောင်း၊ အိပ်လို့က မပျော်၊ နန်းတော်ပေါ်ကနေ ငှက်ဆိုးတွေကထိုး၊ သူ့စက်တော်ခေါ်ရာဝန်းကျင်မှာခွေးတွေကအူ၊နိမိတ်တွေကမကောင်းဘူး၊

မြန်မြန်မပြီးရကောင်းလားဆိုပြီး ပန်းရန်သမားတွေ၊ ဦးဆောင်သူတွေနောက်လိုက်တွေကိုထပ်သတ်၊ အသိုက်ပြီးရင်းသတ်၊

ကြောက်လွန်းတော့ သေသင်ခိုင်ခံ့စွာ လုပ်လို့မရဘူး၊ ပန်းရန်ဆရာတွေ

www.burmeseclassic.com

ဘုရားလုပ်အားပေး ပုဂံသားတွေပဲ ကံကောင်းချင်လို့လား ဒါမှမဟုတ် ...

မင်းဆိုးမင်းညစ်ဘုရင် နေ့ဝင်ချိန်ရောက်လာရော့လား။

တစ်နေ့ ...

ဟိုး ပဋ္ဌာရာမင်းကြီး စေလွှတ်လို့ ကုလားပုဏ္ဏား (၈)ယောက် နရသူရှိရာ ရွှေနန်းတော်ကို ရောက်လာတယ်၊ အမှန်က ကုလားနိုင်ငံက အသေခံတပ်သားတွေ၊

အဲဒီကုလားပုဏ္ဏား(၈)ဦးက နရသူဘုရင်ကို ဓားနဲ့ ခုတ်သတ်လုပ်ကြံလိုက်ကြတယ်ပေါ့။ ဘာလို့လုပ်ကြလဲဆိုတော့ ပဋ္ဌာရာမင်းကြီးက သူ့သမီးတော် ပဋ္ဌာရာမိဖုရား (မင်းသမီး)ကို နရသူက သတ်ပစ်ခဲ့လို့ သူ့သမီးတော်အတွက် အသေခံတပ်သား (၈)ယောက်လွှတ်ပြီး လုပ်ကြံခိုင်းတာ။ အောင်မြင်သွားတာပဲ။ ဘုရင်နရသူ ခေါင်းတခြား၊ ကိုယ်တခြားဖြစ်ပြီ၊ နတ်ရွာစံတယ်၊

ပုဂံတပ်ကလည်းကိုယ့်အရှင်၊ကိုယ့်သခင်ကိုဒီလိုလုပ်ကြံလာရောက်လုပ်ကြတော့ ဘယ်ခံမှာတုံးကွ။ ပုဂံစစ်သည်တွေဝိုင်းတိုက်လိုက်တာအသေခံကုလား



ငါလူတို့ရေ–ဟောဒီ ပတ်မတီး ရွှေအုန်း ပြောခဲ့မယ်ကွ။ ငရဲပြည်မှာ သူတို့အတွက် မီးရဲရဲပုတ်ထားတဲ့ အပ်ဆိုးကြီးတွေ၊ ကြေးပူရည်တွေနဲ့ ပွက်ပွက်ဆူလို့ကွ။ ငရဲအိုးတိုင်းမှာ သူတို့နာမည်တွေ ရေးထိုးထားတယ်။ ငရဲဝန်းငွေတွေတာလည်း အော်တို မစ်တာ မီးသီးဆင်ထားသလိုပဲ။ ငရဲပန်းခြင်းတွေလည်း အသင့် ပြင်ထားသကွ။ ထိုလိုက်တာနဲ့ ရဲခနဲ ပူခနဲ ပဲပေါ့။



သူ့ရဲ့ကောင်းအားလုံးလည်း အပိုင်းပိုင်း အထစ်ထစ်ဖြစ်ပြီး သေကြပါရော၊

အံ့သြစရာကောင်းတာက ...

ပုဂံမင်းနရသူကုလားသတ်လို့သေဆော့ ပုဂံ နေပြည်တော်အဝှမ်းက ဝမ်းသာလွန်းလို့တဲ့ကွာ၊

မင်းဆိုးမင်းညစ်ကြီး နတ်ရွာစံတော့၊

ပျော်ကြတယ်၊ ဝမ်းသာကြတယ်၊ တို့ တွန်ဘဝက လွတ်မြောက်ပြီပေါ့၊ ိုပြောရင် ဓမ္မရံကြီးစေတီ အပြီး တ်နိုင်ဘဲ ရပ်ဆိုင်းခဲ့ရတယ်၊ ယနေ့ ိုင် ပုဂံမှာ သွားကြည့်ကြ၊

ဘုရားမပြီးခင် ဘုရင်နတ်ရွာစံမယ် ည်းတခောင်ပေါ်နေတာပဲ ါတွ၊

တျန်စစ်သားမင်းကြီး နတ်ရွာစံ ကံ နန်းတော်မှုတော့ ပုဂံနယ်တစ်ဝှမ်းလုံး ကြတယ်၊

ဒါတို့ရဲ့အရှင်ကောင်းအရှင်မြတ်ကြီး နတ်ပြည်စံတော်မူပါပြီ ဘုရားလို့ ပုတစ်အော်ငိုကြတယ်၊

ကျန်စစ်သားမင်းကြီးရဲ့အလောင်း ကို သဂြိုဟ်တော့ဟိုး–လှမ်းလှမ်း တိုင်းသူပြည်သားတွေ မျက်ရည် နဲ့ ကန်တော့ကြတယ်၊

ကျန်စစ်သားမင်းကြီး နတ်ရွာစံတာ ရာဇဝင်လှခဲ့တယ်၊

မဟာဗန္ဓုလ စစ်သူကြီး ကွယ်လွန်ခဲ့တာ သမိုင်းလှခဲ့၊ တန်ဖိုးကြီးခဲ့တယ်၊ အလောင်းဘုရား ဦးအောင်ဇေယျ နတ်ရွာစံတော့ ရွှေဘိုမင်းနေပြည်တော်နယ်လုံး ဝမ်းနည်းပူဆွေးကြတယ်၊ ဘုရင့်နောင်မင်းတရားကြီး သူ့အသုဘ စည်ကားခဲ့တယ်၊

မင်းဆိုးမင်းညစ် ဘုရင်နရသူ သေတော့ သူ့အသုဘ လူမစည်ခဲ့ဘူးတဲ့၊ ဘွဲ့ အမည်သစ်တစ်ခု ထပ်တိုးတယ်၊

"ကုလားကျမင်း"တဲ့၊

ဖို ...

ဗိုလ်ချုပ်အောင်ဆန်းတို့မသာမာသုလက်ရှက်နဲ့ကျဆုံးခဲ့ရပေမယ့်သမိုင်းလှခဲ့တယ်၊ ဒီနေ့အထိ သတိတရ လွမ်းလို့မဝနိုင်ဘူး၊ ရေးသားမှတ်တမ်းတင်လို့ မကုန်နိုင်သေးဘူး၊

ဂဠုန်ဦးစောတို့အဖွဲ့ကို ကြည့်စမ်း

ဗိုလ်ချုပ်အောင်ဆန်းတို့ကိုလုပ်ကြံသတ်ဖြတ်ခဲ့တာ၊

ဦးစော တွက်နည်းက ဗိုလ်ချုပ်အောင်ဆန်းတို့ကိုလုပ်ကြံလိုက်ရင်တိုင်းပြည် ထိန်းမရ သိမ်းမရဖြစ်မယ်၊ ဒီလိုအခြေအနေမှာ အင်္ဂလိပ်အစိုးရက နန်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းဝန်ဟောင်း ဖြစ်ခဲ့ဖူးတဲ့ မိမိကို တိုင်းပြည်ထိန်းသိမ်းအုပ်ချုပ်ဖို့ နန်းရင်းဝန် ဖြန့်ခန့်မှာလို့ တွက်ထားတာ။

ရှင်ဘုရင်ကို လုပ်ကြံပြီး ရှင်ဘုရင် တက်လုပ်တဲ့ခေတ် နိဂုံးချုပ်ခဲ့တာကို ဝဋ္ဋန် ဦးစော မယုံချင်ဘူး။

ခုတော့ နန်းရင်းဝန်မဖြစ်ဘဲ ကြိုးစင်ပေါ်မှာ လူသတ်တရားခံအဖြစ် ကြိုးပေး အသတ်ခံလိုက်ရတယ်။

သေတာချင်း တူသော်လည်း သေပုံချင်း မတူဘူး။

ဗိုလ်ချုပ်အောင်ဆန်းတို့အာဇာနည် ခေါင်းဆောင်ကြီးတွေက အသက်ရှင်ကျန်ရစ်တာ တိုင်းပြည်ရဲ့ယုံကြည်လေးစားချစ်ခင်မြတ်နိုးခြင်းကို ခံယူရရှိခဲ့တယ်။

သေမှာသူလက်ချက်နဲ့ ကျဆုံးပြီး နောက်ပိုင်းမှာလည်း တမ္ဘာတည်သရွေ့ ဦးညွတ်လေးစားမှုရတဲ့တန်ဖိုးတွေ ရှိခဲ့တယ်။

မင်းတို့ ငပွေးစားလေ။

ဝဋ္ဋန် ဦးစောအသုဘကို လူ ဘယ်နှယောက် လာလို့ တုံး။ သူ့မယား ဒေါ်သန်းခင်ရယ်၊ သမီးဒေါ်ဘီစောရယ်၊ အမျိုးအနည်းငယ်ပဲ ထွမ်းသွတ်တရားနာ ရောက်လာခဲ့ကြတယ်။

✡✡✡

ရှင်ဘုရင် လုပ်ချင်ရင် ...

တိုင်းပြည်ရဲ့ မင်းသမ္မတ လုပ်ချင်ရင် ...

မင်းကျင့်တရား ဆယ်ပါးနဲ့အညီ အုပ်ချုပ်ရတယ်ကွ။

မင်းကျင့်တရား ဆယ်ပါးနဲ့ မညီရင် တိုင်းပြည်ရှုတာပဲ။ အဖသတ်တဲ့ ဘုရင် အစ်ကိုသတ်တဲ့ ဘုရင်၊ ဘကြီး ဦးကြီး သတ်တဲ့ဘုရင်၊ ရဟန်းသံဃာကို ညှဉ်းပန်းနှိပ်စက်တဲ့ ဘုရင်၊ တိုင်းသူပြည်သားကိုစိတ်နလုံးညှိုးနွမ်းဆင်းရဲအောင် လုပ်တဲ့ဘုရင်မှန်သမျှ ဘယ်မှာ သက်ဆိုးရှည်လို့တုံး။

ကံကြီးတွေ ထိုက်တာပဲ။

"အဇာတသတ်မင်း ဘယ်မှာ ရှိလဲသိလား"

"ငရဲပြည်မှာ"

"ဟုတ်တယ် – အဖသတ်တဲ့ မင်း ငရဲပြည်မှာတစ်ခါ၊ အဇာတသတ်မင်းကို သူ့သားတော် ဥဒယဘဒ္ဒမင်းသားက ပြန်သတ်ပြီး ထီးနန်းလု ဘုရင်လုပ်ခဲ့တယ်။ ဥဒယဘဒ္ဒဘုရင်ကို သူ့သား ပြန်လုပ်ကြံပြီး ရှင်ဘုရင် ပြန်လုပ်တယ်၊ အဖသတ်သားမင်းဆက်ပြတ်မှ တိုင်းပြည် နိဂုံးချုပ်တယ်၊ အခု အဖသတ်သားတွေ မြေကြီးအောက်မှာ အော်ဟစ်နေတာကွ။ ရှင်ဘုရင်အုပ်စုထဲမှာ နရသူဘုရင် ပါတယ်၊ စမည်းတော် အနောက်ဘက် လွန်မင်းတောခမ္မရာဇာကို ပြန်သတ်တဲ့၊ သူ့သားတော် မင်းရဲဒိဗ္ဗ အဝီစိငရဲမှာ ရှိတယ်။ သူတို့၊ ငါတို့၊ မင်းတို့ ခြေဖဝါးအောက်မှာ ရောက်နေတယ်၊ သံဃာကို ဂိုဏ်းကွဲအောင်လုပ်တဲ့ ဒေဝဒတ်ရဟန်းကြီး ဟိုမြေကြီးအောက် အနက်ဆုံးက မီးရဲရဲ မီးတိုက်ထဲမှာ မီးကင်ခံနေရတယ်ကွ"

အဖေအရင်းကို သတ်တဲ့သားမိုက်တွေ။

အမေအရင်းကို သတ်တဲ့သားမိုက်သားဆိုးတွေ။

ငါတို့ ခြေဖဝါးအောက်က မြေကြီးထဲမှာ တယ်ပါ၊ ယူပါ တစာစာ အော်ဟစ်နေကြတယ်။

ရှင်ဘုရင်ဖြစ်ဖို့ ...

အာဏာရှင်ဖြစ်ဖို့ ...

အာဏာဩဇာနဲ့ ကြီးပွားချမ်းသာဖို့ –

ကိုယ့်အဖေ ကိုယ်သတ်။

ကိုယ့်အမေ ကိုယ်သတ်။

ရဟန်းပညာရှိလူ ပညာရှိတွေကို သတ်။

ပညာတတ် အညွန့်အဖူးတွေကို သတ်၊ ထောင်ထဲထည့်၊ မလှန်ရဲအောင် နှိပ်စက်သတ်ဖြတ်၊ ကိုယ့်အလှည့်ကျ တော့ အဲဒီလို လောကဝတ် ခံစားရမှာ ကြောက်ပြီး အကာအကွယ်တွေ၊ မန္တန် ဂါထာတွေ နဲ့ ဒီတစ်သက် တားလို့ ရကောင်း ရမယ်။

ငါ့လူတို့ရေ – ဟောဒီ ပတ်မတီး ရွှေအုန်း ပြောခဲ့မယ်ကွ၊ ငရဲပြည်မှာ သူတို့အတွက် မီးရဲရဲဖုတ်ထားတဲ့ ဒယ်အိုးကြီးတွေ၊ ကြေးပူရည်တွေနဲ့ ပွက်ပွက်ဆူလို့ကွ၊ ငရဲအိုးတိုင်းမှာ သူတို့နာမည်တွေ ရေးထိုးထားတယ်၊ ငရဲပန်းခွေတွေကလည်း အော်တိုမစ်တစ် မီးသီးဆင်ထားသလိုပဲ၊ ငရဲပန်းခြင်းတွေလည်း အသင့်ပြင်ထားသကွ၊ ထိလိုက်တာနဲ့ ရဲခနဲ ပူခနဲ ပဲဟေ့၊

ဒီမှာ – ငါ့လူတို့၊

ဝဋ်မှာအမြဲ ငရဲမှာအပတဲ့၊

ငရဲမှာ အပဆိုတာ ကုသိုလ်လေး လုပ်တုံး ဘာအတွက် ပထား ပယ်ထားတာ၊ ပြေးလို့မလွတ်ဘူး၊ ယမမင်းကြီးထံကို စာရင်းက ရောက်နေပြီ၊ ကတော်ကြီးတွေရော၊ ကတော်လေးတွေရော စာရင်းမှာ ပါသတဲ့ဟေ၊ မင်းကြီးမင်းလေးတို့၊ ငြိမ်းစား၊ ရွာစားတို့ရဲ့ စာရင်း ငရဲပြည်မှာ ကပ်ထားတယ်၊

www.burmeseclassic.com



အကာယ်၍စာရင်းကျန်ရင်လူ့ပြည်က ဆယ်အိမ်ခေါင်းတို့၊ ရာအိမ်မှူးတို့က ကျန်နေတဲ့ လူယုတ်မာ၊ လူကျန်စာရင်း ငရဲပြည်ကိုရောက်အောင်ပို့ပေးပါတဲ့ဗျာ။

ဝါ့တူတို့ရာ ...

ဟောင်ဝဝ်ဇာအမြောက်တို့၊ ဒုံးကျည်တို့နဲ့တောင် ဖြိုလို့မပြိုတဲ့ ထုကြီးထည်ကြီး မွေ့ရဲ့ကြီးဘုရားကို အစွမ်းကုန်တည်ခဲ့တဲ့ ဘုရင်နရသူတောင် ငရဲပြည်မှာ အဖေတာသတ်မင်းနဲ့ ဖက်ပွေ့ငိုနေတဲ့ ဥစ္စာ ...။

"ဝင့်"ပြီးရင် ငရဲလာတော့မယ်။

အကာယ်၍များမင်းတို့ဘကြီးဖြစ်တဲ့ ဟောဒီ ပတ်မတီး အေနှန်းများ အသက်ရှည်ရှည်နေရရင်လား၊ ငရဲပြည်သွားအကသိုလ်တောလားကို ကျကျနနရသ မြောက်အောင် စီကုံးပြီး ပြည်သူ့ချဉ်ဖတ်တွေရဲ့အသုဘခေါင်းထဲ ထည့်ပေးလိုက်ချင်ပါ့ကွာ။

(မှတ်ချက် - ကွယ်လွန်သွားပြီဖြစ်သည့် ပတ်မတီး ဘကြီးရွှေအုန်းနဲ့ ကင်းစောင့်ခဲ့ရသည့်ညများကို အမှတ်တရ)

⇨ မောင်ညီမြိုင်း(သန်လျင်)

**ဆေးမြီးတို**


**မြွေဆိပ်နိုင်ဆေး**

ဖြူကြီးရွက်ကို ဖြူကြီးအစေ့နှင့်ကြိတ်၍ လုံးပါ။ ယင်းဆေးလုံးကို တစ်နာရီခြား၍ တစ်လုံးကျွေးကြိုက်ပါ။ ပြင်းထန်သော မြွေဆိပ်များ ကျ၏။ တစ်လုံးတို ရှေးကြီးစေ ခန့်သာသာ လုံးပါ။




www.burmeseclassic.com

www.burmeseclassic.com






ကြိုးစင်ပေါ်မှ ဖြောင့်ချက်

ဒဂုန်ရွှေမျှား



www.burmeseclassic.com

www.burmeseclassic.com



**၁၉၅၈** ခုနှစ်၊ အောက်တိုဘာလထဲမှာ ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်ကနေ ရန်ကုန် - မန္တလေး အမြန်လမ်းစီမံကိန်းစခန်းကိုပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကံဆိုးချင်တော့မင်းကုန်းဌာနချုပ်စခန်းကိုရောက်တဲ့ညမှာပဲ အထူးအရာရှိဗိုလ်ကြီး ထွန်းလွင်နဲ့အဖွဲ့ သုံးတန်ကူးစခန်းသစ်နေရာကိုရှာဖွေရင်း လူစုကွဲပြီး ပျောက်သွားတဲ့အခြေအနေကြောင့်ကျွန်တော်တို့အဖွဲ့ညတွင်းချင်း ခရီးထွက်ပြီး တောနင်းကြရတော့ထယ်။ မိုးက မကုန်သေးတော့ ရေနက်ကြီးစခန်းကို ကျော်ပြီး တောနက်ထဲ ဝင်လာနဲ့မိုးနဲ့တိုးတော့တာပဲ၊ ကျွန်တော်တို့အဖွဲ့က ရဲဘော်ကြီး (၂၀)၊ ဝန်ထမ်း(၅)ယောက်နဲ့ကျွန်တော်ရယ်ပေါ့။ မိုးသည်းတော့ ခြေထောက်တွေလည်း ဖြိမ်းကုန်ထယ်၊ ပါလာတဲ့ လက်နှိပ်ဓာတ်မီးကလေး (၂)လက်ကိုပဲ အားကိုးရတော့သည်၊

မှဆိုးလမ်းသာရှိတဲ့ ရိုးမတောကြီးထဲမှာ ရှေ့က တစ်လက်၊ နောက်က တစ်လက် မီးထိုးရင်း တန်းစီပြီး လျှောက်ကြရတာ၊ မီးအလင်းရောင်ကမလုံလောက်တော့ စမ်းတဝါးဝါး လျှောက်လှမ်းကြတယ်၊ တစ်လမ်းလုံးဝါးကိုင်းရိုက်မိတာနဲ့ ချော်လဲတာနဲ့ မိုးကလည်း သဲသဲမဲမဲ ရွာနေတော့တဘိုင်းဘိုင်းချော်လဲကြသည်၊ ကျွန်တော့်အဝတ်အစားသေတ္တာကြီးနဲ့ ရိက္ခာထုပ်တွေ၊ တူးရွင်း၊ ပေါက်တူး ... တွေကိုပါ ထမ်းခဲ့ကြရတော့ ရဲဘော်ကြီး ... တွေလည်း မချောင်ပါ၊ ဝန်ထမ်းတွေ ... လည်း သူတို့အသုံးအဆောင်ပစ္စည်း ... နဲ့ ရိုင်ဖယ်သေနတ်ကြီးတွေ ကိုယ် ... လွယ်ထားရသည်၊ အမိုးလုပ်ဖို့ယူလာ ... မိုးကာဖျင်အထုပ်ကြီးနှစ်ထုပ်ကမိုး ...

<u>**ပြည်သူ့ဝန်ထမ်း၊ မင်းမှုထမ်းများ**</u>

<u>**လူသူမနီး တောတောင်ထဲတွင် အစာရေစာ ရှားပါးမှုကို**</u>

<u>**တောလိုက်ရင်း ဖြေရှင်းပုံကို သက်စွန့်ဆံဖျား**</u>

<u>**ဖတ်ရှုရမည် ..**</u>



... လာလို့ ရဲဘော်တွေ တစ်ဆိုင်း ... ဆိုင်း ပြောင်းပြီးထမ်းကြရသည်၊ ... တည်း ဆင်အော်သံ၊ ကျားအော် ... တွေတလည်း အနီးကပ်ကြားနေရ ... ၊ လူအုပ်ကောင်းလို့ ရန်တော့ မမူ ... သူတွေလည်း ကြွက်စုတ်ဖြစ်လို့ ... ဒုက္ခရောက်ကြရပါသည်၊ ... ဆို ဒီခရီးက မြင်မြင်ထင်ထင် ... မှာ သွားသင့်တဲ့ခရီးပင်၊ စခန်း ... ချုပ်သူ ထောင်ပိုင်ကြီးများကြောက် ... ကျွန်တော်တို့ကို အရေးပေါ် စေ ... တာပါ။ ကံဆိုးသူက ကျွန်တော်တို့ ...

... လမ်းပြပါတော့၊ တောနက် ... ပေမယ့် လမ်းတော့ မမှားပါ၊ ... တော်တို့အဖွဲ့ ကျွန်းတစို့ ဟူသော ... စခန်းကလေးသို့ ရောက်တော့ ... (၄)နာရီခန့်ရှိပါပြီ၊ ထိုစခန်းခွဲလေး ... ဆောင်မှူးကြီး ဦးထွန်းရီနှင့် ထောင် ... ဦးသိန်းမြင့် တို့ ရှိနေသည်၊ ... ထမ်းက ရှေ့တန်းစခန်းတွင် ... သော သူတို့အဖွဲ့က ပျောက် ... ဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကို ... ခဲ့သည်၊ ယခုတော့ စခန်း ... လူသစ် ကျွန်တော်တို့ လူ ... ၍ တောနင်းခိုင်းခြင်းမှာ သင့်လျော်ခြင်းတော့ မရှိပါ၊ သို့သော်လည်း အစိုးရဝန်ထမ်းဖြစ်ပြီး လက်နက်ကိုင်ယူနီဖောင်းဝတ်ဖြစ်တော့လည်း အမိန့်အာဏာကို မရှောင်လွှဲနိုင်ပါ၊ နဂိုကလည်း တောပျော်ဖြစ်၍ မည်သို့ပင်အခက်အခဲရှိပါစေ တာဝန်က တာဝန်ပဲ ဖြစ်ပါသည်၊

သို့နှင့်ကျွန်တော်တို့အဖွဲ့ကျွန်းတစို့ စခန်းတွင် ခေတ္တနားကြပြီး ထောင်မှူးကြီးဦးသိန်းမြင့်တို့အဖွဲ့ပါ ပူးပေါင်းပြီး နှစ်ဖွဲ့ခွဲ၍ရှာကြသည်၊ ဆုံရပ်က ကညင်နှစ်ပင်စခန်း မနက် (၉)နာရီခန့်အဖွဲ့နှစ်ဖွဲ့ပြန်ဆုံကြတော့ ဦးသိန်းမြင့်တို့အဖွဲ့က ပျောက်ဆုံးသွားသောဗိုလ်ကြီးထွန်းလွင်တို့အဖွဲ့ကို ပြန်တွေ့ကြောင်း၊ ဗိုလ်ကြီးငှက်ဖျားဖြစ်၍ နားနေရသောကြောင့် ပထမအဖွဲ့နှင့် လွဲသွားကြခြင်း၊ ယခုတော့ မင်းကုန်းစခန်းသို့ ပြန်သွားကြပြီဖြစ်ကြောင်း ကျွန်တော်တို့အဖွဲ့အား သုံးတန်ကူးစခန်းကို ဆက်လက်ရှာဖွေပြီး တောရှင်း၍ စခန်းသစ် ဆောက်ရန် တာဝန်ပေးသွားကြောင်း သိရှိရပါတော့သည်၊

ထို့ကြောင့်လမ်းကျွမ်းသောရဲဘော်တစ်ဦးကိုဦးဆောင်စေပြီးထမင်းချိုင့် ... တောင်ခြေက မြေနီကွင်းရွာကလေးတို့

www.burmeseclassic.com

www.burmeseclassic.com



ရှာရသည်။ ထိုမှ လမ်းပြမုဆိုး ကိုနီ၏ ညွှန်ပြမှုနှင့် မုဆိုးများစခန်းချရာ သုံးတန်တူးစခန်းကိုတောနင်း၍ရှာဖွေရာညနေစောင်းတွင် တွေ့ရှိရသဖြင့် စခန်းချရပ်နားပြီးမနက်စာညစာပေါင်း၍ချက်ပြုတ်ပြီးစားသောက်ရတော့သည်။ တောတွင်း၌ စားပင်သီးပင် သားငါးပေါ၍ ဝန်ထမ်းနှင့် ရဲဘက်များ စိတ်ဓာတ်မကျဘဲ ပျော်နေကြပါသည်။ လွတ်လပ်၍လည်း ဖြစ်ပါလိမ့်မည်။

✡✡✡

ထိုညတကျားနှင့် ဆင်အော်သံများ အနီးတဝိုက်ကြားရပြီး တစ်ညလုံးမိုးရွာနေ၍ အိပ်မရကြ။ တစ်ဖက်ရပ်တဲကလေးအတွင်းမိုးလုံ့ပိုင်၍ ငုတ်တုတ်မိုးလင်းကြရသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အဖွဲ့အတွက် အဓိကအရေးကြီးသည်မှာ လုံခြုံစွာနေထိုင်နိုင်ရန်အတွက် တဲကလေးတစ်လုံးဖြစ်သည်။ ထို့ကြောင့် တပည့်များအား တဲတစ်လုံး စီစဉ်ခိုင်းရသည်။ ရဲဘက်ကြီးများဖြစ်ကြ၍ အလွန်တော်ကြပါသည်။ သစ်ပေါဝါးပေါဒေသဖြစ်၍ တဲကြီးတစ်လုံးအပြင် ကျွန်တော် လွတ်လပ်စွာ နေထိုင်နိုင်ရန်အတွက်လည်း မြေစိုက်တဲကလေးတစ်လုံးကိုပါ ထိုးပေးကြသည်။ အိပ်စက်ရန် ဝါးခုတင်ကလေးပါ ပါသည်။ သူတို့အားလုံးအတွက်တော့ ဝါးကြမ်းခင်းစင်ဆင့်ကလေး ဆောက်ကြသည်။ တဲအပြင်၌လည်း ယာယီဝါးစည်းရိုးကလေးကို အနိုင်အခန့် ကာရံရသည်။ လူ့စည်း၊ ဘီလူးစည်းဆိုသလို စည်းရိုးကလေးရှိတော့လည်း စိတ်တော့ အတော်လုံခြုံသွားပါသည်။

ရဲဘက်တပည့်များကထင်းခြောက်ရှာသည်၊ ဟင်းချက်စရာ ရှာသည်။ ညရေးညတာအတွက်တောကောင်ကြီးများအား ခြောက်လှန့်ရန် ဝါးဆစ်ပိုင်းများဖြတ်ကြသည်။ ရေအတွက်ကတော့ အနီးရှိ ချောင်းရိုးကလေးများအတွင်းမှရသည်။ လူနေဝေးသော တောနက်ကြီးအတွင်းဖြစ်၍ မျှစ်နှင့် ချိုးခြေထောက်၊ ဝါးရောင်းချဉ်၊ ကြောင်လျှာသီး၊ မလွှာသီး၊ ဆီးဖြူသီး၊ ရင်းတိုက်ရွက် စသည်တို့က ပေါလှသည်။ ညနေစာအတွက်တော့ ကျွန်တော် ရန်ကုန်က ပါလာသည့် ငါးခြောက်ငါးခြမ်းဟင်းနှင့် ရိက္ခာပါလာသော ကုလားပဲကို ချက်ပြုတ်ရန် စီစဉ်ခိုင်းစဉ် ရဲဘက်အချို့က အနီးက ချောင်းရိုးကလေးများအတွင်း ရေချိုးဆင်းရင်း



ရှာကြရာ နစ်ချိုငါးရံ့နှင့် ငါးပြေမကြီးများ ရကြသည်။ သာယာဝတီ သားရဲဘက် (၂)ဦးကတော့ ဆင်ခြေရာကွက်ကြီးများအတွင်းမှ ငါးပေါက်ကလေးများ ရကြသဖြင့် အိုးကပ်ချက်ရန် စီစဉ်နေကြသည်။ ထိုညက မိုးမချုပ်မီ တပည့်များ စီစဉ်ပေးသော တောစာ၊ တောင်စာဖြင့် ပေါင်းစားကြရာ ထမင်းစား၍ အလွန်မြိန်သည်။

ညကျတော့လည်း တဲအရှေ့တွင် မီးပုံကြီးဖိုပြီး ဝန်ထမ်းနှင့် ရဲဘက်များက တစ်လဲစီ ကင်းစောင့်ပေးကြသည်။ တောကောင်ကြီးများ အသံကြားလျှင်သည်း အသင့်စီစဉ်ထားသော ဝါးဆစ်ပိုင်းများကို မီးဖိုအတွင်း ပစ်ထည့်၍ ခြောက်လှန့်ကြရာ တဖောင်းဖောင်း မြည်နေ၍ တောကောင်ကြီးများ အနီးအနားသို့ ကပ်မလာရဲကြပါ။

ထို့ကြောင့်ထိုညက လုံခြုံစိတ်ချစွာ ကောင်းစွာ အိပ်ရသည်။ ကျွန်တော်၏ ဝန်ထမ်းနှင့် တပည့်ရဲဘက်ကြီးများမှာ အလွန်အားကိုး ယုံကြည်ရသူများ ဖြစ်ကြသည်။ နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ လုပ်ငန်းစကြသည်။ ရဲဘက်စခန်းသစ် စတင်တည်ဆောက်ရန် နေရာရှာခြင်း၊ နယ်မြေကို ငုတ်ရိုက်ပြီး စတင်ရှင်းလင်းခြင်းဖြစ်သည်။ စခန်းနယ်မြေအတွင်း ပါဝင်သည့် သစ်ပင်ကြီးများကို မရှင်းလင်းနိုင်သေးပါ။ အပင်ငယ်များနှင့်ချုံပင်များအားအောက်ခြေရှင်းလင်းခြင်းအဆင့်လောက်သာ ဖြစ်သည်။ ကြိမ်ပင်နှင့် ဆူးချုံပင်များအား အတော်ဒုက္ခပေးသည်။ ရှင်းလင်းရသည့် ဓားများက မကောင်း။ ကြိမ်နွယ်ကြီးများမှာ လက်မောင်းလုံးခန့်ရှိပြီး သစ်ပင်ကြီးများအပေါ်သို့ နွယ်တက်နေသည်။

ထိုနေ့က ကျွန်းတစ်ခုစခန်းမှ ထောင်မှူးကြီး ဦးသိန်းမြင့်နှင့် ဦးထွန်းရီတို့ လာကြ၍ စားနပ်ရိက္ခာများ ဖြည့်တင်းပေးသွားသည်။ မကြာမီ ရဲဘက်အင်အားလည်း ပို့ပေးမည်ဟု အားပေးသွားသေးသည်။ နေ့လယ်ထမင်းစားနားချိန်တွင် မြေနီကွင်းရွာမှ မုဆိုး ကိုနီ လာလည်သည်။ ကျွန်တော်တို့အား ခင်မင်သဖြင့် ဝက်သားခြောက်များ လာပို့ခြင်းဖြစ်သည်။

"ဆရာတို့နေရေးထိုင်ရေး၊ စားရေးသောက်ရေး အဆင်ပြေကြရဲ့လား"

"လာ - ထိုင် - ကိုနီ။ အဆင်ပြေပါတယ်၊ အမဲလည်ဖို့တော့ တောမကျွမ်းသေးတာနဲ့ မလည်ဖြစ်သေးပါဘူးဗျာ။ ကိုနီ အသားခြောက်တွေ လာပို့တာ-

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တယ်ဗျာ၊ ဒီစခန်းမှာတော့ တပည့်တွေ ရှာဖွေကျွေးလို့ တောကောင်သားမစားရပေမဲ့ ချောင်းရိုးမြောင်းရိုးထဲ တငါးတော့ အလွှန်ပေါသဗျ၊ ကိုနီပြန်ရင် လက်ဆောင်အနေနဲ့ ငါးခြောက်ငါးခြမ်းတွေ ယူသွားဦးဗျာ၊ ငါးခြောက်တွေကတော့ အစုံပဲ၊ ငါးရံ့ ငါးရှူနဲ့ ငါးသေးလေးတွေတောင် ပါသေးတယ်"

"ကျေးဇူးပဲ - ဆရာ၊ တောကောင်ပစ်ချင်ရင်တော့ ကျွန်တော်တို့မြေနီကွင်းရွာဘက် တစ်ညလောက် လာပါလား ဆရာ၊ အခုအချိန် စပါးခင်းတွေ ရင့်မှည့်ပြီဆိုတော့ အခင်းထဲ တောကောင်တွေတအုပ်လိုက်ဝင်တယ် ဆရာ၊ တောဝက်အုပ်တ အပေါဆုံးပဲ၊ ကျွန်တော်တို့လည်း နှင်းတိုင်းထောင်တယ်၊ တူမီးနဲ့ပစ်တယ်၊ သေနတ်ကြီးတွေ မဟုတ်တော့ အနိုင်တဝ်ဝစ်ရတာ အန္တရာယ်များတယ်ဆရာ၊ ဆရာတို့အဖွဲ့လာရင်တော့ အလွန်ကောင်းမှာပဲ"

"အေးလေ - ကိုနီတို့ရွာက ရိုးမထောင်ခြေရွာဆိုတော့ တောကောင်အလွန်ပေါမှာပေါ့၊ ဒီစခန်းနဲ့ အတော်လှမ်းသလားဗျ"

"မဝေးပါဘူး ဆရာရယ်၊ တစ်မိုင်ကျော်ကျော်လောက်ပါ၊ ဆရာတို့ ကျွန်တော် အပြန်လိုက်ခဲ့ပါလား၊ ဒီည လင့်စင်ပြီး တောပစ်ကြရအောင်၊ ညစာလည်း ကျွန်တော့်တဲမှာ ကျွေးပါ့မယ် ဆရာ"

"ဟုတ်ကဲ့ - ကိုနီ၊ အခုလောလောဆယ်တော့ ကျွန်တော်တို့နဲ့အတူ နေ့လယ်စာ စားသွားပါဦးဗျာ၊ တပည့်တွေ လက်ရာစုံပါတယ်၊ တောစာ တောင်စာ ပေါ့ဗျာ"

ထမင်းစားတော့ ယနေ့ဟင်းတအတော်စုံသည်၊ မပါမဖြစ်ကုလားပဲဟင်းချို၊ ငါးလေးအိုးကပ်ဟင်း၊ မျှစ်စို့နှင့် ငါးရှူကြော်၊ ငါးရံ့ဆီပြန်ဟင်း၊ ငရုတ်သီးဆားထောင်းနှင့်ရင်းတိုက်ရှက်နု၊ ကြောင်လျှာသီးမီးဖုတ်၊ ဖက်သန်းသီးပြုတ်၊ ဇရစ်ဖူးတို့စရာ အတော်စုံလင်ပါသည်။

"အဲဗျ - ဆရာတို့ ထမင်းဝိုင်းတအတော်စုံတာပဲ၊ ကျွန်တော် ထမင်းစားလာခဲ့ပေမယ့် ထမင်းမြိန်တယ်ဗျာ"

ကျွန်တော်တို့ နေ့လယ်စာ စားပြီးတော့လည်း ကျွန်တော်ရန်ကုန်ကပါလာသော လက်ဖက်စုံသုပ်နှင့် ထန်းလျက်ခဲကို အချိုတည်းရင်း ရေနွေးကြမ်းဖြင့် မြည်းကြပြန်သည်။ အတွေ့အကြုံများ ဖလှယ်ကြရင်း ညနေစောင်းတော့ ကိုနီက -



"ဆရာ - ဘယ်လိုလဲ၊ ရွာကို လိုက်လေား၊ ကျွန်တော် ညစာကျွေးရင်း လင့်စင်ပြီး တောဝက်ပစ်ကြရအောင်ပါ၊ ရွာက သိပ်မဝေးပါဘူး"

ထိုစဉ် သာယာဝတီအား မုဆိုးနှစ်ဘက်(၂)ဦးက -

"ဆရာ - ကိုနီနဲ့ လိုက်သွားကြရအောင်၊ ကျွန်တော်တို့လည်း ကိုင်းဆောင်တတ်ပါတယ်၊ ဆရာ့အတွက် တောကောင်သား၊ တစ်ဝတောင် ကျွေးချင်ယ်၊ တောကြက် တောငှက်တွေ့ရင်လည်း ကျွန်တော်တို့မှာ လောက်လေးခွ ပါပါတယ်"

"အေး - အဲ့ဒါဆိုလည်း သွားကြတာပေါ့၊ နေဦး - စခန်းက တာဝန်တွေကို တပ်ကြပ်ဖိုးထူးကို လွှဲခဲ့ဦးမှဖြစ်မယ်ထင်တယ်"

တပ်ကြပ်ဖိုးထူးက -

"ရပါတယ် ဆရာရယ်၊ အလုပ်တာဝန်မှ မကြီးသေးတာ၊ ကျွန်တော့်ကို စိတ်ချပါ၊ ရဲဘက်ကြီးတွေမို့ အတွေ့အကြုံရှိကြပါတယ်"

"အေး - ဟုတ်ပြီ၊ ဝန်ထမ်းနဲ့ရဲဘက်အားလုံး စည်းစည်းလုံးလုံးနဲ့ စည်းကမ်းရှိကြပါ၊ ညရေးညတာ မပေါ့နဲ့၊ လုံခြုံရေးအင်းစောင့်၊ ငါလည်း အားလုံးအတွက် အသားစိုရှိက္ခာကလေးများ စားရအောင် အအိပ်ပျက်ခံပြီး သွားပစ်မှာ၊ ရိုင်ဖယ်သေနတ်(၂)လက် ယူသွားမယ်၊ လက်ဖြောင့်တဲ့ဝန်ထမ်းတစ်ယောက်နဲ့ငါရယ်၊ သာယာဝတီသားရဲဘက်ကြီး (၂)ဦးကို ခေါ်သွားမယ်၊ မနက်ဖြန်မနက်စောစော ပြန်လာမယ်၊ တပ်ကြပ်ဖိုးထူး ခေါင်းဆောင်ပြီး စခန်းဆောက်မယ့်နေရာကို ဆက်ရှင်းထား၊ ဒီနေ့ရှင်းထားတဲ့ချုံနွယ်တွေကို မီးရှို့ထား - ကြားလား"

"ဟုတ်ကဲ့ပါ - ဆရာ"

ရွာမုဆိုး ကိုနီ ဦးဆောင်ပြီး ကျွန်တော်တို့ တောတိုး၍ စခန်းအနောက်မြောက်ဘက်သို့ ထွက်ခဲ့ကြသည်၊ သုံးတန်ကူးချောင်းကလေးများကို ကျော်တော့ မုဆိုးလမ်းကလေးသို့ ရောက်သည်၊ တောမှာ အောက်ခြေရှင်းပြီးရှုတ်ကြွေတော ဖြစ်သည်။ လမ်းဘေးတွင် တောဝွေးပင်၊ တောင်သရက်ပင်၊ ကျွန်းပင်၊ ပျဉ်းမပင်ကြီးများကို အများအပြားတွေ့ရသည်၊ ရေချောင်းများဖြင့်နီးသောနေရာများတွင်တော့ ထူထဲစွာ ပေါက်ရောက်နေကြသည့်မျှင်ဝါးနှင့်ကြခေါင်းဝါးရုံကြီးများကပိတ်ဆို့ကာဆီးနေသည်၊ ကျွန်တော်တို့ စခန်းသစ်ဆောက်ရန် အတွက်အလိုအပ်ဆုံးအရာများဖြစ်ကြ

www.burmeseclassic.com



သည်၊ တိုင်အတွက်လည်း အရှယ်စုံ မျောတိုင်များကအရန်သင့်၊အမိုးအတွက်လည်း တောင်ထန်းနှင့် စလူပင်များရှိသည်၊ ယနေ့အပြင်သို့ထွက်လာခြင်းမှာ အတော်အဆင်ပြေလှသည်။

ရေချောင်းတစ်ခုကို ကျော်ပြီးနောက် တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်ရသည်၊ ကျွန်းပင်တောဖြစ်သည်၊ သစ်ပင်များစွကြား၌သဇင်အရိုင်းများနှင့် သစ်ခွပန်းမျိုးစုံက ရောင်စုံဖြာဖွားဖွားစွင့်စွင့် ပွင့်လန်းနေကြသည်၊ ယောင်းပန်းလက်တံကို လက်တံရှည်ဆင်မျက်ကွင်းရတနာရွှေခွက်၊ ကြောင်မြီးတွပန်းများက အဆုပ်လိုက် အခိုင်လိုက် တွဲရရွဲ ပွင့်လန်းဝေဆာနေကြသည်၊

✡✡✡

တောင်ကုန်းတစ်ဖက် ဆင်ခြေလျောတွင် ဆီးဖြူတော တစ်စုံတစ်ရာ လှုပ်ရှားသွားသည်ကို ကျွန်တော် တွေ့လိုက်ရ၍မုဆိုးကိုနီကိုအချက်ပြရသည်။ ကျွန်တပည့်များက ကျွန်တော့်အနိုင်အခြေကိုကြည့်နေကြသည်၊ တောဖွေ

အမွှေးသက်ရှာတန်းရှည်ထဲမှ မီးလုံးကြီးများ တစ်လုံးပြီးတစ်လုံး တက်လာပြီး တောင်အင်ယံ၌ အတက်အဆင်းပြုနေကြသည်။ တစ်ခါတစ်ရံ နှစ်လုံးပြူးသွားပြီး တစ်လုံးတည်း မှေးမှိန်၍ ပြုတ်ကျသွားသည်။ ကြည့်၍ အလွန်ကောင်းသည်။ ခြင်ထိုက်သည်ထိုဝင် သတိမရတော့။ အတွေ့အကြုံရှိသော သားယာဝတီသားရဲ့သက်မုဆိုးနှင့်ဦးသာ တီးတိုးပြောတော့မှ စုန်းတောက်ထားသည့် စုန်းမီးများဖြစ်ကြကြောင်း သိရတော့သည်။





င်နှင့် ဆီးဖြူပင်များအောက်တွင် နီညိုရောင် ချေအုပ်စု၊ အသီးကြွေများအား အောက်စားနေကြခြင်းဖြစ်သည်။ ကိုက် (၁၀၀)ခန့် ဝေးသဖြင့် ကျွန်တော် ကျွန်းငုတ်ကြီးအကွယ်သို့ ကပ်လိုက်သလို မုဆိုးကိုနီနှင့်ကျွန်တော်ရဲဘော်မြင့်သိန်းလည်း သေနတ်ကိုယ်စီဖြင့် နေရာယူကြသည်။ ကျွန်တော်အချက်ပြသည်နှင့် အကောင်ရွေးချယ်ပြီး ပစ်ကြသည်။

"ဒိုင်း – ဒိုင်း – ဒိန်း"

(၃)ကောင်ပါသော ချေတစ်အုပ်ကိုရလိုက်သည်၊ မုဆိုး လာဘ်ဦးကောင်းခြင်းဖြစ်သည်၊

မုဆိုးကိုနီက "ဆရာတို့လက်မျိုးနဲ့ ညဘက်လယ်ကွင်းထဲ လင့်စီးရင်တော့ တောကောင်တွေ မနိုင်အောင် ရတော့မှာပဲ ဆရာရေ့၊ စပါးခင်းတွေက နှံညှာတည်ခါစ တောကောင်တွေ ဖျက်ဆီးတာများတော့ ဒီနှစ်စပါးတွေ အောင်မြင်မယ့်ကျွန်တော်တို့ဝမ်းစာတောင် ရပါ့လားမသိဘူး"

"မပူပါနဲ့ကိုနီရယ်၊ ခင်ဗျားတို့ရွာက ကျွန်တော်တို့စခန်းနဲ့ မဝေးပါဘူး၊ ကျွန်တော်တို့ မကြာခဏ လာလည်ပေးပါ့မယ်။ စခန်းဆောက်ပြီးရင် ရဲဘက်အင်အား (၅၀၀)စခန်းကြီးဆိုတော့ အသားရိက္ခာက အမြဲတမ်းလိုနေမှာ၊ ကျွန်တော့်သာယာဝတီသားရဲဘက်တွေကလည်း မုဆိုးကျော်တွေပါဗျာ၊ အကွက်အကွင်းကြည့်ပြီး သူတို့ နင်းကိုင်းတွေ ထောင်ပါလိမ့်မယ်။ တစ်ပတ်တစ်ခါလောက် အုပ်လိုက်မိရင် တောကောင်တွေ ခင်ဗျားတို့စပါးခင်းကို ဝင်ရဲတော့မှာမဟုတ်ပါဘူး၊ အဆင်ပြေသွားမှာပါ"

"ဟုတ်ကဲ့ – ကျေးဇူးပါ – ဆရာ"

"ကဲ – အောင်သန်းနဲ့ တင်သောင်း၊ ချေနှစ်ကောင်ထမ်းပြီး စခန်းပြန်ပို့လိုက်၊ ကျန်တစ်ကောင်ကတော့ ကိုနီ့အတွက် မင်းတို့တောကောင်တွေ ပို့ပြီးတာနဲ့ မြေနီကွင်းရွာကို အမြန်လိုက်ခဲ့ကြ၊ အဲ၊ တောတွင်းလုံခြုံရေးအတွက် မြင့်သိန်းလည်း လိုက်သွားလိုက်"

"ဟုတ်ကဲ့ပါ – ဆရာ"

တပည့်တွေ ပြန်သွားတော့ မုဆိုးကိုနီက သူ့ရှယ်ယာ ချေတစ်ကောင်ကို ကောက်ထမ်းပြီး ကျွန်တော်တို့ မြေနီကွင်းရွာ ကိုနီတဲသို့ လျှောက်လှမ်းခဲ့ကြပါသည်၊ တောစပ်ကထွက်သည်နှင့်စိမ်းလန်းကျယ်ပြောလှသောလယ်ကွင်းကြီးများကို မြင်ရသည်၊ ဖုံးတုန်း လုံးတုန်းသို့သော် လယ်ကွင်းအစပ်များတွင် စပါးပင်များ ပျက်စီးနေသည်က အတော်များ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ မုဆိုး ကိုနီ ပြောခဲ့သလို တောကောင်များရန်ကိုမတားဆီး၊မကာကွယ်နိုင်ပါက ဝမ်းစာစပါးပင် အနိုင်နိုင်၊ ရိုးမတောနှင့် ဆက်စပ်နေသောဒေသဖြစ်၍ တောကောင်များ အကြိုက်တွေ့နေကြတန်တူပါသည်၊

မုဆိုး ကိုနီတဲကလည်း တောစပ်၌ဝင်ရှိပါသည်၊ ဝါးတဲကြီးဖြစ်သော်လည်း အတော် ကျယ်ဝန်းသည်၊ အနီး၌လည်း ချောင်းရှိသေးသည်၊ အမိုးသာရှိပြီးအကာမရှိမြို့အားသူခတ်များဖြင့် စည်းရိုးခတ်ထားသည်၊ အတွင်း၌နွားလေးငါးကောင်ရှိသည်၊

"ကိုနီ - ခင်များနွားတဲက စိတ်ချရရဲ့လား၊ တောစပ်ဆိုတော့ ကျားဝင်ဆွဲမှာ မစိုးရိမ်ဘူးလား"

"သူရင်းငှားလင်မယား အစောင့်ရှိတယ် ဆရာ၊ ညဘက် တစ်ညလုံး မီးဖိုထားတော့ တောကောင် မလာရဲပါဘူး"

ကျွန်တော်တို့ သူ့တဲကြီးထဲ ဝင်တော့ သူ့သမီး(၂)ဦးက စောင့်ကြိုနေကြသည်၊ တောသူမလေးများဖြစ်ကြသော်လည်း ရုပ်ရည်ချောမော ပြေပြစ်ကြသည်၊

"အဖေတို့ သေနတ်သံ ကြားတတည်းက တောကောင်ရတာ သိပါတယ်၊ အော် - ဧည့်သည်လည်း ပါလာတာကိုး၊ ထိုင်ပါရှင့်၊ ကျွန်မတို့ ရေနွေးကြမ်းနဲ့ အမြည်း လုပ်ပေးပါ့မယ်ရှင့်"

"အေးကွယ် - ကျေးဇူးပါပဲ"

ကျွန်တော် လွယ်လာခဲ့သော ရိုင်ဖယ်သေနတ်ကြီးကို ဝါးကြမ်းခင်းထောင့်တွင်ထောင်ထားလိုက်ပြီး အနားယူလိုက်သည်၊ မုဆိုး ကိုနီကတော့ သူ့သူရင်းငှားကိုခေါ်၍ချေကို ဖျက်ရန် စီစဉ်နေပါတော့သည်၊

မကြာပါ၊ ရေနွေးကြမ်းနှင့် အသားခြောက်ဖုတ် ရောက်လာသလို စခန်းပြန်သွားသည့် တပည့်များလည်း ရောက်လာကြပြီး ကိုနီ့ကို ကူညီကြသည်၊ သာယာဝတီသားရဲဘက်မုဆိုးနှစ်ဦးမှာ အတွေ့အကြုံရှိ၍ အတော်ကျွမ်းသည်၊ ချေချေးခါးကိုပင် ဖမ်းပေးသေးသည်၊ ကျွန်တော် သိသည်က မျောက်ချေးခါး၊ အသီးအရွက်သာစားသော ချေချေးခါးဟင်းကလည်း မျောက်ချေးခါးဟင်းလို ဆေးဖက်ဝင်ပါလိမ့်မည်၊

ညနေစောင်းတွင် ကျွန်တော်တို့ ညပိုင်းလင့်စီးပစ်ခတ်ရန်အတွက် တောကောင်များအဝင်အထွက်လမ်းကို သွားကြည့်ကြသည်၊ တစ်ဆက်တည်း မုဆိုး ကိုနီ လင့်ထိုးထားသော လယ်ကွင်းများ

...ယ်က လင့်စင်သစ်ပင်ဆီသို့ သွား...ကြသေးသည်၊ သရက်ပင်အိုကြီး...သည်၊ ခါးပြတ်ကျိုးနေပြီ၊ (၁၀)ပေ...အမြင့်တွင် အတက်များ ထွက်နေ...အကွယ်အကာတော့ရသည်၊ သို့...လေတင်၊ လေအောက် ပြဿနာ...ရှိသည်၊ သို့သော် လင့်ထိုးရန်...လည်းမရှိတော့၊လယ်ကွင်းကျယ်...အထဲ၌ အခြားလင့်ထိုးရန် သစ်ပင်...မရှိပါ၊ ထို့ကြောင့် ထိုနေရာကိုပင်...လိုက်ရတော့သည်၊ ကျွန်တော်တို့...လာကြတော့ ကိုစိုးသမီးနှစ်ယောက်...စာထမင်းပွဲကြီးကိုပြင်ဆင်နေကြ...၊ ချေဝမ်းတွင်းသားဟင်း၊ ချေသား...ချေရိုးစွပ်ပြုတ်နှင့် ချေချေးခါး...အတော်စုံပါသည်၊

လတ်ဆတ်သော တောကောင်...ဖြစ်သဖြင့်ထမင်းစား၍အလွန်...ကြသည်၊ ညစာစားပြီး နေဝင်သည်...ကျွန်တော်တို့ လင့်စင်ပေါ်သို့ တက်...သည်၊ သီတင်းကျွတ်ရာသီဖြစ်၍...ညသန်းခေါင်ယံတွင်မြူတိမ်ကင်း...ဆန်းစလကွေးလေးကရေးရေး...နေသည်၊ ကြယ်စုံသောညလည်း...သည်၊ လမသာသော်လည်း တိမ်...၍ စပါးခင်းကြီးတစ်ခုလုံး မြင်သာထင်သာ ဖြစ်နေသည်၊ နေလုံးနီနီကြီး ဝင်သွားသည်နှင့် နွားရိုင်းသွင်းချိန်၊ တောကောင်များ အိပ်တန်းတက်ချိန်၊ တောကြက်တွန်သံနှင့်ပုစဉ်းရင်ကွဲမြည်သံများကတိတ်ဆိတ်လာသောပတ်ဝန်းကျင်ကို ပွဲတင်ရိုက်ဟည်းနေသည်၊ တောတွင်းအဝေးဆီမှ ချေဟောက်သံ၊ ဆတ်တစ်သံ၊ ဒေါင်းအော်သံ၊ မျောက်အော်သံများကိုလည်း ကြားရသည်၊

မကြာမီ တောကြီးက တစ်စတစ်စ တိတ်ဆိတ်ငြိမ်သက်လာပြီးအဝေးဆီမှ ဆင်အော်သံနှင့် ကျားဟိန်းသံများကို သဲ့သဲ့ကြားရသည်၊ ည(၉)နာရီခန့်လည်း ရှိပါပြီ၊ ကျွန်တော်တို့ကို နှိပ်စက်သည်က တောခြင်ရိုင်းကြီးများ ဖြစ်ကြသည်၊ အသံထွက်မည်စိုး၍ မရိုက်ရဲ၊ လက်ဖြင့် ပွတ်သပ်ချနေရသည်၊ တောကောင်များကလည်းမဝင်သေးပါ၊အရိပ်အကဲကြည့်နေကြဟန်တူပါသည်၊ ည(၁၀)နာရီခန့်တွင် ထူးခြားသည်တအရှေ့ဘက်ရွာတန်းရှည်ထဲမှမီးလုံးကြီးများ တစ်လုံးပြီးတစ်လုံး တက်လာပြီး ကောင်းကင်ယံ၌အတက်အဆင်းပြုနေကြသည်၊ တစ်ခါတစ်ရံ နှစ်လုံးပူးသွားပြီး တစ်လုံးက မှေးမှိန်၍ပြုတ်ကျသွားသည်၊ ကြည့်၍ အလွန်တောင်းသည်၊

www.burmeseclassic.com



ခြင်ကိုက်သည်ကိုပင် သတိမရတော့။ အတွေ့အကြုံရှိသော သာယာဝတီသား ရဲဘက်မုဆိုးနှစ်ဦးက တီးတိုးပြောတော့မှ စုန်းတောက်ထားသည့် စုန်းမီးများ ဖြစ်ကြကြောင်း သိရတော့သည်၊ ညဉ့်သန်းခေါင် (၁၂)နာရီခန့်မှ မီးလုံးကြီး တစ်လုံးတည်း ကျန်ခဲ့ပြီး ကောင်းကင်ယံ၌ တရွှီးရွှီးအသံပေး၍ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

✡✡✡

တိုက်ဆိုင်သည်လားတော့ မဆိုနိုင်။ ထိုမီးလုံးကြီးများ ပျောက်ကွယ်သွားမှ တောစပ်တ ဝက်အစ်သံများနှင့် ရေသောက်သံ၊ ဆတ်တစ်သံများကို ကြားရသည်။ ထို့ကြောင့် ကျွန်တော်တို့ သေနတ်ဆောင်ထိုးပြီး အသင့်ပြင်ထားရသည်။

ကြောင်းဆတ်(၃)ကောင်တစ်အုပ် ဝင်လာသည်။ ကျွန်တော်တို့ လင့်စင်ဖြင့် အတော်လှမ်းသည်။ နောက်တစ်အုပ်က ရေ(၅)ကောင်အုပ်၊ နောက်တ လိုက်လာသည်က အစွယ်ဖြူးဖြူးဖြင့် ဝက်တောင်ကြီးဦးဆောင်သည်။ တောဝက်အုပ်ကြီး အကောင် (၂၀)ကျော်ခန့် ရှိမည်၊ ကျွန်တော်အချက်ပြလိုက်တော့ သေနတ်သမားများအားလုံး ဝိုင်းပစ်ကြသည်။ ကျွန်တော် ပစ်သည်က ခေါင်းဆောင်ဝက်တောင်ကြီး။ မုဆိုး ကိုနီနှင့် ရဲဘော်မြင့်သိန်းတို့ ပစ်သည်က ဝက်အုပ်ကြီး။

သေနတ်သံများကြောင့် ပြန်ပြေးလာသော ဆတ်ဖားကြီးတစ်ကောင်ကိုလည်း ကျွန်တော် ပစ်လိုက်နိုင်သည်။ ရေအုပ်ကတော့ ခြေဦးတည့်ရာပြေး၍ မပစ်လိုက်ရ၊ ရဲဘော်မြင့်သိန်းကလည်း ဝက်မတစ်ကောင်ကို ထပ်ပစ်သည်။ တူမီးသမား ကိုနီကတော့ ယမ်းထောင်းနေရသည်၊ ထပ်မံပစ်ခတ်ခွင့် မရတော့ပါ။ မောင်းပြန်ရိုင်ဖယ်သာဆိုလျှင်တော့ ကျွန်တော်တို့ တောဝက်အုပ် တစ်အုပ်လုံး နည်းနည်းရပေလိမ့်မည်၊ ပေါ်စီးတပစ်ရ၍ အန္တရာယ်ကင်းပြီး တစ်ပန်းသာသည်၊ ယခုတော့ တောကောင်လေးငါးကောင်နှင့် ကျေနပ်လိုက်ရတော့သည်။

သေနတ်သံများကြောင့် နောက်ထပ် တောကောင်လည်းဝင်လာရဲတော့မည် မဟုတ်ပါ၊ တောကောင်သေများအား ကိုနီတို့တဲသို့ အခေါက်ခေါက် အခါခါ သယ်ပြီး ရွှေ့ရသည်၊ ထိုညက မအိပ်ကြရတော့၊ မစားရတာ ကြာသော တောဝက်ကလီစာဟင်းကို မုဆိုးချက် ချက်၍



ညလယ်စာ စားကြသည်၊ လက်ဆော့်၍ အလွန်စားကောင်းကြသည်။

မုဆိုး ကိုနီက - "ဆရာ - တောကောင်တွေ အများကြီးရတော့ ကုန်အောင်စားနိုင်မှာမဟုတ်ဘူး။ ကျွန်တော် အသားတွေ ဖျက်ပြီး ရွာလှည့်ရောင်းလိုက်မယ်၊ ကျွန်တော်တို့က လယ်တဲအိမ်မှာနေတာ။ ကျွန်တော်တို့မြေနီကွင်းရွာက ဟိုးအရှေ့ဘက်မှာ သရက်တော၊ ကိုရု လက်ပန်ကုန်း၊ ဖန်ခါးကုန်း၊ ပေါက်တောကုန်းရွာတွေနဲ့ ဆက်နေတာ၊ ဆရာတပည့်တွေလည်း ခေါ်သွားမယ်။ ဆတ်သားနဲ့ တောဝက်သားက ရေးကောင်းရတယ် ဆရာ၊ လယ်သမားတွေကတော့ ဆရာတို့ကိုကျေးဇူးတင်နေမှာ၊ တောဝက်တွေကို နှိမ်နင်းပေးလို့လေ"

"ဒါနဲ့ ကိုနီ - ညက စုန်းမီးတောက်တာ၊ အဲဒီရွာတွေဘက်က မဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့ မြေနီကွင်းရွာကြီးကတော့ တစ်ရွာလုံး ဆွေမျိုးတွေချည်းမို့ အကြောင်းသိတွေ၊ အခြားရွာတွေက ဖြစ်လိမ့်မယ်ထင်တယ်"

"ဒီခေတ်ကြီးမှာဗျာ၊ ဒါမျိုးတွေက ရှိသေးသလား"

"မယုံမရှိနဲ့ဆရာရေ၊ အမှန်တကယ် ရှိသေးတယ်၊ ကျွန်တော်တစ်ယောက်တည်းဆိုရင် လင့်မစီးရဲဘူး၊ နင်းကိုင်းထောင်ရတာတစ်ပတ်တစ်ကြိမ်လောက်တော့ လင့်ထိုင်ပေးပါ ဆရာရယ်၊ အားကိုးပါတယ်။ စပါးခင်းတွေက မှည့်တော့မှာ"

"အေးပါဗျာ - ကြိုးစားပါ့မယ်၊ ကျွန်တော်တို့ စခန်းသစ် ဆောက်ရမယ့် တာဝန်ကြီးကလည်း ရှိသေးသဗျ"

"ကျွန်တော်လည်း ကူညီပါ့မယ် ဆရာ၊ ကျွန်တော့်မှာ လှေပေါက်ဆိန်၊ ကြိုးတွေ အစုံရှိပါတယ်"

ထိုနေ့ကတော့ တောကောင်များအားဖျက်၍ရောင်းရာငွေသောင်းဂဏန်း ကျပ်ကျော်ကျော်ရသည်၊ ၁၉၇၈ - ခုနှစ်ခန့်က သောင်းဂဏန်းဆိုသည်မှာ အလွန်များသောငွေ ဖြစ်သည်၊ ကျွန်တော်တပည့်များအားလည်း အချိုးကျ ဝေခွဲပေးလိုက်ပါတော့သတည်း၊

⇨ ထောင်မှူးကြီး ခင်နိုးဝင်း

www.burmeseclassic.com

www.burmeseclassic.com





**မျဥ်းမချောင်း** ဆင်ပိုင်းက ဆင်သမားနှစ်ယောက် ဖြစ်ကြသော ဦးညိုကြီး၊ အောင်လှထွန်းတို့နှင့် အဆန်းမောင်၊ စောတယ်ရီတို့သည် ရေဆင်ရှိနေသည်ဟု ဆင်သမားများ ပြောဆိုနေကြသော ကညင်ချောင်း ဘက်သို့ရေဆင်ရှာရန် ထွက်လာကြ၏။

ကညင်ချောင်းမှာ နွေလဖြစ်သဖြင့် တစ်ချောင်းလုံး၊ တစ်လျှောက်လုံး ရေစီး ခိုတော့ဘဲ ရေစီးရှိသောအပိုင်းရှိသလို၊ ပုံ့ရေမစီးသောရေအိုင်ကြီးများလည်း ရှိသည်။

သူတို့လေးယောက်သည် ကညင် ချောင်းတစ်လျှောက်ကို ရေစီးပိုင်း၊ ရေ ဆိုင်းပါမကျန် ရေဆင်ကိုလိုက်ရှာကြ သည်၊ ကြည်လင်နေသော ရေအိုင်များထဲ နစ်စိုက် လိုက်ကြည့်ကြသလို ရေစီး ပိုင်းရှိ သဲနုံ၊ သောင်ပြင်များပေါ် ရေဆင် များသည်ညညတက်ဆော့မြူးတတ်ကြ သည်ဆိုသဖြင့် သဲနုံသောင်ပြင်များပေါ် ၌လည်း ရေဆင်ခြေရာများကို လိုက်ရှာ နေကြသည်၊

“ဝန်ထောက်မင်း - ဒီသောင်ပြင်က ခြေရာတွေဟာ ရေဆင်ခြေရာများ ဖြစ် နေမလား ကြည့်ကြပါဦး”

ကညင်ချောင်းနှင့်ရေပြာချောင်းဆုံ ရာ သဲသောင်တစ်နေရာပေါ်က ခြေရာ တွေကို လက်ညှိုးထိုးပြ၍ ဆင်သမား ဦးညိုကြီးက ပြော၏၊

ဦးညိုပြသော သဲသောင်ပေါ်က ခြေ ရာများကို မန်နေဂျာနှစ်ယောက်နှင့် ဆင် ဦးစီး အောင်လှထွန်းတို့က ငုံ့ကြည့်ကြရ သည်၊

သဲသောင်ပြင်ပေါ်က ခြေရာတွေကို ရေဆင်ခြေရာဖြစ်သည်ဟူ၍တော့ မည်သူ မျှ သေသေချာချာ မပြောနိုင်၊ လက်သန်းလုံး

**ရေဆင်ကို ပစ်ခတ်ဖမ်းဆီးရန်**

**ကြံစည်ခဲ့ကြသော်လည်း ညမှောင်မှောင်**

**အမှန်တကယ် ပစ်ခတ်လိုက်ကြသည်က ..**

www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိ အဝိုင်းလိုလို ခြေရာတစ်ခုနစ်ခုကို တော့ သောင်စုံသဲတောထဲတွင် နေရာ အနှံ့အပြား၌ တွေ့ကြရ၏။

"အေးဗျာ - ဒီခြေရာတွေကရေဆင် ခြေရာ အမှန်သာဖြစ်ခဲ့ရင် ရေဆင်တွေ ဟာ ဒီရေအိုင်ထဲက ညညတက်ပြီး မြူး ထူးပျော်ပါးကြတာဖြစ်ရမယ်။ ရေအိုင်က ရေဆင်ရှိနိုင်တဲ့ရေအိုင်မျိုးဟုတ်၊ မဟုတ် ခင်ဗျား ငယ်ငယ်တုန်းက ခင်ဗျားအဖေနဲ့ ရေဆင်တွေ့ဖူးတဲ့ အိုင်မျိုးနဲ့ တူ၊ မတူ ကြည့်စမ်းပါဦးဗျ"

ဖေသန်းမောင်၏ စကားမဆုံးခင် မှာဝင် ရေဆင်ခြေရာဟု ထင်ထားကြ သော သဲနုံသောင်ပြင်နှင့် ဆက်စပ်နေ သော ရေအိုင်ကို ဝိုင်းကြည့်ကြသည်။ ရေအိုင်၏ ဘေးပတ်လည်မှာ သဲနုံနှင့် ကျောက်တုံးကျောက်ဆောင်များ ရှိ သည်။ အောက်ဘက်ကိုရေစီးတော့မရှိ။ တောင်စဉ်စမ်းရိုးတို့၏ သဘာဝအတိုင်း အပေါ်စမ်းကတော့ ရေစီးကျနေသည်။ အိုင်၏ရေအနက်မှာလူကြီးတစ်ရပ်ကျော် ကျော်လောက်သာရှိမည်။ တစ်ဖက်ကမ်း ပါးမှာမတ်စောက်၍ တစ်ဖက်ကမ်းပါးမှာ သောင်စုံသဲတန်းတွေ ထွန်းနေသည်။

သူတို့လေးယောက်သည် ရေအိုင် ထဲကိုစူးစူးစိုက်စိုက် ငေးကြည့်နေကြ၏။ ရေမှာ ကြည်လင်နေသဖြင့် အောက်ဆုံး ရှိကျောက်ခဲ၊ ကျောက်တုံးများကိုပင်မြင်

ဒီရေအိုင်ထဲမှာ ရေဆင်ရှိနေတာတော့ သေချာပြီထင်တယ်။ အဆိပ်ပြင်းတဲ့ ရေဆင်ရှိနေရင် တခြားငါးပုစွန်တွေ ဒီအိုင်ထဲ ရှိကြမှာမဟုတ်ဘူး။ ရေမှော်ပင်တွေ လှုပ်ရှားနေတာဟာ အိုင်ထဲ သတ်ရှိ သတ္တဝါတစ်ကောင်ကောင် ရှိနေလို့ပဲ ဒီတော့ ညကျရင် ဒီအိုင်ထဲ ရေဆင်ရှိနေရင် သဲနုံပေါ် တက်လာကြမှာပဲ။ အဲဒီအခါ မှ ဝမ်းဝမ်းလို့ရမယ်။





ရ၏။ ရေအိုင်အထက်ဘက်မှ ရေစီး နေသဖြင့် ရေမှော်ပင်လေးများ ယိမ်း နေကြသည်ကိုလည်း မြင်နေရ၏။

ရေအောက်ရှိကျောက်တုံးကျောက် ဆောင်များဘေးမှရေမှော်ပင်များထူးထူး ခြားခြား တစ်ချက်တလေ ရေလှိုင်းနှင့် လှုပ်ခတ်ယိမ်းယိုင်သွားသည်ကိုမြင်ကြ ရာအခါ လူလေး ယောက်မှာ တစ် ယောက်ကိုတစ်ယောက်ပါးစပ်ပေါ်လက် တန့်လန့်ဖြတ်တင်၍တိတ်တိတ်နေ ကြရန် တစ်ယောက်နှင့်တစ်ယောက် အချက်ပြမိကြပြန်၏။

သူတို့လေးယောက်သည် ရေထဲမှ ထူးခြားခြား ရုတ်တရက် လှုပ်ခတ် သွားသော ရေမှော်ပင်များကို အသက် အောင့်၍ ချက်တောင်မခတ် စိုက်ကြည့် နေ၏။ သို့သော် လှုပ်ခတ်ယိမ်းယိုင်သွား သောရေမှော်ပင်များပြန်လည်တည်ငြိမ် သွားကြသည့်တိုင် ရေထဲ၌မည်သို့မျှ ထူး ခြားသောရေသတ္တဝါတစ်ကောင်ကောင် ကို တွေ့ရသဖြင့် တစ်ယောက်နှင့်တစ် ယောက်မှာ "ဘယ့်နှယ်လဲ" ဟူသော အကြည့်နှင့်ကြည့်မိလိုက်ကြပြန်သည်။

ရေမှော်ပင်များမှာ တစ်ထွာ တစ် မိုက်ခန့်ရှိပြီး တောင်ဆုပ်၊ တံတောင်ထိ ရှည်မြင့်နေကြသဖြင့် ထိုရေမှော်ပင်များ အောက်၌ပင် ရေဆင်များရှိနေမည်လား ဟူသော မျှော်လင့်ချက်နှင့်ဆက်၍စောင့် ကြည့်နေကြသည်။ သူတို့ ထိုသို့ စောင့် ကြည့်နေကြစဉ် ရေမှော်ပင် လေးငါးပင် ၏ထိပ်ဖျားများသည်ပထမနည်းတူယိမ်း ယိမ်းယိုင်ယိုင် လှုပ်ရှားလာပြန်သည်။ လူ လေးယောက်မှာအသက်ကိုပင်ပြင်းပြင်း မရှူရဲကြပဲ သတိကြီးစွာနှင့် ရေထဲကို ငုံ့ကြည့်နေကြ၏။

သို့သော် တံတောင်၊ တစ်ဆုပ် ရေ မှော်ပင်များအောက်တွင် နောက်ထပ် တစ်ထွာ၊ တစ်မိုက် အပင်များကလည်း တောထနေလေရာ ရေမှော်ပင်တော အောက်တွင် ရေဆင်ရှိနေသည်၊ သို့ မဟုတ် ရေမှော်ပင်များကို စားနေသည် ဟုတော့ ကံသေကံမ မပြောနိုင်ကြ၊ သူ တို့၏တွေးထင်ချက်မှာ ရေထဲရှိရေမှော် ပင်များလှုပ်ရှားနေသည်မှာရေဆင်တစ် ကောင်ကောင် စားနေ၍သာဟု ထင် လိုက်ကြသည်။

"ဒီရေအိုင်ထဲမှာ ရေဆင်ရှိနေတာ တော့ သေချာပြီထင်တယ်။ အဆိပ်ပြင်း တဲ့ ရေဆင်ရှိနေရင် တခြားငါးပုစွန်တွေ ဒီအိုင်ထဲရှိကြမှာမဟုတ်ဘူး။ ရေမှော်ပင် တွေလှုပ်ရှားနေတာဟာအိုင်ထဲသတ်ရှိ သတ္တဝါတစ်ကောင်ကောင် ရှိနေလို့ပဲ

www.burmeseclassic.com



ဒီတော့ ညကျရင် ဒီအိုင်ထဲ ရေဆင်ရှိနေရင် သဲခုံပေါ်တက်လာကြမှာပဲ။ အဲဒီအခါမှပစ်ဖမ်းလို့ရမယ်။ ခု - ရေထဲက ရေဆင်ကို မြင်ကြရတယ်ပဲထားဦး၊ ပွိုင့်တူးတူးလောက်နဲ့ ထိုးပစ်လို့လဲ ဘာမှအရာထင်မှာမဟုတ်ဘူး။ ရေဆင်တွေဟာ လန့်ဖျပ်ပြီး ဒီရေအိုင်က နောက်တစ်အိုင်ဆီ စမ်းပေါက်ရှေ့နေရာပြောင်းသွားရင် အရှာရခက်တုန်လိမ့်မယ်။ အဲဒါကြောင့် ခု ကျုပ်တို့အားလုံးပြန်ကြမယ်၊ ညကျမှ စုပြီး တစ်ခါလာကြည့်ကြတာပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ်"

"ဝန်ထောက်မင်းပြောတာ မှန်ပါတယ်"

ဖေသန်းမောင်၏စကားကိုအားလုံးက သဘောတူကြသဖြင့် ထိုရေအိုင်နားက ထိတ်ထိတ်တလေး ပြန်လာကြ၏၊ ညနေ စုရင်တို့ ဖေသန်းမောင်၏ ရုံးခန်းတွ ချိန်းလိုက်ကြသည်၊

ဖေသန်းမောင်နှင့် စောတယ်ရီတို့မှာ ပွိုင့်တူးတူးတစ်ယောက်တစ်လက် အပြင် တောလိုက်မီးခွက်တစ်လုံးကိုလည်း တောလိုက်နေကျ တောခေါင်းဦးစံပန်ဆီက ငှားလာကြ၏၊ လက်နှိပ်ဓာတ်မီးသုံးခဲထိုး၊ ငါးခဲထိုးနှင့် သူတို့ကအားမရကြ၊ ဦးညိုကြီးနှင့်အောင်လှထွန်းတို့ကမူ လိုရမည်ရ ရေထဲက ရေဆင်ကိုအုပ်ဖမ်းရန် ကွန်တစ်ဖုံကိုပါ ရှာယူလာကြသည်၊

သည်လိုနှင့် သူတို့လေးယောက် ရေဆင်အိုင်သို့ ရောက်လာကြသည့်အချိန်မှာ တောရိပ်တောင်ရိပ်တို့ကြောင့် ရေဆင်အိုင်ပတ်ဝန်းကျင်မှာ မှောင်နေလေပြီ၊ သို့သော် နေဝင်အိပ်တန်းတက် တောငှက်များ မြည်တွန်သံနှင့် တောကြက်တို့၏တွန်သံကိုတော့ ဟိုမှသည်မှ ကြားနေရတုန်းပင်၊

"ရေဆင်က အနံ့ခံလဲ သိပ်ကောင်းတယ် ပြောကြပါတယ် ဝန်ထောက်မင်း။ လေညာဘက်က စောင့်လို့ရမှာမဟုတ်ဘူး။ လေအောက်ဘက်က စောင့်ကြည့်ကြရပါ့မယ်"

ဆင်ဦးစီး အောင်လှထွန်းက သတိပေးသဖြင့် ရေဆင်အိုင်၏ လေအောက်ဘက်မှ သဲခုံပေါ်ရေဆင်တက်အလာကို စောင့်ကြည့်နေကြသည်၊ ရေဆင် သဲခုံပေါ်တက်လာလျှင် မြင်သာရုံအလင်းနှင့် တောလိုက်မီးခွက်ကိုလည်း ဘေးချထားကြ၏၊ သူတို့လေးယောက်သည် တစ်ယောက်ကိုတစ်ယောက် စကားလုံးဝ မပြောကြပဲ ရေအိုင်ထဲက ရေဆင်တက်အလာကိုသာ စူးစူးစိုက်စိုက် သတိနှင့် စောင့်ကြည့်နေကြ၏၊

စောင့်မျှော်နေကြရသော သူတို့အတွက် အချိန်က ရှည်ကြာလှသည်၊ ဆောင်းနားဖြစ်သဖြင့်ညရောက်လာသော အခါ သဲဖြုတ်နှင့် မှက်ခြင်တို့ကလည်း အဆုပ်လိုက် အဆုပ်လိုက် သဲနှင့် ပက်သလိုတိုက်ခဲလာကြ၏၊ သို့သော် သူတို့ အနေဖြင့်လက်ကိုယ်ပေါ်လာကိုက်ကြသော ခြင်ဖြုတ်များကိုပင် ဖျန်းခနဲ ဖျတ်ခနဲ ရိုက်ရဲဘဲ အသာအယာ ပွတ်ချနေကြရ သည်၊

လဆုတ်ရက်လမိုက်ရက်ဖြစ်သဖြင့် တောလိုက်မီးခွက်၏ဘက်ထရီအလင်းသာ မြည်းမြည်းစူးရှလာသည်၊ အလင်းရောင်များနေလျှင် အိုင်ထဲက ရေဆင် သက်လာဝံ့မှာစိုး၍အလင်းကိုလရောင် လောက်သာဖေသန်းမောင်ကလျှော့ချထား သည်၊ ထို့ကြောင့်လည်း တောလိုက်မီးခွက်ကိုသာ မမြင်ရလျှင် သဲပြင်သောင်ခုံ ပေါ်လရောင်ဖြာကျနေသည်ဟုပင် ထင် ရဖွယ်ဖြစ်နေသည်၊

သည်လိုနှင့် ညရှစ်နာရီကျော်ခန့် အရောက်တွင်ရေအိုင်ထဲကရေဆင်တစ် ကောင် မဝံ့မရဲနှင့် ကုန်းကုန်း ကုန်းကုန်း နှင့်တွားတက်လာသည်ကိုမီးရောင်ဖျဖျ ထဲတွင် မသဲမကွဲ စတင်မြင်ကြရတော့ သည်၊ ရေဆင်သည် တစ်လှမ်းနှစ်လှမ်း ရှေ့ဘက်လာလိုက်၊ သဲသောင်ထဲပြန်ဝတ် နေလိုက်နှင့် သောင်ပြင်တွင် ပြေးဆော့ ကစားရန်တန်းတန်းမတ်မတ်တက်မလာ သေးဘဲ ရေစပ်နား၌သာ ရှိနေသေး၏၊ လူလေးယောက်မှာရေအိုင်ထဲကရေဆင် တက်လာနေသည်ကိုစမြင်ကတည်းက ပင်တစ်ယောက်နှင့်တစ်ယောက် လက် လှမ်းတို့သတိပေးကာ အသက်ပင် ပြင်း ပြင်းမရှူရဲကြတော့ဘဲ မထင်မရှား အလင်းရောင်မှိန်ဖျဖျထဲ က ရေဆင်တို့ မျက်တောင်မခတ် စိုက်ကြည့်နေ၏၊

သဲပြင်သောင်ကမ်းမှာ သင်ဖျာသုံး လေးချက်စာသာ ရှိသဖြင့် စိုက်ကြည့်နေ ကြ၏၊ မီးခွက်၏အလင်းတန်းကိုသောင် ပြင်ပေါ် တည့်တည့်မတ်မတ် ထိုးမထား သော်လည်း အလင်းရောင် မှိန်ဖျဖျက တော့ သောင်ပြင်တစ်ခုလုံးကို ဖြန့်ကျက် ထားသည်၊ ထို့ကြောင့်လည်း ရေအိုင် ဘက်ဆီမှ တွားတက်လာလိုက်၊ ငြိမ်သိ ချလိုက်နှင့် မဝံ့မရဲ တက်လာနေသော ရေဆင်အား နာမောင်း နားရွက်၊ ခြေ လက်၊ အမြီး ဟူ၍ အင်္ဂါစုံတို့ မမြင်ကြရ

www.burmeseclassic.com



သော်လည်း မည်းမည်းပြောင်ပြောင်နှင့် သဲခုံပေါ်တွားတက်လာနေသောရေဆင်၏ ကျောကုန်းကိုတော့ လေးယောက်စလုံး မြင်နေကြရလေပြီ။

အကယ်၍ တောလိုက်မီးခွက်ကို သောင်ပြင်ပေါ်သို့သာ တည့်တည့်မတ်မတ်ထိုးချလိုက်မည်ဆိုလျှင် ရေဆင်ကို အထီးအမ ခွဲခြားသိရှည်ဟု ထင်ရသည်။ သူ့ရှေ့သော့မီးရောင်တန်းရှုရှုရရှိ မြင်နေရသျှင် ရေအိုင်ထဲက နောက်ထပ် ရေဆင်များ တက်လာဖို့မှာစိုး၍ စောစောကပင် မီးရောင်ကို လွှဲထိုးထားရာအလင်းရောင်မှာ ဖျပ်ဖျပ်မှိန်မှိန်သာရှိနေသဖြင့် နှာမောင်း၊ နားရွက်၊ ခြေလက်၊ အမြီး ဆင်ထီးဆင်မကို ခွဲခြားမရဖြစ်နေကြသေးသည်။ ရေဆင်မှာ အထီးအမ စုံတွဲနေတတ်ကြသည်ဟု ဆင်အုပ်တစ်ယောက်၏စကားကိုသတိရကာ ရေအိုင်ထဲက နောက်ထပ် ရေဆင်တစ်ကောင် အထီးသော်လည်းကောင်း၊ အမသော်လည်းကောင်း သဲသောင်ပေါ်တက်လာနိုးကို မျှော်ကိုးမိကြသည်။

စောစောကပင် သဲခုံသောင်စပ်ရေအိုင်ဘက်ချိန်ရွယ်ထားသောစောတယ်ရီ၏ ပွိုင့်တူးတူးသေနတ်ပြောင်းက လက်သီးဆုပ်သာသာရှိသော ရေဆင်ကျောကုန်းမည်းမည်းဆီ မသိမသာ ရွေ့လျားလိုက်ချိန်နေသည်။ ရေဆင်ရောက်နေရာ ရေစပ်သဲခုံသောင်ပြင်နှင့် သူတို့ နေရာယူထားကြသော တောစပ်ကမ်းပါးအမြင့်မှာ လေးငါးလံခန့်သာ ဝေးသဖြင့် စောတယ်ရီ ပစ်လိုက်လျှင် ရေဆင်ကို ထိမှန်နိုင်သောအနေအထားရှိနေလေပြီ။

ထို့ကြောင့် ဖေသန်းမောင်သည် စောတယ်ရီနားကမန်းကတန်းကပ်လာပြီး -

"သူငယ်ချင်း - ခု - တို့မြင်နေရတဲ့ အကောင်ကို မပစ်နဲ့ဦး။ ဒီအကောင်တအထီးမှန်း၊ အမမှန်းလည်း မသိရသေးဘူး။ ဒီကောင်သောင်ပြင်ပေါ်လုံးလုံးလျားလျား တက်လာပါစေဦး။ မကြာမီနောက်တစ်ကောင်ကောင်တက်လာချင်လာဦးမှာ၊ တက်လာရင် သူတို့နှစ်ကောင် မှန်ယိုပြီး မြူးထူးပျော်ပါးနေချိန်ကျမှ မောင်ရင်က မောင်ရင်ဘက်က အကောင်ကို ပစ်။ ကျုပ်က ကျုပ်ဘက်က အကောင်ကို တစ်ပြိုင်တည်းပစ်ကြရမယ်၊ ခုပစ်လိုက်လို့ထိရင် တစ်ကောင်ပဲ ရမယ်။ နောက်အကောင်ကလဲ သေနတ်သံကြားရင် ရေထဲကတက်လာမှာမဟုတ်တော့ဘူး။ လန့်ဖျပ်ပြီး အိုင်တောင်ပြောင်းပြေးသွားနိုင်တယ်။ ခုအကောင်ကတော့မောင်ရင်မြင်တဲ့အတိုင်းပဲ၊ လူနံ့ရလို့လားမသိဘူး၊ သောင်ခုံပေါ်တက်လာတာတောင် ကုပ်ချောင်းကုပ်ချောင်းနဲ့ မဝံ့မရဲပုံပဲ၊ နောက်အပ်တစ်ကောင်ကောင်များတက်လာဦးမလား၊ စောင့်ကြည့်ကြရအောင်"

သူ့အား လေသံကြားရုံနှင့်လာပြောနေသော ဖေသန်းမောင်စကားကို စောတယ်ရီက သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ၏။

သည်လိုနှင့် သူတို့ကြည့်နေကြစဉ် အခင်ဖေသန်းမောင် ထင်ထားသလိုပင် နောက်ထပ်တစ်ကောင် မဟုတ်၊ ရေအိုင်ထဲက နှစ်ကောင်ပင်အပြိုင်တက်လာကြ၏။ ထိုအချိန်တွင် စောစောက သဲခုံပေါ်တက်နေသောအကောင်သည်ကျောက်တုံးတစ်ခုနား ပြေးကပ်သွားသည်။ ပုန်းညှိသဘောလား ထင်ရ၏။

နောက်ထပ် ရေအိုင်ထဲက တက်လာသော နှစ်ကောင်မှာပထမအကောင်ထက်ကြီးသည်။ ထိုအကောင်နှစ်ကောင်ကိုလည်း အစွယ်၊ နှာမောင်း၊ နားရွက်၊ ခြေလက်၊ အမြီး စသည်ဖြင့် သဲသဲကွဲကွဲ မမြင်ကြရ။ သူတို့မှာအပေါ်စီးကမ်းပါးပေါ်မှ ဖြစ်သဖြင့် ကျောကုန်းမည်းမည်းကိုသာ မြင်နေကြရသည်။



ဒုတိယရေအိုင်ထဲက တက်လာသော အကောင်နှစ်ကောင်သည် ပထမအကောင်ရှိရာဘက် တွားသွား၏။ ထိုအခါ ကျောက်တုံးတစ်တုံးနား ပြေးကပ်ပုန်းနေသော ပထမအကောင်က ပြေးထွက်လာသည်။ ထိုအခါနောက်မှတက်လာကြသော အကောင်နှစ်ကောင်က ပထမအကောင်ကိုဝိုင်းလိုက်ကြသည်။ ပထမအကောင်က သဲသောင်ပေါ်လှည့်ပတ်ပြေးနေသည်။

ဖေသန်းမောင်က စောတယ်ရီနားနားကပ်၍ပြော၏။

ရေဆင်သုံးကောင်မှာ သင်ဖြူးဖျာသုံးလေးချပ်ခန့်သာရှိသော သဲသောင်ပေါ်တွင် လိုက်တန်းပြေးတမ်း ကစားနေကြသလို မြူးနေကြသည်။

"သူငယ်ချင်း ပြောပါ၊ ရှေ့နောက်လား၊ ဘယ်ညာလား။ သူငယ်ချင်းကြိုက်တဲ့အကောင်ကိုပစ်"

"ရှေ့နောက်ဆိုရင် နောက်၊ ဘယ်ညာဆိုရင် ညာ၊ ဟုတ်ပြီနော်"

"ဟုတ်ပြီ"

စောတယ်ရီနှင့် ဖေသန်းမောင်တို့သည် ချက်ချင်းသေနတ်ပြောင်းကို ရေဆင်သုံးကောင်ဆီ ချိန်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဆင်သုံးကောင်မှာတော့ပြေးနေကြသည်ဟု ထင်ရသော်လည်း အလျင်အမြန်ကြီးမဟုတ်။ သဲပြင်ထဲဝပ်ချလိုက်၊ ထပြေးလိုက်၊ လိုက်လိုက်လုပ်နေကြ၏။

ထို့ကြောင့်ပစ်ကွင်းထဲတော့ဝင်နေပြီ။ ပစ်မှတ်ကိုသေသေချာချာ ရှာပစ်နိုင်အောင် သူတို့စောင့်နေကြသော ကမ်းပါးယံအောက် တစ်လံနှစ်လံထိရောက်လာအောင်စောင့်ကြည့်ချိန်ရွယ်နေကြသည်။ တောလိုက်မီးက ရေဆင်သုံးကောင်ဆီ တည့်တည့်မတ်မတ် ထိုးထားကြခြင်းမဟုတ်။ မီးရောင်မြင်လျှင်ရေထဲပြန်ဆင်းပြေးသွားကြမှာစိုးသဖြင့် တောလိုက်မီးခွက်အလင်းကို မြင်သာရုံလောက်သာ အလင်းပေးထားကြ၏။

ထိုအချိန်မှာပင် ရေဆင်သုံးကောင်သည်လိုက်တန်းပြေးတန်း ကစားနေကြရင်းက သူတို့နှင့် နှစ်လံကွာ အနီးထိ သူတို့အောက်တိုရောက်လာကြသည်။ ထို့ကြောင့်ဖေသန်းမောင်က "ပစ်" ဟုသောအသံနှင့်အတူ သေနတ်သံ နှစ်ချက်ကလည်း မြည်တုထွက်သွားသည်။

"ဒိုင်း ..."

"ဒိုင်း ..."

သေနတ်သံနှစ်ချက်နှင့်အတူ ရေဆင်သုံးကောင်စလုံးသည် သဲပြင်ပေါ်ဝပ်ကျသွားတော့သည်။

ကိုးလုံး၊ ခြောက်လုံး၊ သုံးလုံးကျည်စရစ်မပါပဲနှင့် နှစ်ယောက်နှစ်ချက် ပြိုင်တူ ပစ်လိုက်ကြ၍ ရေဆင်သုံးကောင်စလုံးသဲခုံပေါ်ဝပ်ကျသွားကြ၏။ ဖေသန်းမောင်သည် ဝမ်းသာအားရနှင့် တောလိုက်မီးခွက်ကို ကောက်ကိုင်ကာ သဲခုံပေါ် ခုန်ချလိုက်၏။ ဖေသန်းမောင်နည်းတူ စောတယ်ရီနှင့် ဦးညိုကြီး၊ အောင်ထွန်းလှတို့ကလည်း သဲခုံပေါ် ခုန်ချလာကြသည်။

"ဟာကွာ - တောက်"

ဖေသန်းမောင်သည် သူတို့ ပစ်ချလိုက်သော ရေဆင်သုံးကောင်ကိုတော လိုက်မီးခွက်အလင်းကြီးနှင့်ငုံ့ထိုးကြည် ကာ တောက်တစ်ချက် ခေါက်လိုက် သည်။ သူတို့ပစ်လိုက်ကြသော ရေဆင် သုံးကောင်မှာ ချက်ချင်း အိုးပုတ်နီးနီး သောနှစ်ချိုကျောက်ကဏန်းကြီးအချ ပြောင်းပြီး သဲခုံပေါ်ဝပ်နေကြသည်။ နှ ချိုကောက်ကဏန်းကြီးသုံးကောင် လန်ဖျပ်ပြီး နလုံးသွေးရပ်ကာ သေသွ



ကြတာလား၊ သို့မဟုတ် သေနတ်သံ ကြောင့်နားသန်ကွဲကာသေနေကြသည် ဆိုသည်ကိုတော့ဖေသန်းမောင်မှာ စိစစ်ကြည့်မနေတော့ဘဲ ခပ်တွေ နှင့် အိုးပုတ်နီးပါးရှိသော ကျောက် ကဏန်းကြီးသုံးကောင်ကို ခြေလက်စ ကိုင်မြှောက်ပြီး "ရေဆင်သုံးကောင်တော့ မိထားပြီဗျို့၊ ရေဆင်သုံးကောင်တော့ မိထားပြီ။ ရေဆင်သားစားချင်တဲ့လူတွေ မြန်မြန်သာ လိုက်ခဲ့ကြ" ဟု အော်ကာ ရှေ့က ပြေးသွားလေသည်။

➩ ဖိုးကျော့

**ဆေး မြီး တို**

**လေငန်းရောဂါ** - ရှားစောင်းလက်ပပ်၏ ငါးဆေဆင်တုံးမနွယ်စာမှုန့်ထည့်၍ပျားရည်နှင့် ကြိတ်၍စားပါ။

**လေဆေး** - နံရိုးကြားတွင်ထိုးသောလေမျိုးအတွက် ကင်မွန်းသီးမီးဖုတ်၊ စမုန်နက်၊ ဆင်သမနွယ်၊ ဆားဆတူရောစပ်၍တိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com





**ဓာတ်နေ့သည်** . . . ကျွန်ုပ်ဆရာကြီးလူရှိန်အောင်နှင့်တပည့်ကျော်ကြာဝင်းပြောင်တို့သည်အင်းစိန်စီအိုင်ဒီဆိုတရု့ စားလွယ်ခုတ်တွင်ရှိသောပြာပြာလက်ဖက်ရည်ဆိုင်တွင်ထိုင်ကာတတ်တတ်ရာရာ၊ ဘာဘာကွိကွ၊ သူကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်း ပြောဆိုကြလျက်ရှိချေ၏တမုံ၊

(မှတ်ချက်၊ ။ကာကာလက်ဖက်ရည်ဆိုင်မဟုတ်ရပါ၊ ပြာကလပ်စိန်နိုင်လှသောမိန်းမတစ်ယောက်ရောင်းသော ပြာပြာလက်ဖက်ရည်ဆိုင်ဖြစ်ချေ၏) သို့စဉ်ကြိုက်မှာပင် -

တစ်ဖက်ကားလမ်းမှ မွဲခြောက်ခြောက်နှင့်လူတစ်ယောက်သည်ကျွန်ုပ်ရှိရာသို့ဝေါက်တောက်ဝေါက်တောက် စင်းစင်းနှင့် လျှောက်လာချေ၏၊ ကြာဝင်းပြောင်က -

"အိုင်ဆေး - အာစရိ - ဟိုငတိက ကျွန်တော်တို့ဆီ လာနေတာဗျ"

ကျွန်ုပ်က အနီငတိကို ဘတ်ခနဲ ဖမ်းရှိုးကာ -

"ကျွန်ုပ်မှန်းရင် လွဲခဲပါတယ်ကွဲ့ ဖိုးကြာလေးရဲ့ အဲဒီငတိဟာ မြင်းလှည်းသမားဖြစ်ရမယ်၊ လောင်းမလားကွဲ့ နစ်လေးတစ်လေး"

ကျွန်ုပ်က တပည့်ကျော် ကြာဝင်းပြောင်အား ဖိုးကြာလေးဟု ချစ်စနိုးခေါ်တတ်လေ၏၊ သဟာကို သင်းက မြို့ပြင်တတ်လေ၏၊ စိတ်ကောက်တတ်လေ၏၊

မွဲခြောက်ခြောက်နှင့်ငတိသည် ကျွန်ုပ်ရှိရာသို့ တည့်တည့်လျှောက်လာကာ မျက်နှာသုန်ကြီးဖြင့် -

"သောက်လုပ်က ရှုပ်ပါတယ်ဆို၊ ဒင်းတို့က တစ်မောင့် - ရော့"

**ရွာထဲတွင် အမျိုးသမီးတစ်ယောက်**

**ပျောက်ဆုံးသွားရာ ရဲက မသင်္ကာသဖြင့်**

**ရွာသို့ လာရောက်ပြီး အမှုကို စစ်ဆေးကြသဖြင့်**

**နောက်ဆုံးတွင် ..**

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ စာအိတ်ကို ဘောက်ခနဲ ဝစ်ချကာ ဘောက်ဆတ် ဘောက်ဆတ် နှင့် ထွက်သွားလေ၏တကား။ ကျွန်ုပ် သည် စာအိတ်ကို ကောက်ကိုင်ကာ -

"ဖိုးကြာလေး ..."

"ပြော - ဘာတုံး"

"အာစရိရယ် - စောနက လူကိုတစ်ခါမမြင်ဘူးပဲနဲ့ ဘာ့ကြောင့်ကွက်တိဒက်ခနဲပြောနိုင်ရတာလဲလို့မေးကြည့်လက္ကာ။ ကျွန်ုပ် ဖြေရှင်းလွန်းလို့ပါကွဲ့ အပေး"

တပည့်လုပ်စားတဲ့ငတိက အလိုက်မသိတော့ ဆရာဖြစ်သူက ပေါ်တင်ကြီး ပြောယူရလေ၏။ ကြာဝင်းပြောင်သည် ကျွန်ုပ်အား စိတ်မချမ်းမြေ့စွာကြည့်ကာ -

"မှတ်ကြောပြတ်လိုက်တာဗျာ"

"မှတ်စရာလားကွဲ့"

"ဒီလို မြင်းလှည်းသမားဆိုတာ ချတ်မြောင်တွေတောင် သိတယ်။ ဒါကို အမှုထောင်ပြီး မေးစရာလားဗျ - ဟွန်း"

စွင်စတ်တောလေတော့၏။

"ဟေ - ချတ်မြောင်တွေတောင် သိတယ် - ဟတ်လား"

ရယ်သံများသောခနဲထွက်လာလေ၏။ ကျွန်ုပ်တို့ ဝိုင်းလှောင်ကြခြင်းပေတည်း။ ကျွန်ုပ်သည် ရှုတ်ရမ်းရမ်းကာ စာအိတ်ကို ဖောက်ဖတ်လိုက်၏။

"ဖိုးကြာလေးရေ"

"ပြောကြည့်"

"စီအိုင်ဒီကို ဒိုးကြပါစို့ကွယ်"

☆☆☆

စီအိုင်ဒီရုံးခန်းအတွင်းဝယ် ဖြစ်ရေ၏တမုံ။

"ဂါတ်အားဖတားနွန်း - မစ္စတာ ဖင်ကား(လ်)"

မန်ချက်စတာ မြို့ကြီးသားများထင် ငုတ်တုတ်မေ့သွားစေနိုင်လောက်သည် ကျွန်ုပ်၏ ပီသကြည်မြသော နှုတ်ဆက် စကားကြောင့်စုံထောက်မင်းကြီးမစ္စတာ စတီဖင်ကား(လ်)ခမျာ ဖြုံလက်၍ တုန် တက်သွားရှာလေတော့၏တကား။

မပဟာရရှာတဲ့ နတ်ကတော်ကြီး တွေအလား တောင့်တောင့်ကြီး ရပ်နေ ကြရှာသော စုံထောက်ကျော်တစ်သိုက် မှာ ပြုံးတုံ့တုံ့နဲ့။ စုံထောက်မင်းကြီး မစ္စ တာ စတီဖင်ကား(လ်)ကို မည်သူမျှ မစ္စ တာဖင်ကား(လ်)ဟုအာလုတ်မပြုခဲ့ကြ။ မင်းကြီး၊ သခင်ကြီး၊ အဲ့လိုပဲ ခေါ်ရတာ။

မစ္စတာ စတီဖင်ကား(လ်)သည် မျက်ဝန်းလုံ့ပြာပြာကြီးဖြင့် ကျွန်ုပ်အား ရွှန်းမြမြကြည့်ကာ -



"ဗိုသသော မေတ္တာတော်အနန္တ ကြောင့်ကျန်းမာပကာတိလန်းဖြာစွာရှိပါသယ် - ဆရာကြီး"

မစ္စတာစတီဖင်ကား(လ်)က အင်းလိတ်ကြီး၊ နို့ပေမဲ့ - နှုတ်ထွက်စကား အမြန်မာသံကြီး၊ တကယ့်ပီခံနေတာ၊ ကျွန်ုပ်သည် မသာအိမ်မှ ကောက်နိုက်လာသော "မီးခဲတောင်" တံဆိပ်ဆေးပေါ့လိပ်ကြီးကို ပါးစပ်ပေါက်တွင် ကောက်တပ်လိုက်၏။

ကြာဝင်းပြောင်သည်အလိုက်သိစွာ ဖြင့်ကြေးမီးခြစ်ကြီးကို ခြစ်လေ၏။ မီးကမွှင့်၊ ကြာဝင်းပြောင်သည် စုံထောက် မင်းကြီးအား -

အကြောတင်းပါပေ့၊ မေးရက်ပါပေ့၊ စုံထောက်မင်းကြီးသည် ကြောင်တက်သတ်ဖြင့် -

"ရှိ - အာ - ငိုးမပဲ၊ ကျွန်ုပ်ကဒရိုင်ဘာ မဟုတ်တာ၊ မောင်မင်းကြီးသား လူ အလေးတို့ရှိရင် ပေးလိုက်ကြပါလားဟ နီး"

လက်မောင်းကိုကိုကြီးသည်ကျွတ် ခြင်ဖြစ်တာမပူတူးတို့ထံမှအနိုင်ရချင့်လာသောဒန်မီးခြစ်ကို ထုတ်ပေးလေ၏၊ ဆီနှိုက်တယ်ထင်ပ။

"ဖြောက်"ဆိုတာနဲ့ ဝမ်းခြစ်ဝမ်းတောက်၊ ကြာဝင်းပြောင်သည်မီးခြစ်ကို ပြန်ခြင်းမစတ်တော့၊ အိတ်ထဲ ကောက်ထည့်ထားလိုက်လေ၏၊ လက်မောင်းကိုကိုကြီးမှာ မျက်စောင်းတထိုးထိုးနဲ့၊

ကျွန်ုပ်သည် ဆေးလိပ်ငွေ့များကို အကွင်းလိုက်၊ အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်ကာ ဟိုကားထဲမှ ဟိုမင်းသားကြီးစတိုင်ဖြင့် ပစ်ပုံးကို တစ်ချက်တွန့်လိုက်ပြီး -

"စာရေးပြီးခေါ်ရတဲ့ကိစ္စကို ပြောကြည့်ပါဦး"

စုံထောက်မင်းကြီး မစ္စတာစတီဖင်ကား(လ်)သည် ဆေးလိပ်ငွေ့များကို မှုတ်ထုတ်၊ ချောင်းတဟွတ်ဟွတ်ဆိုးကာ -

"ရန်ကုန်တစ်ဖက်ကမ်းက ရွာလေးတစ်ရွာမှာ ပျိုပျိုမေတစ်ယောက်နဲ့ အိုအိုမေမေတစ်ယောက် ပျောက်နေတယ်တဲ့ သူကြီးက အကြောင်းကြားတယ်၊ ဆရာကြီး - ဟွတ် - ဟွတ်"

ကျွန်ုပ်က မာတ်မပေါက်ဟန်ဖြင့် -

"ဘာလဲ ပျိုပျိုမေ - အိုအိုမေ"

ကျွန်ုပ်အား အံဖားသောအကြည် ကတ်နေသော လက်မောင်းကိုကိုကြီး က -

www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့အမေကိုပြောတာဗျ၊ ပိန်းပါ့ ထူပါ့ဗျာ"

ဗလာချီဝင်ခွပ်လေတော့၏။ ကျွန်ုပ်က ရင်မရနိုင်သည့်ဟန်ကြီးဖြင့် -

"ဒါလေးများ - မစွတာဖင်ကား(လ်) ရှေ့မှာ တောင့်တောင့်ကြီးရပ်နေတဲ့ စုံထောက်ကြီးတွေကို တာဝန်ပေးလိုက်ပေါ့"

စုံထောက်မင်းကြီးသည် သူ၏စားအိုးတွဲစုံထောက်ကျော်ကြီးများကို စိတ်လေစွာ ငေးရီရင်း -

"အဲဒီမှာရှိတဲ့ အပိုင်ပုလိပ်အဖွဲ့က နည်းမျိုးစုံနဲ့ စုံစမ်းကြတယ်၊ အဖြေက နိုးတဲ့"

စကားကို ခေတ္တဘရိတ်ဖမ်း၏။ ပြီးမှ -

"မောင်မင်းကြီးသားလူကလေးတို့ကို လွှတ်ပေးလိုက်ပြန်ရင်လည်း ရွာမှာရှိတဲ့ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေစ တက်တက်ပြောင်မှာ - တရားခံက မိမှာ မဟုတ်"

သို့ကလို ချီးကျူးမြှောက်စားမှုကြောင့် စုံထောက်ကျော်တစ်သိုက်မှာ မနေတတ်၊ မစားတတ် ဖြစ်နေရရှာလေ၏။

"မောင်မင်းကြီးသားလူကလေးတို့ရဲ့အိုင်ကျူက အရမ်းပိန်းတာလေ၊ ဆရာကြီးရဲ့အိုင်ကျူနဲ့ဆို လက်လက်ကို ထသွားမှာ - သိလား"

တမင်သက်သက် ကျပ်ပေးတာလား၊ အရောက်ပို့တာလား၊ ဒါမှမဟုတ် ကျွန်ုပ်ရဲ့မျက်နှာချွက်ကိုအင်းစိန်စီအိုင်ဒီ



သူကြီးအိုကြီး၏အမိန့်ကြောင့် ရွာထဲက ရွာထဲရှုး အရှုပ်သည်များ၊ အားကောင်းမောင်းသန် ကျွတ်ကျွက်ညည်းများသည်၊ လူဆိုးလူကြီး ဦးအေဝယကျွန်၏ အိမ်အား ဝိုင်းထားကြလေ၏တကား။



...ဘာ တစ်ရက်မတွေ့ရလျှင် တစ်ရက် ...အသက်ပိုရှည်မည်ဟု မှတ်တင်ထား ...ည်လားမပြောတတ်ချေ။

တဲ - အဲ့မှာပဲကျွန်ုပ်နှင့်သခွပ်ပင်က ...တူညည်ကျူညည်ပေါ့။

✡✡✡

သခွပ်ပင်ရွာကလေးသည် လှိုင်မြစ် ...ကမ်းနံဘေးတွင် ကပိုကရိုလေးတည် ...နေညိုတိမ်တောက်သည့်အချိန် ...ကျွန်ုပ်တို့ ရောက်ခဲ့ကြလေ၏။

ရေနံရေးဝနေသောနစ်ဆောင်ပြိုင် ...ကြီးရှေ့သို့ရောက်သည်နှင့်ကြာဝင်း ...ပြောင်က -

"မဟုတ်မှလွဲရော - ဒါ သူကြီးအိမ် ...နေမယ် - အာစရိအဲ့မှပဲ -"

"ဝုတ် - ဝုတ် - ဝုတ်"

"ဝေါင်း - ဝေါင်း"

ခွေးများသည်ကကြိုးကကြောင်နှင့် ...ဟောင်လေ၏၊ ခေါင်းတုံးကေနှင့်လူ ...ယောက် ပြေးထွက်လာကာ -

"တော်သလင်းလမှာအဖေမပေါ်ပဲ ...တဲ့ ကောင်တွေ လူစိမ်းမြင်ရင် ...ဟောင်ရဘူးလို့ပြောထားတာလေ၊ လူ ...လည်ကြဘူးလားကွ - ဟေ"

ကြွင်နာတတ်ပါဘီတောင်း။ စုံထောက်ကျော်ကြီးတွေ ခွေးကိုက်ခံရလျှင် လူကြားလို့ ကောင်းမှာမဟုတ်၊ ခေါင်းတုံးကေနှင့်ငတီကိုကျေးဇူးတင်မိချေ၏၊ အဲ့မှာပဲ -

"ပေါင်ပြတ်အောင်ကိုက်"

တဲ့၊ မှတ်ကရော၊

"ဝေါင်း - ဝေါင်း"

ကိုက်မိန့်ရသည်နှင့်ခွေးများသည် -

"ဝုတ် - ဝုတ် - ဝုတ်"

ကျွန်ုပ်တို့ထံသို့ဝမ်းသာအားရပြေးလာကြလေ၏။ ဒါပေသိပေါ့၊

"ကိန် - ကိန်"

"ဂိန် - ဂိန်"

စကေးမကိုက်ရှာသော ခွေးတစ်သိုက်မှာ ငယ်သံပါအောင် အော်၍ပြေးလေ၏။ ကြာဝင်းပြောင်က ငနီ (အုတ်ခဲ) စာကျွေးလိုက်တာကိုး။ ခေါင်းတုံးကေနှင့်ငတီက -

"ဟေ့လူ - ဒါဘာလုပ်"

"နင့်ခေါင်းကိုပါ ခွဲမယ်"

ကြာဝင်းပြောင်ကငနီနှင့်ချိန်သဖြင့် ခေါင်းတုံးကေနှင့်ငတီသည် ... ကြီးဖြင့် -

"သူကြီးရေ - ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးအိုကြီးသည် လှေကားပေါ်မှ ဆင်းလာ၏။ ကျွန်ုပ်က သူကြီးအိုကြီး၏ အနားသို့ကပ်ကာ ကတ်ပြလိုက်လေ၏။ သူကြီးအိုကြီးသည် ကျွန်ုပ်တို့ဆရာ တပည့်အား မသင်္ကာကြည့်ကြည့်ကာ -

"အိမ်း - ကွယ် - ကတ်ပြလို့သာ ယုံရတာဟ - ဥပမိရုပ်ခံတွေက"

ကျွန်ုပ်တို့ဆရာတပည့်၏ဥပမိတွေကို ကြည့်ကာ သူကြီးအိုကြီး ဟတ်ထိရှာလေပြီတကား။ သူကြီးအိုကြီးက ဆက်ပြီး -

"ဘိန်းစားပြီး ရေနစ်မြွေကိုက်သေသွားတဲ့ မသာထက် ချူရှာပေါ့ဗျာ"

အဲ့မှာပဲပေါ့။

"ခစ် - ခစ်"

လုံးကြီးပေါက်လှ ဖြူဖြူဖွေးဖွေးနှင့် မြန်းသူထတာ ဘဝင်အူစေနိုင်လောက်အောင် တုမှာရီအရွယ် မိန်းမချောလေး အညီအလွှတ်ရယ်ကာ ကျွန်ုပ်တို့ရှိရာသို့ ရောက်လာလေ၏။ ကြာဝင်းပြောင်က နားသို့ကပ်ပြီး -

"သူကြီးသမီးထင်တယ် - ရှုလူး"

သူကြီးအိုကြီးက -

"မိန်းမရေ - ဧည့်သည်တွေ ဟ၊ ထမင်းချပ်ပေဦး"

မှတ်ကရော၊ ဖြတ်တရော၊

✡✡✡✡

တစ်စီးပဲ့လကလေးသည် လိပ်ထိ ပက်လက်လှန်ထားသည့်နယ် ကောင်းကင်မှာယက်ကန်ယက်ကန်နှင့်ရှိရှ သူကြီးကတော်လေးသည် သွားမရှိ သော လင်သူကြီးအတွက် ကွမ်းသီးထ ကလေးများကို ရေတ်ဆုံထဲထည့်ထ ထောင်းနေရှာလေ၏။

"သမီးရဲ့နှာမည်ကမြသီ၊ အဲ - အမေ ရဲ့နှာမည်ကမြရီတဲ့၊ သားအမိနှစ်ယောက် လှုမြင်ကွင်းက ပျောက်နေတာ ကြာ ဗျာ"

ဟု သူကြီးအိုကြီးက ရှင်းပြလေ၏ သူကြီးကတော်လေး မွှမ့်လေး ထောင် ကာ -

"ရွာက ထင်ကြတာပေါ့နော ဦးဒေဝယက္ခက မြသီကို ကြိုက်နေတာ ပေါ့နော့"

"ရှိုး - ဗလူး"

ကျွန်ုပ် ရေနွေးသီးရင်း -

"မှား ... မှားနေပြီလားလို့၊ အမေ သမီးကို ..."

သူကြီးကတော်လေးက မွှမ့်လေ ပြုံးပြကာ -

"ပထွေးပေါ့နော့"

"အဲ့လိုကြီးလား"

သူကြီးကတော်လေးသည်မွှမ့်လေ ထောင်းရင်း -

"ဘယ်လိုပြောရမလဲနော့၊ ရွာထဲက ထင်ကြတာပေါ့နော့၊ ဦးဒေဝယက္ခကြီး တမိန်းမကိုသတ်၊ သမီးကို အဓမ္မပေါင်း၊ ကြီးတုပ်ပေါ့နော့၊ မြှံအပြင်ထွက်ခွင့် မပေးဘူးပေါ့နော့"

ဟုဆိုကာ ထောင်းခြင်းကို ဘရိတ် ၏ သူကြီးအား ကွမ်းယာပေး၏။ သူကြီး အိုကြီးက ကွမ်းယာကို အံကြိတ်ဝါးကာ -

"ညဘက်ဆို အပုပ်နံ့တွေ ထွက် ဆိုပဲ"

ကြာဝင်းပြောင်က -

"သူကြီးတို့ဝင်မရှာဘူးလား"

သူကြီးကတော်လေးက -

"ရှာတာပေါ့နော့၊ သားအမိနှစ် ယောက်စလုံးကိုမတွေ့တာနော့၊ ဦးဒေဝ ယက္ခကြီးက သွေးအေးတယ်နော့၊ ကြိုက်သလို ရှာတဲ့နော့"

ခုနစ်စဉ်ကြယ်ပြောင်ကား အမြီး ထောင်နေလေပြီတကား။ သူကြီးအိုကြီး တမယားပေါက်စနလေးကိုကွက်ကြည့် တွတ်ကြည့်လုပ်ကာ -

"ဝါး" ခနဲ သမ်း၏၊ တူတူရေဝါးမယ် ဆိုတဲ့အထာ၊ ကျွန်ုပ်တို့အလိုက်သိရပေ လိမ့်မည်တကား။ ကျွန်ုပ်က -

"အရက်တတ်မှာ ဝင်စီးမယ်"

"ဟာ"



"ဟယ်"

အံ့ဩသံများက ပလုံကယ်ညံ့လို့၊ သူကြီးအိုကြီးက -

"ဘာကိုစီးမှာလဲ ဟင်"

"ဒေဝယက္ခရဲ့ခြံ ..."

သူကြီးကတော်လေးက -

"ဟုတ်ဘူးနော့ - ဦးဒေဝယက္ခ ဆိုတာနော့"

ကျွန်ုပ်က ဟက်ခနဲ ရယ်ကာ -

"နားပါကွယ် - ဒေဝဘီလူးမကလို့ ဂေါ်ဇီလာဖြစ်နေပါစေ"

"ဟုတ်ဘူးနော့"

"ဥပဒေအထတ်မှာ ဘယ်သူမှ တက်ထိုင်လို့မရပါဘူးကွယ် - အဟတ် ဟား - ဟား"

✡✡✡

ရောင်နီကား အစားမှားသော အချိ ဖျန်းလေးနယ် ပျို့အန်လေပြီတကား။

သူကြီးအိုကြီး၏အမိန့်ကြောင့် ရွာ ထဲက စွာစော်ကဲများ၊ အရုပ်သည်များ အားကောင်းမောင်းသန် ကျွတ်တွတ်ညှပ် များသည်၊ လူ့ဘီလူးကြီးဦးဒေဝယက္ခ၏ အိမ်အား ဝိုင်းထားကြလေပြီတကား။

စိတ်မပျို့တာပါ ဝိုင်းထားကြခြင်း လေ၏၊ အချိုများသည်သန်းလို့၊ ကျွန်ုပ်တို့

www.burmeseclassic.com



ဆရာတပည့်နှစ်ယောက်၏ လုပ်ပေါက်တိုအားတက်သရေ မရှိကြရေတကား။

ကျွန်ုပ်သည် တပည့်ကျော်အား လက်တို့လိုက်၏။ ကြာဝင်းပြောင်က မိုးကြိုးပစ်သံကြီးဖြင့် -

"ဦးဒေဝယက္ခ"

ခြံအတွင်းမှ -

"ခညာ" တဲ့။ လေသံပီပီလေး။ လူမမာသံလေး၊ ကြာဝင်းပြောင်က ဘီလူးကြိမ်းသံကြီးဖြင့် -

"တံခါးဖွင့်"

လေသံပီပီလေးက -

"ကိုယ့်ဟာကိုယ်ဖွင့်ဂျာ" တဲ့။ မခန့်ထား။ ခင်း ဘာကောင်လဲ၊ ငါ ဘာကောင်လည်းမေးတာ၊ စွမ်းရင်ဝင်ခဲ့ပေါ့။ ကျွန်ုပ်သည် ခါးမှ ပြောက်ကို ဘောက်ခနဲ ဆွဲထုတ်တာ ခြံဝဆီသို့ ဝေါက်ခနဲ ချိန်ထားလိုက်လေ၏။

ပြောက်ပေးလျှင် အဝှာပျောက်အောင် နန့်တတ်သော ကြာဝင်းပြောင်က -

"ဟိုင်းယား"

ဟု အော်ကာ ပိတ်ထားသောတံခါးအား ခန္ဓာကိုယ်နှင့် ပြေးဆောင့်လေ၏။ တံခါးက စေ့ထားသဖြင့် -

"အောင်မလေး"

အရှိန်လွန်ကာ ချုံပုတ်ထဲခေါင်းစိုက်လေတော့၏တကား။

"ဟင် ..."

သူကြီးနှင့် အပေါင်းအပါများသည် ကျွန်ုပ်အား ပြုံးစစနှင့် ဝိုင်းကြည့်နေကြ၏။ မမျှော်လင့်သောမြင်ကွင်း။ လူပုတုတုလေးတစ်ယောက်ကို တွေ့လိုက်ရတာကိုး။

ညှိုးငယ်သောမျက်နှာခွက်လေးနဲ့ ပတ်တီးအဖွေးသားနဲ့ ဆောင့်ကြောင့်လေး ထိုင်ရှာနေတာ။ ကျွန်ုပ်က -

"ဒေဝယက္ခ - ဘယ်မှာလဲ"

လူပုတုတုလေးက ဝါးခနဲငိုကာ -

"အနော် ..."

ကြာဝင်းပြောင်က -

"တင်းနေတာနော် - ဟွင်း - ဟွင်း။ ဘယ်မှာလဲ - ဒေဝယက္ခ"

လူပုတုတုလေးက -

"အနော်ပါဆိုနေ - ဟင့် ဟင့် - ဝါး"

အံမာ၊ အံမာ၊ ခြေဆောင့်ပြီးတောင် ငိုလိုက်သေး၊ သူကြီးအိုကြီးက -

"ခစ် ..." ခနဲရယ်ကာ -

"ဒေဝယက္ခက သူပဲဗျ"

"ဟင် ..."



"ဟယ် ..."

ကောင်းကြသေးရဲ့လား။ ဒေဝယက္ခဆိုတာ လူ့ဘီလူးကြီးပေါ့၊ တျွတ်စဉ်ဖြစ်နေတာ၊ ခုကြည့်၊ လူပုတုတုလေးက ဒေဝယက္ခဆိုပဲ။ အကြီးကြီးကိုမှားတာ၊ ထူးတော့၊ စခဲ့မိတဲ့ဖာတ်ကိုဖာတ်သိမ်းပေးရဦးမည်၊

"ခင်ဗျား ..."

"ဟုတ် - ဟင့်"

"သတ်ထားတဲ့ မိန်းမနဲ့ - အင်းအစ္စ - သမီး ဘယ်မှာလဲပြော - မြန်မြန်"

လူပုတုတုလေးသည် -

"ဝါး ..." ခနဲငိုကာ အိမ်ဘက်ဆီသို့ ညွှန်ပြီး -

"မိန်းမရေ - လာပြောပါဦး - ဟင့်"

လုံးကြီးပေါက်လှ တစ်ယောက်ထွက်လာတယ်၊ ဝေါက်ဝေါက် ဝေါက်ဆိုတ်နဲ့ -

"ဘာတုံး ..."

ကျွန်ုပ်က -

"သမီးနဲ့ အမေ ပျောက်လို့တဲ့ကွဲ့"

ကြာဝင်းပြောင်က -

"ဟာ - အပုပ်နံ့ရတယ် - မြဲတော့"

ကျွန်ုပ်က -

"တူးကွာ - ကြာလို့"

လူပုတုတုလေးက -

"မ - မ - မလုပ်ပါနဲ့"

ရှာသားများ ဝိုင်းတူးကြလေ၏။

"ဟင် ..."

ခွေးခေါင်းကြီးပါတကား။ လုံးကြီးပေါက်လှ မိန်းမက -

"သမီး လင်နောက်လိုက်သွားလို့ လိုက်ရှာနေတုန်း အိမ်မှာ ကျန်ခဲ့တဲ့ခင်းက ..."

လူပုတုတုလေးကို မေးဆတ်ပြ၏။

"ကျွန်မရဲ့ အချစ်ဆုံးခွေးကြီးကို သတ်စားလိုက်တာ၊ ဒါကြောင့် ဆော်ပလော်တီးထားတာ၊ ခုတော့ - တစ်ရက်တခေနှစ်ရက်ဖြစ်အောင်၊ သခွပ်ပင်မှာ မီးတကျည်ကျည် လာလုပ်တဲ့ ရှင်တို့အလှည့်"

ဟုဆိုကာ ငှက်ကြီးတောင်မားကို ပြေးဆွဲလေပြီ၊

"တပည့်ကြီးရေ ..."

"အာစရိ ..."

"ပြေးစို့ကွယ်"

☞ ကျိန်အောင်

www.burmeseclassic.com

# ဝင်းရွှေသိန်း

၊ ရင်းကျိုးကာ၊

# စစ်



မဟာ်ခန်းကျောင်း တစ်ခိုလုံးသည် ...စ်ဖက်သတ်ပစ်ခတ်နေသောအင်္ဂလိပ် ...ဝ်ခွဲ၏ လက်နက်ကြီး၊ လက်နက်ငယ် ...ဒါက်တွဲသံများသည်သာ ကြောက်ဖွယ် ...ီလိ ပွက်ရိုက်ညံကာ ပဲ့တင်လှိုင်းများ ...ထ်လျက်ရှိသည်။ သေမင်းတမန်ကျည် ...န် ထိပ်ဖူးများသည်လည်း များပိတုန်း ...ပ်ကြီးပမာ လေထဲ၌ တရှီရှီနှင့် ပျံဝဲနေ ...ည့်ကြားမှာပင် အမြင့်ပေ(၁၀၀)ခန့် ...ရှိမည့် ကျောက်တောင်ကုန်းပေါ်သို့ ...ပ်ဖြတ်သတ်လျက်ရှိသော ကာကီ ...ရောင်ယူနီဖောင်းဝတ်ဂျပန်စစ်သားလေး ...ယောက်တို့၏ ဒလကြမ်း ပြေးတက်နေရာယူ ...သော ပုံရိပ်ကလည်း မထင်မရှား။ သူတို့ ...ခန်းကျောင်း ထောင်းထောင်းထလျက် ...လုံးကြီးများ မည်းစနဲ၊ မည်းစနဲ။

ဗိုလ်မှူး တာကာနာရှီသည် ညာ ...တ်လက်မောင်းတွင်သေနတ်မှန်ထား သောဒဏ်ရာကြောင့်သွေးကြောင်းစီးနေ သော်လည်း ဘယ်ရင်းဂန်းစတ်သေနတ် ကလေးကို ပွေ့ပိုက်ထားနိုင်ရှိသာမက သူ့ပုခုံးတွင် ရိုင်ဖယ်သေနတ်တစ်လက် အပိုပါ လွယ်ထားသေးသည်၊ သူနှင့် ထက်ကြပ်မကွာပါလာသော ရဲဘော်သုံး ယောက်အနက်မှ တစ်ယောက်က ဗိုက် တွင်ဒဏ်ရာရထားခြင်းကြောင့်ကျန်သော ရဲဘော်နှစ်ယောက်က တွဲ၍တောင်ကုန်း ထိပ်အထိအတင်းဆွဲတင်လျက်ရှိသည်။ သူတို့ကိုယ်ပေါ်မှာလည်း လက်နက်ခဲ ယမ်းများ တနင့်တပိုးနှင့်ဖြစ်သည်၊

"လက်နက်ချလိုက်ပါ ဗိုလ်မှူး တာ ကာနာရှီ။ ကျောက်တောင်ကုန်းကိုကျုပ် တို့ အင်္ဂလိပ်တပ်က အလုံးအရင်းနဲ့ ဝိုင်း ထားပြီးပြီ။ ခင်ဗျားတို့မလွတ်တော့ပါဘူး ဗိုလ်မှူးတာကာနာရှီ၊ အဓိပ္ပာယ်မရှိ အသေမခံပါနဲ့ – လက်နက်ချလိုက်ကြပါ"

**စစ်ပွဲသည် အနိဋ္ဌာရုံ၊**

**အမုန်းတရားကိုသာ ပွားစေသည်၊ စစ်သည် လူသားကမ္ဘာကို**

**ဖျက်ဆီးနေသည့်အရာတစ်ခုဖြစ်ကြောင်း**

**သက်သေပြသည့်အနေဖြင့် ..**

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကိုဖြတ်၍ ကျောက်တောင်ကုန်းမြေရင်းသို့ ပစ်ခတ်ရင်း ရောက်လာသော အင်္ဂလိပ်တပ်ခွဲက တောင်ကုန်းကိုပတ်၍ဝိုင်းထားလိုက်ပြီးနောက် တောင်ကုန်းထိပ် ကျောက်တုံးကြီးများကြားထဲ ရောက်သွားပြီးဖြစ်သော ဂျပန်စစ်သားများထံအင်္ဂလိပ်တပ်ခွဲဆီမှ လက်နက်ချရန် လှမ်းအော်ဟစ်လိုက်သံသည် တောအုပ်ကြားမှ ဟိန်းထွက်လာသည်။ သို့သော် လက်နက်ချရန် မဆိုထားနှင့် တောင်ကုန်းထိပ်မှ တုံ့ပြန်လာသော ဘရင်းဂန်းစက်သေနတ်အတွဲလိုက်သံကြောင့် ရပ်တင်လျက်ရှိသောအင်္ဂလိပ်စစ်သားတွေပါနီးရာသစ်ပင်အောက်တွင် ဝပ်ချပြီး နေရာယူလိုက်ကြရသည်။

တောင်ကုန်းထိပ်က ကျဉ်းမြောင်းသည့်အပြင် ချုံတောတစ်စီးစာအရွယ်ကျောက်တုံးကြီးငယ်များသည်သဘာဝခံတပ်ကတာဖြစ်နေသဖြင့်လောလောဆယ်တွင်ဗိုလ်မှူးတာကာနာရှီတို့လေးယောက်အတွက် လုံခြုံလျက်ရှိသည်။ အင်္ဂလိပ်တပ်မှ တောင်ခြေတနေ့အပေါ်သို့လှမ်း၍ရမ်းသန်းပစ်ခတ်လျက်ရှိသော ကျည်ဆန်များသည် ကျောက်တုံးကြီးများကို တရှီရှီ တချွင်ချွင်နှင့် ထိမှန်ပြီးလေထဲ အလဟဿဖြစ်သွားရုံသာရှိသည်။ ရန်သူလေးယောက်ကို အရှင်လတ်လတ်သရဏဂုံတင်မည့်အစီအစဉ်က လုံးဝထမြောက်ခြင်း မရှိခဲ့ပေ။

"ဒါတို့မှာကျည်ဆန်သိပ်ကျန်တော့တာ မဟုတ်ဘူးနော်၊ မပိုင်ရင် မပစ်နဲ့၊ တောင်ခြေတစ်ဝိုက်ကိုသာ သေသေချာချာကြည့်၊ ဒီကောင်တွေ တက်လာလို့ အနားရောက်မှ အပိုင်သာ ပစ်ချ"

ဗိုလ်မှူးတာကာနာရှီသည်သူ့ဘေးနားကျောက်တုံးဘေးဝပ်လျက်နေရာယူထားကြသော ရဲဘော်သုံးယောက်ကို သတိပေးသလိုသူကိုယ်တိုင်သည်လည်း သိန်းစွန်ငှက်မျက်လုံးကဲ့သို့ တောင်ခြေဘက်စူးစိုက်ကြည့်ရင်းဘရင်းဂန်းခလုတ်ပေါ် တည်ငြိမ်စွာ လက်ညှိုးတင်ထားသည်၊ သူ့ဘေးတွင်လည်း ရိုင်ဖယ်သေနတ်တစ်လက်ကို မောင်းတင်လျက် ရှိထားသည်မှာအဆင်သင့်၊ တစ်ချိန်တည်းမှာပင်သူ့ရဲဘော်တွေဆီအတဲခေါ်ကြည့်လိုက်ပြန်ရာ ရဲဘော်နစ်ယောက်ကမူသူ့ကဲ့သို့ပင်တက်လာမည့်အင်္ဂလိပ်တပ်ကို အပေါ်စီးမှ ပစ်ခတ်တိုက်ခိုက်ရန် တတ်ကြွမှုရှိသလောက် ဝမ်းဗိုက်ဒဏ်ရာနှင့်ရဲဘော်မှာဝပ်နေရာမှခေါင်းကိုသေနတ်ဒင်ပေါ် မှေးလျက် မျက်စိဖွင့်နိုင်သည့်ပုံပေါ်တော့သည်အထိ သွေးလွန်နေကြောင်း သတိထားလိုက်မိသည်။

ဗိုလ်မှူးတာကာနာရှီ၏မျက်နှာပေါ်တွင် စိတ်မကောင်းဟန် အရိပ်တစ်ခုဖြတ်သန်းသွားသည်မှအပ စစ်သားနှင့်တိုက်ပွဲ၊ တိုက်ပွဲနှင့် သေခြင်းတရားသည် ပုံသေသဘောတရားကို သူလိုလူစစ်သားတစ်ဦးအနေနှင့် နားလည်ပြီးဖြစ်သောကြောင့်စံစားချက်ကတဒင်္ဂအတွင်းပျောက်သွားသည်။ စောစောပိုင်းက သူတို့တပ်ဖွဲ့တောအုပ်ကလေးထဲဝင်လာတဲ့ချိန်က သူတို့၏ တန်ပြန်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သော အင်္ဂလိပ်စစ်သားအလောင်းတွေ၊ ကျဆုံးကျန်ရစ်ခဲ့သည့် သူ့ရဲဘော်တွေ၏ အလောင်းများသည်တောင်ခြေတောစပ်လွင်ပြင်တွင်အနှံ့အပြားလှမ်းမြင်နေရသေးသည်မဟုတ်ပါလား။

စစ်ပွဲဟူသည်မှာ "အနိုင်" သို့မဟုတ် "အရှုံး" နှစ်မျိုးသာ ရှိသည်၊ သရေ သို့မဟုတ် ပွဲတွဲဆု မရှိပေ။ ရှုံးသူလည်း နာကျင်ရ၊ နိုင်သူလည်းထိုအတူ၊ နှစ်ဖက်အလောင်းများ စားပွဲဝိုင်းပေါ်ဆွေးနွေး၍ ပြေလည်မှု ရရှိကြသည့်တိုင် တိုက်ပွဲများတွင် ကျဆုံးခဲ့သောစစ်သည်များအတွက်မည်သည့်အရာနှင့်မျှအစားထိုး၍ မရနိုင်သည်ကို ဗိုလ်မှူး တာကာနာရှီ နားလည်ထားပြီးဖြစ်သည်။ အမှန်ပြောရလျှင် စစ်သားတစ်ဦးသာဖြစ်သောသူသည်အမိန့်နှင့်တာဝန်ကိုလိုက်နာ၍စစ်တိုက်ရန်သာ ခံယူထားရာ နိုင်ငံရေးကိစ္စများထဲထဲဝင်ဝင်လေ့လာထားသူမဟုတ်ပါ။ ယခုလည်း သူတို့ တောင်ကုန်းပေါ်တက်လာမည့် ရန်သူ အင်္ဂလိပ်တပ်ကို အနီးကပ်ချေမှုန်းနိုင်ရေးကလွဲပြီး သူ့အတွေးထဲ ဘာတစ်ခုမျှ မရှိစေရန် ရှင်းလင်းထားပြီးဖြစ်သည်။

ဗိုလ်မှူးတာကာနာရှီမျှော်လင့်ထားသလို အင်္ဂလိပ်တပ်က တက်လာမည့်အရိပ်အယောင်ပင်မပြ၊ ငြိမ်သက်နေကြသည်မှာ တစ်နာရီနီးပါးလောက် ရှိပြီးဖြစ်သည်။ နေပူကျဲကျဲအောက်တွင်ကြာလာသည်နှင့်အမျှငြီးငွေ့သလိုဖြစ်လာရာ သူတို့တပ်ရင်းသည်မြန်မာနိုင်ငံ အနောက်ဘက်စစ်မျက်နှာမှ စတင်ဆုတ်ခွာခြင်းဖြစ်စဉ်ကို စားမြုံ့ပြန်သလို စဉ်းစားနေမိပြန်သည်။ ဘီအိုင်အေနှင့်အတူ ဂျပန်တပ်များမြန်မာနိုင်ငံတွင်းဝင်ရောက်စဉ်က နှစ်ပေါင်းတစ်ရာကျော်တိုင်တိုင် မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့သော ကိုလိုနီအစိုးရနှင့် အင်္ဂလိပ်တပ်များကို မောင်းထုတ်နိုင်ခဲ့ခြင်းသည် နှစ်ပွန် တစ်

www.burmeseclassic.com



မတော်၏ရှေ့မအောင်ပွဲဟု ဆိုပါက မှားမည်မထင်ပေ။

ထိုစဉ်က ဗိုလ်မှူး တာကာနာရှီ၏ တပ်ရင်းသည်လည်း ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။ သူတို့တပ်ရင်းသည် မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ရိုးမရောက်ပြီးမှ ကြည်းကြောင်း၊ လေကြောင်းအလုံးအရင်းနှင့် တန်ပြန်တိုက်လာသော အင်္ဂလိပ်တပ်များကြောင့် အထိနာခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်းမှလည်း ဗမာ့တော်လှန်ရေးတပ်များက ပြောက်ကျားဗျူဟာဖြင့် တိုက်ခိုက်လာကြပြန်ရာ သူတို့ ပို၍ အထိနာခဲ့ခြင်းဟု ဆိုရပေမည်။

ဗိုလ်မှူးတာကာနာရှီအနေနှင့် သူ့တပ်ရင်းတစ်ရင်းလုံး အောင်မြင်စွာ ဆုတ်ခွာနိုင်ရေးအတွက် တိုက်ပွဲရှောင်နိုင်အညွှဲ လမ်းကြောင်းကို အတတ်နိုင်ဆုံး ရွေးချယ်ခဲ့သည်။ သို့သော် ပဲခူးရိုးမကို ဖြတ်ဆင်းလာပြီး တားလမ်းအကူးတွင် တပ်ဖွဲ့များစွာ လက်နက်ကြီးများပါသည့် အင်္ဂလိပ်စစ်တပ်၏ မမျှော်လင့်သော ချေမှုန်းခြင်းကို ခံလိုက်ရခြင်းဖြစ်သည်။ အကျအဆုံးများစွာဖြင့် တပ်ပျက်သလို ဖြစ်ခဲ့ပြီးနောက် စုစည်းရသမျှစစ်သားနှစ်ဆယ်ယောက်နှင့် စစ်တောင်းမြစ်ကို ဖြတ်ကူးရာတွင်လည်း ဗမာ့တော်လှန်ရေးတပ်၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရပြန်သည်။ ဤတိုက်ပွဲတွင် သူ့စစ်သည် ဆယ်ယောက် ကျဆုံးခဲ့သဖြင့် လက်ကျန်စစ်သည် ဆယ် ယောက်နှင့်ဝင် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှနေ၍ မြေပုံညွှန်းအတိုင်း ဖာပွန်မှတစ်ဆင့် ယိုးဒယားသို့ဝင်ရန် လမ်းကြောင်းကိုသူ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတယ် ဆိုရမည်လားမသိပေ။ ကျိုက်ထိုဘက်မှ အင်္ဂလိပ်တပ်သည် သူတို့ခြေရာကို ခံသွားဟန်တူသည်။ နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်နှင့် ကြုံတွေ့ရပြန်သည်။ အင်္ဂလိပ်တပ်၏အဝေးမှ လှမ်းပစ်နေသော လက်နက်ကြီးသံများ ဝုန်းဒိုင်းကြဲ ဆူညံလျက်ရှိသည်။ ဗိုလ်မှူးတာကာနာရှီသည် သူ့ရဲဘော်တွေကို အနီးဆုံးတောအုပ်ထဲ ဝင်ပြေးရန် အမိန့်ပေးနေချိန်တွင် အင်္ဂလိပ်တပ်က အနားထိရောက်လာပြီး မိုးသီးမိုးပေါက်ပမာ ပစ်ခတ်ခြင်းကို ခံရသဖြင့် စစ်သည်အတော်များများ ကျဆုံးပြီး သူနှင့်ရဲဘော်သုံးယောက်သာ ကျန်ခဲ့ပါတော့သည်။ ကျားနာကဲ့သို့ မည်းမည်းမြင်ရာ ခုခံပစ်ခတ်သောသူတို့ကြောင့် အင်္ဂလိပ်တပ်မှ စစ်သားအချို့ပင် ကျဆုံးခဲ့ရာ တောစပ်လွင်ပြင်တွင် အတုံးအရုံး တွေ့နေရသည်။

သေချာစွာပြောနိုင်သည်မှာ ဗိုလ်မှူးတာကာနာရှီနှင့် သူ့ရဲဘော်သုံးယောက်တို့သည် ဤတောအုပ်ကလေးထဲမှာပင် အင်အားများသော အင်္ဂလိပ်တပ်၏ ဝိုင်းရံချေမှုန်း သုတ်သင်ခြင်းကို ခံရတော့မည်မှာ မလွဲပေ။ ဒဏ်ရာရတောကောင် ကို အမဲလိုက်ခွေးအုပ်ကြီးက တောအုပ်ထဲ မောင်းသွင်းပြီး ပိုင်နိုင်စွာ ကိုက်ဖြတ်ပစ်မျိုသလို ကိုက်ခဲကြပေတော့မည်။ ဗိုလ်မှူးတာကာနာရှီတွင်လည်း လက်မောင်းဒဏ်ရာနှင့် သွေးများစိုရွှဲနေသလို သူ့ရဲဘော် သုံးယောက်အနက် တစ်ယောက်က ဝမ်းဗိုက်ဒဏ်ရာ အပြင်းအထန် ရရှိထားသည်။ သူ တစ်ခုခုတော့ ဖြတ်သားစွာ ဆုံးဖြတ်ချက်ချရပေတော့မည်။ အမှန်ပြောရမည်ဆိုလျှင် သေရမည်ကို သူ လုံးဝမကြောက်။ သို့သော် လူငယ်စစ်ဖြစ်လျက်နှင့် ကိုယ့်အရပ် ကိုယ့်အိမ်တွင် လူသားဆန်စွာ မသေရပဲ ဘယ်နေရာဟု အတပ်မပြောနိုင်သော တစိမ်းတစ်ရံဆန် ဤတောအုပ်ကလေးထဲတွင် ညှော်နံတစ်ကောင်ပမာ တန်ဖိုးမဲ့ သေရမည်ကိုမူ သူ အော့နလုံးနာနေမိသည်။ သို့ဆိုလျှင်။

"ရန်သူက လုပ်ချင်သလို လုပ်တာကို လည်စင်းပေးပြီး အသေခံမလား။ ဒါမှမဟုတ် ကိုယ်က လုပ်ချင်သလိုလုပ်ပြီး အသေခံမလား"

ဤအချက်နှစ်ချက်လုံးသည် အမှန်တကယ်ဖြစ်လာတော့မည့်အခြေအနေများပင် ဖြစ်သည်။ ဗိုလ်မှူးတာကာနာရှီသည် ရင့်ကျက်သော စစ်ခေါင်းဆောင်ဖြစ်သည့်အပြင် စစ်နိုင်ချိန်၊ စစ်ရှုံးချိန် တိုက်ပွဲပေါင်းများစွာကို ဦးဆောင်တိုက်လာသူဖြစ်သည့်အလျောက် သေဆုံးရခြင်းအတူတူ ကိုယ်က လုပ်ချင်သလိုလုပ်ပြီး သေဆုံးရခြင်းသည်သာ စစ်သားပီသကြောင်း သဘောပေါက်လျက်ရှိသည်။ ထို့ကြောင့်လည်း တောအုပ်ကလေးလွန်သည်အထိ ပြေးလွှားပစ်ခတ်ရင်းမှ အနီးဆုံးဖြစ်သော တောင်ယာပျက်ကျောတ်တောင်ကုန်းပေါ်သို့ ကျားကုတ်ကျားခဲ တက်ရောက်ပြီး နေရာယူလိုက်ခြင်းဖြစ်သည်။ သူတို့လေးယောက်၏နောက်ဆုံး ခံစစ်သည် ဤကျောက်တောင်ကုန်းလေး ဖြစ်သလို သူတို့၏ နောက်ဆုံးသချိုင်းသည်လည်း ဤနေရာသာဖြစ်ရမည်ဟု ဗိုလ်မှူးတာကာနာရှီ၏ ဆုံးဖြတ်ချက်သည် ခမ္ဘမိဋ္ဌာန်ကျလျက်ရှိပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးတာကာနာရှီ – လက်နက်ချပါ၊ မကြာခင်ခင်ဗျားတို့တောင်ကုန်းကို တျူပ်တို့ ဗြိတိသျှလေတပ်က ပုံးကြဲဖို့ လာတော့မယ်၊ အချိန်မီ လက်နက်ချလိုက်ပါ"

အင်္ဂလိပ်တပ်မှအရာရှိတစ်ယောက်၏ အော်ဟစ်သံဖြစ်သည်၊ ဗြိတိသျှတပ်၏ စစ်ပညာထဲတွင် မည်သို့ဆိုထားကြောင်း မသိသော်လည်း ဂျပန်တပ်မတော်၏စစ်ပညာတွင် လက်နက်ချရန်ဆိုသည်ကို သင်ကြားပေးထားခြင်း မရှိသဖြင့် ဗိုလ်မှူးတာကာနာရှီအသံထွက်လုမတတ် ရယ်ချင်နေမိသည်၊ ရယ်ပြန်လျှင် ဒဏ်ရာက နာလာသည်၊ သို့သော် အင်္ဂလိပ်တပ်အရာရှိ၏အော်ဟစ်အမိန့်ပေးသောစကားထဲတွင် လေယာဉ်ဖြင့် ပုံးကြဲမည်ဆိုသည်ကိုမူ သူ ယုံကြည်လျက်ရှိသည်။ ဗြိတိသျှတို့သည် ချမ်းသာသောနိုင်ငံဖြစ်သည့်အလျောက် လူကိုသာ စောင့်ထားပြီး စစ်တိုက်ရာတွင် သူတို့စစ်သားများ အသေအပျောက် နည်းနိုင်သမျှ နည်းစေရန်ဆိုကာ လက်နက်ကြီးငယ်တို့ကို သွန်း၍ အသုံးပြုသကဲ့သို့ လေကြောင်းအကူများနှင့်လည်း တိုက်ခိုက်ရန်ဝန်မလေးခဲ့ပေ၊ ကျောက်တောင်ကုန်းကလေးပေါ်က မပြောပလောက်သောရန်သူလေးယောက်ကို လေယာဉ်ဖြင့်ပုံးကြဲတော့မည်ဆိုသည်မှာ မဖြစ်နိုင်စရာမရှိဟု ပြောရမည်ပင်၊

ဗိုလ်မှူးတာကာနာရှီ၏ ဆုံးဖြတ်ချက်က ပြင်ဆင်၍မရတော့သည့် သံမဏိဆုံးဖြတ်ချက်ဖြစ်သည်၊ သေရာပေါက် သေဆုံးရတော့မည့် သူတို့ကံကြမ္မာကိုကြိုတင်လက်ခံထားပြီးသားဟု ဆိုပါက မှားမည်မထင်ပေ၊ ရန်သူ လက်နက်ဖြင့် မသေသည့်တိုင် ရရှိထားသောဒဏ်ရာအပြင် နေပူရှိန် တညီးညီးနှင့် အရိပ်ကင်းမဲ့သော ကျောက်တောင်ကုန်းထိပ်တွင် အစာပြတ်၊ ရေငတ်ဖြစ်လျက်ကျားနာများကဲ့သို့မည်မျှကြာရှည်စွာ သူတို့ အသက်ရှူခွင့် ရရှိကြဦးမည်နည်း၊ စဉ်းစားစရာဟု ဆိုရမည်မှာ ရန်သူ ဂျပန်စစ်သားလေးယောက်တို့တချို့ဒဏ်ရာပြင်းထန်စွာ ရထားပြီး ကျောက်တုံးကြီးတွေကြားထဲ ရှိနေကြောင်း သိပါလျက်နှင့်အင်္ဂလိပ်တွေ အဘယ်ကြောင့် အင်အားဖြင့် တက်ရောက်ချေမှုန်းခြင်း မလုပ်လုပ်ကြပါသနည်း၊ တောင်ကုန်းခြေရင်းတောအုပ်ကလေးထဲမှာပင် အကျအန နေရာယူထားရင်း အသံကောင်းဟစ်ပြလျက်ရှိသည်မှာ တစ်နာရီ၊ နှစ်နာရီခန့် ကြာမြင့်ခဲ့ပြီးဖြစ်သည်၊



"တို – တောင်ကုန်းအောက်ကနေ ပြီး အင်္ဂလိပ်စစ်သားတစ်ယောက် ပြေးတက်လာတယ် ဗိုလ်မှူး၊ ဟော – ကျွန်တော်တို့ရှေ့နားက ကျောက်တုံးကြီးအကွယ်မှာ နေရာယူလိုက်တာ – တွေ့လား"

ဗိုလ်မှူးတာကာနာရှီသည် သူ့နားမှာခဲ့သော် သတိမပေးမီကပင် အင်္ဂလိပ်စစ်သားတစ်ယောက် တောင်ခြေမှ အူယားဖားယား ပြေးတက်လာပြီးကျောက်တုံးကြီးတစ်တုံးနောက်ကွယ်တွင် ဝပ်ချလိုက်သည်ကို လှမ်းမြင်ရပြီး ဖြစ်သည်၊ ကြောလှချေ၊ အရာရှိဖြစ်ဟန်တူသော စစ်ဗိုလ်တစ်ယောက်ပါ ခြောက်လုံးပြူးကိုင်လျက် နောက်မှ ပြေးတက်လာပြီး သူ့ရှေ့ခဲ့သော်နှင့်အတူ ကျောက်တုံးကြီးအကွယ်မှာပင် နေရာယူလိုက်သည်ကိုလည်းတစ်ပြက် တွေ့လိုက်ရသည်၊

"ဒီဂျပန်တွေ ရထားတဲ့ဒဏ်ရာနဲ့ပဲ သေတန်ပြီထင်တယ် ရဲဘော်၊ လှုပ်ရှားသံလည်းမရှိ၊ တစ်ချက်တလေပစ်ခတ်သံလည်းမတွေ့ရဆိုတော့သေကုန်တာ ဖြစ်မယ်ကွာ"

"ဟုတ်ကဲ့ကပ္ပတိန်၊ ကျွန်တော့်ရှေ့ ကျောက်တုံးဆီတစ်ဆင့်တက်ကြည့်ရ ကောင်းမလား"

"တက်ကွာ"

အင်္ဂလိပ်စစ်သားသည်သေနတ်ကို ရှေ့သို့ချိန်ရင်း အပေါ်နားရှိ ကျောက်တုံးဆီချဉ်းကပ်ရန် ထလိုက်သည်နှင့် "ဒိုင်း – ဒိုင်း" ဟု သေနတ်သံနှစ်ချက်နှင့်အတူ ကျည်ဆန်ထိပ်ဖူးများက သူ့ညာခမောက်နားရှိခနဲ တို့နမ်းခြင်းခံရသည်ဆိုလျှင်ပင် နဂိုနေရာမှာပင် ပြန်လည်၍ ဝပ်ချလိုက်သည်၊ ထိုအချိန်တွင် နောက်ထပ် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ပါ ကုန်းကုန်းကွကွနှင့် သူ့လူတွေနားသို့ရောက်လာသည်၊ ၎င်းစစ်ဗိုလ်အားဦးစွာရောက်ရှိနေသောစစ်ဗိုလ်၏မေးမြန်းသံကိုဗိုလ်မှူးတာကာနာရှီတို့အတိုင်းသားကြားနေရသည်၊

"ဘယ်လိုလဲ လက်ဖတင်နင်စမစ်၊ ဗုံးကြဲလေယာဉ်ဘယ်အချိန်ရောက်မယ်လို့ ပြောသလဲ"

"ဟုတ်ကဲ့ – ကပ္ပတိန်၊ စောစောပိုင်းစက်အဆက်အသွယ်လုပ်တုန်းက မွန်းလွဲတစ်နာရီခွဲလို့ ပြောတာပဲ၊ ခုဆို နှစ်နာရီတောင် ကျော်နေပြီ ခင်ဗျ"

"အေးကွာ – ဘာမဟုတ်တဲ့ရန်သူလေးယောက်လောက်နဲ့ တို့ အချိန်ဖြုန်းသလိုလုပ်နေတာ တကယ့်ရယ်စရာကြီးကွာ၊ တို့ – ခုလိုငြိမ်နေတာကြည့်ပြီး

www.burmeseclassic.com



သတ္တဝါကြောင်လုရချည်လားဆိုပြီး ဂျပန်ကောင်တွေအထင်သေးချင်သေးမှာကွ၊ ကျုပ်ထင်တယ်၊ဒဏ်ရာရထားတဲ့ကောင်တွေသေကုန်ပြီးကျန်တဲ့ကောင်က သွေးရူးသွေးတန်းရမ်းပစ်တာပဲဖြစ်မယ်၊ဒီလိုလုပ်ကွာ – တို့တပ်ခွဲအင်အားနဲ့ ပစ်အားသုံးပြီး တောင်ကုန်းထိပ် တက်သိမ်းပစ်မယ်"

"ဆန္ဒမစောပါနဲ့ကပ္ပတိန်၊အပေါ်စီးတနေ ကျောက်တုံးကြီးတွေအကာအကွယ်နဲ့ကျွန်တော်တို့ကိုသတ်ကွင်းထဲမြှူဆွယ်ခေါ်နေသလားမှမသိတာ၊ မုန်တိုင်းမလာခင် ငြိမ်သက်နေတာမျိုးဟာကြောက်စရာအကောင်းဆုံးမဟုတ်လား၊ ကပ္ပတိန်၊ မနက်ပိုင်းတုန်းကလည်း သူတို့တောအုပ်ထဲဝင်ပြေးပြီးနောက်… လိုက်လာတဲ့ကျွန်တော်တို့ကိုကျား… သလို ပိုင်းဆော်လိုက်လို့ ကျွန်တော်… စစ်သားတွေ အတုံးအရုံး ကျဆုံးခဲ့… ကပ္ပတိန်မြင်တာပဲဗျာ"

ကပ္ပတိန်ဝီလျံသည် တပ်ခွဲမှူး… သော သူ့အမိန့်ကို နာခံလိုဟန်မပြသ… လက်ဖတင်နင်စမစ်ကို မျက်ထောင့်… ကြီးဖြင့် လှန်ကြည့်ပြီး ခြောက်လုံးပြူး… တင်းကြပ်စွာ ဆုပ်ကိုင်လျက် ကျော… တုံးအကွယ်မှ ရုတ်တရက် ထရပ်လို… သည်၊ လက်ဖတင်နင်စမစ်ကလည်း… ဝီစကီအရှိန်ကလေး ရလာလျှင် မိုက်…

**စစ်၏ အနိဋ္ဌာရုံကား အဘယ်မှာလျှင်
အဘယ်နှစ်လိုဖွယ်ရာ ရှိဦးမည်နည်း။
ကျဆုံးကျန်ရစ်ခဲ့သော ဂျပန်စစ်သည်
အလောင်းလေးလောင်းသည်
လူကောင်မပီတော့ပဲ အသားတစ်များ၊
အရိုးစများအဖြစ် ပြန့်ကျဲလျက်။
ယမ်းခိုးနံ့၊ သွေးညှီနံ့တို့ ထောင်းထောင်း
ထလျက်သာ ရှိပါတော့သည်။**





…နေရှိသော သူ့တပ်ခွဲမှူးကိုအထင်…တန် မျက်နှာလွှဲလိုက်သည်၊

"ကိုင်း – ကြည့်စမ်းကွာ၊ လူတစ်…လုံးပစ်ကွင်းထဲထွက်ပြတာတောင်…ကောင်တွေဆီကသေနတ်သံတစ်ချက်…ထွက်မလာပုံထောက်ရင် အားလုံး…သေကုန်ပြီးဖြစ်မှာပေါ့ကွ – ဟား – ဟား၊…တို့ချအာမီမှာ သွေးနည်းသတ္တိ…ကြောင်တဲ့ လက်ဖတင်နင်တစ်ယောက်…တွေ့ဖူးပြီပေါ့ – ဟား – ဟား – ဟား"

ကပ္ပတိန်ဝီလျံ၏ရုတ်ချစကားသည်…လက်ဖတင်နင်စမစ်အတွက်သွေးဆူစေ…သောထိုးနက်ချက်တော့ဖြစ်မလာခဲ့ပေ၊…ရှည်ကိုပင် ကပ္ပတိန်ဝီလျံအနေနှင့်…မြင်လာပုံရဟန်တူသည်၊ "ထွီ" ခနဲ…တံတွေးတစ်ချက်ထွေးလိုက်ပြီး – "သတ္တိ…ရှိတဲ့ကောင်တွေ နေခဲ့ကွာ၊ ငါတစ်…ယောက်တည်းတက်သိမ်းပြမယ်၊ကြည့်…ထားတော့" တရေရွတ်ကာမည်သည့်အကာ…အကွယ်မျှမယူပဲ ရင်ကော့လျက် တောင်…ထိပ်ဆီသို့တစ်လှမ်းချင်းတက်သွား…သည်ကို တွေ့ရသည်၊ လက်ဖတင်နင်…စမစ်တမှု သူ့တပ်ခွဲမှူးကို တားဆီးရန်…အားထုတ်ရသော်လည်းတစ်ဖောက်ကန်း…ခေါင်းမာတတ်ထိုးလုပ်တတ်သော သူ့အထာကို သိထားပြီးဖြစ်ရာ တိတ်ဆိတ်စွာဖြင့်ရေငုံနှုတ်ပိတ်နေဖြစ်လိုက်သည်၊

ဤမြင်ကွင်းအားလုံးကို တောင်ထိပ်ကျောက်တုံးကြီးအကွယ်မှနေ၍ ဗိုလ်မှူးတာကာနာရှီတို့ကောင်းစွာလှမ်းမြင်နေရသည်၊ ချုံပုတ်နွယ်ပင် ကျိုးတိုးကျဲတဲမှလွဲ၍ မည်သည့်မျက်ကွယ်မှမရှိသော တောင်ယာပျက်ကုန်းဖြစ်သဖြင့် မြင်ကွင်းက ပီရှင်းသည်၊ တစ်လောကလုံးတိတ်ဆိတ်ငြိမ်သက်နေခြင်းကြောင့် စကားသံအားလုံးကိုပါရှင်းလင်းပီသစွာကြားနေရခြင်းဖြစ်သည်၊ပြီးလျှင်အကွာအဝေးကလည်းဆယ်ကိုက်ထက်ပိုလိမ့်မည်မထင်၊ကျောက်တုံးကြီးနှစ်တုံးကြားသုံးလေးလက်မခန့်သာဟလျက်ရှိသော မြင်ကွင်းမှနေ၍ဘရင်းဂန်းစက်သေနတ်ကလေးဖြင့်အသင့်ချိန်ထားရာမှနောက်ချိန်ပေါက်ထဲတွင်ကပ္ပတိန်ဝီလျံ၏ပုံရိပ်သည် တဖြည်းဖြည်း နီးကပ်လာနေပြီးဖြစ်ရာ ဗိုလ်မှူးတာကာနာရှီသည် သူမျှော်လင့်ထားသလို အင်္ဂလိပ်တပ်တတစ်ပြုံတစ်ထွေးကြီး တက်လာခြင်းမဟုတ်ပဲကပ္ပတိန်ဝီလျံတစ်ဦးတည်းဖြစ်နေသဖြင့်အားမလိုအားမရဖြစ်မိပါသေးသည်၊ကပ္ပတိန်ဝီလျံသည်လည်းဤအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေထိတိုင်ရန်သူ၏ပစ်ခတ်မှုနှင့်မကြုံရခြင်းကြောင့်သေကုန်ပြီဟုသာယူဆကြည့်လျက် မြေလှမ်းက ပို၍ သွက်လက်လာသည်။

ဗိုလ်မှူးတာကာနာရှီသည် နောက်ချိန်ပေါက်ထဲတွင် မြင်နေရသောကပ္ပတိန်ဝီလျံ၏ပုံရိပ်က ပို၍ပို၍နီးကပ်လာသည်နှင့်အမျှ ပြတ်သားစွာ တွေ့နေပြီဖြစ်ရာ အသက်ကို တစ်ချက်အောင့်လိုက်သည်။ ပြီးလျှင် (၅)ကိုက်၊ (၄)ကိုက်၊ (၃)ကိုက်။ ဗိုလ်မှူးတာကာနာရှီ၏လက်ညှိုးသည်ဘရင်းဂန်းစက်သေနတ်ခလုတ်ကို အသာအယာပင် ဆွဲညှစ်ချလိုက်ပြီးဖြစ်သွားပါတော့သည်။ "ဒက်–ဒက်–ဒက်" ဟူသော အတွဲလိုက်ပေါက်ကွဲသွားသော ဘရင်းဂန်းသံနှင့် တစ်ချိန်တည်းတွင်ပင် ကပ္ပတိန် ဝီလျံ၏အတ္တဘောကြီးသည် ဆန့်တာပေါက်ပမာ သွေးများ ပွင့်အန်ထွက်တာ တောင်တုန်းအောက်ခြေသို့ တလိမ့်ခေါက်ကွေး လိမ့်ကျသွားသည်မှာ မြန်ဆန်လှသည်။

"နောက်တစ်တောင်တွေ တက်လာကြဦးလေကွာ။ မင်းတို့အင်္ဂလိပ်တွေကို ခွဲပြည်ပိုပစ်ဖို့သေခင်းတွေအသင့်စောင့်နေတယ်ဟေ့"

ဗိုလ်မှူးတာကာနာရှီ၏ ကြုံးဝါးသံသည်အပြင်သို့ထွက်မလာနိုင်တော့ချေ။ တောင်ကုန်းအောက်ခြေတောအုပ်ထဲမှနေ၍ ရုပ်ပြုပစ်ခတ်လာသော လက်နက်ကြီးငယ်အသံများ၊ ဗုံးသီးပေါက်ကွဲသံများပါကမ္ဘာပျက်သည့်အလားပွက်လောညံလာသည်။ မရှေးမနှောင်းမှာပင် "ဒေါ်ဝေါ်" ဆိုသောအသံကြီးက ကောင်းကင်ယံထက်တွင် ပေါ်လာပြီး အနိမ့်ကလေးပျံဝဲထိုးဆင်းလာသောလေယာဉ်နှစ်စင်းဆီမှ ဗုံးသီးများ လျှပ်ပြက်သကဲ့သို့ ကြွေဆင်းလာကြကာဒလစပ်ပေါက်ကွဲသံနှင့်အတူ တောင်ကုန်းတစ်ခုလုံး လွင့်စင်သွားမတတ် တုန်ဟည်းသွားသည်။ မြေမှုန်ကျောက်ခဲများ၊ မီးလုံးကြီးများ၊ မည်းမှောင်သော မီးခိုးလုံးကြီးများ ကောင်းကင်သို့ထိုးတက်ပြန့်ကြဲလျက်ရှိသည်မှာ တော်ရုံနှင့် စဲမသွားတော့ပေ။ ဗိုလ်မှူးတာကာနာရှီသည်တစ်စစီဖြစ်ပြီးပျောက်ကွယ်သွားသော သူရဲဘော်တို့၏အဖြစ်ကို မြင်ရပြီးနောက် ဘရင်းဂန်းသေနတ်ကိုလွှပ်၍ရနေသေးသောလက်တစ်ဖက်နှင့် မြှောက်ပြီး လေယာဉ်ဆီ ထိုးချိန်ရန်ကြိုးစားပါသေးသည်။ သို့သော် သူ့အားခဲကြိုးပမ်းခြင်းက အလဟဿဖြစ်သွားပြီဟုသာ ဆိုရပေမည်။ နောက်တစ်ခေါက်ပြန်လှည့်လာသော လေယာဉ်နှစ်စင်းသည်ဗုံးသီးများအပြင် စက်သေနတ်နှင့်ပါ မွှေ့ယမ်းသွားခြင်းဖြစ်ရာ ကျောက်တောင်ကုန်းခံစစ် နေရာတစ်ခုလုံး မီးတောက်မီးလျှံများကြားတွင် ပျောက်ကွယ်သွားပါတော့သည်။

✡✡✡

စစ်၏ အနိဋ္ဌာရုံကား အဘယ်မှာလျှင် သာယာနစ်လိုဖွယ်ရာ ရှိဦးမည်နည်း။ ကျဆုံးကျန်ရစ်ခဲ့သော ဂျပန်စစ်သည်အလောင်းလေးလောင်းသည် လူ့ကောင်မပီတော့ပဲ အသားတစ်များ၊ အရိုးစများအဖြစ် ပြန့်ကျဲလျက်၊ ယမ်းခိုးနှံ့သွေးညှီနံ့တို့ထောင်းထောင်းထလျက်သာ ရှိပါတော့သည်။

အင်္ဂလိပ်တပ်ခွဲသည် တပ်ခွဲမှူးကပ္ပတိန်ဝီလျံ ကျဆုံးခဲ့ပြီးဖြစ်၍ လက်ဖတောင်နင်စမစ် ဦးဆောင်လျက် တပ်ကိုခြန့်ခွဲကာ တောင်ကုန်းထိပ်သို့ ရောက်လာကြသည်။ လက်ဖတောင်နင်စမစ်သည် အသင့်ကိုင်ဆောင်လာသော ခြောက်လုံးပြူးကို ခါးတွင် ပြန်ထိုးလိုက်ပြီး တောင်ကုန်းကလေးအောက်ခြေဆီသို့ မင်လည်ပြန်ကြည့်လိုက်ရာ တောအုပ်အစပ်လွင်ပြင်တွင်သူတို့၏အင်္ဂလိပ်စစ်သားအလောင်းများကို လှမ်းမြင်ရသလို ဂျပန်စစ်သားအလောင်းများကိုပါ ညနေဆည်းဆာရောင်အောက်တွင် ပြက်ပြက်ထင်ထင်ကစဥ့်ကလျားမြင်နေရသည်။ တောင်ကုန်းအခြေ မရောက်တရောက်တွင်မူသူ၏တပ်ခွဲမှူးကပ္ပတိန်ဝီလျံအလောင်းက ပုံပျက်ပန်းပျက် ခွေခေါက်လျက်။

လက်ဖတောင်နင်စမစ်သည် မြန်မာပြည်စစ်မြေပြင်သို့ နောက်ကျမှ ရောက်လာသူအရာရှိဖြစ်သော်လည်း တိုက်ပွဲပေါင်းများစွာတွင် ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ တိုက်ပွဲတိုင်း၏အမှတ်လက္ခဏာအဖြစ် နောက်ဆုံးကျန်ရစ်ခဲ့လေ့ရှိသည်မှာ ပစ္စက္ခကာလမြင်တွေ့နေရသော အနိဋ္ဌာရုံမြင်ကွင်းမျိုးနှင့် မည်သို့မျှမခြားနားခဲ့ကြောင်း အမှတ်ရလာသည်။ ဤကျဆုံးခဲ့ပြီးသော နှစ်ဖက်စစ်သားများသည် တစ်ဦးနှင့်တစ်ဦး မြင်ဖူး၊ တွေ့ဖူး ဆက်ဆံဖူးမည်မဟုတ်သော တစ်ပြည်ရပ်ခြားစီကသွေးသားဖြင့်တည်ဆောက်ထားသော လူသားများဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ခဲ့ပြီး ရန်ငြိုးထားခဲ့ခြင်းမျိုးလည်း ရှိမည်မဟုတ်သည်

www.burmeseclassic.com



မှာသေချာသည်။ သို့ဆိုလျှင် သူတို့သတ်မှတ်သောစစ်မြေပြင်ဆိုသောနေရာတွင် လူလူချင်း သဲမဲစွာ ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်နေကြခြင်းကို အမုန်းကန်ဆုံးသောအဓိပ္ပာယ်မျိုး ဖွင့်ဆိုကြည့်မည်ဆိုပါလျှင်၊ လက်ဖတင်နင်စမစ်အနေနှင့် တွေးလေ၊ ခေါင်းရှုပ်လာလေနှင့် သူလိုချင်သောအဖြေကိုတိကျခိုင်လုံစွာ မရရှိခဲ့ပေ။

နေလုံးကြီး မိုးကုပ်စက်ဝိုင်းမှ ပျောက်ကွယ်သွားချိန်တွင် ပုစွန်ဆီသွေးရောင်ဆည်းဆာရိပ်သာအနည်းအကျဉ်း ရှိနေပါသေးသည်။ လက်ဖတင်နင်စမစ်သည် သူ့တာဝန်ခွဲကို ပြန်လည်စုစည်းပြီး ကျောက်တောင်ကုန်းအောက်သို့ ဆင်းလာကြစဉ် မည်သူမျှ ကြားနိုင်လိမ့်မည်မဟုတ်သောဖွင့်အန်လာသည့်နာကြည်းဖွယ်ရာ စကားတစ်ခွန်းသည် သူ့ရင်ထဲတွင်ပင် အရိပ်တစ်ခုပမာ ကွယ်ပျောက်သွားပါတော့သည်။

"စစ်တိုက်တဲ့အလုပ်ဟာ တကယ်တော့ လူ့ကျင့်ဝတ်အရ ကြည့်ရင် အင်မတန်အောက်တန်းကျလှတဲ့အနုညာတအလုပ်တစ်ခုပါပဲလား"


⇨ မင်းရွှေသိန်း (ဇင်းကျိုက်)

**ဆေးမြီးတို**

မြွေဆိပ်

(၁) ခရာပင်မှအကိုင်းနုကိုဖြစ်စေ၊ အရွက်ကိုဖြစ်စေ ရေနှင့် သွေး၍ မြွေကိုက်ရာ၌ လိမ်းပါ။ မြွေဆိပ်ကျ၏။

(၂) ကန့်ပလူဥကို ရေနှင့် သွေးလိမ်းပါ။ တိုက်ပါ။




www.burmeseclassic.com


www.burmeseclassic.com

လူငယ်က ကုလားထိုင်ပေါ်မှာ ခေါင်းမွေးစုတ်ဖွားနဲ့ ဖတ်လက်စစာအုပ်ကို အတော်စိတ်ဝင်စားနေပုံရတယ်။ နောက် အသက်ပြင်းပြင်းရှူရင်း စာအုပ်ကို ခေါင်းပေါ်တင်လိုက်တယ်။

"ခွင့်မပန်ဘဲ ယူဖတ်မိတာ စိတ်မရှိပါနဲ့ - ခင်ဗျားစာအုပ်လား"

"ကိစ္စမရှိပါဘူးဗျာ။ စာအုပ်က သေး တော့ သွားလေရာရာ ယူသွားပြီး ဖတ်နေတာအလွတ်နီးပါးရနေပါပြီ" လို့ အမေးခံရတဲ့ ကိုဝင်းစည်က ပြန်ဖြေလိုက်တယ်။

လူငယ်ကလေးတစ်ယောက်
လူသတ်မိသည်ဟု မိမိကိုယ်မိမိ
သံသယရှိရာမှ ထူးဆန်းသော
စိတ္တဇဆန်ဆန် ရာဇဝတ်တစ်ခု
ဖြစ်လာသည်။ အဆုံးတွင်တော့
တရားခံသည် ...




www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်ထဲရေးထားတာတွေ့တစ်ခု တွေးတောင်မတွေးမိပါဘူးဗျာ။ ဖြစ်ကော ဖြစ်နိုင်ရဲ့လား"

အမေးခံရသူ ကိုဝင်းစည်က တစ်ဖက်ကို လှည့်နေရာက ပြန်လှည့်ကြည့်ရင်း -

"ဖြစ်ရပ်ဆန်းကြယ်ကို ရေးတာပဲ။ ကျောင်းဆရာတစ်ယောက် လေးအိမ်တန်းရွာကထွက်လာပြီးတဲ့နောက်ဘယ်နဲ့ညာဘက်မှားပြီး ပြန်လာတယ်လို့ ရေးထားတဲ့ တကယ်တော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ စာဖတ်တဲ့လူစွဲအောင်ရေးထားတာပါ"

"ဒီတာကိုဖတ်ပြီး သိပ်သဘောကောင်းတယ်ဘူး။ ဒီလိုနေရာမျိုးရှိတာလည်း သေချာ။ သိပ္ပံပညာကျွမ်းတဲ့လူနဲ့ တူပါတယ်။ အတော်ရှင်းအောင်တော့ ရေးထားတာပဲ၊ ဘယ်ညာပြောင်းပြန်ဖြစ်အသယ်ဆိုတာ အတွေ့အကြုံအရ သိနေအလိုတော့ရှိအား၊ ခင်ဗျားယုံမယ်ဆိုရင်ပေါ့"

ကိုဝင်းစည်က စီးကရက်ဘူး လှမ်းပေးလိုက်တယ်။ လူငယ်က မွေးရာပါအသိနဲ့ ဘယ်လက်နဲ့ လှမ်းယူလိုက်တယ်။ နောက် သေချာ၊ မသေချာ သူ့ကိုယ်သူပြန်စစ်ဆေးကြည့်ပြီး သူ့ရဲ့ညာဘက်လက်ဆန့်ထုတ်လိုက်တယ်။

"ဒီမှာ ခင်ဗျားမြင်တယ်နော်၊ မစဉ်းစားမိရင် ကျွန်တော်က ဘယ်သန်၊ စဉ်းစားလိုက်ရင် ညာသန်ဖြစ်သွားတယ်။ ဒီစာအုပ်ထဲက ကျောင်းဆရာ ဦးပီတာလိုပဲ၊ ဒါကို သတိမထားမိဘူး၊ အသေးအဖွဲ့ပါ၊ လူအတော်များများက ဘယ်သန်တွေပဲ၊ အဲလိုနေရာမျိုး ရောက်သွားရင် ကျွန်တော်လည်း ဘာတွေ လုပ်မိမယ်မသိဘူး"

သူက လေးလေးပင်ပင် သက်ပြင်းချလိုက်တယ်။

"ကျွန်တော် စိတ်မကောင်းဘူးဗျာ။ ကျုပ်စိုးရိမ်မိတာက သေရမယ့်အရေးပဲ"

"အဲဒီအကြောင်း ပြောမလို့လား"

ကိုဝင်းစည်က မေးလိုက်သည်။

"မပြောချင်ပါဘူးဗျာ၊ ပြောရင် ခပ်ကြောင်ကြောင်လို့ထင်မှာပေါ့။ ကျွန်တော် မနက် အိပ်ရာကနိုးရင် ကျုပ်ညာက ဘယ်တွေလျှောက်သွားမိသလဲတွေးပြီး အံ့ဩနေတာ။ မနက်မိုးလင်း သတင်းစာတွေရှကတည်းကအတော်မတည်မငြိမ်ဖြစ်နေတယ်။ ခင်ဗျားအနေနဲ့ ငြီးငွေ့စရာတစ်ခုလို့ မထင်ရင်တော့ ပြောပြချင်တယ်"

ထို့နောက် သူက ပတ်ပတ်လည် မျက်စိကစားရင်း ကြည့်လိုက်တယ်။



"အင်း - ဘယ်သူမှ မရှိလောက်ပါ ...နော်၊ ခင်ဗျား စိတ်မဆိုးဘူးဆိုရင် ...နစ်လောက် ခင်ဗျားလက်ဒီပေါ်မှာ ...ပေးထားပါ"

သူက သူ့ရဲ့အကျီကြယ်စေ့တွေကို ...ရင်း ခန္ဓာဗေဒသဘောအရသူ့နှလုံး ...ဘက် ကို စမ်းကြည့် စေချင် တဲ့ ...ဘောနဲ့ ကိုဝင်းစည်လက်ကို ယူပြီး ...ထိုင်းလိုက်တာဖြစ်တယ်။

သူပြောတဲ့အတိုင်း ကိုဝင်းစည်က ...လုပ်တယ်။

"တစ်ခုခုစမ်းမိလား"

"ကျုပ်မသိဘူး။ ကျုပ် ဘာကို စံစား ...လဲ၊ ယောင်နေတာလား။ သွေးခုန် ...စမ်းစေချင်တာလား။ ဒါဆို လက် ...ဘက် ဝတ်ကို စမ်းတာ ပိုကောင်း ...ယ်"

...ဝင်းစည်သူက ပြန်ပြောတယ်။

"ဒီဘက်မှာ စမ်းပေးပါ - ဟုတ်ပြီ၊ ...ဘက် စမ်းကြည့်ပါဦး" လူငယ်က ...တယ်။

ကိုဝင်းစည်က သူ့သဘောအတိုင်း ...ကို တခြားဘက် ရွှေ့လိုက်တယ်။

"နည်းနည်းလှုပ်ရှားတာ စမ်းမိ ...တယ်"

"ခင်ဗျားကဒီဘက်မှာစမ်းမိမယ်လို့ မထင်ဘူးမဟုတ်လား။ တခြားဘက်မှာလို့ထင်နေတာမဟုတ်လား။ ကျွန်တော့်ရဲ့နှလုံးက ကျွန်တော့်ရဲ့ညာဘက်ခြမ်းမှာ ရောက်နေတာ၊ အဲဒါကို ကျွန်တော်က သိစေချင်တာ"

"ဖျားနာနေတုန်း ခွဲစိတ်ရာကနေ များသွားတာလို့ ဆိုချင်တာလား"

ကိုဝင်းစည်က စာစာနာနာ ပေးလိုက်တယ်။

"ကျွန်တော့်အသည်းလည်း နေရာမှားနေတယ်။ တခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေရော ဆိုပါတော့။ ဆရာဝန်တစ်ယောက်နဲ့ ပြဖူးတယ်၊ ဆရာဝန်က ခင်ဗျားဟာတွေအားလုံးပြောင်းပြန်တွေလို့ပြောတယ်။ ကျုပ် ဘယ်ဘက်မှာ အူအတက်ရှိတယ်၊ သူတို့ ခွဲထုတ်လိုက်ကြတယ်၊ ခင်ဗျားတို့ ခွဲထားတဲ့ဒဏ်ရာ ပြမယ်"

"ဒါမျိုးက ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပါဘူး" လို့ပြန်ပြောလိုက်တယ်။

"တစ်ခါတလေတော့လည်း ဖြစ်တတ်ပါတယ်" လို့ပြန်ပြောလိုက်တယ်။

"ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူးဗျာ၊ ဥစ္စာပျံ ကြွေကျသလို မကောင်းတင်တ

www.burmeseclassic.com

www.burmeseclassic.com



မီးနိုးလုံးကြီး ကျလာပြီး ပေါက်ကွဲမှုတစ်ခု မှာ ဖြစ်သွားတာပါ”

“ဟုတ်ရဲ့လား” ဝင်းစည်က အံ့အား သင့်စွာ မေးလိုက်တယ်။

“ဟုတ်တယ် – ကျွန်တော် (၁၈) နှစ် သားအရွယ်က ဆိုပါတော့။ ကျွန်တော်က သန်လျင်ဘက်က ထုပ်ပိုးဌာနတစ်ခုမှာ အလုပ်လုပ်နေတယ်။ အဲဒီတုန်းက အမေက ရွာမှာ၊ ရွာက အမေ့ဆီ အလုပ်ရဲ့ ကနေ ခဏပြန်လာခဲ့တာ၊ အဲဒီအချိန် လမ်းမှာဖြစ်တာ။ နေ့ခင်းကြောင်တောင် အားလုံးမှောင်မည်းသွားတယ်”

“ပေါက်ကွဲမှုဖြစ်တော့ ခင်ဗျား ဒဏ် ရာရခဲ့တာလား”

“ဝခုံးနဲ့ တင်ပါးမှာ အညိုအမည်းစွဲ တာ အပြင် ဘာမှတော့ မဖြစ်ပါဘူး။ အတော် ဒယီးဒယိုင်ဖြစ်သွားတယ်၊ ဘယ်သူခေါ်လာတယ်မသိဘူး။ ဆေးရုံ ကို ရောက်နေတယ်၊ နာရီကြည့်လိုက် တော့ နာရီက ရပ်နေတယ်၊ အတော် လည်း ဆာနေတယ်၊ အိတ်ကပ်ထဲ စမ်း ကြည့်တော့ အတွေ့ဇစ်အနည်းအပါး တွေ့ရတယ်။ နေသာထိုင်သာရှိတော့ ဆေးရုံကနေထွက်လာတယ်၊ လမ်းဘေး တစ်နေရာ အကြော်ဆိုင်မှာ အကြော်နဲ့ ရေနွေးလာချပေးဖို့ ပြောတယ်၊ ထိုင် စောင့်နေတုန်း ထိုင်တဲ့ဖျာနံဘေးမှာ ဇာ ရွက်တစ်ရွက် တွေ့လို့ ယူကြည့်တော့ ဇာ ရွက်ပေါ်မှာ ဇန်နဝါရီ (၃၀) ဆိုတဲ့ရက်ကို တွေ့တယ်၊ ကျွန်တော် အမေ့ဆီ ထွက် လာတဲ့နေ့က (၂၈) ရက်ဆိုတော့ (၂) ည နဲ့ တစ်နေ့ဖြစ်ခဲ့တာပါလားလို့” တွေး တယ်။

“စိတ်ချောက်ချားစရာပါလား” လို့ ကိုဝင်းစည်က ပြောတော့ ...

“စိတ်ချောက်ချားစရာ ဟုတ်လား ဒီလိုပဲ တွေးမိလား။ ဒီအကြောင်း ဆ မပြောချင်တော့ပါဘူး။ နောက်ကျွန်တော် ဆရာဝန်နဲ့ တွေ့တယ်။ နောက်ဆုံး အ လုပ်ခဲ့သလဲ မှတ်မိသလားလို့ မေးတယ် ကျွန်တော်က ဥက္ကာပျံကြီး ကျလာပြီး ပေါက်ကွဲသံ ကြားရတဲ့အကြောင်း ပြော ပြတယ်၊ ကျွန်တော်က ဗုံးဆန်ကျလာ တယ်ထင်တဲ့ အကြောင်း ပြောတယ် ဒီထက် ဘာမှပိုမသိတဲ့အကြောင်း ပြော ပြတယ်” ဆရာဝန်က သူ့နားကြပ်နဲ့ ကြည့်တယ်။ ပြီးတော့ –

“ဘယ်လိုလဲ – ကောင်လေး။ ခ နလုံးက ဘက်မှားနေပါလား” လို့ ပြော တယ်။

“ကျွန်တော်ပြောခဲ့တဲ့အတိုင်း အဲဒါ ဆရာဝန်ဆီက ပထမဆုံးကြား

တာ၊ ပြီးတော့ – ကျွန်တော့်မိသားစုတွေ အကြောင်းမေးတယ်။ ကျွန်တော်က တစ်ဦးတည်းသောသား၊ ကျွန်တော့် အဖေက ကားတိုက်ခံရပြီး သေသွားပြီ။ အဲဒီတုန်းက ကျွန်တော်က (၁၀) နှစ်သား ပဲ ရှိသေးတယ်၊ အမေနဲ့နေတယ်လို့ ပြောလိုက်တယ်၊ ကောင်းကောင်းသက် သာလာတော့ ဆေးရုံက ဆင်းလာပြီး ရန်ကုန်က ဦးလေးဆီမှာ သွားနေလိုက် တယ်၊ အလုပ်ရုံမှာတော့ ခွင့်စာတင်ထား ခဲ့တာ ရှိတယ်၊ ခွင့်တင်ခဲ့တာထက်တော့ ပိုသွားတာပေါ့၊ ဦးလေးအိမ်မှာနားနေ ရင်း ကမ်းနားလမ်းက ကြည့်မှန်အရှည် ကြီးတပ်ထားတဲ့ ကော်ဖီဆိုင်မှာ ကော်ဖီ သွားသောက်တတ်တယ်”

ကိုဝင်းစည်က တောက်ခံတဲ့သဘော ခေါင်းညိတ်ပြလိုက်တယ်၊

ဆိုင်မှာ ကိုယ်လုံးပေါ်မှန်တွေက အပြည့်တပ်ထားတယ်၊ အနားက မှန်ထဲ လှမ်းကြည့်လိုက်တော့ မိန်းမပျိုတစ် ယောက်က ကျွန်တော့်ကို သိသလိုမျိုး ပြုံးပြီးကြည့်နေတာ တွေ့လိုက်ရတယ်၊ သူမကို အရင်က မတွေ့ခဲ့ဖူးဘူး။ လူမှား တယ်လို့ပဲ ထင်တယ်၊ ကျွန်တော် အဝေး ကို ကြည့်နေလိုက်ပြီး ကော်ဖီ ဆက် သောက်နေလိုက်တယ်၊ ချက်ချင်းဆို သလိုပဲ အသံတစ်သံက ကျွန်တော့်နား ကို ကပ်ပြီး ပြောလိုက်တယ်၊

“ဟေ့ ဆန်နီ – နင်က ငါ့ကို နှုတ် မဆက်တော့ဘူးလား” တဲ့၊

ကျွန်တော် ကြည့်လိုက်တော့ သူမ ကို တွေ့လိုက်တယ်၊ လှလှပပ ခြယ်သ ထားတယ်၊

ကျွန်တော် ကြောက်သလိုဖြစ်သွား တယ်၊

“ဟေ့ ဆန်နီ – ဗုဒ္ဓဟူးနေ့ညတုန်း တလေ၊ ဘတိုးချစ်ရယ် – မမှတ်မိတော့ ဘူးလား” ရွှတ်ရွှတ်နောက်နောက်နဲ့ သူမ က ပြောလိုက်တယ်၊

ဆန်နီလို့ခေါ်တဲ့အပေါ် စဉ်းစားမရ ဖြစ်နေတယ်၊ ဆံပင်ကနီကြောင်ကြောင် မို့ ဆန်နီလို့ ခေါ်တာလား၊ ရုပ်ချင်းဆင် တူတဲ့လူကို တွေ့ခဲ့ဖူးလို့လား။ နာမည်တာ လည်း ခပ်ဆင်ဆင်ပဲ၊

“ကျွန်တော်တို့ချင်း ရင်းနှီးတယ်လို့ ထင်လို့လား” ဆိုပြီး ကျွန်တော်က ပြော တယ်၊ “ပြောနေဖို့လိုသေးလား” လို့ပြန် မေးတယ်၊

ဟုတ်ပြီ – မေးနေဖို့မလိုတော့ဘူး၊ သူမပြောတာတွေက သူနဲ့ ကျွန်တော် တစ်ညတွေ့ခဲ့ကြတယ်၊ သူမအိမ်ကိုခေါ် သွားတယ်၊ ကျွန်တော်အကြောင်းဆုံး

www.burmeseclassic.com



တာ ဥက္ကာပျံကြီး ကြွေကျပြီး ပေါက်ကွဲသံလိုမျိုး ကြားလိုက်ရတယ်လို့ ပြောလိုက်တဲ့စကားပဲ။

သူမက ကျွန်တော့်ကိုစိုက်ကြည့်ရင်း စိတ်ရှုပ်သွားပုံရတယ်။ ပြီးတော့မှ "ဟုတ်ပါတယ်၊ ရှင်မှ ရှင်ပါပဲ" တဲ့။

ကျွန်တော်ကတော့ သူမပြောပြတဲ့ အဖြစ်အပျက်တွေကိုမမှတ်မိတော့ဘူး။ အဲဒီရက်တွေက ကျွန်တော် ဟာ မိန်းကလေးတွေနဲ့ ကင်းကင်းနေခဲ့တယ်ဆိုတာကို သိတယ်။

သူမ ကျွန်တော့်အပါးကနေ ထွက်သွားဖို့ တောင်းပန်စကား ပြောရတယ်၊ တခြား ဘာလုပ်မိလဲတော့ ကျွန်တော် မသိဘူး၊ နောက်ပိုင်းအကြောင်းတွေ သူမ မပြောနိုင်ဘူး၊ တခြားထူးထူးဆန်းဆန်း ဘာတွေလုပ်မိလဲ၊ ကျွန်တော် သေတတ်ဖြစ်သွားတယ်။

"စောစောတုန်းက ပြောတဲ့ အထဲမှာ ဘတိုးချစ်ဆိုတာ ပါသွားတယ်။ မင်းရဲ့ နာမည်လား"

"ဆိုပါတော့ - ကျွန်တော့်နာမည်ရင်းက ဘတိုးပါ၊ အမေက ချစ်စနိုးနဲ့ "ချစ်" ထည့်ပြီး "ဘတိုးချစ်" လို့ခေါ်တယ်။ ဒါပေမဲ့ - အားလုံးက "ဘတိုး" လို့ပဲ ခေါ်ကြပါတယ်"

"ပြောလက်စ စကား ဆက်ပြောပါဦး" လို့ပြောတော့ အခုလို သူက ဆက်ပြောတယ်။

"ကျွန်တော့်ကို ကြောက်စရာအိပ်မက်တစ်ခုက ခြောက်လှန့်နေတယ်။ ငယ်ငယ်လေးကတည်းက ကြောက်ခဲ့ရတာ။ အဲဒါက ကျွန်တော်အမေနဲ့အင်းစိန်ဘက် ရောက်ကြတဲ့ အချိန်ကစတာ။ တစ်ရက် ကျွန်တော် အပြင်းဖျားပြီး မေ့မြောသွားတယ်ထင်တယ်။ ထင်ထင်ရှားရှား မှတ်သားမိနေတာတစ်ခုက အမေနဲ့လား၊ တခြားတစ်ယောက်နဲ့လားမသိ။ လှည့်ပတ်သွားနေတာကို မှတ်မိနေတယ်၊ အိပ်ပျော်ရင်းနဲ့ လျှောက်သွားနေတာလားတော့ မသိဘူး၊ ကျွန်တော့် အမေအကြောင်း ဆက်ပြောမယ်၊ အမေက စိတ်သဘောထား ကောင်းတယ်။ ဖြောင့်မတ်တယ်။ ဒါပေမဲ့ - ဓာတ်ရှင်ကြည့်ရတာကို ဝါသနာပါတယ်၊ ထပ်ခါထပ်ခါကြည့်တယ်။ ကျွန်တော် ခုနစ်နှစ် ရှစ်နှစ်လောက်မှာ ဓာတ်ရှင်တစ်ခု ကြည့်ဖို့ ခေါ်သွားတယ်၊ နာမည်ရော အတ်လမ်းပါ မေ့သလိုပဲ။ မှတ်မိနေတာတစ်ခုရှိတယ်၊ သူက ကောလိပ်ကျောင်းသား၊ မကောင်းဆိုးဝါးနဲ့ ပေါင်းမိသွားတယ်၊ တစ်နေ့သူ့ကိုယ်ပွားတစ်ယောက် ကြေးမုံမှန်ကြီးထဲက ထွက်လာပြီး ကြောက်လန့်စရာ ရာဇဝတ်မှုတွေကို ကျူးလွန်တယ်၊ လူတိုင်းက သူ့ကို ထင်နေကြတယ်၊ အခုလည်းကျွန်တော်ဒီလိုပဲထင်တယ်၊ အသေးစိတ်တော့ မမှတ်မိဘူး၊ ကြာခဲ့ပြီလေ၊ ကျွန်တော် မမေ့နိုင်တာက မကောင်းဆိုးဝါးက မှန်ထဲက ထွက်လာပြီး ရာဇဝတ်မှုတွေ ကျူးလွန်တယ်၊ လူတွေက ကျွန်တော် ကျူးလွန်တယ်လို့ထင်တယ်၊ အဲဒီကားကြည့်ပြီး ကျွန်တော် ကုန်းအော်လိုက်တာနဲ့ အမေ ထိုင်ခုံထဲက ဆွဲထုတ်ပြီးအပြင်ကိုခေါ်လာခဲ့တယ်၊



နှစ်တွေ ကာလတွေသာ ကြာလာတယ်၊ အဲဒီအိပ်မက်ကိုကျွန်တော်မကြာခဏ မက်မက်နေတယ်၊ တစ်နေ့တော့ ကျွန်တော်က ရှည်မျောမျောမှန်ရှည်ကြီးကို ကြည့်ကြည့်နေမိတယ်၊ ကျွန်တော် ကိုယ်ပွားကို ကျွန်တော် မှန်ထဲမှာ တွေ့ရတယ်၊ ကျွန်တော်က ကျွန်တော့်ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီး လမ်းလျှောက်သွားတယ်၊ သူက သူ့ညာဘက်ကို ထုတ်ပြီး ကျွန်တော့်ဆီ လမ်းလျှောက်လာတယ်၊ သူ ကျွန်တော့်ဆီ ရောက်လာတဲ့အခါ အဲဒီအချိန်က ကြောက်ရောပဲ၊ ကျွန်တော့်ကို ကျော်ခိုင်းပြီးမှ မှန်ထဲ ပြေးဝင်သွားတယ်၊ အဲဒီပြေးဝင်သွားသူက တကယ့်လူ၊ ကျန်ခဲ့တဲ့ ကျွန်တော်က သူ့ကိုယ်ပွားဖြစ်နေတယ်၊ ကျွန်တော်ဝန်းကျင်မှာ မည်းမှောင်သွားတယ်၊ ပြီးတော့ - ကျွန်တော် ချွေးတွေ စိုရွှဲပြီး နိုးလာတော့တယ်၊

"ယုံရခက်ခက်ပါပဲလား၊ ဒါမျိုး ဒဏ္ဍာရီတစ်ခု ကြားဖူးတယ်၊ ငယ်ငယ်တုန်းကဆိုပါတော့၊ အဘွားက အဲဒီ ဒဏ္ဍာရီအကြောင်းပြောရင်မကြောက်ဘဲ မနေနိုင်ဘူး၊ ကြောက်ကိုကြောက်တာ" လို့ ကိုဝင်းစည်က ပြောတော့ -

လူငယ်က အတွေးပါပါနဲ့ ခေါင်းညိတ်လိုက်တယ်၊

"ဟင်း" ဆိုပြီး သူက အခုလို ဆက်ပြောပြပြန်တယ်၊ "အချိန်ကျလာရင် ညတစ္ဆေက ကျွန်တော့်ကို လာခြောက်တော့တာပဲ၊ ပထမတော့ ပြတ်တောင်းပြတ်တောင်းပဲ၊ နောက်တော့ စိပ်လာတယ်၊ မှန်ရှည်ကြီးရှေ့ကိုရောက်လို့ရှိရင် ကျွန်တော့်မျက်လုံးတွေကပိတ်မရတော့ဘူး၊ မှန်ထဲကအရာတစ်ခုက လက်ဆန့်ထွက်လာပြီး ကျွန်တော့်ကို မှန်ထဲ ဆွဲသွင်းသွားတော့မယ့်အတိုင်းပဲ၊ တစ်ခါတစ်ရံ ကျွန်တော် ကြောက်လန့်ပြီး နိုးလာတယ်၊ တစ်ခါတလေတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်က ဆက်မက်နေတယ်။ ထူးထူးဆန်းဆန်း ကမ္ဘာထဲမှာ ကျွန်တော် ခဏခဏ ခလုတ်တိုက်မိတယ်၊ တချို့ညတွေမှာဆိုရင် အိပ်မက်မက်မှာစိုးပြီး ကျွန်တော် မအိပ်ပဲ ထထိုင်နေတယ်။ ညကျရင် အိပ်ခန်းကို သော့ခတ်ပြီး သော့ကို ဝှက်ထားတယ်။ တစ်ခါတလေကိုယ့်ဟာကိုယ် ဘာလုပ်မိလည်း မသိတော့ဘူး။ ဒါပေမဲ့ - အိပ်ပျော်ရင်း ထလမ်းလျှောက်တဲ့သူတွေက သူတို့နိုးလာရင် သူ့ကို နိုးနေတုန်း ဘယ်နေရာမှာ ဘာတွေ ဝှက်ထားတယ်ဆိုတာ သတိရနေကြတယ်လို့တော့ စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်။

"ဒီလိုဆို အခန်းထဲမှာ ဘာလို့ အဖော်တစ်ယောက်နဲ့ မနေရတာလဲ"

"ဒါလည်း - ဟုတ်တာပဲ။ ကျွန်တော် အမျိုးသမီးတစ်ယောက်နဲ့ နေခဲ့တယ်။ သူက ခပ်ငယ်ငယ်ပဲ အိပ်မက်တွေ ထွက်ပြေးသွားတယ်။ သုံးနှစ်လောက် အေးအေးဆေးဆေးနေလိုက်ရတယ်။ အဲဒီ မိန်းကလေးကို သဘောကျပါတယ်။ နောက်တော့ သူ သေသွားတယ်"

သူက သူ့ရဲ့ သောက်လက်စ လက်ကျန်ကို မျိုချလိုက်ပြီး နှုတ်ခမ်းသပ်လိုက်တယ်။



အိပ်မက်တွေက ပိုကောင်းလာတယ်။ အခုအထိ မက်နေတုန်းပဲ။ လွန်ခဲ့တဲ့ ရက်ညက မက်ခဲ့တဲ့အိပ်မက်က အဆိုးဆုံး တတော့ အဆိုးဆုံးပဲ။ မကြုံဖူးဘူး။ သတ်တယ်၊ ဝှက်တယ်၊ လည်ပင်းညှစ်တယ်။ ကောင်းဆိုးရွားနောက် ခြေရာခံလိုက်တယ်။ တခြား ကျွန်တော်တစ်ယောက် ပဲ။ ထိုးပြီးလှဲချလိုက်တယ်။ သူ့လည် ပင်းပေါ်မှာ ကျွန်တော့်လက်ချောင်းတွေ ကိုယ့်ဟာကိုယ် သတ်နေတာ။



"အလုတ်အအေးမိပြီးသေသွားတာ။ [illegible]ဒီနောက်တော့ တစ်ယောက်တည်း [illegible]ဖြစ်သွားပြီး အခြေအနေက ပြန်ဆိုး[illegible]သွားတယ်၊ အိပ်မက်တွေပြန်ရောက်လာ[illegible]တယ် ပြောပါတော့"

"တစ်နေ့မှာတော့ နေ့ခင်းကြောင်[illegible]တောင်ချည်း - ဟိုက်ကုတ်ရှုံးဘက် [illegible]လျှောက်သွားနေတယ်။ ရာသီဥတုက [illegible]နိုင်းဆိုင်းပဲ၊ ကျွန်တော် ဆံပင်ညှပ်[illegible]ချင်စိတ် ပေါက်လာတယ်။ အဲဒီဟိုက်[illegible]တယ်နဲ့မနီးမဝေးမှာ ဆံပင်ညှပ်ဆိုင်တစ်[illegible]ဆိုင် ရှိတယ်။ လမ်းမကနေ လမ်းသွယ်[illegible]ထဲ ဆင်းသွားရတယ်၊ ဆံပင်ညှပ်ဆိုင်ရဲ့[illegible]ခါးမှာ မှန်ရှည်ကြီး တစ်ချပ်ရှိတယ်၊ [illegible]ဆိုင်နာမည်ကို ရွှေရောင်စာလုံးနဲ့ ကန့်[illegible]လန့်ဖြတ် ရေးထားတယ်၊ ကျွန်တော် [illegible]ဘာကိုဆိုလိုတယ်ဆိုတာ ခင်ဗျား သိပါ[illegible]တယ်"

"ကျွန်တော် အထဲဝင်သွားတော့ [illegible]လမ်းသွယ်ထဲမှာ မီးရောင်ရှိတယ်၊ [illegible]ဖြင့်ရှင်းရှင်းလင်းလင်းမြင်ရတယ်၊ [illegible]ရှုပ်လိုက်တော့ ကျွန်တော့်ကိုယ် [illegible]ဟာ ကျွန်တော်နဲ့တွေ့ဖို့ ထွက်လာ[illegible]တယ်၊ ချက်ချင်းဆိုသလို ကြောက်လန့်[illegible]အိပ်မက် ကျွန်တော့်ဆီ ရောက်လာ[illegible]တယ်၊ ဒါတွေက ဘာမှမဟုတ်တဲ့

အကြောင်း ကိုယ့်ကိုယ်ကိုယ် အားပေးရင်း တံခါးလက်ကိုင်ကို ကိုင်ဖို့ လက်ကို ဆန့်ထုတ်လိုက်တယ်၊ ထုတ်လိုက်တာက ဘယ်ဘက်လက်၊ ကျွန်တော်က ဘယ်သန်လေ"

"ကိုယ်ပွားက သူ့ညာလက်ကိုထုတ်တယ်၊ ကျွန်တော့်ရုပ် ကျွန်တော်မြင်နေရတယ်၊ ဒါပေမဲ့ - မျက်နှာ - အလိုဘုရားရေ၊ အိပ်မက်ထဲကလိုပဲ ကျွန်တော့်ကို သွားဖြဲပြတယ်၊ ပြီးတော့ ချက်ချင်းပဲ ကျောပေးပြီး လှည့်ထွက်သွားတယ်"

"ကျွန်တော့်လက်က တံခါးပေါ်မှာ၊ ပြီးတော့ - ပွင့်သွားတယ်၊ ဝင်ပေါက်မှာ ခလုတ်တိုက်မိပြီး လဲကျသွားတယ်"

"အဲဒီနောက် ဘာကိုမှ သတိမရတော့ဘူး။ ကျွန်တော် စုတင်အိပ်ရာပေး ပြန်ရောက်နေတယ်၊ ကျွန်တော် ပြန်နိုးလာတော့ ကျွန်တော့်ဘေးမှာ ဆရာဝန်တစ်ယောက် ရောက်နေတယ်၊ သူက ကျွန်တော် မေ့မြောသွားတဲ့အကြောင်း၊ ကျွန်တော့်ကိုယ်မှာ လိပ်စာတွေ့တာနဲ့ အိမ်ကိုပြန်ယူလာခဲ့တဲ့အကြောင်း ပြောပြတယ်"

"ကျွန်တော်က ဆရာဝန်ကို အကြောင်းစုံပြောပြတော့ ကျွန်တော်ဟာ အကြောရောဂါရနေတဲ့ အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အပြောင်းအလဲ ရှာသင့်တဲ့ အကြောင်း၊ လေဟာပြင်ထဲမှာ ထွက်နေသင့်တဲ့အကြောင်း ပြောတယ်”

“သူတို့ ကျွန်တော့်အပေါ် ကောင်းကြပါတယ်၊ မြို့ထဲမှာလှည့်ပတ်ပြီးဖောက်သည်ရှာရတဲ့အလုပ်မျိုးပေါ့၊ အခု အဲဒီအလုပ်လုပ်တယ်”

“အိပ်မက်တွေက ပိုကောင်းလာတယ်၊ အခုအထိ မက်နေတုန်းပဲ၊ လွန်ခဲ့တဲ့ရက်ညက မက်ခဲ့တဲ့အိပ်မက်က အဆိုးတကာ့ အဆိုးဆုံးပဲ၊ မကြုံဖူးဘူး၊ သတ်တယ်၊ ပုတ်တယ်၊ လည်ပင်းညှစ်တယ်၊ ကောင်းဆိုးရွားနောက် ခြေရာခံလိုက်တယ်၊ တခြားကျွန်တော်တစ်ယောက်ပဲ၊ ထိုးပြီးလှဲချလိုက်တယ်၊ သူ့လည်ပင်းပေါ်မှာ ကျွန်တော့်လက်ချောင်းတွေ ကိုယ့်အသားကိုယ် သတ်နေတာ”

“အဲဒါအင်းစိန်မှာဖြစ်ခဲ့တာ၊ အဲဒီမှာဆိုးကျွန်တော်အတော်ဆိုးတယ်၊ အဲဒီကနေဒီကိုရောက်လာတာ”

“ဒီစာအုပ်ကို ဘာကြောင့်စိတ်ဝင်စားလဲခင်ဗျားမေးတယ်၊ “လေအိမ်တန်း” အကြောင်းရေးထားတယ်၊ ဒီစာအုပ်ရေးတဲ့လူက ဒီအကြောင်း သူ အတော်သိထားပုံရတယ်၊ ခင်ဗျားက ပညာတတ်တစ်ယောက် ဖြစ်ပုံရတယ်၊ ဒီအ... ခင်ဗျား ဘယ်လိုထင်သလဲ”

“ကျွန်တော့်အထင်ပြောရရင်... ဆရာဝန်ပြောသလိုပဲ ခင်ဗျားမှာအ... ရောဂါတစ်ခု ရနေတယ်လို့ပဲ ထင်တယ်...” ကိုဝင်းစည်က ပြောတယ်၊

ကျွန်တော်ဆိုလိုတာက ရော... အကြောင်းမဟုတ်ပါဘူး၊ ဒီစာအုပ်ထဲ... ရေးထားတဲ့ ဒရက္ကုလာရီနဲ့ပတ်သက်လို့... ဒီမကောင်းဆိုးရွားတွေက လူ... အကြောင်း အတော်သိတယ်၊ ဒါ ကျွ... တော်ယုံလို့ပြောတာ မဟုတ်ပါဘူး... ဒါပေမဲ့ - သူတို့ထဲက တချို့က ကျွန်တော်... ကို ပူးကပ်နေတာလားမသိဘူး၊

“ဒီအတွက် သောကမထားပါနဲ့... ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင်... လတ်ဆတ်တဲ့ လေဟာပြင်ထဲမှာ... အသက်ရှင်နေမယ်၊ ပြီးရင် လက်ထ... မယ်၊ ကိုယ်ရဲ့လှုပ်ရှားမှုတွေအပေါ်... စစ်ကြည့်မယ်၊ ဒါဆိုရင် အိပ်မက်တွေ... နောက်ထပ်ပြန်မလာတော့ဘူးပေါ့၊

“ဟုတ်ပါတယ်၊ ဒါကို ကျွန်တော်... စဉ်းစားမိပါတယ်၊ ဒီလူ့အကြောင်းနောက်... တစ်နေ့ ဖတ်ကြည့်မလား၊ အိပ်ရာထဲမှာ... သူ့ဇနီးကို လည်ပင်းညှစ်သတ်လိုက်...



...တယ်၊ စဉ်းစားကြည့်စမ်းပါ၊ ဒါက လူတစ်ယောက်အဖို့ ကြောက်မက်ဖွယ်ရာကိစ္စတစ်ခုပဲမဟုတ်ဘူးလား၊ အဲဒီလိုမျိုးအိပ်မက်တွေ ...”

ကိုဝင်းစည်က ဘာမှမပြောတော့ပဲ ...ရှုပ်လိုက်တယ်၊

☆☆☆

ခဏကြာတော့ကိုဝင်းစည်က ဘား ...ဆိုင်တစ်ဆိုင်ဆီသို့လမ်းလျှောက်ထွက်သွားတယ်၊ အရက်ဆိုင်က ဘားကောင်တာမှာ ဝိတ်တာကောင်လေးတွေက သတင်းစာတစ်စောင်အပေါ်မှာ ဝိုင်းအုံကြည့်နေကြတယ်၊ သူတို့က စိတ်လှုပ်ရှားစွာနဲ့စကားပြောနေကြတယ်၊ ဒါပေမဲ့ ...င်းစည် ဝင်လာတဲ့ခြေသံကြောင့် ပြောလက်စတွေ တုံးတိတိနဲ့ ရပ်ဆိုင်းသွားတယ်၊

(၁၀)မိနစ်နောက်ကြာလို့ ပြန်လာတော့ ကောင်လေးက မရှိတော့ဘူး၊ ထွက်သွားပြီ၊ ကုလားထိုင်ပေါ်လွှားတင်ထားတဲ့သူ့ကုတ်အင်္ကျီကိုလည်းယူသွား...ကိုဝင်းစည်က သူ့အိပ်ခန်းဆီတက်သွား...အဝတ်အစားလဲလိုက်တယ်၊ ပြီးတော့ အခန်းထဲမှာ ရှိနေတဲ့သတင်းစာကို ဆွဲယူပြီး ကြည့်လိုက်တယ်၊ ပထမစာမျက်နှာကို ရည်ရွယ်ချက်ရှိရှိနဲ့ အချိန်အတန်ကြာအောင် စိုက်ကြည့်နေလိုက်တယ်၊ အဲဒီအခိုက်အတန့်မှာပဲ တံခါးကြားကနေ ဦးခေါင်းနီနီတစ်လုံး ထိုးဝင်လာပြီး -

“ခဏဝင်ခဲ့လို့ရမလား” တီးတိုးသံနဲ့ ပြောတယ်၊

ကောင်လေး သူ့ဆီကိုပြန်လာတာ ဖြစ်တယ်၊

“ဘာဖြစ်လာရပြန်ပြီလဲ”

“ကျွန်တော် စကားနည်းနည်းပြောချင်လို့၊ အိပ်ရာခုတင်ပေါ် ခဏသွားကြရအောင်”

ကိုဝင်းစည်က ခုတင်ပေါ်မှာ ပွကြဲနေတဲ့ အဝတ်တွေကို စုပုံထားလိုက်တယ်၊ သူက ကောင်လေးကို စကားမပြောဘဲ အတန်ကြာ စိုက်ကြည့်နေတယ်၊

“ဒီမှာကြည့် - ခင်ဗျားက ကျုပ်ကို ထူးဆန်းတဲ့ ပုံပြင် ပြောပြခဲ့တယ်၊ အကြောင်းကြောင်းကြောင့် ကျုပ်ကလည်း ယုံခဲ့တယ်၊ ကျုပ်ကလည်း တုံးခဲ့တယ်၊ ပြောလိုက်ရင် ယုံတတ်တယ်၊ သတင်းစာဖတ်ပြီးပြီလား”

ကိုဝင်းစည်က ကောင်လေးဆီကို သတင်းစာကို ထိုးပို့လိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မျက်နှာစာမှာ ဓာတ်ပုံပါတယ်။ သူ့အောက်မှာစာလုံးအမည်းနဲ့ပေါင်ခတ်ပြီး သတင်းကို အစုလို ရေးထားတယ်။

"အင်းစိန်စုံထောက်ဌာနက အထောက်တော်ပြေပါဓာတ်ပုံနဲ့ပတ်သက်ပြီး အလွန်စိုးရိမ်လျက် ရှိပါသည်၊ လွန်ခဲ့သည့်ကြာသပတေးနေ့ကကမ်းနားလမ်းမှာ တွေ့ရှိရသည်၊ "ချောသူဇာ"ဆိုသူမိန်းကလေး၏ ဓာတ်ပုံတစ်ပုံကို တွေ့ခဲ့ရသည်၊ လည်ပင်းညှစ်သတ်ထားပုံရသည်၊ ဓာတ်ပုံ၏ နောက်ကျောတွင် "ခ-ဇ-အရစ်များစွာဖြင့်ဘ-ခ"ဟုရေးထားသည်၊ ဓာတ်ပုံရှင်ကိုတွေ့ရှိသူတစ်ဦးတစ်ယောက်အနေဖြင့်အင်းစိန်ပုလိပ်စုံထောက်ဌာနသို့ဖြစ်စေ၊ နီးစပ်ရာပုလိပ်ဌာနတွင်ဖြစ်စေ သတင်းပေးပို့စေလိုပါသည်၊

လှငယ်က ဖတ်ကြည့်ရင်း သူ၏မျက်နှာမှာဖြူဖပ်ဖြူရော်ဖြစ်သွားလေရာ ကိုဝင်းစည်က လှငယ် မေ့မြောသွားတော့မှာလားဟုပင် စိုးရိမ်သွားတယ်၊

ကိုဝင်းစည်က သတင်းကို ဖတ်ကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေတယ်၊

"အလိုလေး-ဘုရား-ဘုရား-နောက်ဆုံးတော့ဒီလိုဖြစ်လာတော့တာပါလား" သူက တီးတိုးပြောလိုက်ရင်း သတင်းစာကို အဝေးကို တွန်းပို့လိုက်တယ်၊

"အင်း-ဟုတ်နေပါပြီ၊ ဘယ်လိုများပါလိမ့်"

"ဓာတ်ပုံကတော့ ကျွန်တော့်ရဲ့ပုံပဲ၊ အဲဒီကိုဘယ်လိုရောက်သွားတာလဲမသိဘူး၊ တစ်ယောက်ယောက်ကိုများ ကျွန်တော်ပေးခဲ့မိတာရှိသလား၊ ဒါပေမဲ့-ကျွန်တော် ခင်ဗျားကို ဘုရားကိုတိုင်တည်ပြီး ပြောမယ်၊ ကျွန်တော်ဟာ လူရိုးလူကောင်းပါ၊ ကျွန်တော် ဘာလုပ်မိတယ်ဆိုတာမသိတဲ့အချိန်တွေတော့ရှိတယ်၊ အဲဒါက အဓိကပဲ"

ကိုဝင်းစည်က ဓာတ်ပုံကိုတစ်ပိုင်းစီတစ်ပိုင်းစီ အသေအချာ စစ်ဆေးပြီး ကြည့်နေမိတယ်၊

"ခင်ဗျားရဲ့နှာခေါင်း၊ အခု-ခင်ဗျားရဲ့ နှာခေါင်းက နည်းနည်းကောက်နေတယ်၊ ဘယ်ဘက်မျက်ခွံက အောက်ကို နည်းနည်းတွဲကျနေတယ်၊ နဖူးကြည့်ရတာ နဂိုရှိရင်းစွဲထက် နည်းနည်းဖောင်းနေတယ်၊ ဓာတ်ပုံကူးရာမှာမတော်တဆမှုတစ်ခုခု မရှိခဲ့ဘူးဆိုရင်ပေါ့လေ"

"အနည်းအပါးမဟုတ်ဘူး၊ အတော်ကို သိသာတယ်၊ ကျွန်တော့်ရဲ့ပါးစပ်ကလည်း တွန့်လိမ်နေတယ်"

"ဟုတ်တယ်၊ ဘယ်ဘက်ကို ရွဲ့နေတယ်၊ ဆွဲဆောင်မှုတော့ ရှိတယ်၊ တစ်ချက်သတ်အပြုံးဆိုပါတော့၊ ခင်ဗျားလိုရုပ်နှာပုံစံမျိုးပဲ၊ ဒီလိုပုံစံမျိုးက ရာဇဝတ်ကောင်းလွန်တတ်တယ်လို့ သိခဲ့ဖူးတယ်"

ဘတိုးက ခပ်ယဲ့ယဲ့ပြုံးလိုက်တယ်၊

"ဒီမိန်းကလေးကို ခင်ဗျားသိသလား"

"အာရုံထဲမှာတော့ မပေါ်ဘူး၊ ကြားတောင်မကြားဖူးဘူး၊ သတင်းစာထဲဖတ်လိုက်ရလို့သိတာ၊ အလိုလေး-ဘုရား-လည်ပင်းညှစ်သတ်တယ်"

သူ့လက်တွေကို ရှေ့ကို ဆန့်ထုတ်ပြီးသတင်းစာကိုရန်လိုတဲ့အကြည့်နဲ့ကြည့်နေတယ်၊

"ကျုပ် ဘာလုပ်ရင်ကောင်းမလဲ၊ ထွက်ပြေးလို့ရမလား"

"မလုပ်နဲ့-သူတို့က ဆိုင်ထဲမှာ မင်းကို မှတ်မိသွားပြီ၊ နောက်မိနစ်နည်းနည်းကြာရင် ပုလိပ်တွေ ဒီကိုရောက်လာနိုင်တယ်၊ ဒီလိုမလုပ်နဲ့၊ ဒါ မကောင်းဘူး၊ အတွက် ပိုဆိုးသွားမယ်၊ အေးအေးဆေးဆေးနေ၊ မေးလာရင် ဖြေလိုက်-ဦးဆုံး မင်းလုပ်ရမှာက ဒါဘယ်သူလဲ၊ အော်-မင်း ဘယ်လိုလုပ်သိ၊ ဒါ့နာမည်က ဝင်းစည်-အလွတ်ထောက်"



"အော်-ဟုတ်လား"

"အခုနားထောင်-မင်းက ဘယ်ဇာတိလဲ"

"မော်လမြိုင်"

"နေတဲ့အရပ်ကိုပြော"

ကောင်လေးက လိပ်စာပေးလိုက်တယ်၊

"မင်းအမေ"

"သေသွားပြီ"

"တခြားမင်းရဲ့ဆွေမျိုးတွေ"

"အဲဒီမှာ အဒေါ်တစ်ယောက်ရှိတယ်၊ သူ့ကိုကျွန်တော်ကအဒေါ်ညိုလို့ခေါ်တယ်၊ ခပ်ငယ်ငယ်၊ နောက်ပိုင်းမတွေ့တော့ဘူး"

"အိမ်ထောင်နဲ့လား"

"ဟုတ်တယ်-အိမ်ထောင်နဲ့၊ နာမည်ရင်းက ဒေါ်မိုးညိုတဲ့"

"ဟုတ်ပြီ-ကလေးဘဝကတည်းက ဘယ်သန်ဖြစ်လာခဲ့တာလား"

"ဟုတ်တယ်၊ လေးနှစ်သားအရွယ်လောက်က ဝက်သက်ပေါက်ဖူးတယ်"

"ကုတဲ့ဆရာဝန် မှတ်မိလား"

"သူတို့ဆေးရုံကိုခေါ်သွားကြတာ"

"အင်း-ဟုတ်ပြီ၊ ဟိုက်ကုတဲ့နေရာက ဆံပင်ညှပ်သမားရဲ့နာမည်ကိုရော သိလား"

www.burmeseclassic.com

ဒီမေးခွန်းက မျှော်လင့်မထားဘဲ မေးလိုက်တဲ့မေးခွန်းဖြစ်လို့ ကိုဘတိုးလည်း ငိုင်တိငိုင်တိုင် ဖြစ်သွားတယ်၊ ခဏကြာမှ သူက စဉ်းစားပြီး -

"ဦးဘနစ် - ဒါမှမဟုတ် - ဦးဘချစ်ဖြစ်မယ်"လို့ ပြန်ဖြေလိုက်တယ်။

ကိုဝင်းစည်က အတွေးဟန်ပါပါနဲ့ ခဏထိုင်လိုက်တယ်။

"ငယ်ငယ်က မင်းကို ဘယ်လိုခေါ်ကြတာလဲ"

"ရောဘတ်"

"မင်း ငါ့ကိုပြောတာတွေအားလုံး သေချာမှဖြစ်မှာနော်။ လွဲလို့မရဘူး"

"ကျွန်တော်သိသမျှပြောတာအမှန်ချည်းပါပဲ။ ဒီအမှုအတွက် မိသွားခဲ့ရင် သေမိန့်ချကြမှာလား"

"မင်း ဒီအကြောင်း ဘာမှမသိဘူး ပြောနေသရွေ့မင်းကို သူတို့ အပြစ်ပေးလို့မရဘူး"လို့ဝင်းစည်ကပြောပြီးနောက်တော့ ဘာမှဆက်မပြောတော့ဘူး။ ကျန်တဲ့အပိုင်းက သူ ဆက်ရှင်းရမယ့်အပိုင်းလို့ပဲ တွေးလိုက်တယ်။

"ခင်ဗျားသိပါတယ်။ ကျွန်တော့်ဘဝမှာ ဒီလိုပဲ လူတွေကိုလျှောက်သတ်နေခဲ့တာဆိုရင် သူတို့ ကျွန်တော့်ကို ကြိုးမိန့်ပေးလိုက်တာမှ ကောင်းဦးမယ်၊ တွေးကြည့်ရတာတောင် ကြောက်ဖို့ကောင်းတယ်"လို့ကိုဘတိုးက ဆက်ပြောလိုက်တယ်၊

"ဟုတ်တယ်လေ၊ ဒါပေမဲ့ - ဒီလိုမလုပ်ခဲ့ဘူးမဟုတ်လား"

"မဖြစ်ဖို့ပဲ မျှော်လင့်ပါတယ်၊ ကတိပေးပါတယ်"

"ခင်ဗျားကို ဘာပြောထားလဲ၊ မှတ်မိတယ်မဟုတ်လား"

✡✡✡

တံခါးခေါက်သံ ကြားရတယ်၊ ဒါနဲ့ အလွတ်စုံထောက် စုံထောက်ဝင်းစည်က ထရပ်လိုက်ပြီး တံခါးဝဆီကို သွားတယ်၊ တံခါးကို ဖွင့်ပြီး အထဲဝင်ပါလို့ ချူကာငှာ ပြောလိုက်တယ်၊

ပုလိပ်အဖွဲ့နဲ့ ပါလာတာက ဆိုင်ဖိုင်ရှင်၊ မြေပိုင်ရှင်၊ သူကအလွတ်စုံထောက်ဝင်းစည်ကို သတိမထားမိတဲ့ပုံ၊ လူစီးကိုပဲ အကဲခတ်နေတယ်။

"ဝင်ခဲ့ကြပါ၊ စာသင်ကြီး (ယခင်ထုံ ပုလိပ်တပ်ကြပ်ကြီးအဆင့်ကို ခေါ်သည့် အခေါ်အဝေါ်)ရော ရာဇဝတ်အုပ်မင်း (ယခု ဒုရဲအုပ်အဆင့်ကို ယခင်က အခေါ်) တို့ပါ အားမနာနဲ့ ဝင်ခဲ့ကြပါ"



စာသင်ကြီးက ဘာမျှမပြောဘဲ လျှောက်ဝင်လာပြီး ရှုံ့မဲ့မဲ့ဖြစ်နေတဲ့ ကိုဘတိုးနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်၊

"ဒီလူ အမှန်အကန်ပဲ"လို့ သူက ပြောလိုက်တယ်၊ "သတင်းစာထဲမှာ ဓာတ်ပုံလည်း တွေ့ပြီးလောက်ပြီထင်ပါတယ်၊ ခင်ဗျားကို ကျုပ်တို့ပုလိပ်အဖွဲ့က အလိုရှိနေပါတယ်"

"ဒီကိစ္စ ကျုပ်လုပ်တာမဟုတ်ဘူး၊ ကျုပ် ဘာကိုမှလည်းမသိဘူး"လို့ ကိုဘတိုးက ရိုင်းရိုင်းစိုင်းစိုင်း ပြန်အော်လိုက်တယ်၊

တခြားပုလိပ်အရာရှိက မှတ်စုစာအုပ်ထုတ်ပြီး ဘာမှမမေးရသေးခင်မှာ ပဲ "ကျုပ် ဘာမှမသိဘူးလို့" ပြောပြန်တယ်၊

"မင်းကြည့်ရတာ အားလုံးသိထားပုံပဲ" စာသင်ကြီးက ပြောတယ်၊

"သူလုပ်တာ တကယ်ပဲ၊ ကျုပ်တို့ ခုနကလေးကတင်ပဲ ဒီအကြောင်း ပြောနေကြတာ"လို့ ကိုဝင်းစည်က ပြောတယ်၊

"ခင်ဗျားလည်း ရှိနေခဲ့တယ်ဆိုရင် ခင်ဗျားက ဘယ်သူလဲ" စာသင်ကြီးရဲ့ အမေးကို ကိုဝင်းစည်က - "စိတ်မရှိပါနဲ့ဗျာ၊ လောလောဆယ်တော့ ကျွန်တော့်မှာ ကဒ် (စုံထောက်ကဒ်ကို ဆိုလိုသည်) မပါခဲ့ဘူး၊ ကျွန်တော်က အလွတ်စုံထောက်ဝင်းစည်ပါ"

"ဒါဆို - ခင်ဗျား ဘာကိစ္စနဲ့ ဒီကို ရောက်နေရတာလဲ" ရာဇဝတ်အုပ်က မေးလိုက်တယ်၊

"လောလောဆယ်တော့လူသတ်မှုနဲ့ပတ်သက်လို့ ဘာမှမသိသေးပါဘူး၊ ကိုဘတိုး ပြောပြသလောက်ပဲ သိထားတာပါ၊ ကောင်းကောင်းမွန်မွန်မေးရင် သူလည်း ပြောပြမှာပါ"

"ဒီအမှုမှာ သူ ဘာသိသလဲဆိုတာ မေးရမှာက ကျုပ်တို့ပုလိပ်တွေရဲ့အလုပ်ပဲ"

"မှန်တာပေါ့ဗျာ၊ သူကလည်း တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ပြောရမယ့်တာဝန်ရှိပါတယ်၊ အချိန်လည်း ကြည့်ဦးလေ၊ မနက်ခင်းအထိ မစောင့်နိုင်ဘူးလား၊ သူလည်း ထွက်ပြေးမယ့်လူ တော့မဟုတ်ပါဘူး" ကိုဝင်းစည်က ပြောတယ်၊

"ဒါကတော့ တာဝန်မယူနိုင်ဘူး လေဗျာ"

"ကျုပ်တာဝန်ယူမယ်ဗျာ၊ ခင်ဗျားတို့ လိုချင်တဲ့အချိန်ကျုပ်ဌာနာကိုအရောက်

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးမယ်၊ ဒါဆို မလုံလောက်ဘူးလား၊ သူတို့ကိုလောလောဆယ်စွဲချက်တင်တော့ မှာမို့လား"

"မတင်သေးပါဘူး" စာသင်ကြီးက ပြောတယ်၊

"အံ့မခန်းပါပဲဗျာ၊ ဒါဆိုလည်း မိတ်ဖြစ်ဆွေဖြစ် သောက်ကြမလား"

စာသင်ကြီးက ငြင်းလိုက်တယ်၊

"ဟုတ်ပါပြီ၊ ကျွန်တော်ကတော့ ခင်ဗျားတို့နဲ့ တွေ့လိုက်ရတာ အတော်ကို တော့နပ်ပါတယ်၊ဝင်းစည်က ဆွယ်စကား ပြောလိုက်တယ်၊ "မနက်ဖြန်ကျမှ တွေ့ကြတာပေါ့၊ ကျွန်တော်လည်း ဌာနကို ဝင်ခဲ့မှာပဲ၊ နီးနီးလေးပဲဟာ၊ ကိုဘတိုးကို ပုလိပ်ဌာနာ ပို့ဆို ပို့ပေးမယ်၊ ဒီမှာမေး မယ်ဆိုရင်လည်း အဆင်ပြေပါတယ်၊ ကြိုက်တာ စီစဉ်ပေးပါ့မယ်"

အဲဒီနောက်မှာတော့ အပေးအယူ ညှိနှိုင်းပြီး ပုလိပ်အဖွဲ့လည်းပြန်ထွက် သွားတော့တယ်၊

ပုလိပ်အဖွဲ့ထွက်သွားပြီးတဲ့နောက် ကိုဝင်းစည်က "ဘတိုး"ဘက်ကို လှည့် ပြီး -

"ဒီမှာ နားထောင် - မြို့ထဲမှာ ကျုပ် လုပ်ပေးနိုင်တာတွေလုပ်ပေးဖို့သွားမယ်၊ ပထမဦးဆုံး ခင်ဗျားကိုရှေ့နေနဲ့ တွေ့ပေး မယ်၊ ကျုပ်ကိုပြောပြခဲ့တာတွေအားလုံး သူ့ကို ပြောပြ၊ ပြီးတော့ - ပုလိပ်အဖွဲ့က ဘာပြောခဲ့တယ်ဆိုတာ ပြောပြ၊ သတိ ထားဖို့က သူတို့က ဟိုဟာပြောရမယ် ဒီဟာပြောရမယ်လို့ဖိအားပေးလို့မရဘူး၊ သူတို့စွဲချက်မတင်သေးပဲပုလိပ်ဌာနကို သွားဖို့မလိုဘူး၊ မင်း ဘာပဲလုပ်ချင်လုပ် ချင် ထွက်တော့ မပြေးနဲ့၊ ထွက်ပြေးပြီ ဆိုရင်တော့ အမြဲပဲ ထွက်ပြေးနေရလိမ့် မယ်"

✡✡✡

အဲဒီနေ့ နေ့လယ်ပိုင်း အလွတ် စုံထောက် ကိုဝင်းစည်တစ်ယောက် မြို့ ထဲကိုရောက်သွားတယ်၊ ဆံပင်ညှပ်ဆိုင် ကို ရှာဖို့ ဟိုက်ကုတ်ရုံးဘက်ကို သွား တယ်၊ အခက်အခဲမရှိရှာတွေ့သွားတယ်၊ ကိုဘတိုးပြောပြတဲ့အတိုင်းပါပဲ၊ လမ်း သွယ်လေးရဲ့အတွင်းဘက်မှာ တံခါးပေါ မှန်ရှည်မျောမျောကြီး ရှိတယ်၊ ဘချစ်ဆိုတဲ့ နာမည်က ရွှေရောင်စာလုံးတွေနဲ့ ဝင်းစည်က သူ့ရဲ့ ထင်ဟပ်ချက်နဲ့ စိတ် ကြည့်နေတယ်၊

"နံပါတ်တစ် - ကိုယ့်ကိုယ်ကိုယ် လို့ ရေရွတ်ပြီး လည်ပင်းက ကော်လာ ကြယ်စေ့ကို တပ်လိုက်တယ်၊ ဥယျာဉ်



ရှိတဲ့ဘက်ကို သွားမှာလား၊ ဒါမှမဟုတ် လေးအိမ်တန်းလျှို့ဝှက်မှုရှိတဲ့ နေရာ သွားမှလား၊ ခြေလှမ်းကို တစ်လှမ်းချင်း မှန်မှန်လှမ်း၊ ဟုတ်ပြီ၊ တံခါးဝအရောက် တံခါးကိုခေါက်လိုက်တယ်၊ မှန်တစ်ချပ် လုံးကြည့်မှန်တွေနဲ့ လုပ်ထားတယ်၊ မေး စေ့ကိုပွတ်ရင်း ဟိုတစ်စ ဒီတစ်စ မှတ် ဆိတ်မွေးတိုလေးတွေတော့မရိတ်ပါဘူး၊ ဆံပင်ညှပ်လိုက်ရင် ကောင်းမယ်၊

သူ တံခါးကိုဖွင့်လိုက်တယ်၊ သူ့ကို တော့ မလှည့်စားလောက်ပါဘူးဆိုတဲ့ အသိနဲ့ သတိထားလိုက်တယ်၊ ဆံပင် ညှပ်သမားနဲ့အချီအချအတိုင်အဖောက် ညှိပြောနေရင်းကတစ်ခုကတော့မှတ် လောက်သားလောက်ဖြစ်သွားတယ်၊

"အချိန်အတော်ကြာကတည်းက ကျွန်တော် ဒီမှာနေလာခဲ့တာ" လို့ ကိုဝင်းစည်က စကားစလိုက်ပြီး "နား နောက်ကိုတော့ တိုတိုညှပ်ပါ၊ ဒီအပြင် အဆင်တွေက ပြန်လည်မွမ်းမံခြယ်သ ထားတာလား"

"ဟုတ်တယ်ဗျာ၊ အတော်စမတ်ကျ သွားတယ်မဟုတ်လား"

"အပြင်ဘက်မှာ တပ်လိုက်တဲ့ မှန် ချပ်ကြီးတာလည်း အသစ်ပဲမဟုတ်လား"

"အော် - မဟုတ်ပါဘူး၊ အဲဒါက ဒီဆိုင်ဝင်စဉ်ကတည်းက ပါလာတာပေါ့"

"ဒါဆို ကြာပြီလား၊ လွန်ခဲ့တဲ့(၃) နှစ်လောက်ကလား"

"အော် - ဟုတ်တယ်၊ ကျွန်တော် မိတ်ဆွေ ဦးဘနစ်ရှိကတည်းက ဆိုပါ တော့၊ (၁၀)နှစ်လောက်ရှိမယ်"

"မှန်ရောပဲလား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဆို - ကျွန်တော် မှတ်ညာက်တွေ အမှတ်မှားနေတာပေါ့"

ဆံပင်ညှပ်ပြီးတဲ့နောက် ဆိုင်ထဲက ထွက်ပြီး နောက်ကို နည်းနည်းပြန် လျှောက်လာခဲ့တယ်၊ ရုတ်ခြည်းဆိုသလို မှန်တံခါးတပ်ထားတဲ့ လက်ဖက်ရည် ဆိုင်ကိုတွေ့လိုက်ရတော့ ကောက်ခါငင် ခါ တွန့်ခနဲဖြစ်သွားတယ်၊ ဒီဆိုင်က လည်း ခပ်မှောင်မှောင် လမ်းသွယ်လေး ရဲ့အဆုံးမှာ ဆိုင်းဘုတ်က ကန့်လန့်ဖြတ် ရွှေစာလုံးတွေနဲ့ ရေးထားတာဖြစ်တယ်၊ ဆိုင်နာမည်က "ကွန်းခိုရာ လက်ဖက် ရည်ဆိုင်"တဲ့၊ တံခါးမှာ တပ်ထားတာက မှန်ပြောင်းအချပ်လိုက်တပ်ထားတာဖြစ် တယ်၊ ကိုဝင်းစည်က ဆိုင်ရှေ့မှာ ခဏရပ် ကြည့်နေပြီး ဆိုင်ထဲကို ဝင်သွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ဖက်ရည်စားပွဲမှာ မထိုင်ဘဲ ငွေကိုင်နားကို ကပ်သွားတယ်။ အထဲမှာ မှန်စုံစောင်းလေးနဲ့ ထိုင်နေတယ်။

စကားတွေ အပိုပြောပြီး ဝေ့ဝိုက်မနေဘဲ တည့်တိုးပဲ မေးချလိုက်တယ်။

"လွန်ခဲ့တဲ့ ကာလတစ်ခုက ဆိုင်ထဲခါးဝမှာ မေ့မြောပြီး သတိလစ်သွားတာကိုများ မှတ်မိသေးလား"

ငွေကိုင်တဲ့မိန်းကလေးက သူဒီနေရာမှာ ရောက်တာမကြာသေးဘူးလို့ ပြောတယ်၊ ဒါပေမဲ့ - စားပွဲထိုးကောင်လေးတွေထဲက တစ်ယောက်ယောက်တတော့ မှတ်မိနိုင်တယ်လို့ ပြောတယ်၊ ခဏကြာ တွေးတောပြီးတဲ့နောက် ချက်ချက်ချာချာရှိပုံရတဲ့ စားပွဲထိုးလေးတစ်ယောက်ကို ခေါ်ပေးတယ်၊ သူက တချို့တစ်ဝက်တော့ မှတ်မိတယ်လို့ ပြောတယ်။ ဝင်းစည်က သူ့ကိုယ်သူ သတင်းသမားတစ်ယောက်ပါလို့ ပြောပြထားတယ်။ သူ မေးတဲ့မေးခွန်းတွေအပေါ်မှာ သံသယတင်းတင်း ယုံယုံကြည်ကြည်နဲ့ ပြောပြတဲ့အတွက် တွေ့ရတင်ကြောင်း ပြောပြီး ဆိုင်ထဲက ပြန်ထွက်လာခဲ့တယ်။

နောက်သွားတာက (၃၈) လမ်းထဲကသတင်းစာတိုက်တစ်ခု။ ဝင်းစည်အနေနဲ့က သတင်းစာတိုက်လိုလိုမှာ အပေါင်းအသင်းရှိသူဖြစ်တယ်။ ဒါကြောင့်သတင်းစာတိုက်က ဓာတ်ပုံတွေ ထားတဲ့အခန်းကို အခက်အခဲမရှိ လွယ်လွယ်ကူကူပဲ ရောက်သွားခဲ့တယ်၊ ဘ - စ အမည်ပါ မှုရင်းဓာတ်ပုံက သူ့ရဲ့စစ်ဆေးမှုအတွက် ထုတ်ပေးလိုက်တယ်၊

"ခင်ဗျားတို့ထဲက တစ်ယောက်လား" လို့ သူက မေးတယ်။

"အို - မဟုတ်ပါဘူး၊ အင်းစိန်ပုလိပ်စုံထောက်က လွှတ်လိုက်တာပါ။ ကျွန်တော်က မှုရင်းဓာတ်ပုံဆရာနာမည် သိချင်တာပါ၊ ဒီလောက်ပါပဲ"

"အော် - ဒါဆိုရင်တော့ ကျွန်တော် မတတ်နိုင်ပါဘူးဗျာ"

"ဒါဆိုလည်း ဟုတ်ပါပြီ"

အင်းစိန်စုံထောက်ဌာနလိုက်လျှင် ရနိုင်တယ်၊ အိုင်အိုကျော်စိန်ဝင်းနဲ့ ဆက်လိုက်လျှင် အင်းစိန်ပုလိပ်မင်းကြီးရုံးက အကူအညီရနိုင်တယ်လို့ တွေးလိုက်တယ်၊ ဟိုရောက်သွားတော့ အဆင်ပြေသွားတယ်၊ ဓာတ်ပုံရဲ့ အောက်ခြေမှာ ဓာတ်ပုံဆရာရဲ့နာမည်ကို ရေးထားတာ တွေ့လိုက်ရတယ်၊ ကိုဝင်းစည်တစ်ယောက် ဓာတ်ပုံဆရာကို ရှာပုံတော်ဖွင့်ရပြန်တယ်၊

☆☆☆



သူမျှော်လင့်ထားတဲ့အတိုင်း ဓာတ်ပုံဆရာဆီကို အင်းစိန်စုံထောက်ဌာနက ညွှန်ရင် ရောက်နေခဲ့တာဖြစ်တယ်။ မေးကြည့်တော့ ဓာတ်ပုံက နှစ်အတန်ကြာတ ရိုက်ယူခဲ့တဲ့ပုံဆိုတဲ့အကြောင်းနဲ့ ဓာတ်ပုံအရိုက်ခံသူရဲ့အကြောင်း အသေးစိတ် သူ မသိဘူးလို့ ပြောတယ်၊

ကိုဝင်းစည်က ဓာတ်ပုံဆရာကို ပုံနက်ကတစ် ရမလားလို့ မေးတော့ သူက တိုရှာဒီရှာလုပ်ရင်းနဲ့ ခဏကြာတော့ ထုတ်ပေးတယ်၊

ကိုဝင်းစည်က ဓာတ်ပုံနက်ကတစ်ကို အဝေးကြည့်၊ အနီးကြည့်နဲ့ အမျိုးစုံကြည့်ပြီးတော့ သတင်းစာထဲက ဓာတ်ပုံသူ့အိတ်ကပ်ထဲက ထုတ်လိုက်တယ်၊

"ဒါကို ကြည့်စမ်းပါ"

ဓာတ်ပုံဆရာက ဓာတ်ပုံကော်ပီကို ကြည့်လိုက်ပြီး နက်ဂတစ်ကို ပြန်ကြည့်တယ်၊

"အင်း - ကျွန်တော် ရေးကြီးသုတ်ပြာဖြစ်သွားတယ်၊ ရယ်စရာပဲ"

"ကျွန်တော့်ဟာက ပုံကြီးချဲ့ကူးထားတာ" လို့ ဝင်းစည်က ပြောတယ်၊

"ဟုတ်တယ် - ဒါက မှားယွင်းပြီး သတ်ဘူးလိုက်မိတာ၊ ခင်ဗျား သိပါတယ်ဗျာ၊ ကျွန်တော်တို့အလုပ်က မကြာခဏ အစုလို အချိန်လုပြီးလုပ်တာပဲ၊ ဒီကိစ္စ ကျွန်တော်ဘယ်လိုဖြစ်တာလဲ ပြန်ကြည့်ပါဦးမယ်"

"နည်းမှန်လမ်းမှန်နဲ့ ထုတ်ထားတဲ့ ပရင့်တစ်ခု ပေးပါလား"

"ဟုတ်ကဲ့ - ပေးပါမယ်"

"ပြီးတော့ - အင်းစိန်စုံထောက်ဌာနကိုလည်း တစ်ခုထပ်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ - ဒီထူးခြားမှုကအတော်ထူးဆန်းတာပဲ၊ ဒါကို သတိမထားမိကြတာ ကျွန်တော် အံ့ဩတယ်၊ ဒါပေမဲ့ - ကျွန်တော်တို့က အနေအထား (၃)မျိုး၊ (၄)မျိုးလောက် ယူလေ့ရှိပါတယ်"

"တခြားအနေအထားနဲ့ပုံတွေရှိရင် ပိုကောင်းတယ်၊ ကျွန်တော့်ကိုလည်း ပေးပါ"

"ဒီလက်ကျန်ကတော့ လက်ရွေးစင်ပဲ၊ ကျန်တာတွေတော့ဖျက်ဆီးလိုက်ပြီ၊ မဟုတ်ရင် ထားစရာမရှိဘူးလေ၊ ဒီကနေ (၃)ပုံထုတ်ပေးပါမယ်"

"လုပ်လေ - မြန်လေကောင်းလေပဲ၊ မြန်မြန်ခြောက်အောင်လည်း လုပ်ပေး၊ တခြားအပိုတွေ ဘာမှမလုပ်နဲ့"

"မလုပ်ဘူး - ဆရာ စိတ်ချ၊ ကျွန်တော် တစ်နာရီ၊ နှစ်နာရီအတွင်း အပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးမယ်၊တခြားလူတွေကပြဿနာမရှာတာကို ကျွန်တော် အံ့ဩမိတယ်”

“ဒါက အံ့အားသင့်စရာ မဟုတ်ဘူးလေ”လို့ကို ဝင်းစည်က အားပေးရင်းနဲ့ဆက်ပြောတာက “အတော်များများကတူတယ်လို့ပဲ တွေးမှာပေါ့၊ ဒီလိုပဲဖြစ်မှာပါ၊ ခင်ဗျားမမြင်ဘူးလား၊ သူ့ရဲ့မျက်နှာကိုဒီတစ်ဖက်တည်းပဲယူတာ၊ ဒီမှာကြည့်ပါလား၊ ဓာတ်ပုံက ဘယ်နဲ့ညာ ပြောင်းပြန်ဖြစ်နေတာ”

“ဟုတ်တယ် - ဒါအမှန်ပဲ၊ အမှားကိုထောက်ပြတဲ့အတွက် ကျွန်တော် အများကြီးကျေးဇူးတင်တယ်”

ကိုဝင်းစည်က လိုတာတွေယူပြီးတဲ့နောက် ထွက်လာခဲ့တယ်၊ အဲဒီကနေပြီးတော့ ဘတိုးငယ်စဉ်ကနေခဲ့တယ်ဆိုတဲ့မော်လမြိုင်က သူတို့ရပ်ကွက်ကျောင်းလေးဆီကို လိုက်သွားတယ်၊

မော်လမြိုင်က ဘတိုးပြောတဲ့လိပ်စာအတိုင်း လိုက်သွားတယ်၊ သူနဲ့ သူရဲ့မိခင်တို့ သိသူတွေအကြောင်း မေးရာခံလိုက်ကြည့်တယ်၊ တံအားလျော်စွာပဲ ဘတိုးတို့ရော၊သူ့မိခင်ကိုပါသိကျွမ်းခဲ့ဖူးတယ်ဆိုတဲ့ ကုန်စိမ်းရောင်းတဲ့ မိန်းမတစ်ယောက်နဲ့သွားတွေ့တယ်၊ လွန်ခဲ့တဲ့နှစ်အတန်ကြာ သူတို့မိသားစုနဲ့ တစ်လမ်းတည်းမှာ နေခဲ့တဲ့အကြောင်း၊ သူတို့သားအမိအကြောင်းကို မှတ်မိနေ[…] အကြောင်းတွေ ပြောပြတယ်၊ စာတော[…] မတတ်ရှာဘူး၊ဒါပေမဲ့ - သူမရဲ့မှတ်ဉာဏ်[…] ကတော့ အတော်ကို အံ့ဩလောက်[…]တယ်၊

“လွန်ခဲ့တဲ့နှစ်(၃၀)လောက်က[…] အခုအဒေါ်တို့နေတဲ့အရပ်ကိုအဲဒီက[…] အမေ ရောက်လာတာလေ၊ ငယ်[…] ရွယ်ရွယ်နဲ့ မိန်းမကောင်းလေးတစ်[…] ယောက်ပါ၊ ကလေးတစ်ယောက်လည်း[…] ပါလာတယ်၊ အဒေါ်သမီးကလေး[…] လည်း မွေးတော့မယ့်ဆဲဆဲပေါ့၊ သူတို့[…] သားလေးကြည့်ပြီး စိတ်ကူးယဉ်နေ[…] တာပေါ့”

“ကောင်လေးက ဒီမှာမွေးတာ မဟုတ်ဘူးလား”

“မဟုတ်ဘူးလေ၊ တောင်ပိုင်းတစ်[…] နေရာမှာမွေးခဲ့တာ၊ဘယ်မှာမွေးခဲ့တယ်လို့တော့အတိအကျမပြောပါဘူး၊ သူက[…] အတော် သိုသို သိပ်သိပ် နေတဲ့ မိန်း[…] ကလေး၊တစ်ယောက်ယောက်ကမြော[…] သူကပြန်ပြောတာ၊ကြည့်ရတာကတော့ ဘဝကိုအတော်ဆိုးဆိုးရွားရွား ရုန်းကန်ခဲ့ရတဲ့ပုံပဲ၊ “မေ့ဆေး”အကြောင်းဆိုတာလည်းပြောတယ်၊ သိပ်မမှတ်မိတော့ဘူး[…]လည်း ပြောတယ်၊ ခွဲစိတ်ပြီးမွေးဖွား[…]ခဲ့ရတာလားမသိဘူးလေ၊ သူမရဲ့ [...]ယောကျ်ားကလည်း လူကောင်းတစ်[...]ယောက်ပါလို့ပြောဖူးတယ်၊နောက်ထပ်[...]တော့ တလေးမရှိဘူး၊ကျွန်မယောကျ်ား[...]အကြောင်းတော့ နောက်ထပ်မမေးပါနဲ့[...]ဒေါ်ဘုမရယ်လို့ တစ်ခါပြောဖူးတယ်၊[...]အဒေါ်က မဟုတ်ဘူးလေ၊ ညည်း ငါ့လို[...]ကလေးကိုးယောက်လောက် ယူပါလား[...]လို့ပြောတော့ ဘာမှမပြောတော့ဘူး၊ပြုံး[...]နေတယ်”

“အဒေါ်ကတော့ ကလေး “ကိုး” [...]ယောက်ဆိုပေမယ့်လည်း ကျန်းမာရေး[...]အတော်ကောင်းတာပဲ”

“ကျွန်မက ကျန်းမာရေးကို ဂရုစိုက်[...]တယ်လေ”

“အော် - ဒါနဲ့ စကားမစပ် သူတို့[...]သားအမိ အဒေါ်တို့ဆီ ရောက်လာတော့[...]ကလေးက ဘယ်အရွယ်ရှိပြီလဲ”

ကိုဝင်းစည်က သိမ်သိမ်မွေ့မွေ့နဲ့[...]မေးလိုက်တယ်၊

“မွေးပြီးခါစပါပဲ၊ သုံးပတ်လောက်[...]ရှိမှာပေါ့၊ ရောက်စက ကလေးက ဆံပင်[...]အတော်ကောင်းတာ၊ ဆံပင်တွေက[...]နက်ရောင်၊နောက်တော့ ဘယ်လိုက[...]ဘယ်လိုဖြစ်တယ်မသိဘူး၊မုန်လာဥနီလိုပဲ ဆံပင်တွေ အနီရောင်ဖြစ်သွားတယ်၊ ဆံပင်အရောင် ပြောင်းသွားတော့ ကလေးကအရင်လောက်မလှသလိုဖြစ်သွားတာပေါ့”



“ကျန်တဲ့မိသားစုတွေရော တွေ့မိလား”

“သူ့ရဲ့အစ်မ ဒေါ်မိုးညိုဆိုတာတော့တွေ့ဖူးတယ်၊သူကတော့တုတ်တုတ်ခိုင်ခိုင်ပဲ၊ သူ့ညီမနဲ့တော့ မတူဘူး၊ တခြားစီပဲ၊ သူက မနီးမဝေးရွာတစ်ရွာမှာ နေတယ်၊ အဒေါ်က ကုန်စိမ်းတွေကို သူနေတဲ့ရွာကနေယူပြီး ရောင်းရတာ”

ကိုဝင်းစည်က ကျေးဇူးတင်တဲ့အကြောင်း ပြောဆိုနှုတ်ဆက်ရင်း ဒေါ်မိုးညိုနေတယ်ဆိုတဲ့ရွာကိုမေးလိုက်ပြီးတဲ့နောက် အဲဒီရွာဘက်ဆီကို ခြေဦးလှည့်ခဲ့တော့တယ်၊ အဲဒီရွာကိုတော့မြင်းလှည်းငှားပြီးသွားရတယ်၊ရွာရောက်လို့ မေးလိုက်တော့လည်း ဒေါ်မိုးညိုဆိုတာက ရွာမှ မသိသူမရှိသလောက်ဆိုတော့ စုံစမ်းလို့ တွေ့သွားတယ်၊

သူမက ရွာလယ်က ခရစ်ယာန်ဘုရားကျောင်းနားမှာ ဟန်ဟန်ပန်ပန်နေနိုင်တာကို တွေ့ရတယ်၊ ပိန်ညှပ်ညှပ်ခပ်ချောချော၊ဆံပင်ကိုလည်းထုံးထားပြီး ဆံထုံးကို နောက်မှာ ထုံးထားတယ်၊

www.burmeseclassic.com



တိုယ်လုံးကိုယ်ထည်ကတော့ ခပ်ဖွံ့ဖွံ့ပါပဲ။ ကိုဝင်းစည်နဲ့ တွေ့လိုက်တော့ သူမက တည်တည်တံ့တံ့နဲ့ ကြိုဆိုပါတယ်။ မောင်ဘတိုး (သူမရဲ့တူ) အကြောင်းမေးကြည့်တော့ သိသမျှ အကုန်ထုတ်ပြောချင်ပုံမရဘူး။ စိတ်ကသိကအောက် ဖြစ်တဲ့ပုံနဲ့ တချို့တစ်ဝက်လောက်ပဲ ပြောပြတယ်။ ဒုက္ခရောက်နေတယ်လို့ပြောရင် သိပ်အံ့အားသင့်မယ့်ပုံ မပေါ်ဘူး။

"ဒီကောင်လေးက သွေးဆိုးတယ်။ ကျွန်မညီမ မအိုလို မဟုတ်ဘူး"

"ဟုတ်ပါပြီ – အဒေါ်ရယ်၊ အဒေါ်ကို ကျွန်တော်က တောင်မေးမြောက်မေးနဲ့ ပေါက်တတ်ကရပြောသလိုဖြစ်နေပါပြီ။ ဒုက္ခလည်း မပေးချင်ပါဘူး။ ကျွန်တော် လာရင်းကိစ္စ တိုတိုပဲ ပြောပါမယ်။ ကျွန်တော် ကလေးနေတဲ့ကျောင်းကိုလည်း ရောက်ခဲ့ပြီးပါပြီ။ ကျောင်းက ဆရာမနဲ့ တွေ့လို့ကျောင်းမှတ်ပုံတင်စာရင်းလည်း ကြည့်ခဲ့ရပါတယ်။ ကျောင်းအပ်စာရင်းမှာတော့ ရေဘတ် ဘတိုး လို့ စာရင်းသွင်းထားပါတယ်။ မွေးတာက ဒိုင်းဝန်ရပ်လို့ ဆိုပါတယ်။ ကိုဘနဲ့ မချစ်တို့ရဲ့ သားလို့ ဆိုပါတယ်"

ကိုဝင်းစည် ပြောစကားတွေ ကြားလိုက်၊ သူမကြည့်ရတာ တုန်တုန်ရီရီဖြစ်

တုတ်တယ်၊ မဟုတ်ဘူးလို့ ဖြေရမယ်။ ဆင်မတူတဲ့ အမြွှာတွေနဲ့ တချို့ ဆင်တူတဲ့အမြွှာတွေက နှစ်ခုစလုံးက ပုံမှန်တွေပါပဲ။ ဒါပေမဲ့ – ဆဲလ်တစ်ခုတည်းကနေ တွဲထွက်လာပြီး ဖြစ်လာတဲ့ ဆင်တူအမြွှာတွေဟာ အင်္ဂလိပ်လိုတော့ (LOOKING GLASS TWINS) "ကြည့်မှန်အမြွှာ" တွေအဖြစ်နဲ့ မွေးလာတယ်။ ဒါကတော့ မူလဆဲလ် ပြိုကွဲတဲ့ လမ်းကြောင်းပေါ်မှာ မူတည်တယ်။





ပြီး နောက်မှ စိတ်ထိန်းပြီး "ကျွန်မ တော့ရှင့်ကိုနားမလည်နိုင်တော့ဘူး" လို့ ပြောလိုက်တယ်။

"ကျွန်တော်လည်းစိတ်မကောင်းပါ ဘူး။ ဒီကိစ္စကို ရှင်းပြတိုင်းလည်း မပျော် ရပါဘူး။ ကျွန်တော် ဒီကိစ္စလိုက်နေ တဲ့အကြောင်းရင်းက မောင်ဘတိုးမှာ တတ်ထပ်ညီဖြစ်ဖြစ်၊ အစ်ကိုဖြစ်ဖြစ် တစ်ယောက်ရှိနေသေးတယ်လို့ ကျွန် တော်သိနေတယ်။ အဲဒီကိစ္စကို ရှင်းရှင်း လင်းလင်း ဖြစ်သွားချင်လို့ ကျွန်တော် ပြီးဒါလောက်လိုက်မေးနေတာပါ။ ခြားတစ်ယောက်က ဘယ်မှာလဲ၊ ဘယ်မှာမွေးလို့ဘယ်မှာကျောင်းထားခဲ့ လဲ။ အခု – သူ ဘယ်မှာလဲ။ အဲဒါတွေ ကို ကျွန်တော် သိချင်နေတာ"

"ညီအစ်ကိုနှစ်ယောက် ရှိခဲ့တယ် ဆိုဘယ်လိုအကြောင်းပြချက်နဲ့ရှင်တွေး ခဲ့တာလဲ"

"ညီအစ်ကိုနှစ်ယောက်တင် မဟုတ်ဘူးဗျာ၊ ကျွန်တော့်အထင်က အမြွှာညီအစ်ကိုရှိခဲ့တယ်။ အဲဒါကိုကျွန် တော်လိုက်စုံစမ်းနေတာ။ တစ်ယောက် တော့တွေ့ထားတယ်။ ကျန်တစ်ယောက် ဘယ်မှာလဲ၊ ဘာဖြစ်နေတာလဲ"

"သူ သေသွားပြီလေ" သူမက ဘတ်ခါင်ခါ ဖြေလိုက်တယ်။

"ရှေ့နောက် မညီဘူးလို့ ထင်ရရင် အတော်မှန်းတယ်"

ကိုဝင်းစည်က ဆွဲဆောင်မှုအရှိဆုံး အမူအရာနဲ့ ပြောလိုက်တယ်။ "အဲဒီလူ မသေသေးဘူး၊ ခင်ဗျားသိပါတယ်။ ကျွန်တော် သိချင်တာက သူ့နာမည်က ဘာလဲ၊ သူ ဘယ်မှာလဲ"

"မင်းသိထားတာတွေ ငါ့ကို ပြောပြလေ"

"ပြောပြမယ်၊ အကြောင်းက ဒီလိုပါ" အစချီကာ ကိုဝင်းစည်က ဖတ်လမ်းစုံခင်းပြလိုက်တော့တယ်။ "ခင်ဗျားအနေနဲ့လက်မခံနိုင်စရာအကြောင်းတစ်ခုခုပါခဲ့ရင် ကျွန်တော့်ကို မေးပါ၊ အစက ဒီလို လူသတ်မှုတစ်ခုမကြာခင်ကာလတစ်ခုကဖြစ်ခဲ့တယ်၊ အဲဒီမှာခင်ဗျားရဲ့တူတော်မောင်ရေဘတ်ကိုသံသယရှိနေတယ်၊ တကယ်တော့ အဲဒီလူသတ်မှုက သူသတ်တာမဟုတ်ဘူး၊ သူ့အစ်ကိုက သတ်ခဲ့တာ၊ ဒါကြောင့် ကျွန်တော် သူနဲ့ တွေ့ချင်တယ်၊ တွေ့လိုက်ရရင် အားလုံးအတွက် စိတ်သက်သာမှုတစ်ခု ရသွားမယ်၊ တကယ်တော့ ကျွန်တော်ကကြားထဲကနေ အကူအညီပေးနေတဲ့လူတစ်ယောက်ပါ၊ အကယ်၍ ရာတွေ့ကူညီခဲ့ရင်ပေါ့၊ မဟုတ်ရင် ပုလိပ်တွေကို ကျွန်တော် ပြောရလိမ့်မယ်၊ ခင်ဗျားအနေနဲ့

www.burmeseclassic.com



လည်း အမှုကို ဖုံးကွယ်တဲ့သူ ဖြစ်သွားမယ်၊ လူသတ်မှုတရားခွင် သက်သေပြနေရာကပဲ ရှိစေချင်တယ်၊ သူ့အစ်ကိုကို မြန်မြန်ဖမ်းမမိခဲ့ရင် ခင်ဗျားအတွက်ရော ရောဘတ်အတွက်ပါ မတွေးဝံ့စရာပဲ၊

ဒေါ်မိုးညိုက စိတ်ပျက်လက်ပျက်နဲ့ ထိုင်ချလိုက်တယ်၊ အချိန်အတော်ကြာတဲ့တိုင်အောင် စဉ်းစားပြီးမှ –

"ကောင်းပြီလေ - ဒါဆို အဒေါ်ပြောပြမယ်"

✡✡✡

"တကယ်တော့ ..." အစချီကာ အလွတ်စုံထောက်ကိုဝင်းစည်က တိုက်ပိုင်ကြီး (ယခင်ပုလိပ်အရာရှိ၊ တိုက်နယ်တစ်ခုကို တာဝန်ယူရသူ၊ ယခု ရဲမှူးအဆင့်ရှိသည်) ဦးအောင်ခင်ကိုဘတိုးနဲ့ ဆက်စပ်ရသမျှတွေကို အတွင်းက မိတ်ဆွေတစ်ချို့ဆီက ရသမျှကို အစုလိုက်အတိုးချ ပြောပြလိုက်တာဖြစ်တယ်၊

"သံသယမရှိဘူး - မရှိပါဘူး၊ ဘယ်တာမှတော့ မလွယ်ဘူးလေ၊ ခင်ဗျား ဘယ်လိုကောက်ချက်ဆွဲလို့နေတယ်ဆိုတာပြောဖို့ခက်နေတယ်၊ ကျုပ်ကလည်း ဒီအမှုနဲ့ပတ်သက်လို့ ညွှန်ကြားစရာတွေ ညွှန်ကြားဖို့ စိတ်ထက်သန်နေတယ်၊ ဘက်များတဲ့လူတိုင်းက အမြွှာလား၊ ဒါမှမဟုတ် ဘက်များနေတဲ့လူတွေက အမြွှာလား" တိုက်ပိုင်က မေးတယ်၊

"ဟုတ်တယ်၊ မဟုတ်ဘူးလို့ ဖြေ(ရ)မယ်၊ ဆင်မတူတဲ့ အမြွှာတွေနဲ့ တ(ချို့) ဆင်တူတဲ့အမြွှာတွေက နှစ်ခုစလုံး(ဟာ) ပုံမှန်တွေပါပဲ၊ ဒါပေမဲ့ - ဆဲလ်တစ်(ခု)တည်းကနေ ကွဲထွက်လာပြီး ဖြစ်လာတဲ့ ဆင်တူအမြွှာတွေက အင်္ဂလိပ်လိုတော့ (LOOKING GLASS TWINS) "ကြည့်မှန်အမြွှာ" တွေအဖြစ်နဲ့ မွေးလာတယ်၊ ဒါကတော့ မူလဆဲလ် ပြိုကွဲတဲ့ လမ်းကြောင်းပေါ်မှာ မူတည်တယ်၊ ခင်ဗျား စမ်းချင်ရင် ဖားလောင်းကို ခြင်းမွေးနဲ့ စမ်းကြည့်လို့ရနိုင်တယ်"

"ဒါဆိုရင်တော့ ကျုပ် ချက်ချင်း... မှတ်ထားလိုက်ဦးမယ်ဗျာ" တိုက်ပိုင်ကြီးက ရယ်ရယ်မောမောနဲ့ ပြောလိုက်တယ်၊

"တကယ်တော့ - ကျွန်တော် တာ... နေရာမှာ ဖတ်ခဲ့ရတာရှိတယ်၊ အခုတွေ့... တော်ပြောသလိုမျိုး မွေးလာတဲ့လူနှ... ယောက်က အထူးသဖြင့် အမြဲတမ်း... လို ဆင်တူအမြွှာတစ်ယောက်ရဲ့အခြ... က ကျန်တဲ့တစ်ယောက်ဆီ လှည့်သွား... တတ်တယ်လို့ဆိုတယ်၊ ဥပမာ - ညီအစ်ကိုနှစ်ယောက်ရှိတယ်ဗျာ၊ တစ်...



...ယောက်က ဝမ်းနည်းနေတယ်ဆိုရင် ...နဲ့တဲ့တစ်ယောက်က ငိုချင်နေတယ် ...တာမျိုးလိုပေါ့"

"အဲဒီတော့ - ခင်ဗျားကအခုကိစ္စကို ...ယ်လိုရှင်းချင်တာလဲ"

"ပြောရရင်တော့ ညီအစ်(၃) ...ယောက် ရှိတယ်ဗျာ၊ မမိုးညို၊ မချစ်နဲ့ ...တဲ့၊ မမိုးညိုက ကိုညိုနဲ့ လက်ထပ် ...တယ်၊ မချစ်က ကိုဘ ဆိုတဲ့လူနဲ့ လက် ...တယ်၊ မအိမကအိမ်ထောင်မရှိဘူး၊ ...ကောင်း အကြောင်းမလှတဲ့ အေး ...တစ်ခုဆိုက်ရောက်လာပြီးမအိမကို ...တော စွန့်လိုက်တယ်၊ အဖေက စွန့် ...တော့ ကျန်တဲ့ညီမတွေနဲ့ သွားပြီး ...နေတယ်၊ နောက်တော့ လူတစ် ...တ်နဲ့ အိမ်ထောင်ကျသွားပြီး ...အမြွှာမွေးတယ်၊ တစ်ယောက် ...သူမှာ ယူထားလိုက်ပြီး ကျန်တစ် ...ယောက်ကိုတော့ မချစ်နဲ့ကိုဘ တို့ဆီကို ...ပေးလိုက်တယ်၊ မချစ်က စိတ် ...ရှိတယ်၊ သူက စိတ်ကောင်းရှိတဲ့ ...တော့ အမြွှာကလေး(၂)ယောက် ...နဲ့ ကလေးကို မွေးစားဖို့ ယူ ...တယ်၊ အဲဒီကလေးက အခု ...ယောက်ဖြစ်နေတဲ့ဘတိုးပဲ၊ ...တခြားတစ်ယောက်ကိုဆက် မွေးထားတယ်၊ ဒီကလေးကတော့ အန်သန်မာမာလေးပဲ၊ သားအမိ(၂)ယောက် မော်လမြိုင်ကနေ တစ်ဖက်နိုင်ငံ ယိုးဒယားကို ထွက်သွားခဲ့ကြတယ်၊

ဒေါ်အိမမွေးတဲ့သားက ရစ်ချတ်လို့ မွေးစာရင်း သွင်းထားတယ်၊ အဲဒီတော့ ညီအစ်ကိုနှစ်ယောက်အကြီးကရစ်ချတ်၊ အငယ်က ရောဘတ်၊ ဒါက ငယ်ငယ်က ပေးထားတဲ့ ဘိုနာမည်တွေပေါ့၊ မချစ်တို့က ရောဘတ်လို့ခေါ်တဲ့ ဘတိုးလေးကို သူတို့ သားအရင်းသဘောမျိုး ကျောင်းမှာ အပ်လိုက်ကြတယ်၊ အဲ့ဒါက သူတို့ သားအမိ မော်လမြိုင်မှာ ငယ်ငယ်တုန်းက ဘဝ၊

ယိုးဒယားကို ရောက်သွားတဲ့ ဒေါ်အိမကအဲဒီမှာ သေသွားတယ်၊ သူ့သား ရစ်ချတ်က အဲဒီတော့ (၁၅)နှစ်လောက်ဖြစ်သွားပြီ၊ အဲဒီမှာပဲ အလုပ်ဆက်လုပ်နေတယ်၊ တစ်ခု ကျွန်တော် ပြောဖို့ကျန်သွားတယ်၊ မအိမက မွေးတဲ့ သားအမြွှာနှစ်ယောက်မှာ ဗမာနာမည်လည်းရှိသေးတယ်၊ သူယူထားလိုက်တဲ့ သားနာမည်က ဘမိုးတဲ့၊ မချစ်တို့ကိုပေးလိုက်တဲ့သားက ဘတိုးတဲ့၊ သူ့ဆီမှာ ရှိစဉ်တုန်းက သားနှစ်ယောက်က ဘမိုးနဲ့ ဘတိုးပေါ့၊ မချစ်တို့ဆီရောက်လာတော့

www.burmeseclassic.com

www.burmeseclassic.com



တလေးရဲ့မှုရင်းနာမည်မှာ သူမရဲ့သား အရင်းလိုမျိုးဖြစ်အောင် "ချစ်"တစ်လုံး တိုးပြီး "ဘတိုးချစ်"လို့ ခေါ်ကြတယ်။

ယိုးဒယားဘက်မှာ အမေဆုံးသွားလို့ ကျန်ခဲ့တဲ့ ရစ်ချတ် ခေါ်ဘမိုးကတော့ သိပ်အရျိုးအချိတ်ပြောပုံမရဘူး။ အဲဒီနောက် (၂)နှစ်လောက်အကြာမှာ သူ့ညီ ရောဘတ် (ခေါ်) ဘတိုးရဲ့လမ်းကြောင်းထဲသို့ ဥက္ကာပျံကြွေကျပြီးတဲ့ဖြစ်ရပ် နောက်ပိုင်း သူဝင်လာတော့တာပဲ။

ရောဘတ် (ခေါ်) ဘတိုး ဘက်မှာနေတာကို သိချင်လည်း သိမယ်၊ သိချင်မှလည်း သိမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့တိုတော့ ပြောပြမထားဘူး။ ကျွန်တော့်အထင်ကတော့ ပေါက်ကွဲမှုကြီးနဲ့ ကြုံရပြီးတဲ့နောက် သူ့ရဲ့ဘယ်သန်ဖြစ်တဲ့အပေါ် ပိုပြီးနိုင်နိုင်မာမာ ဖြစ်သွားပုံရတယ်။ ကိုစ္စရပ်တစ်ခုလုံးက သူ့စိတ်တစ်ခုလုံးအပေါ်မှာ ဖိစီးနှိပ်စက်လိုက်ပုံရတယ်။ အဲဒီနောက်တော့ သူ့စိတ်ထဲမှာ ဒိုမှုင်ဒရှင်းဖြစ်လာပြီး အိပ်ပျော်ရင်းနဲ့ လမ်းလျှောက်တဲ့အကျင့် ဖြစ်သွားတော့တယ်။

ကျွန်တော့်အထင်တော့ ရစ်ချတ်က သူတို့တာညီအစ်ကို(၂)ယောက်ဆိုတာကိုရှာတွေ့သွားခဲ့တယ်လို့ထင်တယ်။ ဒီအချက်က တြေးမုံပြင်ရဲ့ဇာတ်ချက်ဖြစ် ရပ်ကို ရှင်းပြနေတာဖြစ်တယ်။ ဘတ် တစ်နည်းအခေါ် ရောဘတ်ဟာ လ ဖက်ရည်ဆိုင်က မှန်တံခါးကို ဆံပင်ည ဆိုင်မှန်တံခါးတွေနဲ့ လွဲသွားခဲ့ပုံရတယ် အဲဒီမှာ သူနဲ့တကယ်တမ်းတွေ့ခဲ့တာ ရောဘတ်။ အဲဒီလူက ညီအစ်ကိုချ မှတ်မိသွားတဲ့အပေါ် ကြောက်လန့်ပြ နောက်ဆုတ်သွားခဲ့တာဖြစ်မယ်။ အ အနေတွေက သူ့လက်ထဲမှာ ကစားတ ခံလိုက်ရတယ်၊ တကယ်တော့ မျက်မှ ချင်းဆိုင် တွေ့ခဲ့ကြတာမဟုတ်ဘူ အမှတ်မထင်ဖြစ်သွားခဲ့တာ။ ဦးထုပ် ပျောနဲ့မိုးကာကုတ်အကျီဝတ်ထားတယ် ဆိုတာကလည်း မထူးဆန်းဘူးလေ အဲဒီ့နေ့က မိုးအုံ့ပြီး ရွာနေတဲ့နေ့။

နောက် - အဲဒီမှာ ဓာတ်ပုံတစ်ပုံရှိ တယ်၊ ဓာတ်ပုံမှာ မူရင်းအမှားက ဓာတ် ပုံဆရာကြောင့်ဖြစ်တာ၊ ရစ်ချတ်က ဒီဓာတ်ပုံရသွားတာလည်း အံ့သြစရာ တော့မဟုတ်ဘူး။ အဲဒီရှေ့မှာ ဘတိုးခေါ် ရောဘတ်က မူးလဲပြီး ကျသွားခဲ့တယ် လေ။ ဒီပုံကို ရစ်ချတ် ကောက်ရသွားပြီ အသုံးချလိုက်တာဖြစ်မယ်။

နောက်အတော်ထူးဆန်းတာတစ် ရှိတယ်။ အဲဒါကတော့ သူမက်ခဲ့တဲ့လည် ပင်းညှစ်သတ်တယ်ဆိုတဲ့အိပ်မက်ကို ပဲ။ အဲဒီညမှာပဲ တစ်ယောက်က အဲဒီလို



ပ်လိမ့်မယ်၊ အဲဒါကတော့ ရစ်ချတ် တဲ့ ဘမိုးနဲ့ ရော်သူဇာတို့ ချိန်းတဲ့နေ ယ်၊ အဲဒီလိုရုပ်ဆင်တူတဲ့အမြွာတွေ တစ်ယောက်နဲ့ တစ် ယောက် နီးနီး စိတ်ခံစားနာမှု၊ ထောက်ထားမှုတွေ ရှိနေ ယ်လို့လူတွေကပြောကြတယ်။ တခြား စ်ယောက်က ဘာတွေးနေတယ်ဆို တို ကျန်တဲ့ တခြားတစ်ယောက်က သိနေတတ်တယ်၊ တစ်ယောက်က ဖျား ရင် ကျန်တဲ့တစ်ယောက်က အဲဒီနေ ဖျားချင်နေတယ်။ ဘမိုးက ညီအစ်ကို ယောက်ထဲမှာ ပိုပြီး ကျန်းမာသန်စွမ်း တယ်၊ ဘတိုး သူ့ကိုယ်သူ စိုးမိုးနိုင်တာ တ် ဘမိုးက သူ့အပေါ်မှာ ပိုပြီးတော့ မိုးနိုင်စွမ်းရှိတယ်၊ ကျွန်တော်ပြောသွား ာတွေ အားလုံးက ပေါက်တတ်ကရ ပြောသွားတာလို့ပြောချင်ပြောပါ။ ဒါပေမဲ့ ကျွန်တော်က ဒီကွင်းဆက်တွေအားလုံး ကို ခရေစေ့တွင်းကျ ထောင့်စေ့အောင် လိုက်ပြီးမှ ပြောတာပါ။

ဒီမှာ အရေးကြီးတာ တစ်ချက်ပြော ဖို့ကျန်သွားတယ်၊ ဘတိုး၊ ဘမိုးတို့အမေ ခေါ်အိမကာ ဒီကလေး(၂)ယောက်ကို မွေးပြီး ဒီနာမည်တွေက သူပေးထားတာ၊ ဘတိုးက ခေါ်ချစ်၊ ဦးဘတို့ဆီ မွေးစားဖို့ ပေးလိုက်တော့ သူတို့က ဘတိုး နာမည် "မှာမချစ်က သူ့နာမည်ထည့်ပြီးဘတိုးချစ် လို့မှည့်တယ်၊ ကျောင်းအပ်တော့လည်း ဒီနာမည်နဲ့ပဲ အပ်ခဲ့တာ၊ ဒီနာမည်ကို ဒေါ်အိမကာ သိသလို ဘတိုးရဲ့အစ်ကို ဘမိုးကလည်း သိတယ်၊ ဒါကြောင့် - ကောင်မလေးက ဘတိုးနဲ့ တွေ့တော့ ဘတိုးချစ်လို့ ခေါ်တာက တကယ်သိလို့ မဟုတ်ဘူး၊ ဘမိုးနဲ့ လူမှားပြီးခေါ်တာ၊ ဘမိုးကလည်း သူ့နာမည် ဘတိုးချစ်လို့ ပြောထားခဲ့ပုံရတယ်"

"ဟုတ်ပါတယ်၊ ပုလိပ်ဘက်ကလည်း သဲလွန်စတွေ ရထားပြီးပါပြီ၊ အခြေအနေ ပြည့်ပြည့်စုံစုံ သိလိုက်ရတော့ သိပ်အခက်အခဲမရှိလှပါဘူး"

"ဒီလိုဆိုလည်း တိုက်ပိုင်ကြီးရယ်၊ တစ်ချက်တစ်ဖလား မော့လိုက်ကြစို့လား"

ကိုဝင်းစည်က ထရပ်လိုက် မှန်ရှေ့သွားပြီး ဟန်ပါပါနှင့် လည်ပင်းကြယ်စေ့ကို တပ်လိုက်သည်။

"တူပါတယ်ဗျာ၊ တူပါတယ်၊ ဘယ်သူနဲ့မှန်းတော့မသိဘူး၊ ဒါပေမဲ့ - ထူးဆန်းတာက မှန်ကတော့ မထူးဘူးဗျာ"

ဟုတိုက်ပိုင်ကြီး အောင်ခင်က ရယ်ရယ် မောမောပြောရင်း နှုတ်ဆက်လိုက်တော့တယ်။

⇨ ကျော်မြင့်ကျော်

www.burmeseclassic.com

www.burmeseclassic.com





**ဇာရင်** ပြည်နယ်၊ ကမမောင်း မြို့နယ်ခွဲသည် ဖာပွန်မြို့နယ်အပိုင်ဖြစ်၍ ရပ်ကွက်ပေါင်း(၁၀)ရပ်ကွက်ဖြင့်ဖွဲ့စည်းထားသည်။ လမ်းမကြီးများမှာ ကျယ်၍ လေးကွက်ကြားဖောက်လုပ်ထားသည်။ လမ်းများမှာ ကျယ်ပြီးရှည်လျားပေမယ့် ခင်းထားသည့်ကျောက်တုံးများမှာလမ်းကြိတ်စက်ဖြင့်ကြိတ်ထားခြင်းမရှိသဖြင့် အချို့လမ်းတွေမှာ လမ်းလျှောက်လို့ပင် ကောင်းလှပါ။ ကမမောင်းမြို့နယ်ခွဲတွင် ခဲ့စခန်း၊ တိုက်နယ်ဆေးရုံ၊ မ.ယ.က ရုံးခွဲ၊ အချိန်ပိုင်းပေးသော လျှပ်စစ် EPC ရုံးခွဲ၊ ဆတိုက်၊ အထက်တန်းကျောင်း၊ စည်ပင်ဈေးတို့ဖြင့် စည်ကားလျက်ရှိသည်။ နယ်မြေအခြေအနေမှာအညိုရောင်၊ အမည်းရောင် နယ်မြေဖြစ်သည့် အလျောက် ယခင်က စစ်လေယာဉ်ငယ်များ ဆင်းသက်နိုင်သည့်လေယာဉ်ပြေးလမ်းတို့ တစ်ခုရှိပြီး ဖာပွန်မြို့နယ်သို့ တစ်နှစ်တစ်ခါ ဝန်ထမ်းများကို Convoy လုံခြုံရေး ယာဉ်ထမ်းဖြင့် ပြောင်းရွှေ့လဲလှယ်ပေးရသည်။ ဖာပွန်သို့ တပ်ရိက္ခာများပို့ရန်၊ ဝန်ထမ်းများ ပြောင်းရွှေ့ပေးရန် ကမမောင်း မြို့နယ်မှာ စုရပ်ထားပြီး Convoy ယာဉ်ထမ်းဖြင့် လုံခြုံရေးစနစ်ကျစီမံပြီး တက်ကြရသည်။ ကမမောင်းတွင် တပ်မတော်မှ တပ်ရင်းတစ်ရင်း အခြေပြုထား၍ လုံခြုံရေးအတွက် စိတ်ချရသောမြို့နယ်ခွဲ ဖြစ်သည်။ ဖားအံမြို့သို့ ရေကြောင်းအရပ် သဘော်၁ငယ်ဖြင့် လည်းကောင်း၊ ပွဲထောင်များဖြင့်လည်းကောင်း နေ့ချင်း ပြန်သွားလာ ဆက်သွယ်နိုင်သည်။ ကမမောင်းတစ်ဖက်ကမ်းတွင် ဆရာတော် ဦးသုဇန သာသနာပြုရာ မြိုင်ကြီးငူဆရာတော် ရှိနေပါသည်၊ သံလွင်မြစ်ငယ်မှာ ကမမောင်း၌ အနည်းငယ်ကျဉ်းပြီး ရေ

**လက်နက်ကိုင် သောင်းကျန်းသူများ ကြီးစိုးရာ**

**နယ်မြေတွင် တာဝန်ကျ ပြည်သူ့ဝန်ထမ်းတစ်ဦး၏**

**ရင်တထိတ်ထိတ်၊ သည်းတဖိုဖိုဘဝ ..**

www.burmeseclassic.com

www.burmeseclassic.com



လယ်များတွင်ကျောက်ဆောင်များရှိနေသဖြင့် ရေတက်ချိန်တွင် မမြင်ရဘဲ ရေကျချိန်များတွင် ကျောက်ဆောင်များ အနည်းငယ်ပေါ်နေတတ်သဖြင့်သင်္ဘောများ ပဲ့ထောင်များ သွားလာသည့်အခါ ရေကြောင်းကျွမ်းကျင်သူမာလိန်မှူးများသာ သွားလာနိုင်ကြသဖြင့် အန္တရာယ်ရှိသော ရေလမ်းဖြစ်သည်။

ကမမောင်းရပ်ကွက်များတွင် မွတ်ဆလင်လူမျိုးများရပ်ကွက်တိုင်းရှိနေကြပြီး ရပ်ကွက် (၁၁)၊ (၁၂)များလောက်သာ တရင်လူမျိုး၊ ဗမာလူမျိုးများ ရှိနေပါသည်။ ကမမောင်းမှ မိုင်ဝက်လောက်တွင် အုန်းတောကျေးရွာရှိ၍ DKBA တပ်စခန်း(၃၃)ရှိပြီး တပ်မဟာမှူး ဗိုလ်မှူးချုပ် မောင်ကြည်၊ တပ်ရင်းမှူး ဗိုလ်မှူးတင်ဝင်းမြတ်၊ ဒုဗိုလ်မှူးကြီး မိုးညိုတို့ အခြေပြုလျက်ရှိသည်။ ဤပုဂ္ဂိုလ်များနှင့် ကျွန်ုပ်မှာ အတွမ်းဝင်လျက် ရှိပါသည်။

ကျွန်ုပ်သည် ကမမောင်းရဲစခန်းတွင် စခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် နေ့ခင်း(၁၂း၀၀)ခန့်မှာမြို့လယ်ဘက်ဆေးရုံအနီးလောက်က ဗုံးအသေးစားတစ်လုံးကွဲသံခပ်အုပ်အုပ်ကြားလိုက်ရသဖြင့် နားစွင့်နေစဉ်ကမမောင်းဈေးထဲရောက်နေသော နယ်ထိန်းရဲဘော်တစ်ယောက် ပြေးလာပြီး သတင်းပို့သဖြင့် ဗုံးကွဲသည်ကိစ္စ သိခဲ့ရပါသည်။

"ဗိုလ်ကြီး ဆေးရုံရှေ့မှာ တရုတ်လုပ် သံပရာသီးဗုံးတစ်လုံးကွဲပြီး DKBA ရဲဘော်တစ်ယောက် သေသွားတယ်"

"ဘယ်လိုဖြစ်တာလဲ၊ ဘယ်သူ့ကြောင့်လဲ" ကျွန်ုပ်က မေးလိုက်သည်။

"ဘယ်သူ့ကြောင့်မှမဟုတ်ဘူး သေသွားတဲ့ DKBA ရဲဘော်ဟာ စိတ်သိပ်မမှန်ဘူး။ ပြောက်ကျားယူနီဖောင်းနဲ့ အီကွေးမင့်ကို ဝတ်ထားပြီး ရင်ဘတ်မှာ တရုတ်လုပ် သံပရာသီးဗုံးကို ချိတ်ထားပြီး လမ်းပေါ် လျှောက်သွားနေတတ်သူဖြစ်တယ်။ ဖြစ်ပုံကအဲဒီရဲဘော်ဆေးရုံရှေ့ရောက်နေချိန်မှာ ကားတစ်စီး သူ့အနားက ဖြတ်မောင်းသွားစဉ် ဖုန်ထသွားတာကို မကျေမနပ်ဖြစ်ပြီး ဒေါသတကြီးဆဲဆိုကာ ကားကို အရပ်ခိုင်းခဲ့တယ်။ ကားသမားကလည်းကားစက်သံကြောင့် အော်ခေါ်သံမကြားဘဲ ကားကို ဆက်မောင်းသွားခဲ့တယ်။ လမ်းဘေးက လူတွေက ကားသမားကို DKBA ရဲဘော် အော်ခေါ်နေကြောင်းလှမ်းအော်ပြောလို့ ကားရပ်ပြီး DKBA ရဲဘော်ဆီ ပြေးသွားခဲ့တယ်။ ကားသမားရောက်သွားချိန်မှာ စိတ်သိပ်မမှန်တဲ့ အဲဒီရဲဘော်ဟာ စိတ်ဆိုးပြီး ရင်ဘတ်မှာ ချိတ်ထားတဲ့ သံပရာသီးဗုံးတစ်လုံးကိုဖြုတ်ယူလိုက်ပြီး ပင်ကိုဆွဲဖြုတ်လိုက်တာကို တွေ့လိုက်တဲ့ ကားသမားဟာ ကြောက်ကြောက်လန့်လန့်နဲ့ ဆေးရုံခြံဝင်းထဲကို ခုန်ပြီးလိုမ့်ဝင်သွားခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပင်ဖြုတ်ပြီးတဲ့ဗုံးဟာ ချက်ချင်းပေါက်ကွဲတတ်တာကိုကားသမားက သိနေလို့ဖြစ်တယ်။ ချက်ချင်းပဲဗုံးဟာ DKBAရဲဘော်လက်ထဲမှာပင် ပေါက်ကွဲပြီး လက်တစ်ဖက်ပြတ်ကာ အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားတာပါ။ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး"

ကျွန်ုပ်လည်း နယ်ထိန်းရဲဘော် သတင်းပို့လို့ အကြောင်းစုံသိရပြီး ချက်ချင်းဆေးရုံရှေ့ကို ကောင်စီလူကြီးအသိ တစ်ယောက်နဲ့ သေသွားတဲ့ DKBA ရဲဘော်အလောင်းကို သွားရောက်စစ်ဆေးပါတယ်။ အလောင်းမှာ လက်တစ်ဖက်မတွေ့သဖြင့် အနီးပတ်ဝန်းကျင်မှာ ဝိုင်းဝန်းရှာကြည့်ပါသေးသည်။ မတွေ့ပါ။ အခေါ်ခိုင်းထားသည့် DKBA စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ရောက်လာသည်။ ထို့နောက်အုန်းတော DKBAလူကြီးများအလာကိုစောင့်ရင်း ကျွန်ုပ်သည်အနီးရှိစာတိုက်ရုံးထဲသို့ဝင်ပြီးစကားပြောနေခဲ့သည်။ နာရီဝက်ခန့်အကြာမှာ အုန်းတောမှ ဗိုလ်မှူးတင်ဝင်းမြတ်တို့အဖွဲ့ရောက်လာပြီးပတ်ဝန်းကျင်မှ လူများကို အော်ဟစ်ဆဲဆိုကာ ဘယ်သူလုပ်တာလဲ မေးမြန်းနေကြသံ ကြားလိုက်သဖြင့် ကျွန်ုပ်လည်း စာတိုက်ရုံးမှ ထွက်လာပြီးအခင်းဖြစ်လူအုပ်ကြီးဆီသို့ သွားခဲ့သည်။ ကျွန်ုပ်ရောက်သွားပြီးဗိုလ်မှူးတင်ဝင်းမြတ်ကို ဘယ်သူ့ကြောင့်မှ မဟုတ်ကြောင်း ရှင်းပြလိုက်သည်။

"ဘယ်သူ့ကြောင့်မှမဟုတ်ဘူး။ ကားသမားကို စိတ်ဆိုးပြီး သူ့ရင်ဘတ်မှာ ချိတ်ထားတဲ့ သံပရာသီးဗုံးကို ယူပြီး ပင်ဆွဲဖြုတ်လိုက်ချိန်မှာလက်ထဲမှာတင် ဗုံးကွဲပြီး သေသွားတာ ဗုံးကွဲသံ ကြားကြားချင်း ကျွန်တော် ရောက်နေတာ ခင်ဗျားတို့ကိုစောင့်ရင်းစာတိုက်ရုံးထဲမှာ စကားဝင်ပြောနေတာပါ"

ထိုအခါ DKBA ဗိုလ်မှူး တင်ဝင်းမြတ်က "စခန်းမှူးကြီး ရောက်နေတာကို"ဟု ပြောပြီး လက်တစ်ဖက်ပြတ် အလောင်းကို သင်္ဂြိုဟ်ဖို့ သူ့ရဲဘော်တွေကို ပြောလိုက်သည်။ ကျွန်ုပ်တာလည်း အလောင်းက လက်တစ်ဖက်ကို အနီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလူတွေကိုရှာနိုင်ခဲ့သေး
ကြောင်း ဘယ်မှာမှ ရှာမတွေ့ကြောင်း
ပြောပြပါသည်။

“ရပါတယ် - စခန်းမှူးကြီးရယ်၊ကိစ္စ
မရှိပါဘူး။ အခုသေသွားတဲ့ရဲဘော်ဟာ
စိတ်သိပ်မမှန်လို့ သေနတ်ပေးမကိုင်ဖို့
ပြောထားတာ။ ဒါကို သူက သေနတ်
မကိုင်ရလို့ မကျေမနပ်ဖြစ်နေပြီး သူ့သူ
ငယ်ချင်းတွေဆီက တောင်းထားတဲ့
သံပရာသီးဗုံးတွေကို ရင်ဘတ်မှာ ချိတ်
ပြီး လျှောက်သွားနေတာပါ”

အာလာပသလ္လာပစကားများပြော
ပြီး ကျွန်ုပ်အား နှုတ်ဆက်ကာ ဗိုလ်မှူး
တင်ဝင်းမြတ်အဖွဲ့အုန်းတောဗျူဟာနရှင့်
ပြန်သွားပြီးနောက်ကျွန်ုပ်လည်းရဲစခ
သို့ပြန်လာကာအရပ်ရပ်နေ့စဉ်မှတ်တမ်း
မှာ ဖြစ်စဉ်အကျဉ်းချုပ် ရေးမှတ်ပြီ
ဖားအံခရိုင်ရဲမှူးရုံးသို့ ကြေးနန်းဆ
စောင်ပို့လိုက်ပါသည်။

☆☆☆

အခင်းဖြစ်ပွားသည့် ကာလ
မိုးရာသီရောက်ခါစဖြစ်ပေမယ့်
မောင်းမှာ မိုးမရွာသေးဘဲ ခြောက်
နေရှိန်ဖုန်တထောင်းထောင်းထ
ဖြစ်သည်၊ စိတ်မနှံ့တဲ့ DKBA ရဲဘော်

ပင်ကို ဆွဲဖြုတ်လိုက်တာကို
တွေ့လိုက်တဲ့ ကားသမားဟာ ကြောက်
ကြောက်လန့်လန့်နဲ့ ဆေးရုံခြံဝင်းထဲကို
ခုန်ပြီးလိမ့်ဝင်သွားခဲ့ရတယ်။ ဘာဖြစ်လို့
လည်းဆိုတော့ ပင်ဖြုတ်ပြီးတဲ့ဗုံးဟာ
ချက်ချင်းပေါက်ကွဲတတ်တာကို ကား
သမားက သိနေလို့ဖြစ်တယ်။ ချက်ချင်း
ပဲ ဗုံးဟာ DKBA ရဲဘော်လက်ထဲမှာပင်
ပေါက်ကွဲပြီး လက်တစ်ဖက်ပြတ်ကာ
အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားတာ
ပါ။ ဘယ်သူ့ကြောင့်မှမဟုတ်ပါဘူး။





ပြီးနောက် တစ်နေ့မှာ လေထန်ပြီး
ည်းသည်း ရွာချလာသည်။ နံနက်
(၁၀)နာရီလောက်မှာ နယ်ထိန်း
ော်တစ်ယောက် ရောက်လာပြီး
င်းလာပို့သည်။

“ဗိုလ်ကြီး မနေ့က သေသွားတဲ့
လောင်းက လက်တစ်ဖက်ပြန်ရပြီ။
တပြတ်ပြီးအနီးရှိကုက္ကိုလ်ပင်ပေါ်
သွားတင်နေလို့ ကျွန်တော်တို့ ရှာ
ခဲ့တာပါ။ ဒီမနက်မိုးရွာလေတိုက်
တော့ သစ်ပင်ပေါ်မှာ တင်နေတဲ့
ပြတ်ကြီးဟာ လမ်းသွားလမ်းလာ
လူတွေရှေ့မှာပြုတ်ကျလာလို့ပြန်
ပါ”

“အဲဒါ - မင်း ဘယ်လိုလုပ်ခဲ့သလဲ၊
DKBA စည်းကမ်းထိန်းသိမ်းရေးကို
အကြောင်းမကြားလိုက်ဘူးလား”

“အကြောင်းကြားခဲ့ပြီးပါပြီ။ အုန်း
တောတ တာဝန်ရှိတဲ့သူတွေရောက်လာ
ပြီးမနေ့က အလောင်းမြှုပ်ထားတဲ့မြေပုံ
သွားမြှုပ်လိုက်ပါပြီ”

☆☆☆

တမမောင်းမြို့နယ်ခွဲဟာ DKBA
ကြီးစိုးရာနယ်မြေဆိုရင် မမှားပါဘူး။
အသက် (၁၅၊ ၁၆)နှစ်အရွယ် DKBA
ရဲဘော်ကလေးတွေဟာ ပြောက်ကျား
ယူနီဖောင်းကိုယ်စီ ဝတ်ထားပြီး M 16
မောင်းပြန်သေနတ်ကိုယ်စီ ကိုင်ထား
ကာ သွားလာနေကြသူများဖြစ်သည်။
လက်ထဲတွင်လည်း ICON စက်တစ်လုံး
စီ ကိုင်ထားတတ်ကြသည်။ အကြောင်း
တစ်ခုခုဖြစ်ရင်လည်း ဥပဒေဆိုတာ သူ
တို့နားမလည်ကြဘူး၊ ကိုင်ထားတဲ့လက်
နက်နဲ့သာဖြေရှင်းလိုက်ကြသည်၊ တစ်ခါက
မြိုင်ကြီးငူဘက်ကမ်းမှာ ဆရာတော်
ဘုရားကြီးမွေးနေ့မှာ ဇာတ်ပွဲတစ်ပွဲ က
တယ်။ ဇာတ်ရုံထဲမှာ ပွဲမထွက်ခင် ညဦး
ပိုင်းမှာ အသက် (၁၄၊ ၁၅)နှစ်အရွယ်
မိန်းမပျိုကလေး(၃)ယောက် ဝိုင်းဖွဲ့
စကားပြောနေကြစဉ် DKBA အဖွဲ့က
ရွယ်တူကောင်လေးတစ်ယောက် ဝင်
လာပြီး သမီးရည်းစားစကား လာပြော
တယ်။ ကောင်မလေးတစ်ယောက်ကို
ဇာတ်ရုံအပြင်ထွက်လာဖို့ခေါ်တာမရလို့
စိတ်ဆိုးပြီး ပြန်ထွက်သွားခဲ့တယ်။ တစ်
အောင့်လောက်ကြာတော့ အဲဒီကောင်
လေးအဖော်ကိုင်တဲ့ လက်ပစ်ဗုံးတစ်လုံး
ကို ယူလာပြီး ဇာတ်ရုံထဲကို ပြန်ဝင်သွား
ခဲ့တယ်။ ကောင်မလေးကို နောက်တစ်
ကြိမ်အပြင်ကိုလိုက်ခဲ့ဖို့ခေါ်တာမရတာနဲ့
လက်ပစ်ဗုံးကိုပင်ဖြုတ်ပြီးကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တွေအုပ်ထဲကို ပစ်သွင်းလိုက်တယ်၊ အဲဒီမှာတင် ကောင်မလေး(၃) ယောက်နှင့်အတူ ဗုံးပစ်သွင်းတဲ့ကောင်လေးပါ အားလုံးသေသွားကြတယ်၊ DKBA နဲ့ ပတ်သက်တဲ့ မှုခင်းတွေမှာ တရားဥပဒေနဲ့ ဆောင်ရွက်လို့မရဘူး၊ တစ်ခါတစ်ရံ ညဘက်တွေမှာ (ဖုန်း)ဆိုတဲ့ အသံပြင်းပြင်းကြားရပြီဆိုရင် နောက်တစ်နေ့ မြစ်ထဲမှာ အလောင်းတစ်လောင်း တွေ့ရတတ်တယ်၊ လူကိုမှန်တဲ့ သေနတ်သံဟာ ဟိန်းပြီးထွက်မလာဘူး၊ သေနတ်သံဟာ ခပ်အုပ်အုပ် အသံခပ်တိုတိုပဲ ကြားလိုက်ရတတ်တယ်၊ မကွေ့ရာနယ်မြေဆိုတာ အဲဒါပါပဲ၊

✡✡✡

တမခမောင်းမှာ ဇာတ်ပွဲတွေ ကပြီ ဆိုရင်တရင်ပြည်နယ်မှာရှိကြတဲ့ခြောက်ကောင်ချင်ခေါ်အန်ကလုံးဆိုတဲ့လောင်းကစားဝိုင်းတွေ၊ အုတ်လှည့်တယ်ဆိုတဲ့ ရှင်ဝိုင်းတွေ၊မြားပစ်၊သေနတ်ပစ်လောင်းကစားဝိုင်းတွေ၊ ကြိမ်တွင်းစွပ် လောင်းကစားဝိုင်းတွေနဲ့တခြားလောင်းကစားပွဲကလေးတွေလည်း အမြောက်အမြားပါရှိကြတယ်၊ အဲဒီလောင်းကစားဝိုင်းတွေရဲ့အချုပ်ကတော့ (ရွှေဘောလုံး) ဆိုတဲ့ လောင်းကစားဝိုင်းကြီးပါပဲ၊

အဲဒီလောင်းကစားဝိုင်း အကြီးအသေးမျိုးစုံ ပါဝင်တာကို (Our Day) လို့ခေါ်တာကိုယခင်က ကျွန်ုပ်မသိခဲ့ပါ။ ရွှေဘော်လုံးလောင်းကစားဝိုင်းကတော့ လူအအုံဆုံး၊ လူအများဆုံး၊ ကြေးအများဆုံးကစားကြသည့်ပွဲကြီးပါပဲ၊ ရွှေဘောလုံးကစားခုံကြီးဘေးမှာလူတစ်ယောက်က ဂျင်းဘောင်းဘီဝတ်ထားကာ မိုက်ကိုင်ပြီး (အဝါရောင်ကလေးလားဟေ့ အနီရောင်ကလေးလားဟေ့)လို့ဆိုပြီး ချက်ကျကျ ဘရိတ်ဒန့်ကာ သီချင်းဆိုနေတာကိုက အင်မတန်ကြည့်ကောင်းပြီး လူ့ပရိသတ်ကိုအကြီးအကျယ်ဆွဲဆောင်စေခဲ့တယ်၊ ရွှေဘောလုံးခုံကြီးဟာ မသိမသာ လှုပ်၍ရသောခုံဖြစ်ပြီး အပေါ်မှ အောက်သို့ ဘောလုံးကလေးတွေ လိမ့်ဆင်းနိုင်အောင်မသိမသာအောက်ဘက်သို့ နိမ့်ထားပါတယ်၊ ဘောလုံးကလေးတွေက ရောင်စုံဖြစ်ပြီး လောင်းကစားသူများက ကိုယ်နှစ်သက်ရာ ဘောလုံးအရောင်ကို လောင်းကြေး ထပ်ကြရသည်၊ ခုနက မိုက်ကိုင် သီချင်းဆိုကနေတဲ့သူကတော့ ဒိုင်ဖြစ် သူရဲ့လူယုံတစ်ယောက်ဖြစ်ပါတယ်၊ လောင်းကြေးထပ်



တဲ့ဘောလုံးက အနိမ့်ပိုင်းသို့ လိမ့်ဆင်းလာတဲ့အခါ ကြေးများတဲ့ဘောလုံး ပန်းဝင်တော့မယ်ဆိုရင် ကနေတဲ့ဒိုင်လုပ်သူက မသိမသာ ခုံကို လှုပ်လိုက်ခြင်းဖြင့် ကြေးများတဲ့ဘောလုံးကိုပန်းဝင်နောက်ကျသွားအောင် လမ်းပြောင်းလိုက်တတ်ပါတယ်၊

တီးလုံးကာက်ဆက်သံနဲ့ မိုက်ကိုင်သူက အနီရောင်လေးလားဟေ့၊ အဝါရောင်လေးလားဟေ့ဆိုပြီး ကနေပုံက လူထုပရိသတ်ကို ခုံလှုပ်လိုက်တာကို မသိစေရန်အောင် အာရုံပြောင်းနေခြင်းဖြစ်ပါသည်၊ ခုံအပေါ်ပိုင်းမှ အနိမ့်ပိုင်းသို့ ဘောလုံးကလေးတွေ လိမ့်ဆင်းလာတဲ့အခါ ခုံထဲမှာ သံငုတ်ကလေးတွေစိုက်ထားပြီး ဘောလုံးဆင်းနိုင်တဲ့ လမ်းကြောင်းကလေးတွေ လုပ်ထားရာ ဘောလုံးကလေးတွေက အဲဒီငုတ်စိုက်ထားတဲ့ လမ်းကြောင်းကလေးတွေကြားကနေ ဘယ်ဘက်ဝင်သွားလိုက်၊ ဒီဘက်လမ်းကြောင်း ဝင်လာလိုက်နဲ့ ခုံအောက်ပိုင်း အနိမ့်ပိုင်းထဲသို့ဝင်ကြရတာ ဖြစ်ပါတယ်၊ အဲဒီရွှေဘောလုံးလောင်းကစားဝိုင်းကြီးကတော့ လူ့ပရိသတ်အများဆုံး စိတ်အဝင်စားဆုံး ကစားဝိုင်းကြီးတစ်ခုဖြစ်သည်၊ အဲဒီလို လောင်းကစားဝိုင်းကြီး၊ ဝိုင်းသေးအမျိုးစုံပါဝင်တဲ့ပွဲကို (Our Day)လို့ခေါ်တာ ကျွန်ုပ်စခန်းမှူးဖြစ်သူယခင်က မသိခဲ့ပါ၊ တမခမောင်းရောက်တော့မှ မြင်ဖူးသိဖူးခဲ့ခြင်း ဖြစ်ပါတယ်၊ အန်ကလုံးဆွဲတာကိုတော့ မလုပ်တတ်ဘူး၊ ကျွန်ုပ်နဲ့အတူ ပွဲခင်းလုံခြုံရေးကြည့်ရန် အတူလာသော (CO)ကြီးက သင်ပေးတော့မှ ကျွန်ုပ် ခပ်အအ၊ ခပ်တုံးတုံး စခန်းမှူး သဘောပေါက် စကားတတ်လာပါတော့တယ်၊ (Our Day)ကွင်းကြီးအတွင်းမှာ ကြေးအများဆုံးညကြေးပေးရတာကတော့ ရွှေဘောလုံးလောင်းကစားဝိုင်းပါပဲ၊ တစ်ညကို အဲဒီလောင်းကစားဝိုင်းတွေက ရတဲ့ငွေတွေဟာ တပ်တည်ဆောက်ရေးရန်ပုံငွေ၊ ရဲစခန်းရန်ပုံငွေ၊ DKBA စည်းကမ်းထိန်းသိမ်းရေးရန်ပုံငွေ၊ ကြံ့ခိုင်ရေးအသင်း ရန်ပုံငွေ၊ ရ.ယ.က ရန်ပုံငွေ ရယ်လို့ဆိုပြီး အချိုးကျခွဲဝေယူကြရပါတယ်၊ ယခင်က တမခမောင်းရဲစခန်းမှာ တယ်လီဖုန်းမရှိပါ၊ ကျွန်ုပ် ရောက်လာပြီးတော့မှ ခုနက (Our Day)က ရခဲ့တဲ့ခွဲတမ်းငွေများဖြင့် တယ်လီဖုန်းလိုင်းကြိုးဝယ်ပြီး တယ်လီဖုန်း တပ်ဆင်ပေးနိုင်ခဲ့ပါတယ်၊

✡✡✡

www.burmeseclassic.com

www.burmeseclassic.com



DKBA စည်းကမ်းထိန်းသိမ်းရေး အရာရှိဆိုသူကကာမမောင်းတပ်မှ (CO) ကြီးနှင့် ကျွန်ုပ် စခန်းမှူးတို့ကိုပွဲခင်းလုံခြုံရေး လှည့်ပတ်ကြည့်ရှုပြီးနောက် ပွဲဈေးတန်းရှိအတော်အသင့် သန့်ရှင်းကောင်းမွန်သပ်ရပ်တဲ့ စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ခေါ်သွားကာဧည့်ဝတ်ပြုပါတယ်။ (CO) ကြီးနှင့် ကျွန်ုပ် တွေ့ရာလေးပါး စကားပိုင်းကောင်းနေစဉ် အော်တိုမစ်တစ်အတွဲလိုက်ပစ်လိုက်သည့်သေနတ်သံနိုင်း–ဒိုင်း–ဒိုင်းပစ်ခတ်သံများ ရွာထဲဘက်က ကြားလိုက်ရပါတယ်။ (Our Day) လုပ်နေသည်ကို မကျေနပ်၍ (ဓမ္မ)လို့ခေါ်တဲ့ KNU အဖွဲ့ ရွာထဲရောက်လာပြီးပွဲပျက်အောင် လာနှောင့်ယှက်တယ်လို့ထင်ခဲ့မိတယ်။ ကျွန်ုပ်နှင့်အတူပါလာသော လက်နက်ကိုင်နယ်ထိန်းတပ်ဖွဲ့ဝင် (၃)ယောက်နှင့် DKBA စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ လက်နက်ကိုင်ရဲဘော်တွေဟာ သေနတ်သံကြားရာ ရွာထဲဘက်သို့ သွားရောက်ခဲ့ကြအပြီး (CO) ကြီးနှင့် ကျွန်ုပ် နှစ်ဦးသာဆိုင်ထဲတွင်ကျန်နေခဲ့ပြီးပွဲခင်းတစ်ခုလုံးလော်စပီကာအသံများနှင့် ဆူညံနေတာတွေဟာ မီးကိုရေနဲ့ လောင်းလိုက်သလို *တတိ ငြိမ်ပိတိတ်ဆိတ် သွားပါတော့*သည်။ ကျွန်ုပ်တို့လည်းလည်တဆန့်ဆန့်နှင့် သေနတ်သံကြားရာ မျှော်ကြည့်နေရင်း တစ်အောင့်လောက်အကြာတွင် ကျွန်ုပ်၏နယ်ထိန်း(၃)ယောက်ပြန်ရောက်လာကြပြီး သတင်းပို့တော့မှ သေနတ်သံအကြောင်း သိခဲ့ရပါတယ်။

"တခြားမဟုတ်ဘူး ဗိုလ်ကြီး DKBAကရဲဘော်တစ်ယောက် အရက်မူးပြီးထန်းပင်ပေါ်ကငှက်သိုက်ကိုကျည်တစ်ကတ်ကုန်အောင် သူ့သေနတ်နဲ့ပစ်ခဲ့တာပါ။ စည်းကမ်းထိန်းသိမ်းရေးတာအဲဒီရဲဘော်ရဲ့သေနတ်ကို ချက်ချင်းသိမ်းယူလိုက်ပြီး ရုံးကို ခေါ်သွားပါပြီ"

ရဲဘော် သတင်းပို့နေတာကို ဝိုင်းနားထောင်နေတဲ့လောင်းကစားဒိုင်တွေဟာ အကြောင်းစုံ သိလိုက်ရပြီးနောက် သူတို့လူတွေကို အချက်ပြလိုက်တော့ ခပ်စောစောက တဒင်္ဂခဏငြိမ်သွားတဲ့ (Our Day)ကြီးဟာ ပြန်လည် အသက်ဝင်လှုပ်ရှားဆူညံလာပါတော့တယ်။

စကားမစပ် ပြောရဦးမယ်၊ ကျွန်ုပ် ကာမမောင်းစခန်းမှူးတာဝန်ကနေ ဖားအံမြို့က ထုံးအိုင်ရဲစခန်းမှူး တာဝန်နဲ့ ပြန်ပြောင်းဖို့ အမိန့်စာ ထွက်လာပြီးနောက် ကာမမောင်းကို နောက်ပြောင်းလာမယ့် *စခန်းမှူးအသစ်ကို စောင့်မျှော်နေခဲ့ရ*[illegible] (၁၅)ရက် ကြာသွားခဲ့ပါသည်။ အဲဒီ [illegible]ရက်မှာ ကာမမောင်းစည်ပင်ဈေးထဲ[illegible] အထည်ရောင်းတဲ့ ဘာသာခြား [illegible]တို့လင်မယားဟာ လုပ်ပိုင်ခွင့်မရှိ[illegible]ရတော့မယ့် ကျွန်ုပ်အား (၁၅) [illegible]လုံးကြက်သားဟင်းနဲ့ထမင်းကို [illegible]ခင်မင်စွာ စေတနာအပြည့်ဖြင့် နေ့[illegible]ကျွေးမွေးခဲ့ကြတယ်။ စာရှုသူများ [illegible]ကြည့်ပါ၊ လုပ်ပိုင်ခွင့်မရှိတော့ဘဲ [illegible]ရတော့မယ့်စခန်းမှူးကို (၁၅) [illegible]လုံး စေတနာအပြည့်ဖြင့် ထမင်း[illegible]များ ကောင်းမွန်စွာ ကျွေးမွေးခဲ့ကြတာဟာ တော်ရုံတန်ရုံ စေတနာနဲ့ မဖြစ်နိုင်ပါ၊ အင်မတန် စိတ်ထားကောင်းမွန်ကြသူ ဘာသာခြားဇနီး မောင်နှံမိသားစုကို ကျွန်ုပ် ပင်စင်သွားပြီးခဲ့သည့် ယနေ့အချိန်တိုင် တစ်ရက်မှမပြတ် နံနက်၊ ညဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့ ဆုတောင်းပေးလျက် ရှိပါကြောင်း မှန်သောသစ္စာစကားကို ဆိုပါတယ်။

ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ မကွေးရာနယ်မြေရဲ့ အဖြစ်အပျက် တစ်စိတ်တစ်ဒေသ အကြောင်းကို တင်ပြပြီးဆုံးပါပြီ။ စာရှုများနှင့်တကွ ...။

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ

➩ မြေပြန့် သက်နိုင်

**ဆေး မြီး တို**

**မျှော့တွယ်** – သွေးမတိတ်လျှင် နနွင်းမှုန့်နှင့် သိပ်ပေးပါ။
**ယားနာ(ဝဲဆေး)** – ကြက်သွန်ဖြူကိုကြိတ်၍ အုန်းဆီ နှင့် လိမ်းပါ။
**ယောင်ပြီးလန့်အော်တတ်သောရောဂါ** – ကြိတ်မှန်ရွက်ယို ဆေးစားပါ။

www.burmeseclassic.com

# အန္တရာယ်ကြားက တောတွင်းသားတို့

တင်ထူး

〈[illegible]〉





**ကျေးလက်နေ** တောင်သူ ယ်သားများမှာ နွေ၊ မိုး၊ ဆောင်း သုံး ဘတ်လုံး လယ်ထဲတွင်ပင် လုပ်ကိုင် အချိန်ကုန်ခဲ့ကြရသည်။ မိုးဦးကျရိုက် တ်လာသည်နှင့် မိုးစပါး စိုက်ပျိုးကြ ုပ်ငန်းစကြရတော့သည်။ ပထမဦး ျိုးထောင်မည့် လယ်ကွက်ကို ထယ် ထိုးကြရသည်။ ထယ်ရေးညက်လျှင် ထည်းက သီးသန့်ချန်ထားသော ေါးများကို ကြဲကြရလေသည်။ မျိုး ျိုးထောင်ထားပြီးပါက ရက်ပေါင်း ်၊ သုံးဆယ်အတွင်း ကောက်စိုက် စိုက်မည့်လယ်ကွက်များကို အချိန် န်းရစေရန် နေ့စဉ် ထယ်ထိုးကြရ သည်။ မိုးရွာရွာ၊ နေပူပူ လယ်ထဲ ၍ရကြပေ၊ စိုက်မည့်လယ်ကွက် ို တစ်ကွက်ပြီးတစ်ကွက် ထယ် ောင်ထိုးကြရသည်၊ ထယ်ကျွတ် သော လယ်ကွက်ကိုပစ်ထား၍မရ၊ တန် သင်းပိတ်ကာ ရေလှောင်ထားပေးရ သည်။ ထယ်ခဲဖတ်များ ရေမြုပ်နေပါမှ ရေထဲတွင် နူးအိလာကြမည်ဖြစ်သည်။

လယ်ကွက်အားလုံး ထယ်ကျွတ်ခဲ့လျှင် သမန်းစ၍ လူးနိုင်ရန် အစဦးဆုံး ရေလှောင်ထားသော လယ်ကွက်မှစ၍ လျှော့ထုတ်ကာ ထွန်နှင့်ပတ်မောင်းကာ သမန်းလူးကြရသည်၊ ထိုသို့ထွန်နှင့်မွှေလျှင် နူးအိနေသော ထယ်ခဲများ ကျေပျက်ကာ သမန်းရလာသည်။ သမန်းဆိုသည်ကတော့လယ်တစ်ကွက်လုံးထယ်ခဲများ ကျေပျက်အောင် ထွန်နှင့် မွှေနှောက်ထားသော ရွှံ့ပျစ်ရည်များကို သမန်းဟုခေါ်တွင်ခြင်းပင်၊ ထိုသို့သမန်းလူးပြီးမှ ပျိုးခင်းက နုတ်ထားသော မျိုးတုံးများကိုချကာ ကောက်စိုက်မများတတန်းစီ၍ ပျိုးပင်ကလေးများကို ခြောက်

**တောတက် ကြိမ်ခုတ်သမားတို့၏**

**မမြင်ရသော အန္တရာယ်၊ တောဆင်ရိုင်းနှင့်**

**တွေ့လေရာ ..**

www.burmeseclassic.com

www.burmeseclassic.com



လက်မခြားတစ်ပင်နှုန်းဖြင့် ကောက်ပင်စိပ်စိပ်စိုက်ရခြင်းဖြစ်သည်။

လယ်ကွက်အားလုံး စိုက်ပျိုးပြီးသည့်အခါ လယ်စိုက်ပြီးသည်ဟု ပြောကြသည်။ စိုက်ပြီးသည့်အခါ လယ်ကွက်များထဲတွင် ရေစပ်စပ်သာ ထားရသည်။ ဆယ်ရက်ခန့်ကြာလျှင် ကောက်ပင်တလေးများမှာ သမန်းပြင်ထဲတွင် အမြစ်စွဲ၍ စိမ်းလန်းလာကြသည်။ ထိုကောက်ပင်များကို ကောက်ပင်လှန်သည်ဟု ပြောကြသည်။ ကောက်ပင်လှန်ချိန်ရောက်လျှင် ရေပိတ်လှောင်ထားပေးရသည်။ စပါးပင်သည် ရေကြိုက်သောအပင်မျိုးဖြစ်သည်။ ကောက်ပင်ရင်းတွင် ရေရှိနေလျှင် လျှင်မြန်စွာ ရှင်သန်ကြီးထွားလာကြသည်။

မိုးကျော်က သူ၏ စိုက်ပြီးသော လယ်တွက်များတွင် ကတွတ်ပေါက်များ ပိတ်ပိတ်ပေးနေသည်။

"တော့-မိုးကျော်-မင်းစပါးခင်းတွေကို ရေလှောင်နေပြီလားဟေ့"

"အေးလေ-မြအောင်ရာ၊ ကောက်ပင်တွေ လှန်လာပြီး စိမ်းလာနေတော့ ရေလိုနေကြပြီလေကွာ"

"အေး-ငါ့လယ်တွက်တချို့ကိုလည်း ရေလှောင်ပေးနေရပြီကွ၊ အဲဒီလယ်ကွက်တွေက အစောဆုံးစိုက်ထားတဲ့အကွက်တွေလေ"

လယ်စိုက်သည်မှာ ရေလှောင်ရုံနှင့် ရေလှောင်ပေးရ၏။ ကောက်ပင်တွေ ပိုးကျလျှင် ဆေးဖြန်းပေးရသည်။ စိုက်ပြီးပြီးပြီဆိုပြီး ပစ်ထား၍မရ၊ နှစ်ရက်တစ်ပတ်ဆိုသလို လယ်ထဲ ပေါက်တူးထမ်းပြီး လိုက်ကြည့်ပေးရသည်။

သီတင်းကျွတ်တန်ဆောင်မုန်းလထဲ ရောက်လာလျှင် ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုသည့်အတိုင်း စပါးပင်များ ဖုံးလာကြတော့သည်။ ဆောင်းရောက်လျှင်တော့ ရင့်မှည့်ပြီး ရိတ်သိမ်းကြရမည်ဖြစ်သည်။

"ဟေ့-မိုးကျော်-မင်းဒီဆောင်းမှာ မတ်ပဲ စိုက်ဦးမှာလားကွ"

"ဟာ-စိုက်ရမှာပေါ့ကွ၊ မတ်ပဲက ဈေးကောင်းရတယ်လေ"

"မင်းဝမ်းစာဆီအတွက် မြေပဲကော စိုက်ဦးမလားကွ"

"မစိုက်တော့ဘူးကွ။ မြေပဲက ထယ်ရေးညက်အောင် ထယ်အထပ်ထပ် ထိုးရတဲ့အပြင် ပဲမျိုးဈေးကလည်း ကြီးတယ်လေ၊ ဒါကြောင့် မတ်ပဲ ပိုစိုက်ပြီး ဆီပြန်ဝယ်ထားမယ်ကွာ"

"အေး-ငါလည်းအဲဒီလိုပဲလုပ်မယ်လို့ စိတ်ကူးထားတယ်ကွ"



စပါးရိတ်သိမ်းပြီးလျှင် ဆောင်းသီးနှံများ ဆက်စိုက်ဖို့ တာစူကြရပြန်သည်။

ဆောင်းဦးတရောက်ပြီး စပါးရိတ်ပြီးသော ရိုးပြတ်ကွက်များကို မတ်ပဲကြဲကာ ထယ်ထိုးပြီး ကြမ်းတုံးဖြင့် နှစ်ပြန်ခန့်ရိုက်ပြီး စိုက်ကြရပြန်သည်။ မတ်ပဲ စိုက်ရသည်က အလုပ်သိပ်မများပေ။ ကြဲပြီး ထယ်စပ်ကျဲကျဲထိုးကာ ကြမ်းတုံးရိုက်ထားပြီးသည်နှင့် လေးငါးရက်ကြာလျှင် အပင်တလေးများ ပေါက်ထွက်လာကြတော့သည်။ တချို့လယ်သမားများက ပဲနောက်၊ အသင်းပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ နှမ်းတို့ကိုပါ ထည့်ကြဲထားကြသည်။

ဆောင်းသီးနှံများစိုက်ထားပြီးလျှင် တလင်းထဲတွင် ပုံထားသော ကောက်လှိုင်းပုံများမှ စပါးတုံးများကို တလင်းထဲ ဖြန့်ကြရသည်။ ပြီးလျှင် ကျွဲနွားများနှင့် နယ်ကြရသည်။ တလင်းကျယ်တွင် ကောက်ပြန့်ထားပါက လှည်းကောက်၍ လည်းနှင့် ပတ်မောင်းကာ စပါးနယ်ကြသည်။ တချို့က ထွန်စက်ရှိလျှင် ထွန်စက်နှင့်နယ်လေသည်။ စပါးနယ်၍ အသီးများ ကြွေလောက်သည့်အခါ ကောက်ရွကာ ကောက်ရိုးများ ချရသည်။

ထိုအခါ စပါးနှင့် ကောက်မှော်များ ရောနေသော ကောက်မှော်ပုံကို ရရှိလာသည်။ ထိုကောက်မှော်ပုံအား လေ့စင်နှင့်ဖြစ်စေ၊ လူအုပ်နှင့်ဝိုင်းယက်၍ဖြစ်စေ ပြုလုပ်လိုက်သောအခါ ကောက်မှော်တခြား၊ စပါးတခြားရလာသည်။ ထိုရလာသောစပါးကိုမှ မျိုးစပါးချန်ကာ ကျန်သောစပါးများကို ဝမ်းစာ ဆန်ကြိတ်ရသည်။ ဝမ်းစာစပါးကိုလည်း ပုတ်ထဲ ထည့်၍ လှောင်ထားပြီး အပိုအလျှံစပါးများကို ပေါက်ဈေးနှင့် ရောင်းချကြရလေသည်။ ထိုသို့စပါးပြီးသွားချိန်ကို တလင်းသိမ်းချိန်ဟု ခေါ်သည်။

ဆောင်းကုန်၍ နွေဦးရောက်လာလျှင် နွေအလုပ်များဖြစ်သော အိမ်ပြင်၊ ထင်းဝါးတိုက်၊ လယ်ထဲ နွားရေးအလုပ်များ ဆက်လုပ်ကြရပြန်လေသည်။

"ဟင်-မိုးကျော်-မင်းရဲ့လှည်းတို လှည်းအိမ်ဖြုတ်ချပြီး လှည်းမြီးတိုတို လှည်းဆီ ထိုးနေပါလားကွ"

"အေးလေကွာ-နွေလွန်ရင် မိုးပြန်ရောက်လာတော့မှာဆိုတော့ အခုကတည်းက အိမ်ပြင်ထားကြရမှာပဲလေ"

ကျေးလက်နေထိုင်သူများက များသောအားဖြင့် သစ်ဝါးများနှင့် ဆောက်ပြီး သက်ကယ်မိုးထိုဖြင့် မိုးသောအိမ်များဖြစ်သည်။ ထိုအိမ်များကို တစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါအသစ်ပြန်မိုးကြရလေသည်၊ သို့မှသာ မိုးတွင်းရောက်လာလျှင် မိုး ဘယ်လောက်ပဲကြီးကြီး မိုးလုံနိုင်သည်၊ တချို့အိမ်များက ခိုင်ခိုင်မာမာ ဆောက်ထား၍ တိုင်မလဲရပဲအမိုးဟောင်းကိုသာအသစ် ပြန်မိုးပေးကြရသည်၊

"မိုးကျော် - မင်း တောင်ပေါ်တက်ဝါးခုတ်သွားဦးမှာလားကွ"

"ဝါးတစ် ခေါက် လောက် တော့တက်ခုတ်ရမှာပဲ - မြအောင်ရ"

"ငါလည်းတက္ခုတ်ရမှာမို့မင်းသွားရင် ငါ့ကို ပြောဦးကွာ၊ အတူတူ သွားခုတ်ကြတာပေါ့"

မိုးကျော်တို့မှာ အိမ်ပြင်ပြီး ပြန်၍ မိုးပြီးသွားလျှင် မိုးတွင်းစာအတွက် တောင်ပေါ်မှ ထင်းတုံးများ တက်ဆွဲကြရသည်၊

"မြအောင်ရေ - ဒီအပင်ဟာ သစ်ဆတ်ပင် မဟုတ်လားကွ"

"အေး - ဟုတ်တယ်လေ၊ ဘာလဲ မင်းက အဲဒီအပင် လှဲချင်လို့လား၊ ထင်းချောကောင်းလို့လားကွ"

"ဟာ - မင်း သစ် ဆတ် သား အကြောင်း မသိသေးဘူးထင်တယ်၊ ဒီသစ်ဆတ်သားက ပိုင်းဖြတ်ပြီး ပေါက်ခွဲရင် သိပ်လွယ်တာကွ၊ ပြီးတော့ - ထင်းလည်း ကောင်းတယ်လေ"

"ဟုတ်လား - ဒါဖြင့် ဒီအပင်ကို ဖြတ်လှဲကြမယ်ကွာ"

နှစ်ယောက်သား အပင်ရင်းနားမှ လွှတိုက်၍ ဖြတ်လှဲခဲ့ကြသည်၊ သစ်ပင်လဲသောအခါ ကျွဲနွားတစ်နိုင်အတွက် ဆယ်တောင်စီ ပိုင်းဖြတ်ပြီး တုံးထိပ်၌ နဖားဖောက်ခြင်း၊ တုံးထိပ်အောက်ဘက်၌ လှူးချွန်ပြီး ထားခဲ့ကြသည်၊

"မြအောင်ရေ - ငါတို့ မနက်လေး နာရီလောက် ထပြီး လှည်းနဲ့ ရွာက ထွက်လာကြမယ် နော်၊ ဒါမှ တောင်ပေါ်က ထင်းတုံးတိုက်ပြီး လှည်းပြန်မောင်းလာရင် နွားတွေ နေသိပ်မပူမှာကွ"

"အေးလေ - စောစောသွားကြတာပေါ့၊ တောင်ပေါ်ရောက်ရင် ထင်းတုံးက အဆင်သင့်ဖြစ်ထားပြီးသားဆိုတော့ သံကြိုးချိတ်ပြီး ဖွတ်ဆွဲ ချရုံပဲလေကွာ၊ လှည်းစခန်းရောက်တော့ ထင်းတုံးတို လှည်းပေါ်တင်ပြီးရင် ပြန်မောင်းလာခဲ့ရုံပဲဆိုတော့ နေသိပ်မပူခင် ရွာပြန်ရောက်နိုင်ပါတယ်ကွာ"

သူတို့အိမ်အတွက် မိုးတွင်းစာ ထင်းတိုက်ရသည်က ထင်းတုံးလေးငါးခြောက်တုံး တိုက်ကြရသည်၊ အိမ်ရောက်လျှင် ထိုထင်းတုံးကို တံတောင်တိုစီ ပိုင်းဖြတ်ရသည်၊ ထိုတံတောင်တိုအပိုင်းများကို ပေါက်ခြမ်း၍ တလင်းထဲတွင် နေလှန်းထားကြရသည်၊ မိုးနားနီးမှ ထင်းစင်ဆောက်ကာ ထိုပေါက်ခြမ်းအခြောက်များကို စီထပ်ပြီး သွင်းထားကြရသည်၊ မိုးတွင်းရောက်လာလျှင် ထမင်းဟင်းချက်ရန် ထိုထင်းစင်မှ ထင်းခြမ်းကို ပေါက်စိတ်၍ ထင်းဆိုက်ကြရသည်၊

✡✡✡

မိုးကျော်တို့ မြအောင်တို့ လယ်သမားများမှာ မိုးအလုပ်၊ ဆောင်းအလုပ်၊ နွေအလုပ်များပြီးစီးခဲ့ကြလေပြီ၊ နွေအခါ ထင်းဝါးစုံပြီး လယ်ထဲ နွားရေးချပြီးပါက အလုပ်အားသွားခဲ့ကြတော့သည်၊

ရွာထဲက တချို့မှာ အလုပ်များ အားသွားကြသည်နှင့် အရက်ရောင်းသည့်အိမ်၊ ထန်းရေရောင်းသော ထန်းတောသို့သွားကြကာ သောက်စားမူးယစ်ခဲ့ကြသည်၊ တချို့က ဖဲရိုက်၊ ကြက်တိုက်လုပ်ကြသည်၊ တချို့ဆိုလျှင် တစ်မိုးတွင်းလုံး ဝင်ပင်ပန်းပန်း ကျွဲနွားနှင့်အတူ ဖက်ရုန်း၍ လုပ်ယူခဲ့ရသော စပါးများနှင့် ပင်ဖဲရိုက်၊ ကြက်တိုက်လုပ်ကြကာ ဝမ်းစာစပါးတောင် မကျန်တော့သည့်အခြေအနေအထိ ဘဝပျက်ခဲ့ကြသည်၊ မိုးတွင်းရောက်တော့ စားစရာဆန်က မရှိ၊ လယ်



ဆင်းစရာစရိတ်က မရှိလေတော့ စီးပွားရေးတောင့်တင်းသူများထံမှ စပါးပေးနှင့် ငွေချေးငှားလုပ်ကြရသည်၊ အချိန်တန်တော့ အကြွေးပြန်ဆပ်ပေးရတော့ ထိုလယ်သမားမျိုးမှာ အကြွေးယူလိုက်ပြန် ဆပ်လိုက်နှင့်ပင် နာလန်မထူနိုင်အောင် ဖြစ်ကြရလေသည်၊

မိုးကျော်တို့၊ မြအောင်တို့ကတော့ ထိုလူများကဲ့သို့ ဟော့ဟော့ရမ်းရမ်း မလုပ်ကြပေ၊ သူတို့က စီးပွားရေးသမားများဖြစ်ကြသည်၊ ယခု နွေဘက်ရောက်၍ အလုပ်အားနေကြသောအခါ ဝင်ငွေရရှိနိုင်မည့်အလုပ်ကို ရှာဖွေနေကြလေသည်၊

"မြအောင်ရေ - ငါတို့ လယ်ထဲ ပြန်မဆင်းရခင် အားနေချိန်မှာ ကြိမ်သမားတွေနဲ့ တောထဲ ကြိမ်လိုက်ခုတ်ကြရရင် မကောင်းဘူးလားကွ"

"ဟာ - ငါတို့က ကြိမ်တစ်ခါမှမခုတ်ဖူးတာပဲ၊ လိုက်ခုတ်လို့ဖြစ်ပါ့မလားကွ"

"ဟာ ... ကွာ၊ ကြိမ်ခုတ်အဖွဲ့နဲ့ လိုက်သွားပြီး သူတို့ခုတ်သလို ကြည့်ပြီးခုတ်ကြတာပေါ့ကွာ"

သူတို့အရပ်သို့ ကြိမ်ဝယ်သူများတာ နှစ်စဉ်နွေရောက်လာသည်နှင့် ကြိမ်လာကောက်ကြသည်၊ ပထမကြိမ်အရွယ်

အစားနှင့် အရှည်ကို သတ်မှတ်ပေးပြီး ဝယ်ဈေးကိုပါ ပြောပြီး မှာယူကြသည်၊ သူတို့မှာသည့်အတိုင်း တောင်ပေါ်တောထဲသွားကြကာ ကြိမ်များကိုအနာအဆာ လွတ်ခုတ်ပြီး ခွေကာ ထမ်းသယ်လာကြသည်၊ ရွာရောက်လျှင် ကြိမ်ဝယ်သူများကို ကြိမ်သွင်းပြီး ငွေရှင်းယူကြရသည်၊ တချို့ဆိုလျှင် တောထဲမှ ကြိမ်ခုတ်၍ ခွေပြီး ထမ်းပိုးနှင့် တစ်ဖက်လျှင် သုံးလေးခွေထည့်ပြီး ကြိမ်ခွေခြောက်ခွေ၊ ရှစ်ခွေပါအောင် ထမ်းနိုင်ကြလေသည်၊

မိုးကျော်တို့လည်း ကြိမ်ခုတ်သည့်အဖွဲ့နှင့်အတူ လိုက်ကာ ခုတ်ပုံခုတ်နည်းများအတုယူ၍ ခုတ်ကြရလေသည်၊

ကြိမ်ခုတ်သည်က အပြောသာ လွယ်သည်၊ ကြိမ်တောရောက်၍ လက်တွေ့ခုတ်ကြည့်သောအခါ တော်တော်အန္တရာယ်များလှသည်၊ တောတောင်ထဲတွင် တောတိုး၍ ကြိမ်ပင်ရှာဖွေရသည်၊ ကြိမ်ပင်များက မြေမှာ ပေါက်ပြီး သစ်ပင်ကြီးများပေါ် နွယ်တက်နေကြ၏၊ ကြိမ်တစ်ပင်လုံး အခွံများနှင့် ဆူးများက ပြည့်နေ၏၊ အပင်သန်လျှင် သန်သလောက် ဆူးများကလည်း ကြိမ်အခွံပတ်လည်တွင် နှစ်လက်မ သုံးလက်မခန့်အရှည်ရှိ ဆူးကြီးများ ပေါက်ထွက်နေသည်၊

ထိုဆူးများကို တက်နင်းမိလျှင် ခြေဖဝါး ထုတ်ချင်းပေါက်သွားနိုင်သည်၊ ထို



အစွယ်ကြီးငေါငေါနှင့် တောဆင်ရိုင်းတစ်ကောင်မှာ မိုးကျော်နောက်က ထက်ကြပ်မကွာ လိုက်နေသဖြင့် မိုးကျော်အသက်ဝင် မရှုနိုင်ပဲ ရှေ့က သေပြေးရှင်ပြေး ပြေးနေခဲ့ရသည်။ တစ်နေရာအရောက်တွင် တောင်ကမ်းပါးယံအစွန်းကြီးတစ်ခုသို့ ရောက်သွားကာ ရှေ့ဆက်ပြေးစရာ မရှိတော့သဖြင့် နောက်ဘက်ပြန်လှည့်ကြည့်မိလိုက်သည်။

ကြိမ်ပင်အရင်းသို့ဆူးမစူးမိအောင်သတိနဲ့ သွားရပြီး အရင်းနားက ဓားနှင့် ခုတ်ဖြတ်ရသည်၊ ဖြတ်သွားလျှင် လက်ကိုင်ခုံအောင် ဆူးအခွံများကို ဓားနှင့် သင်ယူရသည်၊ သင်ပြီးပါက လက်နှစ်ဖက်နှင့်ကိုင်ကာ သစ်ပင်ပေါ်က အောက်ကိုဆွဲချရသည်၊ အောက်သို့ရောက်မှ ဆူးခွံများကိုဓားနှင့်သင်လိုက်လျှင်ကြိမ်သားအတိုင်းကြိမ်ကိုရသည်၊ ထိုကြိမ်ကိုတစ်ခွေစာအရှည် တိုင်းပြီး ဖြတ်ကာ ခွေယူခြင်းဖြစ်သည်၊

မိုးကျော်တို့လည်း အစတစ်ခေါက်နှစ်ခေါက်တွင်ကြိမ်ခုတ်နည်းသိအောင်အတူလိုက်ခုတ်ခဲ့ကြသည်၊

“မြအောင်ရေ - ငါတို့ကြိမ်ခုတ်အဖွဲ့နဲ့ အတူလိုက်ခုတ်နေရတော့ ကြိမ်အရနည်းတယ်ကွာ၊ အခုဆိုရင် ငါတို့ ကြိမ်နည်းခုတ်တတ်ကြပြီပဲ၊ ဒီတော့ - မင်းနဲ့ငါ သူတို့နဲ့ အတူမလိုက်ပဲ ငါတို့ချည်း ခွဲထွက်ပြီး ခုတ်ကြမယ်ပဲကွ”

“အေး - ကောင်းတယ်၊ ဒါမှ ငါတို့ကြိမ်ခွေတွေ များများခုတ်ယူလို့ရမှာပေါ့ကွာ”

နှစ်ယောက်သား ခွဲထွက်၍ ကြိမ်ခုတ်ထွက်လာခဲ့ကြသည်၊

“မြအောင်ရေ - ငါခုတ်ထားတဲ့ကြိမ်ပင်က အောက်ကို ဆွဲချလို့မရလို့ လာဆွဲချကူဦးကွာ”

“ဟေ့ - အောက်ကိုလည်း သေချာကြည့်နင်းနော်၊ ကြိမ်ဆူးစူးမိရင်တော့ တစ်နေ့စာ ဖူးလုံပြီး အိမ်မှာ ဆေးကုနေရမယ်ဟေ့”

“ဟင် - ဆွဲချလို့မရဘူးကွ၊ သစ်ပင်ပေါ်တက်ဖြတ်ချမှ ရမှာပဲ”

မြအောင်က ကြိမ်နွယ်တက်နေသော သစ်ပင်ကြီးအနီးရှိ သစ်ပင်မှ ခက်ခက်ခဲခဲတက်ကာ ရစ်ပတ်နေသောကြိမ်ပင်ကို ဖြတ်ချလိုက်သည်၊ ထိုအခါမှ ဆွဲချ၍ ရလေတော့သည်၊

သူတို့နေ့ဘက်အားလပ်နေချိန်တွင် တောတက်ကြိမ်ခုတ်သွင်းပေးခဲ့သဖြင့် ကြိမ်ဖိုးပင် အတော်ရခဲ့ကြလေသည်၊

“မြအောင်ရေ - ငါတို့ တခြားတောတစ်တောဘက် ပြောင်းပြီး ကြိမ်ခုတ်မှပဲကွ၊ ဒီတောဘက်မှာက ခုတ်သူတွေ များနေလို့ ကြိမ်ပင်ရှာရတာ မလွယ်ဘူး”

သူတို့ကြိမ်ခုတ်သူများမှာတောတိုး၍ ကြိမ်ပင် ရှာခုတ်ကြခြင်း ဖြစ်သောရာ တစ်ခါတစ်ရံ ကြိမ်ရှာရင်း သောကြီးမြွေဟောက်နှင့် တွေ့ပြီး ထွက်ပြေးကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ တချို့ဆိုလျှင် ကျားနှင့် ပက်ပင်းတိုးပြီးသေပြေးရှင်ပြေးပြေးခဲ့ကြရသည်။ တချို့ဆိုလျှင် ကြိမ်ပင်ဆွဲချရာမှ မြွေပါရောစ်ကျလာသည်ကိုတွေ့ခဲ့ကြရသည်။ အန္တရာယ်ကို မတွေ့တွေ့အောင် ရှာနေသူများနှင့် တူလှသည်။

သည် နေ့ တော့ မိုးကျော်နှင့် မြအောင်တို့နှစ်ယောက် တောပြောင်းတာ ကြိမ်ခုတ်နိုင်ရန် ခပ်စောစောပင် ရွာမှ ထွက်လာခဲ့ကြသည်။ ကြိမ်က တောနတ်ထဲ၌သာ အပေါက်များသဖြင့် သူတို့လည်း တောနက်ရာသို့ တက်လာခဲ့ကြ၏။

"ဟာ - သည်တောက သစ်ပင်ကြီးတွေလည်းပေါ၊ တောလည်းထူထပ်တော့ ကြိမ်တော တွေ့နိုင်တယ်ဟေ့"

နှစ်ယောက်သား တောတိုးဝင်လာကြတာ ကြိမ်ပင်များ ရှာဖွေကြ၏။

"တော့ - မိုးကျော် - ဟိုတောင်စောင်းအောက်ဘက်အနိမ့်ထဲမှာဆိုရင် ကြိမ်ပင်တွေ တွေ့နိုင်တယ်ကွ၊ ငါတို့ အဲဒီနေရာဘက်ကို ဆင်းသွားပြီး ရှာကြရအောင်"

သူတို့လည်း တောခုတ်ထွင်၍အိမ့်ထဲအရောက် ဆင်းရှာလာခဲ့ကြသည်။

"ကျည် - ကျည် - ကျည်"

"ဝူး - ဝူး"

"ဖြောင်း - ဖြောင်း"

"ဟာ - ဘာသံတွေလဲ - မိုးကျော်"

"အေး - နားစွင့်ကြည့်စမ်းကွာ"

"ဟာ - တဖြောင်းဖြောင်းနဲ့ တော တိုးလာနေတဲ့ ဆင်အုပ်ကြီးပဲကွ"

"ဟင်၊ ဒါဆို မဖြစ်ဘူးကွ၊ ပြေးမှပဲ"

"ဟေ့ - ဟေ့ - မိုးကျော် မင်းရှေ့မှာ တောဆင်ကြီး ရောက်လာနေပြီ"

မိုးကျော်လည်းနောက်သို့မကြည့် ပြေးမိပြေးရာ စွတ်ပြေးတော့သည်။ မြအောင်ကလည်းလွတ်ရာသို့ပြေးသွား လေရာ တစ်ယောက်တစ်ကွဲစီ ဖြစ်သွား ခဲ့ကြသည်၊ သစ်ပင်ကြီးများက ထူထပ် စွာ ပေါက်နေသဖြင့် ဆင်ကြီးများ ကိုယ်လုံးများမှာ မဝင်ဆံ့၍ သစ်ပင်ကြီး များကို ဖယ်ရှားပြီးမှ လိုက်နေကြ၍ သူ တို့ရှေ့က အသားကုန်ပြေးသာနေခြင်း ဖြစ်သည်၊

အစွယ်ကြီးငေါငေါနှင့် တောဆင် ရိုင်းတစ်ကောင်မှာ မိုးကျော်နောက်က ထက်ကြပ်မကွာ လိုက်နေသဖြင့် မိုးကျော် အသက်ပင် မရှူနိုင်ပဲ ရှေ့ သေပြေးရှင်ပြေး ပြေးနေခဲ့ရသည်။ တ နေရာအရောက်တွင် တောင်ကမ်းပါး အစွန်းကြီးတစ်ခုသို့ရောက်သွားကာ ရှေ့

ပြေးစရာ မရှိတော့သဖြင့် နောက် ပြန်လှည့်ကြည့်မိလိုက်သည်၊

"တိုက် - တောဆင်ကြီး ငါ့ကိုမီခါနီး ပြီ"

"စက်ပြီ - ငါ့ရှေ့မှာလည်း တောင် ယံအစွန်းကြီးပဲ ရှိနေတော့ ပြေး ာ ဆုံးနေပြီ"

တောဆင်ရိုင်းကြီးမှာ မီခါနီးအခြေ မှန်း သိလေဟန်ဖြင့် နောက်က ပြေးလိုက်လာနေသည်။

"ငါ - ဘာဆက် လုပ် ရပါ့မလဲပဲ၊ ပြေးစရာလည်း မရှိ၊ ရပ်နေပြန်ရင် း တောဆင်ကြီး မီလာပြီး အစွယ် နဲ့ ထိုးသတ်၊ ခြေထောက်ကြီးနဲ့ စိစိ ညက်ကျေအောင် နင်းသတ်ခံရ မှာပဲ"

ထိုသို့တွေးမိနေရှိန်၌ခပ်လှမ်းလှမ်း ဆင်လိုက်၍ပြေးနေသောမြအောင် ကျော်ကို လှမ်းတွေ့မြင်သွားလေ

"တော့ - ကောင်မိုးကျော်၊ ပြေးတော့ -ခင်းရပ်နေတော့နောက် ဆင်ကြီး တော့မယ်လေ"

"တာ - ငါ့အနား ဆင်ကြီး ရောက် ပြီ၊ အို - ဆင်နင်းသတ် လို့တော့ ဘူး၊ ဒီတောင်ကမ်းပါးယံအစွန်း



ကနေ အောက်ဘက်ကို ခုန်ချမယ်၊ ကံ ကောင်းရင် အသက်ရှင်ခွင့် ရချင်ရမှာပဲ"

"ဟေ့ - မိုးကျော် - ငါ ပြေးနေတဲ့ ဘက်ကို အမြန်ပြေးလာခဲ့လေ"

"ဟင် - မိုးကျော် တောဆင်ကြီး သူ့ အနား ရောက်လာခဲ့လို့ တောင်ကမ်းပါး ယံအစွန်းကြီးက အောက်ဘက်ကို ခုန် ဆင်းသွားပါလား"

ထိုစဉ် တောဆင်ကြီးမှာ မြအောင် ဘက်လှည့်ကာ လိုက်လေတော့သည်။ မြအောင်လည်း ထိုနေရာမှ ရှေ့ဘက် တောင်စောင်းအတိုင်းပတ်၍ပြေးရလေ တော့သည်။ သူ တောင်စောင်းအတိုင်း အတော်ဝေးဝေးပြေးလာခဲ့ပြီးနောက်ကို လှည့်ကြည့်မိ၏။

"ဟာ - တောဆင်ကြီး တောင် စောင်းလမ်းဆိုတော့ မပြေးနိုင်ပဲ ပြတ် ကျန်နေခဲ့ပါလား"

"မိုးကျော်ကတော့ တောင်ကမ်းပါး ယံအမြင့်မှ ခုန်ချခဲ့တာဆိုတော့ အသက် ရှင်နိုင်စရာလမ်း မရှိနိုင်ဘူး၊ ငါပဲ ရွာ အရောက်ပြန်ပြီးအကျိုးအကြောင်း ရှင်း ပြရတော့မှာပဲ"

ထိုနေ့ည(၇)နာရီခန့်တွင်မြအောင် ရွာပြန်ရောက်လာကာ မိုးကျော်အခြေ အနေကို ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ဒါဆိုရင်တော့ မိုးကျော်ဟာ သေမှာကများတယ်ဟေ့၊ မနက်လင်းရင်တော့ လူစုနဲ့ သူ့အလောင်း သွားကောက်ကြရတော့မှာပဲ"

နောက်နေ့မနက်တွင် ရွာမှလူစုနှင့် မိုးကျော် စုန်ဆင်းခဲ့သည့် ကျောက်ကမ်းပါးယံကြီး၏ အောက်ဘက်သို့ ခက်ခက်ခဲခဲ ဆင်းရှာကြလေသည်။

"ဟာ - မိုးကျော်ကို တွေ့ပြီဟေ့၊ တစ်ကိုယ်လုံးလည်း သွေးချင်းချင်းနီပြီး သတိလစ်နေတယ်၊ အသက်တော့ ရှူသေးတော့ မသေသေးဘူးဟေ့"

ရွာသားများလည်း မိုးကျော်အား ပုဆိုးသိုင်းကာ ဝါးလုံးသျှိုထမ်းပြီး ရွာသို့ ပြန်သယ်လာခဲ့ကြလေသည်၊ ရွာရောက်လျှင် ဆေးရုံသို့ အမြန်ဆုံး ပို့ခဲ့ကြလေသည်၊ မိုးကျော်မှာ ဆေးရုံတွင် တစ်လခွဲ ခန့်ကြာအောင်က သခံခဲ့ရပြီး သက်သာလာခဲ့သော်လည်း တစ်ကိုယ်လုံး အနာရွတ်ဗရပွနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့လေတော့သည်၊

➡ တင့်ထူး (ဇေယျဝတီ)

**ဆေးမြီးတို**

**မြွေပတုတ်ကိုက်** - ကျွန်းသားမီးသွေးကို ကြိတ်၍သိပ်ပါ။

**မြွေဟောက်ကိုက်** - ငမြွေကြီး၊ စဥ့်မခံနှစ်ပါးကို အရက်၊ ရေနွေး ရရာနှင့် အမျှစီသွေး၍ သောက်ပါ။

**ရေတော်ဝမ်းကျ** - မန်ကျည်းဖျော်ရည်တိုက်ပါ။



www.burmeseclassic.com



**မူခိုက်** ခြောက်သွေ့သောယခုလို နွေကာလမျိုးတွင် ရိုးမကြီးအတွင်း သားငှက်တိရစ္ဆာန်တို့သည် သဘာဝဘေးအန္တရာယ်ဖြစ်သော နွေကာလ၏ အပူရှိန်ဒဏ်ကို ခံကြရစမြဲဖြစ်သည်။ သို့အတွက် ရိုးမကြီးအတွင်း သားကောင်တွေအတွက် သောက်သုံးရေက ရှားပါးသလို ရေအိုင်များရှိ ရေတို့သည်လည်း ခန်းခြောက်ကြသဖြင့်အရှိုသောရေအိုင်များတွင် နွံများပင် ခြောက်သွေ့ပြီး ပပ်ကြားအက်များအသွင် ဖြစ်နေကြပေတော့သည်။

နွံအိုင်တစ်ခုတွင်ရေများခန်းခြောက်တာအလယ်တစ်နေရာတွင်မြေသားတို့စုပုံပြီး ခြတောင်ပို့သဏ္ဍာန် အပေါ်ကို မို့မောက်နေသည့်မြေစာပုံတစ်ခုကို အဘတောင်းက လက်ညှိုးထိုးပြသဖြင့်ကြည့်လိုက်စဉ် –

"အဲဒါ ဘာအပုံလဲ – သိကြလား"

"နောက်ချေးပုံ – အဘ"

ကုလားကြီး သန်းညွန့်က ပြေ

လိုက်စဉ် အာလူးကလည်း –

"ဟဲ့ – ကုလားကြီးရဲ့ ရိုးမကြီးထဲ

နင့်အဘနွားက ဘယ်လိုရှိမှာလဲ။ အဲ

ဆင်ချေးပုံကွ"

သူတို့နှစ်ယောက် ငြင်းခုံနေ

ညက်ကျယ်က ကြားဖြတ်လျက် –

"ကနီနာဥ၊ အဲဒါရွံ့တွေခြောက်နေ

တောင်ပို့လိုဖြစ်နေတဲ့အပုံလေ အဘ

ထိုသို့ တစ်ယောက်တစ်ပေါက်ပြ

နေကြစဉ် အဘကောင်းက –

"သေသေချာချာ ကြည့်ကြဦး

ရေအိုင်မှာ အဲဒီရွံ့ပုံက ဘာကြောင့်အ

လို လာဖြစ်နေရတာလဲဆိုတာကို –"

အဘကောင်း ပြောလိုက်သည်

အတိုင်း ကျွန်တော်တို့ ကြည့်လိုက်ပြ

တော့လဲသည်အတိုင်းမို့ –

**မှဆိုးဝတ္ထုပီပီ တောသဘာဝ၊**

**တောတွင်းတိရစ္ဆာန်များဖြစ်သည့် ကျား၊ လိပ်၊**

**ဖွတ်တို့၏ သဘာဝ၊ နေထိုင်မှုစရိုက်တို့ကို**

**ပီပြင်စွာ ဖော်ပြထားသည့် ..**



"ထူးတော့ ထူးတယ် – အဘရဲ့။

ိုင်အလယ်မှာ တစ်နေရာထဲကွက်

တောင်ပို့လိုဖြစ်နေတော့ ဆန်းနေ

ယ်။ ဘာပုံဖြစ်နိုင်မလဲ ဟင်"

"ဘာပုံဖြစ်တယ်ဆိုတာကို သိချင်

အဲဒီကိုသွားပြီး သေးနဲ့ ပိုင်းပန်းကြည့်

ကြပါလား။ ဒါမှ ဘာဆိုဘာကိုမင်း

သိကြမှာပေါ့"

အဘကောင်း ပြောလိုက်သည့်

ားကြောင့် ရှာခံမုဆိုးနှစ်ဦးအပါ

င် ကျွန်တော်တို့ အဖွဲ့သားတွေနှင့်

ြသားခြောက်နေသည့် ကန်အလယ်

သွားကာ တောင်ပို့လိုဖြစ်နေသည့်

ပုံမို့မို့ကို ပတ်ချာဝိုင်းကာ သေးနှင့်

န်းလိုက်ကြပေသည်။ ထိုကဲ့သို့ ထို

ကို သေးနှင့် ဝိုင်းပန်းနေစဉ်အတွင်း

တောင်ပို့သဏ္ဍာန်မြေပုံမို့မို့လေးမှာ

ရွှဲသွားသည်နှင့် အတူ ရှုစိရှုစိနှင့်

ြည်းဖြည်း တလှုပ်လှုပ် တရွရွ ဖြစ်

ာသည်ကို အံ့ဩဖွယ် တွေ့မြင်လိုက်

ရသဖြင့် နောက်ကို ကမန်းကတန်း

န်ပြန် ဆုတ်လိုက်ကြရင်း အဘ

ောင်းမျက်နှာကိုလှမ်းကြည့်လိုက်ကြ

ပြုံးစိစိလုပ်ရင်းက –

"ဒီအပုံကို မင်းတို့ကတော့ တောင်

ို့လည်း ထင်သလို နွားချေးပုံ၊ ဆင်

ချေးပုံလို့လဲ ထင်ကောင်း ထင်ကြမယ်၊ အမှန်တော့ – ကျွဲမျှော့ကြီးတွေဟ၊ ခုလို နွေကာလ ပူပြင်းခြောက်သွေ့ပြီး ရေခန်းတဲ့အချိန်မှာ စုပေါင်းပြီး ကိုယ်ခန္ဓာတို ရွံ့နွံတွေဖုံး၊ တစ်ကောင်နဲ့တစ်ကောင် ရစ်ပတ်လိမ်ယှက်ပြီး အပူဒဏ်ကို မိုးရွာတဲ့အချိန်ထိ ကြံ့ကြံ့ခံပြီး တောင့်ခံနေကြတာကွ။ ကြာတော့ – သူတို့ကိုယ်မှာ ကပ်နေတဲ့နွံတွေက ခြောက်ပြီး တောင်ပို့လို ဖြစ်နေတာ၊ ခု မင်းတို့ အားလုံးဝိုင်းပြီး သေးတွေနဲ့ပန်းလိုက်ကြတော့ မိုးရွာလာပြီအထင်နဲ့ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြတာကွ။ မုဆိုးလုပ်မယ့်သူဆိုတာ တောတွင်းသဘာဝကို သိထားသင့်တာပေါ့"

အဘကောင်းကကျွန်တော်တို့အား အမှတ်မထင် မုဆိုးသင်ခန်းစာတစ်ခုကို လက်တွေ့ပို့ချလိုက်သည့်အတွက်အလွန် အမင်း အံ့ဩသွားမိသည်က အမှန်၊ တောတောင်တို့၏ သဘာဝ တောနေတိရစ္ဆာန်များ၊ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံပြီး စုပေါင်းကာ ယခုလို အသက်ရှင်ရပ်တည်နေကြရသည့်အဖြစ်မျိုးကို ကျွန်တော်တို့ မသိကြသေးသည်က အမှန်ပင်။

"တင်စိုး – မင်းသွားသိ့ အလယ်မြောင်အိုင်ကို မရောက်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့က စလူမြောင်ကို ကျော်ပြီး ညာဘက်ကို ချိုးသွားလိုက်ရင် ရောက်ပါပြီ"

"မင်းသွားမယ့် အလယ်မြောင်မှာ ရေကော ကျန်သေးသလားကွ"

"ကျန်ပါတယ် - အဘ၊ လိုရမည်ရ လပိထိုးလို့ရအောင် လှံယူလာခဲ့တယ်လေ"

တင်စိုးက သူကိုင်ဆောင်လာသည့် လှံကိုတဆဆလုပ်ရင်းပြောလိုက်သဖြင့် ကျွန်တော်က သူ လိပ်ထိုးမည့်လှံ ဆီ အကြည့်က ရောက်သွားသည်၊ လှံသွားအရှည်က တစ်တောင့်နှစ်မိုက်ခန့် ရှိပြီး ဝါးရွှတ်ပုံသဏ္ဍာန်မို့ နှစ်ဖက်အသွား ချွ ထားပြီး လှံရိုးကိုဝါးကျစ်သားနှင့်တပ်ကာ ခုနစ်တောင်ခန့်ရှည်သည်၊ လှံရိုးမှာ လက်တစ်ဆုပ်စာခန့်ရှိပြီးကိုင်လို့ကောင်း သည့်အနေအထားမျိုး၊

"ဒါနဲ့ တင်စိုး - ဘယ်လိုလိပ်မျိုးတွေ ရှိနိုင်လဲကွ"

"လိပ်က နှစ်မျိုးပဲ ရှိတယ်လေ - အဘရဲ့"

"ဟုတ်လား၊ ဘယ်လို နှစ်မျိုးလဲ ပြောပါဦး"

"တစ်မျိုးက ရေငန်လိပ်လေ၊ နောက်တစ်မျိုးက ရေချိုလိပ်ပေါ့"

"လုပ်စမ်းပါဦးကွ၊ ဘယ်လိုဆို [illegible] ရှင်းပြပါဦး"

"ရေငန်လိပ်ဆိုတာ လိပ်ကြေး [illegible] ပျဉ်နဲ့ လိပ်ဆောက် ဆိုတာတွေပဲ [illegible] ဒါပေမဲ့ - သူတို့က ပင်လယ်ပိုင်းတွေနဲ့ [illegible] ဝန်းကျင်တွေမှာ ကျက်စားကြတာ၊ [illegible] ကျွန်တော်တို့ ထိုးကြမယ့်လိပ်တွေက ရေချိုလိပ်တွေလေ၊

အမျိုးအစားတွေက လိပ်ကြယ်၊ လိပ်ခေါင်းနီ၊ လိပ်ပုပ်၊ တောင်လိပ်၊ [illegible] ချောဆိုတဲ့လိပ်တွေပဲပေါ့၊ သူတို့ကိုကုန်း [illegible] ပိုင်းမှာတွေ့ကြရသလို ခုလိုအချိန် ရေအေး [illegible] မှာလည်း တွေ့ကြရတယ်"

"ကြီးတဲ့အကောင်က ဘယ်လိပ်နဲ့ [illegible] လဲကွ"

"ဒီတောထဲမှာတွေ့ကြရတဲ့အကြီး [illegible] ဆုံးလိပ်ဆိုရင် တောင်လိပ်တွေက ကြီး [illegible] တယ်လို့ ပြောရမယ်၊ ဘာကြောင့်လဲဆို [illegible] ရင် ကျွန်တော် လင့်စင်တက်ထိုင်ပြီး သားကောင်အဝင်ကို ပစ်ဖို့ စောင့်နေတဲ့ အချိန်၊ အောက်အသံ ကြားလို့ ကြည့် လိုက်တဲ့အခါအစာရှာဖို့ထွက်လာကြတဲ့ တောင်လိပ်ကြီးတွေကို မကြာခဏ တွေ့ ရလို့ပဲ၊ အချို့ အကောင်ကြီးတွေဆို သောက်ရေအိုးနီးပါးပဲ"



"အဲဒီလိုတွေ့ရင်မင်းတို့ဘာလုပ်ကြသလဲ"

"သားကောင်အဝင်ကို မဲပြီး စောင့် နေကြတဲ့အချိန်မျိုးဆိုတော့ ဘာမှလုပ် လို့မရဘူးပေါ့၊ ကြည့်လို့မြင်ရရုံပေါ့၊ အဲ ပြီးခဲ့တဲ့ (၂) နှစ်လောက်ကပေါ့၊ လိပ်နဲ့ ပတ်သက်ပြီး ကျားကြီးတစ်ကောင်ကို ပစ်လို့ရခဲ့ဖူးတယ် - အဘရဲ့"

"ဟုတ်လား - ဘယ်လိုရခဲ့တာလဲ - ပြောစမ်းပါဦး"

"လင်းယောပင်အောက်မှာ အချိန် နေ့ဝင်စားတဲ့ သားကောင်တွေရဲ့ ခြေရာ တိုတွေ့လို့အပင်ထက်ခွဆုံကိုင်းမှာ သား ကောင်အလာကိုထိုင်စောင့်နေရင်း လိပ် ကြီးတစ်ကောင် (ဆောက်လိပ်) မို့ အတော်ကြီးတယ်၊ အဲဒီအကောင် ဝင် လာတာကို တွေ့လိုက်ရတယ်၊ ဒါနဲ့ လိပ် ကြီးရဲ့လှုပ်ရှားမှုကိုစောင့်ကြည့်နေတုန်း မှာတောကြီးအတွင်းက ကိုယ်လိုပဲ ဘယ် အချိန်က သားကောင်အဝင်ကို စောင့် ရင်း ဝပ်ပုန်းနေတဲ့ကျားကြီးတစ်ကောင် ချုံပင်တွေအကြားက တိုးထွက်လာပြီး လက်တစ်ဖက်နဲ့ လိပ်ကြီးကို ပက်လက် လှန်ပစ်လိုက်တယ်လေ၊

လိပ်ကြီးကလည်း သူ့ကိုအန္တရာယ် ပေးမယ့်အကောင်မှန်းသိလို့ ခြေလက်နဲ့ ခေါင်းကို ကိုယ်ထဲထဲ့ပြီး ဝှက်လိုက် တယ်၊ အဲဒီအချိန်မှာ ကျားကြီးက ခပ် လှမ်းလှမ်းဆီ သွားပြီး ဝပ်လျက်သား စောင့်ကြည့်နေလိုက်တယ်၊

ပက်လက်လန်နေတဲ့လိပ်ကြီးက လဲကျားကြီးမရှိတော့ဘူး၊ သွားပြီအထင် နဲ့ ခြေလက်နဲ့ ခေါင်းပါ အပြင်ထွက်လာ ပြီး ယက်ကန် ယက်ကန်နဲ့ ပြန်မှောက်ဖို့ ကြိုးစားတော့တာကိုး၊ ကျွန်တော်လည်း ကျားကြီးကို အနီးကပ်မြင်လိုက်ရတော့ ကြောက်ကြောက်နဲ့ အသက်တောင် ပြင်းပြင်းမရှူရဲတော့ပဲ ငြိမ်ကုတ်ပြီး စောင့်ကြည့်နေလိုက်တယ်၊ အဲဒီအချိန် မှာကျားကြီးက နေရာကထပြီးပုတ်ခတ် ကစားရင်း ရှေ့ကျွမ်းနောက်ကျွမ်းတွေ ပစ်လိုက်သေးသဗျ၊ အစာရလို့ ဝမ်းသာ ပြီး ပျော်ရွှင်နေတဲ့ပုံပဲ၊ ကျွန်တော်တ လည်း အပေါ်က ဆီးပစ်ရအောင်လည်း ကျည်ဆန်တွေကလုပ်သီးတွေမို့စိတ်တ မချရသလို အကောင်ကလဲ ကြီးတော့ ဘာလုပ်ရမှန်းမသိ၊ မပစ်လဲ မစစ်ရဲဘူး ဗျာ၊

အတန်ကြာတော့ ဝမ်းဟာလာတဲ့ တဲ့အချိန်မှာ မြေပြင်မှာ မိုက်ထား [illegible] လိုက်ပြီး ခေါင်းဘက်ရှိရာ [illegible] ငုံ့ပြီးအတွင်းသားတွေကိုစုပ်သုံးလိုက်တ [illegible]

www.burmeseclassic.com



အချိန်မှာ မထူးတော့ဘူးဆိုပြီး ခေါင်းကို ဝစ်သွင်းလိုက်လို့ရခဲ့တာလေဗျာ။

ကျွန်တော်လည်း ဒီနယ်တစ်ကြောမှာ နာမည်ကျော်သွားတော့တာပဲ။ အဲဒီ တောင်ကြီးကို ပြန်ရောင်းလို့ရတဲ့ငွေနဲ့ အိမ်တိုပြန်ဆောက်၊ အိမ်ကကောင်တွေနဲ့ တူသားနောင်မယ်တွေကိုပါ ရှင်ပြုပွဲလုပ်ပေးလိုက်တယ်၊ စိန်ဝင်း နိုင်ဆိုင်း အဖွဲ့ကိုငှားပြီးထည့်လိုက်တော့ဝက်ဝက်ကို ကွဲရော၊ လော်ပါထည့်ပြီး ခုနစ်ရက် ခုနစ်လီကျွေးပစ်လိုက်တယ်မှတ်ကရော ဝဲ"

(လော်ဆိုသည်က အသံချဲ့စက်ကို ရည်ညွှန်းခြင်းဖြစ်သည်။)

"ဟာ - ဒီအကောင်တွေ အတော်အာရုပ်ပြင်းတဲ့အကောင်တွေဗျ။ လိပ်ကြီးရဲ့အတွင်းသားတွေရော အရိုးတွေပါ အကုန်လုံး သုဝဲးစပ်ထဲ ရောက်သွားပြီး လိပ်ခွံအထပ်ထပ်ရှည်းကျန်တော့တယ်များ၊ အံ့ရော - အံ့ရောပဲ"

တင်စိုး စကားအဆုံးတော့ ကျွန်တော်တို့ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ဝလုမြောင်ရှိရာဆီသို့ ရောက်လာခဲ့ကြပေသည်။ ရေအိုင်ကကြီးသော်လည်း ရေတာ ခန်းခြောက် တော့မည့် အနေအထားမျိုးမို့အနည်းငယ်သာ ကျန်တော့သည်။ ကျန်သည့်ရေပြင်တွင်ဒိုက်သရော များ၊ မြက်ရိုင်းပင်များ၊ ထိကရုန်းပင်များ ကြာပင်ကြာပန်းတို့နှင့်အတိ။ တင်စိုးက ရေကန်ဘေးသောင်ပြင်တို့နေရာအနှံ့ကို ကြည့်ရင်း ပြောလိုက်သည်က -

"ဟိုမှာ လိပ်တစ်ကောင် - ရေကန်ထဲ ဆင်းသွားတဲ့ ဗိုက်အရာစွပ်ကြောင်းဗျ"

သူလက်ညှိုးထိုးလှမ်းပြလိုက်သည့် နေရာကို ကြည့်လိုက်ရာ ကန်စပ်မှ ကန်ရေပြင်အတွင်းသို့ ဆင်းသွားသည့် ဗိုက်တိုက်ရာကို တွေ့လိုက်ရသည်။ နောက် ကန်ရေပြင် ခြောက်သွေ့နေသည့် မြေသားအတိုင်း လှည့်ပတ်ကြည့်လိုက်ပြီး -

"အဆင်းလမ်းကြောင်းကသုံးကြိမ်၊ အတက်လမ်းကြောင်းက နှစ်ကြိမ်ဆိုတော့ ဒီကန်ထဲမှာ လိပ်ရှိနေတာသေချာတယ်ဗျ။ ကျွန်တော် ဟင်းစားလိပ်ထိုးလိုက်မယ်၊ ခဏလေး စောင့်နေကြနော်"

သူ ပြောလိုက်သည့်စကားကို နားမရှင်းသလို နားလည်း မလည်ဖြစ်နေသည့် ကျွန်တော်က -

"ဘယ်လို တင်စိုး၊ အဆင်းလမ်းက သုံးကြိမ်၊ အတက်လမ်းက နှစ်ခု၊ ဒီလိပ်ကန်ထဲမှာရှိတာ သေချာတယ်လို့ဆိုပြီး ခင်း တောက်ချက်ဆွဲလိုက်ပုံလေးကို ဘယ်လိုကြောင့်ဆိုတာကို ရှင်းပြစမ်းပါဦး။ ငါ နားမရှင်းလို့ မေးတာပါနော်"

ကျွန်တော့်အမေးကြောင့်ယဉ်ကြိုင် ဘြားဖြတ်ဝင်ဖြေလိုက်ပုံက -

"ဒီလို ဘိုလေးရဲ့ - လိပ်က ရေကန်ထဲကို သုံးကြိမ်ဆင်းပြီး ကန်ထဲက ကုန်းပေါ်ကိုပြန်တက်တဲ့လမ်းကြောင်းက နှစ်ကြိမ်သာ တွေ့တယ် ဆိုတော့ ဒီလိပ် ဘယ်မှာရှိမလဲဆိုတာကို ..."

"ဒီလိပ် ရေကန်ထဲမှာပဲ ရှိမှာပေါ့"

"အဲဒါပဲပေါ့ဗျ။ တင်စိုး လိပ်ထိုးနည်း ပြလိုက်ပါဦးကွ၊ မြို့မှာနေတဲ့သူတွေဆို တော့ သူတို့ တကယ့်လက်တွေ့ကို မသိရှာကြဘူး"

ယဉ်ကြိုင် ပြောလိုက်သည်က မှန်နေသည်မို့ ခွန်းတုံ့ပြန်မနေတော့ပဲ လိုက်ကြည့်ရှုနေလိုက်မိပေသည်။ ထိုအချိန် တင်စိုးက ဆုပ်ကိုင်ထားသည့် လှံကို အလယ်လှံရိုးက ကိုင်ပြီး ကန်ရေပြင်အနှံ့ ဝဲကြည့်လိုက်ရင်း ထိုးထိုးထောင် ထောင် ဖြစ်နေသည့် မြက်ပင်များ ရှိရာ ဆီသို့တိုးကပ်သွားသဖြင့် ကျွန်တော်တို့ လိုက်သွားကြရင်း သူ စူးစူးစိုက်စိုက် ကြည့်နေသည့် မြက်ပင်များရှိရာဆီ ထိုက်လံကြည့်နေလိုက်ကြသည်။



ကန်ရေပြင်ထက်တွင် စိမ်းစိမ်းစိုစို ထိုးထိုးထောင်ထောင် ရှိနေကြသော မြက်ရိုင်းပင်တို့အတွင်းမှ တစ်ပင်သော မြက်ပင်ကားဝိုင်းကြည့်နေသည့်ကြားမှ လေမတိုးပါဘဲ လှုပ်လှုပ်ရွကာ အပေါ်သို့ ထိုးတက်သွားပြီး ချက်ချင်းဆိုသလို ရေအောက်အတွင်း နစ်မြုပ်သွားသည်ကို နေရာကို တွေ့မြင်လိုက်ကြရာ ထိုနေရာကိုတင်စိုးက လက်ညှိုးထိုးပြလိုက်ပြီး လှံကို ဆကာ ဆကာ ကိုင်လိုက်ပြီး ကန်ရေပြင်ထဲသို့အသာဆင်းသွားသဖြင့် ကြည့်နေလိုက်စဉ်ခြေသလုံးမြုပ်လောက်သည့် နေရာဆီရောက်တော့လှံကိုမြှောက်တင်လိုက်ပြီး မြက်ပင် ရေထဲ မြုပ်သွားရာဆီသို့ ချိန်ရွယ်ထိုးစိုက် လိုက်ရင်းဖိစိုက်ထားသည်ကို တွေ့လိုက်ကြရပေသည်။

ငြိမ်သက်နေသော ကန်ရေပြင်သည် ချက်ချင်းဆိုသလို လှိုင်းဗွက်များ ထလာသည်ကို တွေ့လိုက်ရသည့်အချိန် -

"လှံချက်မိသွားပြီး ရုန်းနေတာလေး တစ်ကောင်တော့ သေချာပြီ"

ယဉ်ကြိုင်ပြောလိုက်သည့်စကားကို ကြားသာ ကြားလိုက်ရသော်လည်း ဟုတ်၊ မဟုတ်ကိုတော့ မမြင်တွေ့ကြရသေး။ တင်စိုးက အတန်ကြာတော့ လှံများကို မယူလိုက်ရာ လိပ်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ယက်ကန်ယက်ကန်နှင့် ပါလာသည်ကို တွေ့လိုက်ကြရပေသည်။ စင်းရော်လိပ်တစ်ကောင်ဖြစ်သည်မို့ အောက်ခံလက်ဖတ်ရည်ပန်းကန်ပြားဝိုင်းလောက်ပင်။

"ကဲ - ဒီလိုဆို အလယ်မြောင်ဘက်ကို ဦးတည်လိုက်ကြရအောင်"

"ဒိုင်း..."

ကျွန်တော်တို့အဖွဲ့ထွက်ကြဖို့ ခြေဦးလှည့်လိုက်စဉ် ခပ်လှမ်းလှမ်းဆီမှ ပေါက်ကွဲမြည်ဟိန်းလိုက်သည့်သေနတ်သံကြီးတစ်ချက်ကို ကြားလိုက်ကြရသည်ကြောင့် ဝန်းကျင်အပင်တို့ထက် အစာစားရင်း ဟစ်ကြွေးတေးသီနေကြသည့် ကျေးငှက်သာရကာတို့ တထိတ်တလန့်အသွင် ရုတ်ခြည်း ပျံသန်းပြေးထွက်သွားသည်ကို တွေ့လိုက်ရပေသည်။

"သေနတ်နဲ့ဘယ်သူထွက်ကြသေးလဲကွ - တို့အထဲက"

"ပြူးကျယ် လိပ်ထိုးသွားတဲ့နောက်ကို ဦး သေနတ်ယူပြီး လိုက်သွားတယ် အဘ။ ဘာကောင်ပစ်တယ်ဆိုတာတော့ မသိဘူး"

"ဘယ်မှာသွားထိုးတာလဲ၊ အလယ်မြောင်ဘက်ကိုလား"

"ဟုတ်တယ် - အဲဒီဘက်ကို သွားကြတာ"

အလယ်မြောင်ဆိုသည်က ယခုကျွန်တော်တို့ရောက်ရှိနေသည့်ပဲရှားတောကြီးအတွင်းပင် ရန်ကုန်မှလာလျှင်တိုးကြီးကို ကျော်ပြီး ဖလုံကိုရောက်သော ထိုမှတစ်ဆင့်လဟာမငယ်ကွင်းကိုဖြတ် အိပ်တလူးကုန်း၊ ခေါ်ရင်ကျီကုန်း၊ ကွင်းဆီမြောင်၊ သရက်ကုန်း၊ ဥတ္တံကိုကျော်ဖြတ်ပြီးမှ ရောက်သည့်နေရာ၊



မိကျောင်းဆိုတဲ့အကောင်မျိုးဟာ အစာရဲ့ အရသာကို မသိဘူး။ ဒါကြောင့်၊ ဒါကြောင့် သူတို့အစာက လူ၊ ကျွဲ၊ နွားနဲ့ အခြားတိရစ္ဆာန်အပြင် ရေညှိ၊ ရေမှော် ကျောက်ခဲတို့ကို စားကြတာတောင် တွေ့ရတယ်ကွ။ ဖွတ်ဆိုတဲ့အကောင်မျိုးက လျှာရှိတော့ အရသာသိတယ်လေ။



ထိုရွာကလေးဆီတွင်ကျွန်တော်တို့ ရွာခံမုဆိုး ကုလားရှိသောရွာပင်။ ပြူးကျယ်က ထိုရွာဘက်လိပ်သွားထိုးမည်ဆိုသည့်အတွက် ကိုဦးကသေနတ်တစ်လက်ကိုဆွဲကာ အဖော်လိုက်သွားရင်း ဘာကောင်နှင့် တိုးသည့်အတွက် ပစ်လိုက်မှန်းမသိခြင်း ကိုတင်စိုးက ဆိုနေသည်။ ကိုဦးဆိုသည့် မုဆိုးက နယ်နယ်ရရ မုဆိုးမဟုတ်သဖြင့် လိပ်တစ်ကောင်ကိုသေနတ်ဖြင့်ပစ်ခတ်ရယူမည့် မုဆိုးမျိုးလည်းမဟုတ်၊ လိပ်ကိုသေနတ်နှင့် ပစ်ခတ်သည်က ဘယ်နည်းနှင့်မျှ ဖြစ်နိုင်မှန်းသိသော ကျွန်တော်က -

"အခြေအနေ ဘယ်လိုဆိုတာကို သွားကြည့်လိုက်ကြရအောင် - အဘကောင်း"

ပြောပြောဆိုဆို ကျွန်တော်တို့အဖွဲ့ သေနတ်သံကြားလိုက်ရာဆီသို့သွားကြသည်။ ကလေးဖာလုံလောက်အရောက်အရှေ့ဘက်ဆီမှ ကျွန်တော်တို့ရှိရာဘက်ဆီသို့ အသည်ပြေးလွှားလာနေကြသည့် ပြူးကျယ်နှင့် ကိုဦးတို့နှစ်ယောက်ကို တွေ့လိုက်ကြရသဖြင့်အဘကောင်းက -

"မင်းတို့ လိပ်သွားထိုးပြီး ဘာကောင်တိုပစ်လိုက်လို့ ခုလိုပြေးလာကြတာလဲ"

"မိကျောင်းကြီးတစ်ကောင် အဘကောင်း"

ပြူးကျယ်က မောဟိုက်သံနှင့် ဖြေလိုက်သည့်အဆုံး ကိုဦးက -

"ဖွတ်ကြီး - အဘ၊ ဖွတ်ကြီးလေ။ ကြီးလိုက်တဲ့အကောင်ကြီးဗျာ၊ ကြီးလိုက်တာမှ မိကျောင်းတစ်ကောင်နီးပါးပဲ၊ ကန်စပ်မှာတွေ့ပြီး ကျွန်တော်တို့ကို ပြေးလိုက်ရန်မူလို့ ပစ်ခဲ့ပြီး ထွက်ပြေးလာခဲ့ကြတာလေ"

"ထိသွားသေးလားကွ"

"ထိတော့ ထိတယ်၊ လူးရင်းလိမ့်ရင်း တန်ထဲ ကျသွားတုန်း ပြေးလာခဲ့ကြတာ"

"ဒီအတိုင်းဆို သွားကြည့်လိုက်ကြရအောင် - အဘကောင်း"

ကျွန်တော်တို့ ပခုံးတွင် လွယ်ထားသောသေနတ်များကိုဖြုတ်ယူလိုက်ကြပြီး အသင့်ကိုင်ထားလိုက်ကြစဉ် ပြူးကျယ်က -

"အဘကောင်း - ကျွန်တော်တော့ မိချောင်းကြီးတစ်ကောင်လို့ ထင်တယ်။ ကိုဦးက ဖွတ်လို့လဲ ပြောနေပြန်တယ်၊ မိကျောင်းနဲ့ ဖွတ် ဘယ်လိုခွဲသလဲ အဘ"

"ဒီလိုကွ - ဖွတ်နဲ့ မိကျောင်းတို့ရှုတ်တရက် တွေ့မယ်ဆိုရင် ဆင်တူရိုးမှား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်ကြတယ်၊ ဒါကြောင့်လဲ မှားတတ်ကြတာပေါ့၊ အဓိကထား စဉ်းစားရမယ့်အချက်က သူ့ကို တွေ့လိုက်ရတဲ့နေရာကိုအရင်စဉ်းစားကြည့်၊ မိကျောင်းဆိုတဲ့အကောင်မျိုးတွေဟာ ပင်လယ်၊ မြစ်၊ ချောင်းဘက်တွေမှာ အတွေ့များကြတယ်ကွ၊ ခု - မင်းထင်နေတဲ့မိကျောင်းဆိုတဲ့အကောင်က ရိုးမကြီးတွင်းကလိပ်သွားထိုးမယ့်ရေအိုင်နားမှာ တွေ့ရတယ်ဆိုတဲ့ အချက်၊ နောက်တစ်ချက်က မိကျောင်းဆိုတဲ့အကောင်မှာ လျှာမရှိဘူး၊ ဖွတ်ဆိုတဲ့အကောင်က လျှာရှိတယ်၊

မိကျောင်းဆိုတဲ့အကောင်မျိုးဟာ အစာရဲ့အရသာကို မသိဘူး၊ ဒါကြောင့်၊ ဒါကြောင့် သူတို့အစာက လူ၊ ကျွဲ၊ နွားနဲ့ အခြားတိရစ္ဆာန်အပြင် ရေညှိ၊ ရေမှော်တော့တာစ်ခဲတို့တို စားကြတာတောင်တွေ့ရတယ်တွ၊ ဖွတ်ဆိုတဲ့အကောင်မျိုးက လျှာရှိတော့ အရသာသိတယ်လေ၊ ဒါကြောင့်ရေအိုင်ထဲမှာရှိတဲ့ငါးမှန်ငါးမွှားတအစ ဘာမှမတျန်အောင် အကုန်စားကြတာပဲ၊ ဒါကြောင့် ဖွတ်မိကျောင်းဖြစ်မြစ်မချမ်းသာဆိုတဲ့စကားပုံ ပေါ်လာခဲ့ရတာပေါ့၊

သူတို့နှစ်ကောင်ကို ကုန်းပေါ်မှာကြည့်လိုက်ရင် မတူတဲ့အချက်ကို တွေ့ရမယ်၊ မိကျောင်းက လျှာမထုတ်ဘူး၊ သွားလိုက်ရင်လဲ မြေပြင်ကို ဗိုက်ကပ်လျှောတိုက်သွားတယ်၊ ဖွတ်ဆိုတဲ့အကောင်က လျှာကိုမကြာခဏ ပြူတစ်ပြူတစ် ထုတ်ပြီးသွားတဲ့အခါမှာလဲ မြေပြင်ပေါ် ဗိုက်မကပ်ပဲ ခြေလက်တွေအားကိုးနဲ့ ဝမ်းဗိုက်ကို မ,ပြီး သွားလာတတ်ကြတယ်၊ မြန်လည်း မြန်တယ်ကွ"

"ဟာ - ဒီလိုဆိုရင် ဖွတ်ကြီး ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ကိုသူလိုက်တော့ လျှာကြီးကို ပြူတစ်ပြူတစ် ထုတ်လိုက်သွင်းလိုက်လုပ်ပြီး ခြေနဲ့ လက်တွေပေါ် အားပြု ခန္ဓာကိုယ်လုံးကိုမပြီးလိုက်တာ မြန်မှမြန်ဗျာ၊ အဲဒါကိုကျွန်တော်သတိပြုလိုက်မိတယ်"

"အေး - ဒါပဲပေါ့၊ နောက်တစ်ချက်က မင်းတို့သွားတဲ့နေရာဟာ ရိုးမကြီးအတွင်းဆိုတာ သတိမပြုလိုက်မိဘူးနဲ့တူတယ်၊ လိပ်သွားထိုးမယ်ဆိုကတည်းက မိကျောင်းမရှိလို့ လိပ်ရှိနေတာပေါ့ကွာ၊ လျှာပါပြီး အရသာသိတဲ့ဖွတ်က မင်းတို့လိုပဲ အစာလာရှာရင်း ထိပ်တိုက်တိုးကြတာလေကွာ - ဟုတ်ဘူးလား"

"ဟုတ်ပါတယ် - ကျွန်တော်တို့ ခါတိုင်းတွေ့ပြီး ပစ်ခတ်စားသောက်ကြတဲ့ဖွတ်တွေက ခပ်သေးသေးတွေပဲ၊ ခုဖွတ်က ဘာလို့ ဒီလောက်ကြီးရတာလဲ၊



ဖွတ် ဘယ်နှမျိုးရှိလဲဟင်၊ ဗဟုသုတအဖြစ် ပြောပြပါလား"

"အေး - မှတ်ထားကွ၊ ဖွတ်က (၄) မျိုးရှိတယ်၊ အဲဒီဖွတ်(၄)မျိုးက ရှန်းဖွတ်၊ ခတ်ချိုဖွတ်၊ ဖွတ်ညှင်းခံနဲ့ ဖွတ်ကျားဆိုပြီး လေးမျိုးရှိတယ်ကွ၊

ရှန်းဖွတ်က ရှန်းပင်အခေါက်လို ခါကြန့်ကြန့် အစက်အပြောက်ရှိပြီးသေးတယ်ကွ၊ တံတောင်လောက်ပဲရှိမယ်၊ နှစ်ပိသာအတွင်းပေါ့ကွာ၊

ခတ်ချိုဖွတ်တဲ့၊ အချို့ကလဲ ဖွတ်မွဲလို့ ခေါ်ကြတယ်၊ ပြာနှမ်းနှမ်း မွဲခြောက်ခြောက်မို့ ဖွတ်မွဲလို့လဲ ခေါ်ကြတယ်၊ သူလဲ သိပ်မကြီးလှဘူးကွ၊ သစ်ပင်ထက်တွေမှာ အနေများတယ်၊

ဖွတ်ညှင်းခံကို အချို့ကလည်း ဖွတ်ကျည်လို့လဲ ခေါ်ကြတယ်၊ သူက အချို့အကောင်ဆိုရင် လေးပေတောင် ကျော်ဦးမယ်၊ ကိုယ်ပေါ်မှာ မန်ကျည်းစေ့အရွယ်အဝါကွက်အပိုင်းရှိပြီးအဲဒီအပိုင်းအလယ်မှာ ငရုတ်ကောင်းစေ့လောက်အမည်းစက်ရှိတယ်၊ (၅ ပိဿာနဲ့ ၇ ပိဿာအတွင်းပေါ့)၊

နောက်ဆုံးမျိုးကတော့ဖွတ်ကျားပဲကွ၊ (၅)ပေကနေ (၇)ပေထိရှိကြတယ်၊ ကြီးတဲ့အကောင်ကြီးတွေလည်း ရှိကြတယ်၊ ဖွတ်တွေထဲမှာတော့ အကြီးဆုံးဖြစ်တယ်၊ အမြီးကနေ လည်ပင်းထိအဝါနဲ့အနက်ကန့်လန့်စင်းရှိတယ်၊ ထိုအစင်းကြားကြောင့် သူ့ကိုဖွတ်ကြားလို့ခေါ်ကြတာပဲကွ၊

အဲ - စောစောက မင်းတို့ ပစ်ခဲ့တဲ့အကောင်ကလဲ ဖွတ်ကျားပဲ၊ ဒီအရပ်မှာ အလွန်တွေ့ရခဲတယ်၊ များသောအားဖြင့် ရာသီဥတုအေးတဲ့နေရာတွေမှာသာ တွေ့ကြရတယ်၊ သူ့ကိုတော့ (ထိုးစည်) လို့ခေါ်ကြတယ်လေ၊ ဖွတ်မိကျောင်းဖြစ်တာ အဲဒီအကောင်မျိုး အားကြီး အရဲတိုးတယ်၊ တောဆင်ရိုင်းလို အကောင်မျိုးနဲ့တောင် ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူကြတဲ့ အကောင်မျိုး၊ အားကြီးလဲ ရန်လိုတတ်ကြတဲ့အကောင်မျိုး"

အဘကောင်းက ယဉ်ကြိုင်ကိုစိတ်လိုလက်ရရှင်းပြနေသည်ကို နားထောင်နေကြရသည့် ကျွန်တော်တို့အတွက် ဗဟုသုတ ရရှိလိုက်ကြသလို ကျေးဇူးတင်မိသည်နှင့်အတူ အလယ်မြောင်သို့ ထွက်ခွာခဲ့ကြပေသည်၊

လူသွားလမ်းကလေးအတိုင်း ကျွန်တော်တို့အဖွဲ့ လျှောက်လှမ်းနေကြသည်၊ ရိုးမကြီးအပိုင်းတျကာ တောနက်ပိုင်းဆီမို့ တပြန့်တပြောကသည်း တျယ်ဝန်းသလို သီးပင်စားပင်တို့တလည်း ပေါများလှသည်မို့ ထိုအပင်များတို့

www.burmeseclassic.com

www.burmeseclassic.com



မှီတွယ်သည့်ကျေးငှက်သာရကာတို့က လည်းများသလိုမြေပြင်ထက်တွင်လည်း သားကောင်တို့က ပေါများလှသည်။

ကျွန်တော်တို့အဖွဲ့ အလယ်မြောင် ရှိရာဘက်ဆီ ဦးတည်လျှောက်လှမ်းနေကြစဉ် ဉာဏ်ကျယ်က -

"ဒီမှာ အစ်ကိုကြီး - ဦးသိန်းလွင်"

"ဟေ - ဘာလဲ ဉာဏ်၊ ပြော"

"လွတ်လပ်ခြင်းဆိုတဲ့ စကားကို ဘယ်လိုနားလည်သလဲ ဟင်"

"ဟာကွာ - ငါတို့ အမဲပစ်ထွက်လာကြတဲ့ကိစ္စနဲ့ မင်းမေးလိုက်တဲ့မေးခွန်း ဘယ်လိုပတ်သက်နေလို့လဲဟ"

"ဒီလိုပါ အစ်ကိုကြီးရယ်၊ ကျွန်တော်တို့အုပ်စု ခုလို လွတ်လွတ်လပ်လပ် ပစ်ခတ်ပျော်ပိုက်နေကြရတဲ့အရသာဟာ ဘာနဲ့မှ လဲလို့မရအောင် ခံစားမိလို့ မေးလိုက်မိတာပါ၊ သိများ သိမလားလို့ပါ၊ ဘိုလေးတာတော့ သိမှာပေါ့၊ မျှဝေခံစားလိုက်ကြရအောင်ပေါ့နော်"

ဉာဏ်ကျယ်တစ်ယောက်မထီမဆိုင်နှင့် မေးလာသည့်စကားကို ကျွန်တော် စဉ်းစားနေလိုက်မိသည်၊ ကျွန်တော်တို့ အဖွဲ့သခုလို တောတောင်များအတွင်း လွတ်လပ်စွာ လိုင်စင်နှင့် ကိုင်ဆောင်ထားကြသည့် သေနတ်တွေနဲ့ လိုက်လံပစ်ခတ်ရသည်မှာ မည်သည့်အနှောင့်အယှက်မျိုးနှင့်မှ မတွေ့ကြုံရင်မဆိုင်ကြရပဲ ကြုံကိုက်သည့်နေရာအထိုင်ချ၊ အိပ်ချင်သည့်နေရာတွင် တောတွင်းနေ သားကောင်များ၏ အန္တရာယ်မှလွဲပြီး လွတ်လပ်စွာ နေထိုင်လို့ရသည့်အပေါ် နှစ်ထောင်းအားရရှိကာ ပီတိဖြာနေသည်မို့ မေးလိုက်ဟန်ပင်၊ ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က -

"ငါစာအုပ်တစ်အုပ်မှာဖတ်ပြီးမှတ်ထားတာတာကို ပြောပြမယ်နော်၊ နားထောင် - သူ့ဆိုလိုရင်းက မည်သည့်လူမျိုးမဆို လွတ်လပ်ခြင်းဆိုတာကို နှစ်သက်ကြတယ်တဲ့၊ လွတ်လပ်ခြင်းဆိုတဲ့ စကားဟာ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်းနဲ့ လူမှုရေးအရ လွတ်လပ်ခြင်းဆိုတာတွေလည်း အကျုံးဝင်တယ်လို့ဆိုထားတယ်။

နောက်တစ်ချက်က လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံမှာ ဥပဒေပြုအာဏာ တရားစီရင်ရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာတွေလည်း ရှိရမယ်လို့ ဆိုထားတယ်၊ လွတ်လပ်ခြင်းရဲ့ ဆန့်ကျင်ဘက်ဆိုတာက ကျွန်ဖြစ်ခြင်းဆိုတာကို ပြောတယ်၊ ကျွန်ဖြစ်တဲ့နိုင်ငံမှာ နေကြရတဲ့သူတွေအဖို့ လွတ်လပ်ခြင်းဆိုတဲ့အဓိပ္ပာယ်ကိုလွတ်လပ်စွာတံတားအောက်မှာအိပ်နိုင်တယ်ဆိုတဲ့အဖြေထက်ပိုပြီးနားလည်ကြမှာမဟုတ်ဘူးလို့ ဆိုထားတယ်လေ၊

"မင်းဘာကြောင့်ဒီလိုမေးတယ်ဆိုတာကို ငါ သဘောပေါက်ပါတယ်၊ မင်းခုအချိန် ခံစားဖြစ်ပေါ်နေတဲ့ ပီတိဟာ တို့နိုင်ငံရဲ့လွတ်လပ်ရေးရလိုက်တာကြောင့် မင်းရော ငါတို့နဲ့အတူ တိုင်းသူပြည်သားတွေ ဘေးမသီရန်မခ လွတ်လပ်ပျော်ရွှင်တဲ့အရသာတွေကို ခံစားနိုင်ကြတာလို့ ဖြေလိုက်ချင်တယ်၊

နောက် - တစ်ဆက်တည်းမို့ ပြောလိုက်ချင်တာက လူသားတွေဟာ လွတ်လပ်ခြင်းကိုဆုံးရှုံးသွားတော့မှ လွတ်လပ်ခြင်းရဲ့ တန်ဖိုးကို နားလည်ပြီး ပြန်လည်ရရှိအောင် ကြိုးစားတတ်ကြတယ်ဆိုတာပဲ၊ ပြောရရင်တော့ အများကြီးပေါ့ကွာ၊ ဒီကိစ္စတွေဟာ တို့လိုအမဲလိုက်ပစ်နေသူတွေနဲ့တော့ မဆိုင်ဘူး၊ ဒါပေမဲ့ - ခုလို လွတ်လွတ်လပ်လပ် စိတ်အေးလက်အေးလိုက်ပစ်နိုင်ဖို့ဆိုတဲ့အချက်နဲ့တော့ ဆိုင်တာပေါ့ကွာ - နော်"

ဉာဏ်ကျယ် မေးလိုက်သဖြင့် အစ်ကိုကြီး ဦးသိန်းလွင် ပြန်ဖြေလိုက်သည်က ဒီမျှလောက်ပင်ဖြစ်သော်လည်း သူ့အဖြေ၏ နောက်တွင် အများကြီး ကျယ်ဝန်းနေသည်ကိုတော့ ကျွန်တော် သိနေသော်လည်း စကားဖြတ်လိုက်သည့် အနေနှင့် -

"ကိုဦး - ရောက်လုပြီလားကွ"

"နီးပါပြီ - ဘိုလေး၊ တစ်ဖာလုံလောက်ဆိုရင် ရောက်တော့မယ်"

ကျွန်တော်တို့အဖွဲ့ ဆက်လက်လျှောက်လှမ်းလိုက်ရင်း ရှေ့မှဦးဆောင်သွားနေသည့် တင်စိုးက -

"ဟိုမှာဗျ၊ လမ်းကို ကန့်လန့်ခံပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတဲ့ အကောင်ကြီး"

တင်စိုး ပြောလိုက်သည့်အတွက်ကြောင့် ကျွန်တော်တို့ရှေ့ကို လှမ်းကြည့်လိုက်ရာ ဝါးရုံတောအနီး ကြို့ပင်ကြီးအောက်တွင် ကျွန်တော်တို့ သွားမည့် လမ်းကို ရှေ့မှ ပိတ်ဆို့ကာ ဆီးလျက် ခေါင်းထောင်ကာ လှမ်းကြည့်နေသည့် အကောင်ကြီးကို တွေ့မြင်လိုက်ကြရသည်။ ထိုအကောင်ကြီးမှာ အဘတောင်း ပြောပြသည့် (ထိုးစည်) ဆိုသည့် အကောင်ကြီးပင် ဖြစ်ပေမည်၊ အဘယ့်ကြောင့်ဆိုသော် ဖွတ်ကျားလို အကောင်မျိုးဖြစ်ပြီး မိကျောင်းတစ်ကောင်ထက်ပင်အနည်းငယ်ပိုကြီးပြီး တုတ်ခိုင်သည်။ ပါးစပ်အတွင်းမှ ထွက်လာသည့် လျှာနှစ်ခွက ပြူတစ်ပြူတစ်နှင့် ရှေ့လက်နှစ်ဖက်ကို မြေပြင်တွင် ထောက်ကာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို လှမ်းပြီး ကဲကြည့်နေသည်မို့ ထင်ရှားစွာ တွေ့မြင်နေရသည်။ ဦးခေါင်းမှ အမြီးဖျားထိ ဆယ့်နှစ်ပေခန့် ရှိပေမည်၊ ဖွတ်များတို့တွင် အကြီးမားဆုံးဖြစ်သည့် "ဖွတ်ကျား" တို့ထက်ပင် ငါးဆခန့်ပိုကြီးမည့်အကောင်ကြီး၊ ကိုယ်ထည်တွင်အဝါတစ်ကန့်၊ အနက်တစ်ကန့်၊ ကန့်လန့်စင်းတို့က အမြီးကို ရောက်သည်ထိတိုင်အောင်ပင် အမြီးပိုင်းမှာ အရင်းက တုတ်ပြီးအဖျားပိုင်းဆီရှူးသွားကာအတန်ငယ်သေးသွယ်သွားသော်လည်း ထိုအမြီးရိုက်ချက်နှင့် ကိုယ်အားကို အားကိုးခဲ့သည့်အကောင်မျိုးဖြစ်သည်မို့ခပ်ပေါ့ပေါ့သဘောထားလို့က မရ၊ ကျွန်တော်တို့အဖွဲ့အား သူတပင် စတင်တိုက်စစ်ဖွင့်သည့်အနေအထား။

"မင်းတို့နဲ့တိုးခဲ့တာဒီအကောင်ကြီးလား"

အဘတောင်းက မေးလိုက်သဖြင့် မြူးတာ့ယ်တာ -

"တုတ်မယ်နဲ့တူတယ် - အဘတောင်းရဲ့၊ သူ့ဝါးစပ်အောက်ပိုင်းမှာ သွေးတွေမြင်နေရတယ်"

"အေး - သတိထားကြနော်၊ ငါတို့ကို ပြေးဝင်ကိုက်ခဲဖို့ တာစူနေတယ်၊ အနားကို အကပ်မခံကြနဲ့၊ အမြီးရိုက်ချက်ကို သတိထားရှောင်၊ လူခွဲထားကြ"

"အဘပြောတဲ့ ထိုးစည်ဆိုတဲ့ အကောင်ကြီးလားဟင်"

"ဟုတ်တယ် - ဒီအကောင်ကြီးမျိုးတွေ ဒီရိုးမကြီးဘက်မှာတော့ အတော်ရှားပါးသွားပြီး မတွေ့ရတော့လောက်အောင်ပဲကွ၊ တောမှားပြီး ဒီဘက်တို့ရောက်လာသလားမသိဘူး၊ အကြောက်အလန့်ကင်းပြီး တောဆင်ရိုင်းကိုအကောင်ကြီးတွေကိုတောင် ယှဉ်ပြိုင်တိုက်ခိုက်တတ်ကြတယ်၊ သူတို့အမြီးရိုက်ချက်ခံလိုက်ရလို့ကတော့ ဆင်လိုအကောင်မျိုးတောင်ဖင်ထိုင်ကျလောက်အောင် ရိုက်ချက်ပြင်းတယ်၊ သတိထားကြ"

ကျွန်တော်တို့ လျှပ်တစ်ပြက် လူခွဲလိုက်ပြီး သေနတ်များနှင့် ပစ်ခတ်ကြတော့ရန် မှဆိုးထိုင်ပုံစံနှင့် ချိန်ရွယ်ကြကာ စူးစိုက်ကြည့်လိုက်ပြန်သည်။ လင်းကို ကန့်လန့်ဖြတ်ကာ ကျွန်တော်တို့ထံသေးတိုက်စောင်းငဲ့ပြီး ပါးစပ်အတွင်းလျှာကြီးကို ထုတ်လိုက်သွင်းလိုက် လုပ်၍ရှေ့ဘက်ကို မျက်နှာချင်းဆိုင် တိုးလာသည်၊ မိကျောင်းလိုအကောင်မျိုးထဲ မြေပြင်ကိုလျှောတိုက်သွားသော်လည်း ထိုအကောင်ကြီးက ဖွတ်များကဲ့သို့ ခြေနှင့် လက်တို့အပေါ် အားပြု၍ လျှောက်လှမ်းလာနေသည်ကို သတိပြုလိုက်မိ



သည်၊ အရောင်ကအုန်းခွံရောင်အောက်ခံတွင် အဝါနှင့် အနက်တို့က ရစ်ပတ်ထားပြီး ကြီးမားတုတ်ခိုင်သည့် သူ့အမြီးကြီးကို တဖျပ်ဖျပ် လှုပ်ယမ်းလျက် တဖြည်းဖြည်းတိုးကာ တိုက်ခိုက်တော့မည့်အသွင်၊

ကျွန်တော်တို့သေနတ်ကိုယ်စီကိုင်ဆောင်ထားကြသည့် လူ(၇)ဦးက ရှေ့မှနေပြီး ပစ်ခတ်တော့ရန်အနေအထား၊ သူတို့ဖြန့်ထားသဖြင့် ဝါးတစ်ရိုက်စာခန့်အကွာသို့ရောက်အလာတွင်မည်သူ့ကိုတောင်စစ်ဖွင့်ဖို့ ဘယ်ညာလိုက်လံကြည့်နေကာအနီးစပ်ဆုံးသူ့ရှေ့တွင်ရှိနေသည့် အစ်ကိုကြီး ဦးသိန်းလွင်၊ ကုလားကြီးသန်းညွှန့်နှင့် မွန်တို့အား နေရာမှ ကြုံးလျက်ထကာ ပြေးဝင်ကိုက်ခဲဖို့ တာစူလိုက်စဉ် -

"ဒိုင်း - ဒိုင်း - ဒိုင်း - ဒိုင်း"

သေနတ်ပစ်လိုက်ကြသည့်အသံများနှင့်အတူကြီးမားသည့်ဖွတ်(ထိုးစည်)ကြီးမှာနေရာတွင်လူးလှိမ့်ရင်းတီကောင်ကို ဆားနှင့် အပက်ခံလိုက်ရသလိုဖြစ်ကာ သွေးများ ပန်းထွက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်၊ အတန်ကြာကြာလူးလှိမ့်နေရင်းလူးလဲကုန်းထကာ ပြန်လည်တိုက်ခိုက်ဖို့အလုပ် -

"ဒိုင်း - ဒိုင်း - ဒိုင်း"

နောက်ထပ်ဆင့်ပစ်လိုက်သည့် သေနတ်သံ (၃)ချက်ကို ကြားလိုက်ရသည်နှင့်အတူ ထိုအကောင်ကြီး ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့ ဤမျှလောက်ကြီးမားသည့် ဖွတ်ကြီးကို အနီးတပ်မတွေ့မြင်ဖူးကြသဖြင့် သွေးညှိန့်ယမ်းနံ့တို့ကြားမှအနီးကိုကပ်ပြီးကြည့်နေလိုက်ကြစဉ် အဘတောင်းက -

"ဒီအကောင်ကြီးမျိုးတွေက ငါတို့တိုင်းပြည်မှာ အလွန်ရှားသွားပြီကွ၊ သူတို့က အကြောက်အလန့်ကင်းပြီး ဘယ်လို အကောင်ကြီးတွေကိုမှ ဗိုလ်မထားဘူး၊ မြစ်တွေချောင်းတွေထဲမှာ ဆိုရင်လဲ ရေထဲဆင်းပြီး ရှာစားကြတော့တာပဲ၊ လူ၊ ကျွဲ၊ နွားအပြင် ဘာကောင်ကိုတွေ့တွေ့ ချမ်းသာမပေးဘူး၊ အလွန်နှမြောစရာတော့ ကောင်းတယ်ကွ၊ ကိုယ်တလက်မဦးရင် ခံရတော့မှာမို့ လုပ်လိုက်ရတာပဲ"

ကျွန်တော်တို့အဖွဲ့ထိုအကောင်ကြီးကိုဝါးတစ်လုံးဖြင့် ခေါင်း၊ ကိုယ်၊ အမြီးကိုပါ ကြိုးနှင့်တုပ်၊ တစ်လှည့်စီ ဝိုင်းထမ်းကြရင်းတဲဆီသို့ အပြန်လမ်း ကျွန်တော့်အတွေးတို့က "ချိုင်းတော့ မှန်တယ်၊ ခြေမစိမ်းပါလား" ဟူ၍ တွေးတောနေလိုက်မိပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရေယှမ်းသူ

## စစ်ရှိဝါ....

"ခေါင် ..."

"ခေါင်..."

"ခေါင်..."

"ခေါင် - ခေါင် - ခေါင်"

ဟော၊ သုံးနာရီ မောင်းခေါက်ပြီး

မှောင်နေဆဲပင်။ ယခုကစ၍ လူ့ပ်ရှားလျှင် ထောင်ဖွင့်အဖွဲ့များ ဝင်မလာမီ နှစ်နာရီခန့် လုပ်သာကိုင်သာ ရှိသေးသည်။ အကြိမ်ကြိမ် စဉ်းစားကြည့်ခဲ့၊ လက်တွေ့ကျင့်ကြည့်ခဲ့ကြပြီးဖြစ်၍ (၁၈)ပေ၊ ပေ (၂၀)အမြင့်ခန့် သည့်ထောင်အုတ်ရိုးကြီးကို သူတို့အားလုံး ကျော်နိုင်ဖို့ (၅)မိနစ်ထက် ဘယ်လိုမျှ ပိုမကြာနိုင်။



ထောင်ဖောက်ထွက်ပြေးရန်

ကြံစည်ခဲ့ကြသည့် ဖောက်ထွင်းသမား

ရာဇဝတ်သားအချို့ ထောင်ဖောက်၍

ထောင်ပြင်မရောက်မီမှာပင်...



www.burmeseclassic.com

www.burmeseclassic.com



"ခုလောက်ကတည်းက အပြင် ရောက်ပြီးစီစဉ်ထားတဲ့အတိုင်းသာ ပြေး နိုင်လွှားနိုင်ခဲ့ကြရင် နန်းမြို့အုတ်ရိုးကို ကျော်ပြီးတာနဲ့ အိုကေပြီ၊ ကိုယ့်လမ်း ကိုယ်သွားကြရုံပဲ၊ အဝတ်အစားနဲ့တို့တို့ တိတိ သုံးဖို့စွဲဖို့လောက်ကတော့ ပါခဲ့ပြီး သားဆိုတော့ အိုကေလောက်ပါရဲ့"

အတွေးဝင်မိလျှင်ပင်ရင်တွေတဒိတ်ဒိတ် ခုန်လာလျက် အူရှင်ချင်သလိုလိုဖြစ်လာ သည်၊ ကိုယ့်အတွေးများကို ကိုယ် ပြန် သဘောကျလျက် မှောင်ကြီးမည်းတော ထဲမှာ သူ့မျက်နှာက ပြုံးဖြီးဖြီးကြီး။

"ကိုင်းဟေ့ - ထွန်းကျော်၊ စတော့ တာ - ခပ်သုတ်သုတ်"

သူတို့အုပ်စု၏ဆရာကြီးဂျက်စီကိုမ်း (ခ) သိန်းဝင်းထံမှ အသံခပ်အုပ်အုပ် ထွက်လာသည်၊ မာရသွန်ခရီးရှည်ကြီး ထစ်ခုတို့ စတင်ဖို့ မီးစိမ်းပြလိုက်ခြင်း။

ထွန်းကျော်က အသာနားစွင့်လျက် အနီးဆုံးရှိ (၁၂)မျှော်စင်နှင့် မျှော်စင် (၁၀)တို့ကို လှမ်းအကဲကြည့်သည်၊ ည ရိပ်ခပ်မှုန်မှုန်တွင် ထောင်အုတ်ရိုးကြီး ပေါ်ရှိလက်နက်ကိုင်ထောင်ဝါဒါအစောင့် များတင်ထားသော ထိုမျှော်စင်ကင်းနှစ် ခုသည်သာ သူတို့အတွက် ဇရာမအတား

အဆီးကြီးတွေဖြစ်သည်၊ ကျန်သည့်ကင်း များက အေးဆေး။

ဆောင်းကြွင်းမကုန် ချင်သေး လင်းအားကြီး၌ နှင်းတို့ ခပ်ဝေဝေ လျက် မှုန်မှိုင်းနေသည်၊ အမှောင်အား ကြီးချိန်မို့ မည်းလိုက် မှောင်လိုက်သည် လည်း ပိန်းနေ၏၊ ခပ်လှမ်းလှမ်း တ မျှော်စင်ကလေးများရှိနီကျင့်ကျင့်မီး ရောင်ကို သဲ့သဲ့ကလေးပဲ မြင်ရသည်။ မီးမောင်းကြီးတွေ လက်ယှက်ထိုး ကြည့်ခဲ့လျှင်ပင် နှင်းထုထဲက သူတို့လှု ရှားမှုများကို ပီပီထင်ထင် မြင်နိုင်ဖို့ သိ မလွယ်။ (၁၀)ပေ၊ (၁၅)ပေအကွာအဝေး မှ အရာရာကိုပင်လျှင် ကောင်းကောင်း မမြင်ကြရ။ နှင်းထုနှင့်အမှောင်က ထော တော်ထူသည်။

မည်သည့်အသံမျှမကြား၊ သုံးနာ မောင်းခေါက်ရင် "၃ - ၆" ကင်းတွဲချိန် မှာ၊ "၁ - ၃" ကင်းသမား အိပ်ပျော် တယ်နဲ့ တူပါရဲ့၊

"ဟုတ်တယ်၊ (၁၅)မိနစ်မောင်း မကြားရတာပဲ အတော်ကြာလှပေ ကေန္တ - ဝါ့ရဲ့ မွေးနေ့လက်ဖက်ရည် ပလာတာကကောင်းကောင်းကြီးအ လိုက်ပြုပြီး ထင်တယ်၊ ဟီ - ဟီ၊ ဆ မောင်ကံနဲ့ဆရာကြည်ဝင်းလေးတို့ဝ



ဒိတ်ကားအောင်နှင်းကန်စားပြီးလောက ကြီးကိုမေ့လို့စည်းစိမ်ယစ်နေကြလောက် ၍ သူကအတွေးနှင့်သူ အလိုလိုပြုံးလာ လျက်အတွင်းခြားရိုးအကွယ်မှောင်ရိပ်မှ ချွတ်ခနဲ ထပြေးသည်၊ သူ့နောက်မှ လူ မိုက်မည်းမည်းလေးခုက မဆိုစလောက် အလေးသာ ခြားလျက် ရိပ်ခနဲ ရိပ်ခနဲ ထပ်ပါလာကြ၏။

တဒင်္ဂအတွင်းမှာပင် သူတို့ ပစ်မှတ် ဖြစ်သည့် မြောက်ဘက်အုတ်ရိုးအခြေ ထောင်ယာကန်စွန်းခင်းသို့ ဒုတ်ဒုတ်ထိ ရောက်သည်၊ ထောင်အုတ်ရိုးနံရံကြီး၏ ခြေရင်းအမှောင်ရိပ်၌ ကပ်၍ ထိုင်လိုက် ကြ၏။

"ကြိုးတွေ ထုတ်ကွာ"

သိန်းဝင်းကြီးအသံသည် ခပ်အစ် အစ်၊ ခပ်တုန်တုန်၊ ရဲအရှုပ်လည်းဖောက် ပြေးဖူးသူ၊ အိပ်ထောင်သစ်သား ဗာရာ တန်းကိုလည်းသံဖြတ်လွှအကျိုးကိုငုက် မျောသီးထဲ မိုးသွင်း၍ ဖြတ်ပြေးခဲ့ဖူးသူ ခဲ့ဘက်စခန်းအလုပ်ခွင်အသီးသီးမှလည်း ခုနှင်ခု ဥဒဟို ထွက်ပြေးခဲ့ဖူးသူ "ဆယ့် နှစ်ကြိုးကဝေ" ဆရာကြီး "ဂျက်စီကိုမ်း" သည်ပင် တကယ့် တကယ် နဖူးတွေ့ဒူး တွေ့ကျတော့ စိတ်စောစိတ်မောနေဟန်

တူ၏၊ အမြဲတစေ ပါးစပ်တပြုံပြုံနှင့် ရွှင် ရွှင်ပျပျနေလေ့ရှိသူ့သင်းကြီး၏ကျောက် ပေါက်မာ မျက်နှာက တည်၍တင်းနေ၏။

ကိုလေးနှင့်ကျော်လွင်တို့ကနေခင်း ကပင်ကန်စွန်းနွယ်များအောက် နံ့ခြေ မှုကိုတူး၍ ဝှက်ထားခဲ့ကြသည့် စောင် ထုပ်ကို အသာယက်ကာ ဖော်လိုက်ကြ သည်၊ အဖြူနှင့် အစိမ်းစင်း ထောင်ပုံစံ အိပ်ရာခင်း လေးထည်နှင့် ပခုက္ကူနယ် ထွက် နှစ်နံ့စပ်ချည်စောင် ခပ်နွမ်းနွမ်း လေးထည်ကို ဆက်၍ဆက်၍ ထုံးလိုက် ကြ၏။ နှစ်ပေသာသာစီ ခြားပြီး လက်ဆွဲ ခိုရန် ခြေညှပ်ရန် ဖုထုံးများကိုလည်း ခပ် သွက်သွက် ချည်ကြ၊ ထုံးကြသည်၊

"မြင့်ဆွေက ကင်းမျှော်စင်တွေကို ကြည့်၊ ထွန်းကျော်ကနောက်ကြောင်းတ တိုက်ဘက်ကိုလှည့်ကြည့်ထား၊ တစ်ခုခု ထူးရင် ချက်ချင်း လူစုခွဲမယ်၊ ဒီကန်စွန်း ခင်းထဲမှာပဲ နေရာခွဲပြီး ဝပ်နေကြမယ်၊ အဲ - ဘာမှအကြောင်းမထူးရင်တော့ စောင်တွေ ဆက်ပြီးတာနဲ့ ချက်ချင်း စတက်ကြစို့၊ ဟုတ်ပြီ - နော်"

တကယ့် စစ်ဆင်ရေးကြီးတစ်ခု ပမာ သိန်းဝင်းက လေသံသဲ့သဲ့ဖြင့် ပြော သည်၊ ထိုသို့သတိပေးနေစဉ်မှာပင်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်အထပ်ထပ်အခါခါလက်ဝါးချင်းရိုက်ထားပြီးဖြစ်သည့်တိုင်ခြေတုန်လက်တုန် ကတုန်ကယင်ကြီးတွေ ဖြစ်နေကြ၍နည်းနည်းလေးမှ အားရှိရှိစကားစရာ၍ ပြောနေခြင်းဖြစ်မှန်း အားလုံးအသိ၊ ဝမ်းထဲက လှိုက်၍တုန်လာလျက် ရှိသမျှ ခွန်အားတွေ အငွေ့ပျံထွက်ကုန်တော့ သလို နုံးချိချိကြီး ဖြစ်နေကြ၍လည်း ခပ်တိုးတိုး အသံကသော်မှ စိတ်မာမင်အား ဆေးကြီး ချက်ချင်းထိုးသွင်းလိုက်သလို အားရှိလှဘိ၊

"ပြီးပြီ"

"အေး - ငါလည်းပြီးပြီ"

"နိုင်ရဲ့လား"

"အင်း"

"အေး"

"ထွန်းတော့် - မြင့်ဆွေ - အခြေအနေ"

"အိုတော"

"ငါ့သတ်တာလည်း အိုကေတယ်"

"တိုင်း - အိုတေရင် လစ်ကြစို့"

နင်းတွေကြောင့်များ ပို၍မှိုင်းလာလေသလား၊ညသည်ပင်လျှင်ပို၍မှောင်လာလေသလားမသိ၊ အလင်းသည် ပိတ်ပိတ်သား ကွယ်လျက်ရှိသည်၊

✡✡✡

"ထွက်ပြေးကြစို့"ဟု စတင်၍လေသံပစ်ခဲ့သူကနတ်ရှိုး(ခ)မြင့်ဆွေ၊ဘိန်းဖြူအရောင်းအဝယ် လုပ်နေသည့် သူ့အစန်းထဲ၌အလွန်အမင်း ဆေးယဉ်းထနေသူ ဒေသကောလိပ်ကျောင်းသားကလေးနှစ်ဦး အငမ်းမရ မူးယစ်ဆေးအကြောထဲ ထိုးသွင်းနေရင်း ရှော့ဖြစ်၍ အပ်နုတ်ချိန်မရလိုက်ဘဲ ဖြန်းခနဲ သေဆုံးသွားကြသဖြင့် မူးယစ်ဆေးဝါးမှု၊ လူသေမှုစသည့်ဖြစ်မှုတွေတစ်လှေကြီးဖြင့် အချုပ်ခံနေရသူ၊ ၆(ခ)၊၁၄(ဃ)၊၃(စ)၊ ၁၀(ခ)၊ ၃၀၄ ... တဲ့၊ သေဒဏ်ကြီးအက်တွေနှင့် ကောင်းကောင်းကြီး နပန်းလုံးရနိုင်သည့် ရောမရောဇဝတ်ပုံကြီးပေါ်ဖင်ခုထိုင်ထားသူ၊ ဥက်ကြီးရှင် မောင်မင်းကြီးသားကသူတို့မူးယစ်ဆေးဝါးဖြန့်ဖြူးရေးလမ်းကြောင်းကြီးကို ဖော်ကောင်လုပ်ပါမည်ဟူသော မူးတင်းပဲတင်း အကမ်းအလှမ်းဖြင့် ဇဟိုထောင်မကြီးဘက်မှသည် သီးသန့်တွဲဇက်ထောင်ကလေးထဲသို့ မိုးပေါ်ကျ ဖြုတ်ခြည်းရောက်လာခဲ့ခြင်းဖြစ်သည်၊

ထောင်ကျသည်ချင်း အတူတူဘယ်မှာပဲကျကျ မထူးပါဘူးဟု ထင်တတ်ကြ၏၊ မဟုတ်ရေးချမဟုတ်၊ မသိလေးရယ်မှအိုမဆိုင်၊ အပုံကြီးကွာသည်၊ အခြားနားကြီး ခြားနားလှဘိတောင်း၊



ထောင်မကြီးဟု နှုတ်ကျိုးနေကြသည့် ဇဟိုထောင်ဘက်မှ ထောင်ကျအမှုပ်မောင်မောင်မမ ထောင်ကြီးဖျော်၊ ထောင်ကြီးစံတွေ (၄၀၀၀)ကျော် (၅၀၀၀)ပါးနီး ရှိသည်၊ ပြင်ပမြင်လွှင်မှာ မျက်ကြောင့် အဖမ်းအဆီး အနိပ်အကွပ်နည်းနည်းကြမ်းလျှင်ထောင်စည်းလာတတ်သေးရာရုံဖန်ရံခါ(၆၀၀၀)ကျော်ပျော့လောက်အထိ အင်အားတိုးတတ်၏၊ ဖင်မလှည့်သာ၊ ခေါင်းလှည့်သာ၊ စည်းကမ်းကလနားတကြပ်သေး၊

သို့သော်လည်း လေ့ကြီးပေါ်မှာဆွဲငယ်ဆင့်တင်ထားသည့်ပမာ ဇဟိုထောင်မကြီးနှင့်ဘေးချင်းကပ်လျက်သူ့အတိုင်း၊ သူ့ဝင်း၊ သူ့အုပ်ချုပ်ရေးနှင့်သူ ရှိနေလေသည့် တွဲဇက်ထောင် (ဝါ) သီးသန့်ထောင်ကလေး၌မူကားဘယ်သောအခါမှ (၄၀၀)ထက် မပိုချင်၊ (၃၀၀၊ ၁၅၀) ဝန်းကျင်မှာပဲ အမြဲရှိတတ်စမြဲ၊ ဒါတာမှာ ငှက်ပျောသီး တုတ်နှင့်ထိုးသည့်ပါချီပါချဲ့အမှုမျိုးတွေလောက်မျှနှင့် သီးသန့်ထောင်အနားကပ်ဖို့ဝေးစွ၊ မျက်စောင်းထိုးရဖို့ပင် သိပ်လွယ်လှလေသည်မဟုတ်၊

သီးသန့်ထောင် ဆိုသည်မှာ သူ့ခေတ်သူ့အခါနိုင်ငံရေးဘာရေးညာရေးဟိုးအရေး ဒီအရေးတွေနှင့် ထောင်သို့အလည်ရောက်လာတတ်ကြသည့်ထိမ်းသိမ်းအချုပ်သား အကျဉ်းသားတွေ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ထိပါး၍တဲ့၊ စီမံချက်ဖြင့် ဆွဲထည့်ထားသည့် အရင်းရှင်ဘူဇွာ စုဇကာအကြီးစားကြီးတွေ၊ လမ်းသရဲများ တောထလာခြင်းနှင့်အပြိုင် လက်မတထောင်ထောင် ပန်းပန်လာသည့် ဘိန်းဖြူဘိန်းမည်း မူးယစ်ဆေးဝါး ဂိုဏ်းရာဇာကြီးတွေ၊ သူတို့၏လက်သပ်မွေး လက်ကသုံးတောင်ဓားမြဲအောက်ဂိုဏ်းသားလူမိုက်ရင့်မာကြီးတွေဇဟိုထောင်ကြီးဘက်မှာထရောမနိုင်နစ်ဆောင်ပြိုင်၊ လက်လန်ခြေခွင်၊ မိုက်ဂုဏ်ပြနေတတ်သည့် ထောင့်အောင့်ကြောလန် ဆတ်ဆတ်ကြဲနာမည်ကျော်လူမိုက်ပဒေသကြီးတွေ၊ထောက်လှမ်းရေးကသတင်းတပ်ဖွဲ့က၊စီအိုင်ဒီကသီးသန့်ထားပေးပါဟု အဘိယာစက ပြုထားသည့် လူလွှန်မသားတွေ၊ သူ့လူကိုယ့်ဖက်သား နှစ်ဖက်ချွန်သတင်းပေးတွေ၊ ဖော်ကောင်ရာဇဝတ်သားတွေ၊ ရဲတပ်ဖွဲ့တရားရေး စသည့် လူမိုက်များနှင့် မျက်နှာကြော မတည့်တတ်သည့် ဌာနများမှ ကံအကြောင်းမလှ၍ မျက်စိလည်လမ်း

www.burmeseclassic.com



မှား၍ ထောင်ထဲ ရောက်လာသူတွေ စသည် စသည် ခေသူ မဟုတ်များချည်း သီးသန့်ပျော်ရာ တစ်ထီးတစ်နန်း အရပ် ဒေသကြီး ဖြစ်၏။

✡✡✡✡

သို့လျှင်ဖြစ်၍...။

မြင့်ဆွေ သီးသန့်ထောင် ရောက်လာလာချင်း ရာဇဝတ်မှုသမားများချည်း ထားသည့် (၂)တိုက်မှာနေရသည်။ ကြိုးလွတ်တစ်သက်တစ်ကျွန်းအကျဉ်းသား ဝီတာကတန်းစီးအဖြစ်အုပ်ချုပ်နေသည့် (၁၅) ခန်းတွဲ တိုက်တန်းရှည်ကြီး၊ ဆောက်၍ ပြီးသည်မှာ မကြာလှသေး သဖြင့် တိုက်သစ်ဟုလည်း ခေါ်ကြသော သည့်တိုက်မှာ ကျောက်ချလိုက်ခြင်း ဖြစ်သည်။

အပြင်လောကမှာကလည်းကရ... နီးခဲ့ကြပြီး သူ့ကျေးဇူးရှိပ် မကင်းသူ ကျော်လွင် (ခ) ကြောင်ဘီလူးက ဖော... ထွင်းမှု၊ လူသတ်၊ အလောင်းဖျောက်မှု များဖြင့် တရားရင်ဆိုင်ဆဲ အချုပ်သား အဖြစ် (၂)တိုက်မှာ သူ့အလျင်ရောက် နှင့်နေသည်။ သည်မောင်လည်း ကြိုး... ဖို့ဖြင့် မြေကြီးလက်ခတ် မလွဲပဲတဲ့။

ကြောင်ဘီလူးက ပီတာနှင့် ရင်း... သည်။ မင်းဟာယ်ဝါဟာယ် ပြောမနာ ... မနာ၊ ထို့အပြင် ကြောင်ဘီလူး၏ပေး...

ကြည့်၊ ကံဆုံသည်ပဲ ဆိုဆို။ သေမင်းငင် သည်ပဲပြောပြော ဘယ်နည်းနှင့်ဖြစ်ဖြစ် ထောင်က ထွက်ပြေးချင်သူ ကြိုးသမား အလောင်းအလျာ နှတ်ချီးတို့၊ ကြောင် ဘီလူးတို့နှင့်မှ ဇျက်စီဂျိမ်းလို ဆရာကြီး က တည့်တည့်တန်းတန်း လာတိုးနေ တော့သည်။ ကြက်တန်းနှင့် ဆန်အိုး၊ ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ကြီး ခံတွင်းပျက်။ ကိုင်း–ဟုတ်ပေ့ကို ဖြစ်၍နေကြတော့၏။





...ဘမ်းစာဖြင့် တိုက်တန်းစီး ပီတာက လျှာ ...ထိုးနေခြင်းဖြစ်ပေရာ ကြောင်ဘီလူး၏ ...မျက်နှာပြ ကောင်းမှုကြောင့် မြင့်ဆွေ ...မှာ ကြောင်ဘီလူးနှင့် တစ်ခန်းတည်း ...နေခွင့်ရခဲ့၏။

မြင့်ဆွေသည် (၂)တိုက်၊ (၂)ခန်း ...ကို ရောက်၍ တစ်ပတ်မပြည့်ချင်သေး၊ ...သိန်းဝင်း (ခ) ဆရာကြီး ဂျက်စီဂျိန်းက ...ဆယ်ထောင်ငယ်တစ်ခုတွင် ဆွေးနေ ...သည့် တိုက်ခန်းသံတိုင်ကို အားဖြင့် ဆွဲ ...ဆွေး၍ ထွက်ပြေးရန် ကြံစည်မှုဖြင့် ...ရောက်လာခဲ့ပြန်သည်။

လူကောင်ထွားထွား၊ အရိုးအဆစ် ကြီးကြီး၊ မျက်နှာပေါက်ကြမ်းကြမ်း၊ ...အသားအရေက ညိုသည်ထက် မည်း ...သည့်ဘက် ကဲချင်နေသည့် သိန်းဝင်း (ခ) ဂျက်စီဂျိမ်း ခမျာ ထောင်ဝင်မလှ၊ သူ ...ဖောက်ပြေးခဲ့သည့် ပင်ရင်းထောင်က ...ရှာလက်ခံသည့်ဗဟိုထောင်ကပါမှတ် ...ဆောက်သားလောက်အားရပါးရဆော် ...ဖလော်တီးလျက်ညှော်ခံ၍ပုံစံပေးထားခဲ့ ...သဖြင့် ဒဿဂီရိဘီလူးစက်သေနတ် ...ထိအားသလောက်နီးနီး၊ သေလုမြောပါး ...နော်ဆန့် ခံနေရ၏၊ အကျိုးအပဲ့၊ အဖု ...အထစ်၊ အလျှိုးရာအစင်းရာဒဏ်ရာတွေ ...နှင့် စကားမျှ ဟဟမပြောနိုင်ရှာဘဲ ရောက်လာခဲ့ခြင်း ဖြစ်သည်။ မျက်စိနှစ်လုံးက တစ်ဖက်ပိတ် တစ်ဖက်မှေး၊ ပါးစပ်က ဂဠုန်နှုတ်သီးနယ် ရှေ့ကိုထော်ထွက်၍နေသည်။

"ချီးတဲ့မှ – ခွေးဟိုဒင်းလောက်မှ မချွန်တဲ့ ကံနုကံဖျင်းကြောင့် ပြန်မိသွားရတာ။ နို့မို့ဖြင့်လွတ်တာကြာပေါ့။ ထောင်အုတ်တံတိုင်းလေးက (၁၅)ပေလောက်မြင့်တဲ့ဟာ၊ တိုက်က လွတ်ရင် လွတ်ပြီပေါ့၊ ခုတော့ တိုက်ခန်းသံတိုင် ချိုးပြီး ထွက်လာခါမှ အခန်းချင်းကပ်လျက် ဆေးကြောင်နေတဲ့ ဦးနှောက်ပျက်အကျဉ်းသားနဲ့က "သရဲ – သရဲ" ထအော်လို့ ဝါဒါတွေ ဝိုင်းလာတော့ ကွဲခနဲမိရော၊ ဖွတ် – ဘာပဲဖြစ်ဖြစ်လေ၊ ဒီတစ်ခါမတစ်ခါသေးရင် နောက်တစ်ခါပေါ့။ ချဉ်းမှာပဲ၊ ကြံဦးမှာပဲ၊ ထွက်ပြေးလို့ မရဘူးဆိုတဲ့ထောင်မျိုးဖြင့် မရှိလောက်ပါဘူးဟင်း..."

တကျွတ်ကျွတ် တအင်းအင်းနှင့် မသက်မသာကြီး ခံ၍သာ ခံရော့၊ ကိုယ်တော်က သည်ပြောလုံးကြီးကို နှုတ်များက မချ၊ အချိန်ရှိသရွေ့ "ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်" ချည်း အာဝါသနေတော့သည်။ တစ်ခါမက၊ နှစ်ခါသုံးခါလည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ - ခင်ဗျား တကယ်ပြောနေတာလား"

"ဘာကိုပြောတာတုံး"

"အခု ခင်ဗျားပြောနေတဲ့စကားတွေလေ"

"အင် - ဘာ"

"ကျွတ် - ထွက်ပြေးဦးမယ်ဆိုတာလေ"

"အင်း - အဲဒါ ဘာဖြစ်တုံး"

"ပါးစပ်ရှိလို့ပြောပြီးပြီးရောဖါယောလွှတ်နေတာလား၊ ရင်ထဲက တကယ်စိတ်ရှိနေသေးလို့ အခြေအနေပေး၊ အဆင်တောင်းခွင်ကောင်းခဲ့ရင်အဟုတ်ထလုပ်ဦးမှာလားလို့..."

"ရော - ခက်ပြီ၊ တကယ်ပေါ့"

"ဟော့ လူကြီး - ကြုံသလို မပြောနဲ့နော်၊ ကျုပ်က တကယ် သိချင်လို့ မေးနေတာ"

"တတောင်ရဲ့၊ ထောင်ထဲမှာ စကားတုန်းသတဲ့၊ ကြားဖူးရဲ့မှတ်လား၊ ကိုရင်တို့က ဘာမှလောက်လို့ ကျုပ်က ဖြီးလုံးဖြန်းလုံး ထုတ်နေရမှာတုန်း၊ ဒီမယ် - ကိုရင်တို့ ယုံချင်ယုံ၊ မယုံချင်နေ၊ ကိုယ်တတော့ ချဦးမှာပဲ၊ ကြံနေဦးမှာပဲ၊ ဘယ်တော့မှ စိတ်မလျှော့ဘူး"

"ရွှေ - ကြိုက်ပြီဗျာ - ကြိုက်သွားပြီ၊ ကျုပ်တို့လည်းဒီလိုဒေါင်ဒေါင်မြည်တဲ့ စီးဖားစီး ချမယ့်လူမျိုးကိုပဲ ရှာနေတာ၊ အခုမှ ဘုန်းကြီးလူထွက်နဲ့ မုဆိုးမ ဒယ် ထိတွေ့ရတော့တာပဲ၊ လာဗျာ - ဒီမှာ ထိုင်၊ ရော့ - အပြင်ဆိုင်က တကူးတက မှာထားတဲ့ လက်ဖက်ရည်လေး ချစေဦး၊ ကျုပ်တို့ဒီကိစ္စကြီးကိုအေးအေးဆေးဆေး ပြောကြရအောင်"

ကံဆိုသည့်မျိုးက တော်တော်ဆော်၏၊ ပုံ၍ပဲ ယုံစားအားကိုးလိုက်ရမည်လား၊ မယုံမရဲနှင့် "ယောက္ခမမျက်နှာသမက်မကြည့်ဝံ့" အချိုးမျိုး သူ့အတိုင်းတိုင်း လွှတ်ထားလိုက်ရမလား၊ ဝေခွဲမရပင် ခက်လှဘိ၊

ကြည့်၊ ကံဆုံသည်ပဲဆိုဆို၊ သေမင်းငင်သည်ပဲပြောပြော ဘယ်နည်းနှင့်ဖြစ်ဖြစ် ထောင်က ထွက်ပြေးချင်သူ ကြီးသမား အလောင်းအလျာ နတ်ရှိုးတို့ကြောင်ဘီလူးတို့နှင့်မှ ဂျက်စီဂျိမ်းလို ဆရာကြီးက တည့်တည့်တန်းတန်းလာတိုးနေတော့သည်၊ ကြက်ကန်းနှင့် ဆန်အိုး၊ ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ကြီးခံတွင်းပျက်၊ ကိုင်း - ဟုတ်ပေ့ကိုဖြစ်၍နေကြတော့၏၊



"ဟော့ - လူကြီး ဂျိမ်း - လွယ်ပါ့လေလား"

"ခက်ပ - လူရာ၊ ဒုစရိုက်တောမှာ လွယ်တဲ့အလုပ်ရယ်လို့ ရှိပမလားဟ၊ အထူးသဖြင့် ထောင်ဖောက်တဲ့၊ ထောင်ပြေးတဲ့အလုပ်မျိုးဟာ ချိုချိုချောင်ချောင်အေးအေးဆောင်းဆောင်းနဲ့ လွယ်လင့်တကူ လုပ်လို့ဖြစ်တဲ့အလုပ်လား၊ ဖစ်ဖတီး၊ ဖစ်ဖတီးပဲ၊ သူတစ်ဝက်ကိုယ်တစ်ခြမ်းပဲ၊ ကင်းဦးကင်း၊ ကြက်ဦးကြက်လျှင်သူ စားစတမ်း၊ လွှတ်ညာက်သွား ညာက်တစားရတဲ့အလုပ်မျိုး၊ အသည်းတထိတ်ထိတ်ရင်တမိုမိုနဲ့ညာက်ညာက်ချင်းဇယားခင်းရတဲ့အလုပ်မျိုးခင်ဗျ၊ ပျော်စရာလွှတ်တောင်း၊ အဲ - နို့ပေတဲ့၊ ဘူးပေါ်သလိုပေါ်ဖယော့ဆိုလို့ကတော့ကုန်းကြုံးခံပေရော့၊ လူလည်းနာ၊ နောက်အမှုလည်း တက်၊ ပြီးသားလျှော့ရက်တွေလည်းအဟောသိတံ ဖြစ်ကရော့၊ တခြား မကြည့်နဲ့၊ ငါ့ကိုကြည့်လေ၊ ဒီအက်ရာဒက်ရာတွေကြောင့်မိမွေးတိုင်းဖမွေးတိုင်းဘယ်လိုမှ ဖြန်မဖြစ်နိုင်တော့ဘူး၊ ကဲ - မလွယ်တဲ့အလုပ်လား"

ဆရာကြီးဂျိမ်းက အပိုဆာဒါးတလေးတွေနှင့် ခပ်လှန်လှန်ကလေးတောက်ကြည့်လိုက်၏၊ မြင့်ဆွေနှင့်ကျော်လွင်တို့လိုလူမျိုးတွေကငွေမှုလွဲ၍ဘာမှုမရှိသည့်အီးဘောလောကယောင်မင်းသားတွေ ဖြစ်သည်၊ ကံကောင်း၍ဖားလောင်းက ငါးဖြစ်ကာ လက်ဖျားငွေသီးနေတတ်ကြသောအမြှုလိုင်း၊အမည်းလိုင်းဘိန်းသမားတွေ၊ လုပ်ရည်ကိုင်ရည်ကြံရဲဖန်ရဲ "ဇ" လည်း မရှိ၊ "သွေးလည်းနထ္ထိ"၊

✡✡✡✡

ထိုင်နေအကောင်းသား ထသွားကြည့်မှ အကျိုးမှန်း အရပ်လည်ပြသလိုဖြစ်ရော့မည်၊ သည်တစ်ချီထောင်ဖောက်၊ ထောင်ပြေးမှုကြောင့် ထပ်အဖမ်းခံခဲ့ရလျှင် သူ့ထောင်သက်က ဖင်ဆောင့်နေတော့မည်ကောင်း၊ အဘိုးကြီးအို ခါးကုန်းဆံဖြူသွားကြွေ၍ကိုယ့်မသာကိုယ့်ထမ်းပြီး ထောင်က ထွက်ရချိမ့်မည်၊ ထောင်ကျစဉ် ကာလတစ်လျှောက်လုံး သံခြေကျင်း၊ ဒေါက်ခြေကျင်းတွေ တစ်ပြုံကြီးနှင့်တိုက်ခန်းကမထွက်ရဲဘဲခြေဆျပ်မိဦးတော့မည်၊

သို့ဖြစ်၍ထွက်ပြေးကြဖို့ဆွယ်သောသူ အာပလာနစ်ပွေကို လှန်လှဲတလေးတွေနှင့် ဖမ်းတောက်ကြည့်လိုက်ခြင်းဖြစ်၏၊

www.burmeseclassic.com



"ဟာ - ဆရာကြီးကလည်း ကြံ၊ မကြံကြည့်ရသေးဘူး၊ ဘာတွေသောက နေရတာတုံး၊ ဒီမယ် - ဒီလိုကိစ္စမျိုးမှာ ဆရာကြီးက အတွေ့အကြုံရှိတယ်၊ ကြံ ရည်ဖန်ရည်ကြီးတယ်၊ ဖယားခင်းတတ် တယ်၊ အဲ - ကျန်တာတွေကတော့ ကျုပ် တို့ တာဝန်ထား၊ လမ်းကြောင်းရှင်းတာ တို့၊ ဟိုဟာဒီဟာ ရရာရကြောင်း ဖန်တီး တာတို့၊ အဲဒီအပိုင်းကို ကျုပ်တို့ဘာသာ ကြည့်လုပ်မယ်၊ ဆရာကြီးက ရှေ့က ခွင် ချပေးဦးနောက်စားပေး၊ ဒါဆိုဖြစ်ပြီပေါ့ ဗျာ မှုတ်ဘူးလား"

"အား - လွယ်လိုက်တာ၊ လွယ်လိုက် တာ၊ ရေတစ်ပေါက်သောက်တာတောင် သောက်ပုံမတော်ရင် နင်နေတတ်သေး တာ - ခင်ဗျားတို့ရဲ့ ထောင်ဖောက်ပြီး ထွက်ပြေးတာများ အဲသလောက် လွယ် ရင် ထောင်ထဲမှာ လူတောင် ကျန်မှာ မဟုတ်တော့ဘူး - ရှီး"

"ကဲ - မလွယ်လည်း လုပ်ကို လုပ်မှ ဖြစ်မယ် - ကိုယ့်ဆရာ၊ ကျုပ်အမှုက ဘယ်လိုစစ်စစ် သေဒဏ်ပဲ၊ ကျိန်းသေ တယ်၊ အဲ - ကျုပ်အသိုင်းအဝိုင်းက အလိုက်သိဝ်ကောင်းရင်တောင် တစ် သက်တစ်ကျွန်းပဲ၊ ထောင်ထဲမှာ ပုံစံ ထမင်းနဲ့ ပဲဟင်းရေကျဲသောက်ပြီး သမ်

တလင်းမှာကျောပူတဲ့အထိအိပ်မနေနိုင် ပါဘူး၊ ကြံရင်း ဖန်ရင်းနဲ့ သေခါမှ သေ ရော့၊ အပြင်လေကလေး ဝဝရှူပြီး သေ လိုက်ရတာက နိပ်ဦးမယ်၊ အဲဒီတော့ ပြေးကို ပြေးမှ ဖြစ်တော့မှာ ..."

"ဟ - အတည်ပေါက်ကြီးတွေ ဖြစ် နေပါလား၊ နေပါဦး - ကိုယ့် လူ ကို တကယ်ပြောနေကြတာလား"

"ဟောဗျာ - ဒီလောက်ပြောနေတာ တောင်မှပဲ၊ တကယ်မဟုတ်ဘူးဗျို့၊ သုံး ကယ် လေးကယ်၊ အကယ် တစ် ရာ၊ အကယ်တစ်ထောင် - ကဲ"

"ဟား - ဟား - ဟား - ကြိုက်ပြီဗျာ၊ ကြိုက်ပြီ၊ သစ်စေ့ သစ်ညှောက်တွေ တောင်မှ မြေခံကောင်းရင် ပေါက်သေး တဲ့ဟာ၊ ကျုပ်တစ်ယောက်တည်းကြံလို့ မအောင်ခဲ့တဲ့ ဒီအလုပ်ကို ဒီလိုအုံနဲ့ကျင်း နဲ့ သေသေချာချာ ဖယားခင်းပြီး ချလိုက် ရရင် ကျိန်းသေဖြစ်ရမယ်ဗျာ၊ ကဲ - ကျုပ် အာမခံတယ်"

"စိန်လိုက်လေ"

"လုပ်လိုက်လေ - ကြာသလားလို့"

"ထောင်အပြင်နဲ့ လမ်းကြောင်း ဆက်ပေးမယ့် အတွင်းလူ လိုတယ်၊ ထောင်ဝါဒါထဲက မဖြစ်ရဘူး၊ တံခါးမကြီး ကို နေ့တိုင်းဖြတ်ပြီး ဥဒဟို ဝင်နိုင်ထွက်



နိုင်တဲ့လူမျိုး၊ အဲ - သူ့လိုလူမျိုးကိုလည်း ဘယ်သူကမှ ဖုတ်လေတဲ့ငါးပိ ရှိလေ ဘယ် မအောက်မေ့ဘဲ ဆေးဖော်ကြော ဆတ် မလုပ်ချင်ကြတဲ့လူမျိုး၊ ပြောရရင် ဆိုတော့ - မိလ္လာရေးအိုးသေးအိုးသွန်ရတဲ့ ကောင်မျိုး၊ ဘယ်သူကမှ မျက်စိထဲ မထည့်၊ လူရာမသွင်းချင်တဲ့ကောင်မျိုး၊ အေး - အဲဒါမျိုး စိတ်ချလက်ချ တစ် ယောက်လောက် လိုချင်တယ်"

"ဟုတ်ပီ၊ ရှိတယ်၊ မလိုလဲလိုလဲ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် သုံးစားလို့ ရအောင် မွေးထားတဲ့ ငနဲလေးတစ် ကောင်ရှိတယ်၊ မိလ္လာဘုတ်မှာ ရေးပုန်း သွန်တဲ့ဘုတ်ရဲ့ ဘုတ်ခေါင်း ထွန်းကျော် တဲ့၊ ထောင်(၂)နှစ်လား ကျတာ၊ ဒါးပြ မှုနဲ့၊ အဲ - လွတ်ဖို့တောင် နီးပြီ"

"ဘုတ်ကိုင်လား"

"မဟုတ်ဘူး၊ မိလ္လာဘုတ်ကိုင်က သွန်းမောင်ကြီးလေ၊ ဒီကောင်လေးက ရေးပုန်းထမ်း၊ ရေးပုန်းသွန်ရတဲ့အဖွဲ့ရဲ့ ဘုတ်ခေါင်း၊ ထွန်းမောင်အောက်က၊ ဘုတ်ကျတော့ (၁)တိုက်မှာ တရာ ဆောင့်ရတယ်"

"မင်းကောင်က စိတ်ချရပါ့မလား၊ ကြားကာ လုံပါ့မလား"

"စိတ်ချ၊ ငါတို့ကပဲ ကြည့် ထား၊ ကျွေးမွေးထားရတာ၊ ဒီဘုတ်ခေါင်းနေ

ရာကိုလည်း ငါတို့ငွေနဲ့ ငါတို့လိုင်းပြေးပြီး ဖန်တီးပေးထားတာ၊ အပြင်က ဟိုဟာ ဒီဟာလေး မှာချင် သွင်းချင်ရင် လွယ် အောင် ချောင်အောင်လို့၊ ပြီးတော့ - အပြင်က သူ့မယားရင်းနှီးစားသောက်ဖို့ လည်း ပို့ထားပေးပြီးသား၊ နိုးဝှက်သွင်း ရမယ့် တို့ရဲ့ထောင်ဝင်စာပစ္စည်းမျိုးတွေ ဆို သူ့မိန်းမလေးပဲ သူ့ဆီ လာလာပို့ပေး တာ၊ မီးသေပါတယ်၊ သေဆိုသေရှင်ဆို ရှင်ပဲ"

"ကောင်းတယ်၊ ငါလိုချင်တာလည်း အဲဒီလိုကောင်မျိုးပဲ"

"ကဲ - သူ့ကနေတစ်ဆင့် ဘာလုပ် ပေးရမလဲ"

"မလိုသေးဘူး၊ အခုလောလော ဆယ် အဲဒီကောင်လေးကို တို့တိုက်မှာ ဘာယာစောင့်လို့ရအောင် ပြောင်းပေး လို့ရနိုင်မလား"

"ဖြစ်တယ်"

"အဲဒါဆို ပြောင်းလိုက်"

"ဘယ်တော့လဲ"

"မြန်လေ ကောင်းလေပဲ"

နောက်တစ်နေ့တွင် ထွန်းကျော် ဟုသည့် ထောင်ဂျပိုးလူလည်ဝန်တာ ကလေးက သူတို့(၂)တိုက်သို့ ညတင်း စောင့် ဟာရာအဖြစ် ဖြုံးဖြိုးဖြုံးဖြိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့တော့သည်။ တိုက်တန်းစီးဝိတာနှင့် မြင့်ဆွေတို့ "အစ်ကိုကြီးရေ-ညီလေးရေ" ဘာညာဘာညာဝါစာကမာတွေ လုပ်ကြပြီး သည်၏နောက် သူတို့အခန်းထဲသို့ထွန်းကျော်ရောက်လာခဲ့၏။ သူတစ်ဦးထဲ မဟုတ်၊ ကိုလေး (၈) ဂန်ဖလား ဆိုသည့် ကုလားကလေးတစ်ယောက်လည်း ပါလာ၏၊ သူလည်းတာရာပဲ - တဲ့၊ တိုက်ခန်းတစ်ခန်းထဲတွင်လူဦးရေစုံဂဏန်း မထားရသည့် ထောင်မလေ့ကြောင့် (၅) ယောက်ဖြစ်သွားအောင် အိမ်ဖြည့်ခေါ်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ...။

ဆရာကြီးဂျိမ်းအဖို့ နတ်ဘုရားကလွှတ်လိုက်သည့်တမန်တော်တစ်ပါးဟုဝင် သာသာထိုးထိုးကလေး တွေးလိုက်မိသေး၏။ ကိုလေးကသောမြင်စားသည့်သော့ကျွမ်းကျင်သူ သော့ဝိဇ္ဇာ၊ လူမသိ၊ သူမသိ လစ်လျှင် လစ်သလို တစ်ကိုယ်တော်ဖောက်ထွင်းသူခိုးလည်းလုပ်တတ်သေးသတဲ့၊ ဟန်ကျလိုက်ပုံများ။ တိုက်ခန်းသော့ကိုသော့တုနဲ့ဖွင့်ပြီး ထွက်ပြေးဖို့နည်းလမ်းကို စိတ်ကူးရလိုက်ရုံတင်မက သော့ကျွမ်းကျင်တဲ့ ငနဲကလည်းဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိုက်ချေသေး၊ ကံနဲ့လူ မပူနဲ့တဲ့၊ ဒီတစ်ချီမှ

လွတ်အောင် မကြံနိုင်ရင် ထောင်အုတ်တံတိုင်းကြီးကို ခေါင်းနဲ့ တိုက်ပြီး တို...ကိုယ်ကိုယ် သတ်သေပစ်လိုက်ရုံ...ရှိတော့တယ်။ သူ့အတွေးများကတ...ဖြည်း ပီပြင်ကြည်လင်လာလိုက်ပုံမျာ...သူ့မျက်စိထဲ၌ ပြေးလမ်းပြေးပေါက်ရှေ...နှင့်ညက်ဆင်ညက်ကစားရမည့်အား...ကွီးတီးကွက်များကို "အကွင်း အကွ...မုန့်တီဟင်း" သို့ တရိပ်ရိပ် မြင်၍လာ၏

"ထွန်းကျော်"

"ဗျာ ..."

"မင်းကို အရေးကြီးတာ တစ်ခု...ချင်တယ်၊ ဖြစ်မလား"

"ဒါလေးများ ..."

"ဒါလေးများ လုပ်မနေနဲ့ကွ၊ ...ရေးရှင်ရေး နီးပါးမို့ သေရှာအောင် ...နေတာ"

"ရော် - ရပါတယ်ဗျ၊ ကဲ - ဘာလု...ပေးရမှာလဲ - ပြော"

"လာ - ဒီနားကိုတိုးခဲ့၊ နံရံတွေ...နားရှိသတဲ့၊ ကြမ်းကြားလေကြား ...ရအောင်ဟာ ဒီနားကို တိုးလာခဲ့"

"ဘာလဲဗျ၊ ဆရာဂျိမ်း လုပ်တာ...တင် ကျုပ်မှာ အူယားချင်လာပြီ၊ ...ကြပ်ဆရာတင့်လွင်ရဲ့တိုက်ခန်းသော့...ကြီးကို ဘတ်ကီးရိုက်ပေးရမှာမို့လို့လာ...ဟုတ်လား"



"အေး - မင်းမဆိုးဘူး၊ နားနီးသား...၏ ဒါပေမဲ့ - အဲဒီလောက်အထိ အရဲကိုး...ရောမလိုပါဘူးကွ၊ ဒီမယ် တွေ့လား"

"ဘာတုံး၊ သပြေညိုဆပ်ပြာတုံးကြီး...တိုလား"

"ဟာ - လစ္စီးတဲ့မှ၊ ငါ နားရင်းအုပ်မိ...တော့မယ်၊ ဒီမှာမြင်လား၊ သပြေညိုဆပ်...ပြာပေါ်မှာ ပုံစံယူထားတဲ့သော့ပုံ၊ တွေ့...လား"

"အေး - အဲဒါကို အပြင်ထုတ်သွား၊ ...င်းမိန်းမလက်ထဲအပ်ပြီး ကိုလေးရဲ့...တ်ဒါ သော့တုသမား ချွတ်ဂရီးဆီ ပို့...နိုင်း၊ သူ့ပုံစံတူ လုပ်ပေးလိုက်တဲ့ သော့...သူ့ကို မင်းက ထောင်ထဲပြန်သွင်းလာခဲ့၊ (၃) ရက်အတွင်း ပြတ်အောင် လုပ်ရမှာ...နော် - ဖြစ်မလား"

"ဒါလေးများ"

"ဟော့ကောင် - ပေါကြောင်ကြောင်...လုပ်မနေနဲ့၊ ဒီကိစ္စ အရေးကြီးတယ်"

"အေးဆေးပါ - ဆရာဂျိမ်းရ၊ စာမဖွဲ့...လောက်ပါဘူး၊ ကျုပ်က ဘယ်လောက်...ကြီးတဲ့ဟာကြီးများလဲလို့ စိတ်ပူသွားမိ...သေးတာ၊ ဒါလေးလောက်ကတော့ သွား...ကြားမညှပ်ပါဘူး၊ စိတ်ချ - (၃) ရက်အတွင်း ပွဲပြီးရစေမယ်"

ယခုမှ သိန်းဝင်းရင်ထဲက အောင့်လုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားရတော့သည်။

သူတို့တိုက်ခန်းကိုခတ်သည့်သော့၏ သော့ပုံစံကို ယူရသည်မှာ မခက်လှ၊ အခွံမနွှာရတဲ့ ပန်းသီးကို တဂျွမ်းဂျွမ်းကိုက်ဝါးစားရသလောက်နီးနီး လွယ်၏။ တိုက်အင်ချပ် ဆရာကြီးတင့်လွင်တတိုက်ခန်းအထုတ်အသွင်း သော့ဖွင့်သော့ပိတ်ကို ဘယ်သောအခါတမျှမလုပ်၊ သူ့တပည့်ရင်း တိုက်တန်းစီးဝိတာကြီးကိုပဲ ယုံယုံကြည်ကြည် မျက်နှာလွှဲထားသည်။ ဝိတာကလူပေါ့လူပျော်၊ သော့တွဲနှင့်လူ ဘယ်အခါမျှမကပ်၊ ကြံရာကျပန်း လက်သင့်သည့်သူက ဖွင့်စတမ်း၊ သော့တွဲကြီးက သူတို့အခန်းရှေ့သံတိုင်မှာချည်းအမြဲတစေတွဲလန်းကြီး၊ သည်သော့တွဲကြီးထဲမှာ သူတို့တိုက်ခန်းသော့တံကိုရှာ၊ ထောင်ပုံစံအဖြစ် ထုတ်ပေးထားသည့် သပြေညိုဆပ်ပြာရှေ့မည်းမည်းပေါ်မှာ အသာဖိချ၊ ပြီးပြီ၊ ဒါဲ့ကိစ္စပြတ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်၊ တကယ်တမ်းကျတော့ သော့ခုံရရုံနှင့် မပြီးသေး၊ ထိုသော့ပုံကို အခြေခံ၍ တိုက်သော့ခလောက်ကို ဖွင့်နိုင်မည့် ရှုတ်ထွေးပိုင်းပါးတူသော သော့တူ တစ်ချောင်းဖန်တီးရဦးမည်၊ ကိုလေးက "အိုဗေ ကေ" ဆိုလိုက်၍ ရင်ပေါ့ရင်ချောင် သွားရ၏။

"ဆရာကိုမ်း"

"ခဲ့အေး"

"တကယ်လို့ - အဲ - တကယ်လို့ ပြောတာနော်"

"အေးပါ - ပြော"

"ဆရာကိုမ်းတို့ ချဖြစ်ခဲ့ကြရင် ကျုပ်နဲ့ကိုလေးလည်း လိုက်ခဲ့မယ်နော်၊ ကျုပ်တို့ချည်းတော့ ချန်ထားမပစ်ခဲ့ကြနဲ့"

ဗုဒ္ဓါရေ၊ ဆိုင်းမဆင့် ဗုံမပါ ဂြိုဟ်ကြီးနှစ်လုံး အပူးလိုက်ကြီး ဝင်ဆောင့်လာချေပြီ၊ သူတို့၏ ဇွဲဆော်ဦးအတွေးထဲ၌ သင်းတို့နှစ်ကောင် အလျဉ်းမပါ၊ သင်းတို့က ပွဲလှအောင် သုံးပြီး ချကျွေးထားပစ်ခဲ့ရမည့် နယ်ရုပ်ကလေးတွေ၊ မည်သို့တွေးတွေး သင်းတို့ ချေးထုပ်နှစ်ထောင် ပါလာခဲ့လျှင် ကန့်လန့်ကန့်လန့်နှင့်ပွဲပျက်ဦးတော့မည်၊ "မလိုက်ခဲ့ကြနဲ့" ဟု ဘူးခံခဲ့ပြန်လျှင်လည်း ...။

"နေပါဦး - မင်းတို့က ဘာလုပ်ဖို့"

"အိမ်ကဟာမက ကျုပ်တို့ ဗုဒ်ဓနဲ့ အိမ်ရှင်လူကြီးနဲ့ မရှုပ်မရှင်းတဲ့ ဖူးလဲ နားတွေ့ ဒီနားတွေ့နဲ့တဲ့၊ ဟိုနေ့က ကျုပ် အစ်မက ထောင်ဝင်စာတကူးတကလာ တွေ့ပြီး ပြောသွားတာ၊ ပြောသလိုသာ ဟုတ်လို့ကတော့ ဒီဟာမနဲ့ ဒီလူကြီး တော့ မလွယ်ဘူး၊ ထွန်းကျော် အကြောင်းသိစေမယ်၊ လူကြီးကအိုင်း ကုန်းကွ သချိုင်းပဲ ခြေတစ်ဖက်လှမ်းနေ ပြီ၊ ဗွီ - သောက်ဂန်းမ"

အလားလား၊ သူကလည်းသူ့ဒုက္ခ နှင့်သူ၊ သူ့ကမ္ဘာတစ်ခြမ်း မီးလောင်နေလေသည်ပဲ၊ ဒုက္ခ - ဒုက္ခ၊ မသိမသာ တွေးရင်း ကုလားလေးဘက် မျက်နှာလှ ရပြန်၏။

"ကဲ - ကိုယ်တော်မြတ် ကရော ဘာတွေ အရေးပေါ်နေရပြန်ပလဲ၊ မိန့် တော်မူပါဦး"

"ရွှတ်ဂရီးက ထောင်ဝင်စာ ကြုံနဲ့ မှာလိုက်တယ် - အစ်ကို၊ ခွင်ကြီး တွေ့ ထားလို့တဲ့၊ တစ်ချီတည်းနဲ့ ဒီတစ်သက် ထိုင်စားကြရုံပဲ - တဲ့၊ အဲ - လုပ်ရှားတာ ကျတော့ သူတို့ မကျွမ်းလို့ မလုပ်တတ် ဘူး - တဲ့၊ ကျွန်တော် ထွက်လာမှ"

"ကိုင်း - ကိုင်း - ငါနိုင်းတာပဲ၊ အရင် ရအောင် လုပ်ကြည့်ကြပါဦး၊ နောင်ခါ

ဟာနောင်ရေးကြည့်ကျက်လုပ်ကြတာ ပေါ့၊ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန်ပဲဟာ"

"အိုကေ - အစ်ကို"

"အိုကေ"

✡✡✡✡

"ထွန်းကျော်"

"ဗျ"

"အခြေအနေ - ဘယ့်နယ်လဲ"

"အကုန်လုံးတော့ ခလောပေးကုန်ကြပြီနဲ့တူတယ်ဗျ၊ တိုက်ခန်းစောင့်ဂါဒ်တွေလည်း ဟန်ရေးပြပြီး လမ်းသလားနေတာတောင် မတွေ့ရတော့ဘူး၊ ကင်းစစ်အဖွဲ့တွေလည်း အသံမကြား၊ ဟိုဘက်တိုက်ခန်းတွေက ဘော်ဒါဘော်ရှုတ်တွေလည်း ကြားတဲ့ အတိုင်းပဲ၊ ဟောက်သံတွေအရှိအချပေးပြီး သံပြိုင်ဖြစ်နေကြတာ၊ မိုးဦးကျဖားတွေဖားတွေ အော်နေသလိုပဲ"

"ဖြစ်ရမယ်လေ - ဟဲ - ဟဲ - ဟဲ"

အခြေအနေက အားကြီး ဂွတ်နေတော့၏၊ ထွန်းကျော်၏ လှုပ်ရှားမှုဖြင့် ရလာသော့တံနှင့်မနီးရိုးစွဲတူသော သော့ ဆံတစ်ချောင်းက သူတို့လက်ထဲရောက်လာသည်၊ ဖွင့်မကြည့်ခဲ့၊ ဖွင့်ကြည့်ဖို့

လည်းမလို၊ သူတို့ သော့တံက နဂိုသော့တံရုပ်နှင့် တူသည်ဆိုရုံမျှဖြင့်ပင် အလုပ် ဖြစ်ပြီ၊ တကယ့်တကယ် တိုက်ခန်းဖွင့်၍ ပြေးကြမည်ဆိုလျှင်မရေမရာမသေမချာ သည့်သော့တုကြီးကို ပုံ၍မယုံရဲ၊ ကရိကရောင်ဖြစ်နေခဲ့လျှင် ကြံထားသမျှ သဲထဲရေသွန် ရေစုန်မျောသွားနိုင်သည်၊ သို့ဖြစ်၍ တိုက်တန်းစီး ပီတာကြီးနှင့် တိုက်အင်ချုပ် ဆရာကြီးတင့်လွင်တို့ အလစ်မှာ သူတို့ သော့တံအတုကို တကယ့်အစစ်နှင့်လဲ၍ သော့တွဲကြီးထဲ ရော ထည့်ထားလိုက်ပြီ၊ မနက်ဖြန် ထောင်မဖွင့်မချင်း မည်သူမျှ သိနိုင်မည် မဟုတ်တော့၊ သော့တုကြီးက ထောင်မကြီးရှိ သော့သေတ္တာထဲမှာပဲ အိပ်နေပေလိမ့်မည်၊ အမှန်အကန် သော့တံအစစ်က သူတို့လက်ထဲမှာ ...။

သော့တံအစစ်ကိုလက်ဝယ်ပိုင်ပိုင် ရပြီးနောက် သူတို့စစ်ဆင်ရေး၏ ဒုတိယအဆင့်ကို စသည်၊

တာဝန်ကြပ်ဒုတပ်ကြပ်သန်းမောင်အားကျသင့်ငွေထက် ပိုပိုသာသာပေး၍ မြူလျက် လက်ဖက်ရည်၊ ပဲပလာတာ၊ အီကြာကွေးများကို ဖောချင်းဖောချင်း ဝယ်စေခဲ့၊ သွင်းစေခဲ့၏၊ "ဒီတနေ့တကျွန်တော့်ရဲ့မွေးနေ့ပေါ့ ဆရာ၊ တိုင့်မိ



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်ဇကိုယ့်မိသားစုတွေနဲ့ စုစုဝေးဝေး တွေ့ခွင့်မကြုံရတဲ့အတူတူ ကိုယ့်ဆရာတွေကပဲအမိအရာအဖအရာပေါ့။ တိုက်ခန်းထဲက ဒုက္ခဖော်ဆင်းရဲဖက်တွေကလည်း ကိုယ့်ညီအစ်ကို မောင်နှမတွေပဲပေါ့။ ဝယ်ပါ - ဆရာ၊ ပိုပိုလျှံလျှံစေ့စေ့ငငရှိအောင်သာ ဝယ်လာခဲ့ပါ။ ထောင်မှူးကြီးရုံးမှာ ကျွန်တော့်ကိုယ်ပိုင်အပ်ငွေ (၂၀၀၀၀)ကျော်ရှိနေသေးတယ်။ ဒီတစ်ညတည်းနဲ့တင် ကုန်ချင်ကုန်သွားပလေ့စေ၊ တာဝန်မှူးနဲ့ တံခါးက ဆရာတွေအတွက်ရော၊ မျှော်စင်ပေါ်က ဆရာတွေတိုရော ပို့ပေးလို့ရအောင် ပိုပိုသာသာ ဝယ်လာခဲ့ပါ - ဆရာ" ဟူသည့်မြင့်ဆွေ၏ ရွှင်မြူးဖွဲ့ဖွဲ့နွဲ့နွဲ့ရှီးလုံးရွှန်းလုံးနှင့်အမှန်ကျသင့် သည်ထက် ပိုပေးထားသည့် ငွေစက္ကူများကတာဝန်ကြပ်ဆရာသမားအားအာစေးထည့်၍ဖမ်းစားနိုင်ခဲ့သည်။

"အိုကေ"တဲ့။

သော့တံအတုနှင့်အတူ သွင်းလာနိုင်ခဲ့သည့် အိပ်ဆေးများကဲ ထိုမွေးနေ့လတ်ဖက်ရည်ထဲမှာ တစ်ပျော်ကြီးပါသွားလေတော့မည်ကိုမူ မေးမကြည့်ဘဲနှင့် သိနိုင်၏။

ယခုဖြင့်၊ ညကြီးအချိန်ကောင်း၌ သီးသန့်ထောင်တစ်ထောင်လုံး ငြိမ်လို့၊ တုတ်စုတ်မျှမလှုပ်။

"ဘယ်အချိန်ရှိပလဲကွ"

"(၂)နာရီထိုးပြီးလို့ (၂)မောင်းခေါက်သွားပြီဗျ"

"သေချာလား"

"ထောင်မကြီးဘက်က ဂါတ်ကြီးနဲ့ မောင်းသံပဲဗျာ။ ဒီမှာတော့ တုတ်တုတ်တောင် ဘယ်သူမျှ မလှုပ်ကြတဲ့ဟာ။ ကင်းမောင်းကို ဘယ်လိုခေါက်ကြမှာတုန်း"

"ကင်းစစ် မလာဘူးလား"

"တစ်ယောက်မှ မတွေ့မိဘူး"

"အင်း - သေချာပါပြီကွာ"

"အင်း"

"ကဲ - ဟော့ကောင်တွေ ထကြ- လှုပ်ရှားကြစို့။ ဒီအချိန်လောက်ကတည်းက ထွက်ထားနိုင်မှ၊ နို့မို့ရင် အပြင်ဘက်မှာ သွားဖို့လာဖို့ အချိန်နည်းသွားလိမ့်မယ်"

"ကဲ - ဂန်ဖလားရေ - ဆော်တော့ကွာ။ ရော့ - သော့တံ"

"ဟုတ် - အစ်ကိုကြီး"

"ထွန်းကျော် - မင်းကတခြားအခန်းတွေကလည်း မရိပ်မိအောင် ဂန်ဖလားဆီက ထွက်လာတဲ့ ချိုးချိုးချွတ်ချွတ် အသံတွေကိုလည်း ဖုံးထားနိုင်အောင် ညကင်းဗာရာသတင်းပို့တာကို မကြာ ကြာ အော်ပေးနေ။ ထွန်းကျော်အော်သံတော့နဲ့ ဂန်ဖလားက သော့တံကိုဖွင့်၊ အော်သံရပ်ရင် ခဏနားပြီး ထွန်းကျော်အော်တဲ့အထိစောင့် - ကြားလား"

"အိုကေ"

"ကိုင်း"

"၉၅၂၁၊စီ(၁ - ၃)ဗာရာထွန်းကျော်၊ [illegible]တိုက်၊ ထောင်ပိတ်လူ ပေါင်း(၃၁)ယောက်၊ အကြောင်းထူးမရှိ၊ အားလုံးကောင်းများ"

"တောက် - တောက် - တောက်"

"တောက် - တောက် - တောက်"

ထွန်းကျော်၏သံရှည်ဆွဲ၍သတင်းပို့သံအဆုံးတွင် ဗာရာကလတက်ခေါက်သံက တတောက်တောက်ဖြင့် နောက်ဆက်တွဲပေါ်လာ၏။ ကင်းစစ်ဝင်သလား၊ တာဝန်မှူး၊ တာဝန်ကြပ် လှည့်ကင်း စစ်သလားဟူသောထင်တစ်လုံးများကြောင့် မကြာအိပ်ဆောင်များ၊ တိုက်ခန်းများဆီမှလည်းဗာရာအသီးသီး၏သတင်းပို့သံ များပြိုင်ဆိုင်ဆိုင်ထွက်၍လာကြပြန်လေသည်။

"အားလုံးကောင်းများ"

"အားလုံးကောင်းများ"

"အားလုံးကောင်းများ"

✡✡✡



တစ်ယောက်ပခုံးပေါ်တစ်ယောက် ဆင့်၍ တက်လိုက်ကြ၏။ ဂင်တိုတို၊ ပုတိုက်တိုက် တုတ်တုတ်ခဲခဲ ဆရာကြီးဂျိမ်းက အောက်ဆုံးမှာ၊ သူ့အပေါ်မှာ ကြောင်ဘီလူး၊ ကြောင်ဘီလူးပခုံးထက်၌နတ်ရှီး၊ ဆင်ကပ်ထဲမှာလူပဒေသာပင် သီးနေသလိုဆင့်တက်၍ထောင်တံတိုင်းအုတ်နံရံကြီးကိုလက်နှစ်ဖက်ဖြင့်ထောက်ကာ မတ်တတ်ရပ်လိုက်ကြသည့်အခါ တံတိုင်းကြီးအမြင့်ကိုမီဖို့ (၃)ပေသာသာပဲ လိုတော့၏။

"ဂန်ဖလား - တက်ပေ့၊ မင်းကလူကောင်သေးတယ်။ ကြိုးစတစ်ဖက်တိုပါယူသွား၊ နတ်ရှီး ပခုံးပေါ်ရောက်ရင် တံတိုင်းပေါ်က အလွတ်စီထားတဲ့ အုတ်ခဲတွေကို အောက်ပစ်မချလိုက်နဲ့၊ (၃) ပေလောက် လှုပ်သာလှည့်သာ ကွက်လပ်ချန်ပြီး တံတိုင်းပေါ်မှာပဲစီထား၊ ကြားလား"

"ဟုတ်"

"တံတိုင်းဟိုဘက်ကို ကြိုးစပစ်ချတဲ့အခါအဆုံးထိမချလိုက်နဲ့၊ လူတစ်ရပ်လောက် လွတ်ရင်ရပြီ၊ ဒီမှာ နောက်ဆုံးကျန်ရစ်မယ့်နှစ်ယောက်ကဒီဘက်ကြိုးစကို ဆွဲတက်ခဲ့ရဦးမှာ၊ သိပြီနော်"

"ဟုတ်"

www.burmeseclassic.com



"ဂန်ဖလားပြီးရင် "နတ်ရိုးနဲ့ကြောင်" တက်၊ ဟိုဘက်ရောက်ရင် လူစုံအောင် စောင့်နေကြဦးနော်။ သစ္စာမဲ့ပြီး ကိုယ်လွတ်ရုန်း မပြေးကြနဲ့၊ သစ္စာဖောက်အတွက် နေစရာ မြေကျဉ်းသတဲ့၊ မြေလှန်ရှာပြီး သတ်ပစ်မှာ၊ တွေ့ရာသချိုင်းမှာ မဆိုင်းဘဲမောင်၊ ပြောလိုက်ပါပေရဲ့"

"ဟုတ် - အစ်ကိုကြီး"

"ကဲ - တက်"

"အစ်ကိုကြီး - ကန်တော့နော်"

"ဟာ - ရပါတယ်ကွာ၊ တက်သာ တက်ပါ။ အခြေအနေရပဲဥစ္စာ"

"သွားပြီ - အစ်ကိုကြီး"

ဂန်ဖလားက လူလုံးလူဖန်ပါးပါး တလေး။ ကြောင်တစ်ကောင်နယ် ဖျိုးဖျိုး ဖျတ်ဖျတ်တက်သွားလိုက်သည်မှာကြော့လို့၊ အိပ်ရာခင်းများကို ဆက်ထုံးထားသည့် ကြိုးစတစ်ဖက်က သူနှင့်အတူ ပါသွားသည်၊ သည်ဘက်က အစတစ်ဖက်ကို ထွန်းကျော်က လူအားနှင့်ဆွဲ၍ထိန်းပေးထားရမည်ဖြစ်၏။ ဤသို့ဖြင့် ထောင်နံရံကြီးကို ဖြတ်ကျော်ရာတွင် ကြိုးစွာ အထောက်အပံ့ပြုမည့် ကြိုးလှေကားတစ်စင်းဖြစ်လာပေလိမ့်မည်။

ကြိုးစက နှစ်ချက်၊ သုံးချက် လှုပ်လာ၏။ ဂန်ဖလားက "အောက်ကို ဆင်းတော့မယ်" ဟု အချက်ပြလိုက်ခြင်း။ သူ့လိုပဲ ကြိုးစကို နှစ်ချက်၊ သုံးချက် ပြန်လှုပ်ပေးလိုက်သည်။ "ကဲ - ကံကောင်းပါစေ ဂန်ဖလားရေ"

တံတိုင်းအပြင်ဘက်ဆီက "ဖုတ်" ခနဲ ခပ်အုပ်အုပ် ခုန်ချလိုက်သည့်အသံကို ကြား၏။ "ဂန်ဖလားတစ်ယောက်တော့ အောင်ပြီ။ ကဲ - နောက်တစ်ယောက်"။ နတ်ရိုး ... ပြီးလျှင် ကြောင်ဘီလူး (ခ) ကျော်လွင်၊ အဆိုင်းအတွန့်သုတ်ခနဲ သုတ်ခနဲ ကြိုးလှေခါးကို တွယ်တက်ကာ တစ်ဖက်ကို ဆင်းသွားကြသည်၊ "ဘုတ်"၊ "ဘုတ်"၊ ဟော၊ နှစ်ယောက်စလုံး ဒုတ်ဒုတ်ထိ ဆင်းမိကြပြီထင်သည်။

"ထွန်းကျော် - ရေ"

"ဗျာ - အစ်ကိုကြီး"

"မင်းက နောက်ဆုံးတက်လာခဲ့မှာဆိုတော့ အတွင်းထဲက အခြေအနေတွေကို မျက်စိလျှင်ခဲ့ဦးနော်၊ အခုအချိန်အထိတော့ အိုကေနေတုန်းပဲ၊ အားတင်းထားကွာ - နောက် (၁၀) မိနစ်လောက်ဆိုရင် တို့ဘဝ လွတ်ပြီ၊ ကျွတ်ပြီကွ၊ သိလား။ ကဲ - ငါသွားပြီ၊ အပြင်က စောင့်နေမယ်"

"စိတ်ချ - အစ်ကိုကြီး - အိုကေပါ"

ထွန်းကျော်ပခုံးပေါ်မှတစ်ဆင့် ကြိုးစကိုဆွဲလျက်ဝက်ဝံကြီးတစ်ကောင်လိုတွယ်တက်သွားသည်။ သူ့အတ္တဘောကြီးက အကြီးကြီးမို့ မနည်း ကုပ်ကပ်ဘက်နေရ၏။ ခြေစလက်စရှိသူအသည်းကြီးသူဖွဲ့ကြီးသူမို့သာ။ ကြိုးဖျားတစ်ချက်ခါသွား၏။ "ထောင်တံတိုင်းပေါ် ရောက်ပြီ ဟိုဘက်ကိုဆင်းတော့မယ်၊ ကြိုးစကို ကိုင်ထား" ဟု သတိပေးလိုက်ခြင်းဖြစ်သည်၊ ထွန်းကျော်သည်ပုံစံအခင်းကြိုးစတစ်ဖက်ကို လက်နှစ်ဖက်နှင့် တင်းတင်း ဆုပ်ဆွဲ၍ အုတ်နံရံအခြေကို ခြေဖြင့် ထောက်ကန်ထားလိုက်၏၊ သူ့ကိုယ်တောင်ကလေးနှင့် သည်ပုံ ထိန်းမှပဲ အဆင်ပြေတော့မည်။

ညသည် ငြိမ်မြဲငြိမ်လျက် ရှိ၏။ နှင်းတွေကတသဲသဲ။ မှောင်မည်းမည်းအမိုက်တိုက်ကြီးသည်လည်း ထူပိန်းစေးပျစ်လျက် ချုပ်ခဲကြီးဖြစ်နေဆဲပင်။

ထောင်နံရံတံတိုင်းကြီးပေါ်က လုံခြုံရေးမှော်စင်များလည်းတုတ်တုတ်မလှုပ်၊ ထောင်ဝင်းကြီးထဲရှိ အိပ်ဆောင်များ၊ တိုက်ခန်းများဆီမှလည်း အသံဗလံ ကြား။ နှင်းကြွေသံ တဖြောက်ဖြောက်တို့သည်သာ မိုးဖွဲကလေးများ ရွာနေသလို နားကို ကလိနေသည်။



"ကိုင်း - အပျက်အဖျက်နဲ့နာခေါင်းသွေးထွက် ကိန်းတော့ ဆိုက်ခဲ့ပြီ။ ဘယ်လိုမှ နောက်ပြန်လှည့်ချင်လို့လည်း မရတော့ဘူး။ နေပါဦး၊ ငါလုပ်နေတာတွေ မှန်ရော မှန်ရဲ့လား၊ လွတ်ဖို့က ဘာမှ ကျန်တော့တာ မဟုတ်ဘူး။ နောက်ပြီး ချစ်စနီးမက မူမမှန်ချင်ဘူးလို့ ဆိုတာတလည်း အစ်မကြီး မဝဲရဲ့ တစ်ဖက်သတ်စကားပဲ။ ဟိုနေ့က သော့နဲ့ ပစ္စည်းတွေလာပို့တဲ့အထိကြည့်ရတဲ့ပုံကတော့ပုံမှန်အတိုင်း ဘာမှသရိုးသရီဖြစ်ချင်စရာမရှိပါဘူး။ ငါ့ကို ချစ်ရှာ၊ သံယောဇဉ်ကြီးရှာလို့ပဲ ငါနိုင်းတဲ့မဟုတ်မဟတ်အလုပ်တွေကို မြွေမကြောက် ကင်းမကြောက် မညည်းမညူ လုပ်ပေးနေရှာတာပေါ့။ ဘယ်မိန်းမက ဒီလိုအပိုးကျိုးကျိုး လုပ်ပေးမှာတုံး - ဝေးသေး၊ ချစ်စနီးမို့လို့သာ။ ဟယ် - ငါ မှားပြန်ပြီနဲ့တူတယ်" အတွေးတွေဖြင့် မှိုင်းအုံ့လာလျက် ကြိုးစကိုကိုင်ထားသော လက်များပင် အားမရှိချင်သလို ကတုန်ကယင်ကြီးဖြစ်လာသည်။ "မိုက်ဖာတ်ကို ဒီမှာတင် ရပ်လိုက်ရကောင်းမလား" လည်း အတွေးဝင်၏။

"အို - မဖြစ်သေးပါဘူး၊ ထောင်မီးတဲ့ ဘုရားလင်းတနားနားဖွင့်တွန်းရတော့မှာပဲ၊ ခရီးက လွန်ခဲ့ပြီ၊ ဖြစ်ချင်ရာဖြစ်

www.burmeseclassic.com



ဘရစ်ကွ၊ - ချသာချ" အမေမွေးကတည်း ကသွေးထဲမှာရောနှောပါလာသည့်စိတ် မိုက်က ဖွတ်နှစ်ပစ်လိုက်ဖို့ မြှောက်ထိုး ပင့်ကော် မီးထိုးပေး၏။

"ဟင် - ကြို းစက ဖြိမ် လု ချည့် ကလား။ ဆရာကြီးဂျိမ်း တွယ်ဆင်းသွား တာပဲအတော်ကြာသွားမင့်ဟာ၊ ဒီလူကြီး စိတ်ပဲရှိတော့တာ၊ လူက ခြေတုန်လက် တုန်နဲ့မို့ မျောက်လွှဲကျော်ကြီးလို တန်း လန်းကြီး ဖြစ်နေသလားပဲ၊ မြန်မြန်လုပ် ပါ။ လူကြီးရာ၊ ရင်တွေ ခုန်လွန်းလို့ ကြာ ရင်ဒီကောင့်ရင်ဘတ်ကြီးပွင့်ထွက်တော့ မယ်၊ ဒီအုတ်တံတိုင်းကြီးကိုမြန်မြန်ကျော် - မြန်မြန်ပြေး - အေးရော့"

မျှော်သာမျှော်သည်၊ ကြိုးကမလှုပ်။ ထွန်းကျော်မှာသာ ဖတ်သော်ဖတ်သင် နှင့် မျှော်မောကြီး၊

သည်မှာပင် ...၊

"တွီ - တွီ - တွီ"

"တွီ - တွီ"

"မျှော်စင် - မျှော်စင် - ဟေး - မျှော် စင်၊ ထောင်လုန့်သံချောင်း မွှေစမ်းဟေ့။ အတွင်းအုတ်တံတိုင်းအခြေကိုမီးမောင်း နဲ့ ထိုးရာကြည့်စမ်း၊ မြန်မြန် - မြန်မြန်"

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

"ဒေါင် - ဒေါင်"

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

"တွီ - တွီ - တွီ"



အေး - ပြောရင် ဘယ်လိုပြောမလဲ။
မင်းတို့နေရာမှာ တို့ဆိုရင်ကော ဘယ်လို
စဉ်းစားမလဲ။ တိုက်က တိုက်သစ်ကြီး၊
နံရံဖောက်ဖို့ ကြမ်းခင်းဖောက်ဖို့များ
ဖြစ်နိုင်ဖို့ ဝေးပါသေးရဲ့။
အဲဒီတော့ - တစ်ခုပဲ၊ သော့ခလောက်နဲ့
သော့တံကို တစ်ခုခုကြံရင် ကြံဖို့ပဲ
ရှိတာ။ ဟုတ်ရဲ့ - နော်။



"တွီ - တွီ"

"လေးယောက် မိ ထား ပ ဟေ့ - ...ထဲမှာ လူကျန်လိမ့်ဦးမယ်၊ ထောင် ...တ်ပြေးတာ - ထောင်ဖောက်ပြေးကြ ..."

မြတ်စွာ - ဗုဒ္ဓေါ၊ ရုတ်ခြည်းမှာပင် ...ချောင်းမွှေသံ၊ ထောင်လုန့်ခေါင်းသံ၊ ...ဆောင်ဝါဒါတွေ အုပ်လိုက်ကြီး ပြေးလာ ...တို့က ကမ္ဘာပျက်လုခမန်းသောသော ...ရှုတ် ဟိန်းဟိန်းညံလာသည်။ (၁၂) ...မျှော်စင်နှင့် မျှော်စင်(၁၀)တို့ပေါ်က ထိန် ...ထိန်းရှုသော မြှုဖွေးဖွေး အလင်းတန်း ...ကြီးများကလည်း ထွန်းကျော်အပေါ် ...တန်းခနဲ စိုက်ဆင်းလာကြ၏။ "သွားပြီ - ...သွားပြီ၊ ပွဲပြီးသွားပါပြီ၊ ဘဝပျက်ပြန်ချေ ...ပြီ"

သူ့ဘာသာသူပင် သတိမထားမိ ...တ်ဘဲ ခြေနှစ်ချောင်းကိုရဲ၊ လက်နှစ် ...တ်ကို မိုးပေါ်သို့ တန်းတန်းကြီး ထောင် ...ထားလိုက်မိလေ၏။

✡✡✡

"ဘယ်ဒုစရိုက်သမားမဆို ကိုယ် ...ခဲ့တဲ့အလုပ်ကိုပိရိလှပြီ၊ ဟုတ်လှပြီလို့ ...ထင်ကြတာချည်းပဲပေါ့ကွာ၊ ဒါပေမဲ့ - ဘယ်လောက်ကျယ်တဲ့ ဝင်လယ်သရုဒ္ဒ ရာကြီးပဲဖြစ်ဖြစ် အနားသတ်ကမ်းစပ် တော့ဖြင့် ရှိရသေးတာပဲမဟုတ်လား။ ဘာတဲ့ - တို့ထောင်ထဲမှာ ပြောတတ်ကြ တာ၊ တာပေါ်ရေမလျှံနဲ့ - တဲ့ ဟုတ်လား။ အေး - အဲဒီအတိုင်းပဲ၊ မင်းတို့က မင်းတို့ ရဲ့ဒုစရိုက်မှုကြီးကို ပိပိရိရိ ကြံစည်ကြီး ကုတ်နေကြတဲ့ တစ်ချိန်တည်းမှာပဲ မင်း တို့ ကျူးလွန်မယ့် ရာဇဝတ်မှုကြီးက လည်း စတ္တန့်နဲ့အမျှ "ပြဿနာကြီးဖြစ် တော့မယ်ဗျို့" လို့ မိုးလုံးပတ်လည် လှည့် ပြီး အယောင်အရိပ်တွေ၊ အနံ့အသက် တွေ ပေးနေတာကို မင်းတို့က မေ့ထား တတ်ကြတာကိုးကွ။ ကဲ - ဂျိမ်း - ငါပြော တာ မဟုတ်ဘူးလား"

"ဟုတ် - ဟုတ်ပါတယ်၊ ဆရာကြီး"

မြွေပွေးကြီးဟု နာမည်ကျော်သည့် ထောင်ပိုင်ကြီးက သူ့မျက်နှာအေးအေး ကိုခပ်နွဲ့နွဲ့ပြုံးလျက် ထောင်ဖောက်ထွက် ပြေးခဲ့ကြသည့် အကျဉ်းသားတစ်စုတို့ဲ စူးစူးရဲရဲ ကြည့်နေသည်။

ထောင်ပိုင်ကြီး ရုံးခန်းကြမ်းပြင်ပေါ် ၌ ခေါင်းကြီးတွေ ငိုက်စိုက်၊ ကြွက်... လည်လိမ်ထားသည့်သို့ ဖော်ကြီးတွေ ကျိုးကျလျက်ပုံစံထိုင်နေကြသူ သိန်းဝင်း (ခ) ဂျက်စီဂျိမ်းတို့ ငါးဦးသားမှာ ဖွဲ့အိတ်

www.burmeseclassic.com



ကြီးများ ပစ်ချထားသည့်အတိုင်း အကြဲ တုန် ညက်ကုန် လျော့ရိလျော့ပက်ကြီး၊

"သိန်းဝင်းလို မြို့ခကာခကာ ခုန်ဖူးတဲ့ နွားသိုးရောက်လာပတဲ့ဟော့ဆိုကတည်း က တို့များ ထောင်ဘက်ကလည်း ဒီအတိုင်းအေးအေးကလေး ထိုင်နေနိုင်ကြပါ့မလားကွာ။ (၂)တိုက်ထဲ ရောက်သွားပြီ၊ မြင့်ဆွေတို့ ကျော်လွင်တို့နဲ့ အဖွဲ့ကျနေပြီ၊ ထွန်းကျော်နဲ့ ဂန်ဖလားတို့ပါ တစ်ခန်းတည်းရောက်သွားပြီဆိုကတည်း က ဘာကိုဦးတည်နေပြီလဲဆိုတာ တို့က သိတာပေါ့၊ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ် အချိန်မှာ ဘယ်လိုနည်းနဲ့ လှုပ်ရှားကြမလဲမသိသေးပေမယ့် ထွက်ပြေးဖို့တော့ ခြင့်ကြိတ်ကြဲနေကြပြီဆိုတာ အသိသာကြီး။

"အေး - ပြေးရင် ဘယ်လိုပြေးမလဲ၊ မင်းတို့နေရာမှာ တို့ဆိုရင်ကော ဘယ်လို စဉ်းစားမလဲ၊ တိုက်က တိုက်သစ်ကြီး၊ နံရံဖောက်ဖို့ကြမ်းခင်းဖောက်ဖို့များဖြစ် နိုင်ဦးမှာ မဟုတ်သေးဘူး၊ အဲဒီတော့ - တစ်ခုပဲ၊ သော့ခလောက်နဲ့ သော့တံကို တစ်ခုခု ကြံရင် ကြံဖို့ပဲ ရှိတာ၊ ဟုတ်ရဲ့ - နော်"

"အတော်လာတဲ့ လူကြီး၊ အဲဒါ ကြောင့်လည်း မွေ့ပွေးဆိုတဲ့ ဘွဲ့တစ်လုံး ရထားတာနေမှာ၊ ဒီလိုမှန်းသာ ကြိုသိခဲ့ ရင် ..." တွေးရင်း တွေးရင်း သိန်းဝင်း ကိုယ့်ကိုယ်ကိုယ် ဒေါ်ပွလာသည်၊ လည် လှလည်လှနှင့် ချေးပုံကိုမှ တည့်တည့် တက်နင်းမိခဲ့သော သူ့ကြမ္မာကိုလည်း သူအံ့မှင်၊ ဘယ်လိုကြံကြံမပျက်နိုင်လွန်း သည့်ကံကိုလည်း မြောင်းထဲ ပစ်ချလိုက် ချင်သည်၊ ကျန်နလပိန်းတုံးလေးကောင် က ဝိုတော့မလို၊ ယိုတော့မလို မျက်နှာ ကြီးတွေ အိုလျက်။

"အဲဒါကြောင့် - မင်းတို့(၂)တိုက် သော့တွေကို ငါကိုယ်တိုင် နေ့တိုင်းစစ် ခဲ့တာ၊ ဟော - ဒီကနေ့ ထောင်ပိတ်အပြီး တာဝန်မှူးက သော့တွေ လာအပ်တ ရော၊ တန်းတွေ့တာပဲ ဟော့ - မင်းတို့ အစားထိုးထည့်ထားတဲ့ သော့တူ သော့ကို၊ ကိုင်း - ဒီကနေ့ညတော့ဖြင့် မင်း တို့အလုပ် လုပ်ကြတော့မယ် ဆိုတာ ကျိန်းသေသွားပြီ၊ ငါတို့ထောင်က မောင် တွေ ဘယ်လောက်များ ဝီရိယကောင်း သတိလျင်ကြမလဲဆိုတာလည်း သိချင် သေးတယ်၊ အဲဒါကြောင့်၊ ထောင်ပိုင် လေးရယ်၊ ထောင်မှူးကြီးရယ်ကိုပဲ အသိ ပေးပြီး သင်တန်းကျောင်းက သင်တန်း သားတွေနဲ့ သီးသန့်ထောင် အပြင်ဘက် ကနေ ကင်းပုန်းဝပ် စောင့်ဖမ်းခိုင်းထား ခဲ့တာပေါ့"

"သေဟဲ့ နိန္နိယ၊ တို့တွေကတော့ ကိုယ့်ဘာသာ အဟုတ်ကြီးတွေလုပ်ပြီး သေရေးရှင်ရေး အားကြိုးစနဲ့ ကြိုးစား လိုက်ကြရတာ၊ ဒင်းကြီးကတော့ အတွက်ပေါက်က ချိုင်းစောင့်သလို အပီ ကြီး၊ မိန့်မိန့်ကြီး ချောင်းလို့၊ မသာကြီး" ဒိုချင်သလို၊ ရယ်ချင်သလို အသက်များ ဆင် ရှု၍မရချင်။

"အေး - ငါတို့ ထည့်မတွက်ခဲ့မိတာ က မြင့်ဆွေရဲ့ မွေးနေ့အတွက် ဆိုပြီး ညသက်ကြီး လက်ဖက်ရည်ထုပ်တွေ၊ ခနဲ့ထုပ်တွေ ခိုးသွင်း၊ လက်ဖက်ရည်ထဲ မှာအိပ်ဆေးတွေ ခပ်ပြီး ငါတို့အဖွဲ့တွေကို နှစ်ချသွားလိမ့်မယ်ဆိုတာကိုပဲ၊ ကိုယ့် လူတွေကိုယ် အယုံလွန်မိသွားတာကိုး ကွ၊ အဲဒီအတွက်တော့ မင်းတို့ကို ကျေး ဇူးတောင် တင်မိသေးတယ်၊ အတွေ့ အကြုံ ဒီလောက်များတဲ့ ငါလိုလူမျိုးကို တောင် တစ်ကွက်ကျော့ဖြစ်အောင် ကျော့သွားနိုင်သေးတာ၊ နောင်များ ဒီအဖြစ်မျိုး ထောင်သမိုင်းမှာ ထပ်မရှိစေ ရဘူးပလေကွာ၊ ကဲ - ကဲ - ထောင်ပိုင် လေးတို့က တစ်ယောက်ချင်း လူခွဲစစ် ဆေးပြီး လုပ်စရာရှိတာ ဆက်လုပ်လိုက် ကြဗျာ၊ ရဲစခန်းကိုလည်း ကြိုပြီး ဖုန်း ဆက်ထားလိုက်ဦး"

"ဟုတ်ကဲ့ - စိတ်ချပါ - ဆရာကြီး"

"အေး - ထောင်မှူးကြီးရုံးခန်းထဲမှာ မင်းနဲ့တွေ့မယ့် ဧည့်သည်ရှိသေတော့၊ အဲဒါ ကို အရင်တွေ့လိုက်ဦး"

"ခင်ဗျာ"

"အေး - အေး - ဟုတ်သားပဲ၊ ဒီလို ကွ - တပည့်ရ၊ မင်းတို့ သော့တူကြီးကို လည်း တွေ့ရော၊ မင်းနဲ့ နောက်ဆုံးတွေ့ ဖြစ်ခဲ့တာ ဘယ်သူတုံးလို့ ဖော်ထုတ်တဲ့ အခါ မင်းမိန်းမ "ချစ်စနီး"ပဲဆိုတာ ပေါ် လာကရော၊ အဲဒါကြောင့် ငါ့ထောင်မှူး ကြီးကို မင်းမိန်းမနဲ့ သွားတွေ့ခိုင်းခဲ့ပြီး ဖျောင်းဖျလိုက်တဲ့အခါ မင်းတို့အကြံတွေ အကုန်ပေါ်ကုန်ရောဟော့၊ သူသိထား သမျှပေါ့လကွာ၊ အဲ - သူကိုယ်တိုင် လည်း ရဲစခန်းမှာ ဖြောင့်ချက်ပေးမတဲ့၊ မင်းမိန်းမရဲ့ တာဝန်သိသိ သတင်းပေးမှု အတွက်ရော၊ မင်းကိုယ်တိုင်က ထောင် တံတိုင်းကြီးအပြင်ဘက်ကို မရောက်ခဲ့ သေးတာကြောင့်ရော၊ မင်းရဲ့အပြစ်ဒဏ် ကတော့ လျော့လျော့ပေါ့ပေါ့ ခံရမှာ ပဲလေ၊ ဘာတဲ့ - မင်းမိန်းမပြောတဲ့ စကား၊ မင်းပြေးတာဟာ ထောင်ထဲက တင် ပြေးတာမဟုတ်ဘူး၊ မင်းမိန်းမရဲ့ အသိုင်းအဝိုင်း မင်းကိုချစ်ခင်တဲ့လူ တွေဆီကပါ ထွက်ပြေးနေတာတဲ့၊

www.burmeseclassic.com



ထောင်နည်းနည်း ထပ်ကျလိုက်တာက ပြဿနာမဟုတ်ဘူးရယ်၊ တစ်သက်လုံး တစ်သောင်းလုံး ဒုစရိုက်နယ်ထဲကို ဝဲလည်ခတ် ကျွံနစ်ပြီး မြုပ်မသွားရင်ပြီးရော – တဲ့၊ ကဲ – တပည့်ရေ၊ မင်းမိန်းမ အလိမ္မာတုံးကလေးဆီ ခဏသွားတွေ့လိုက်ပါဦး”

ဟို – အင်း – အဲ – ဟုတ်ကဲ့ – ဆရာကြီး”

ထွန်းကျော်မျက်ဝန်းထဲ၌ကြယ်စင်တွေဖြာလင်းသွား၏၊ ရင်တွင်စမ်းချောင်းကလေးတစ်စင်းငြိမ့်ငြိမ့်အေးအေးဖြတ်စီးသွားသည်၊

မေးကြောကြီးတွေ တင်းကားနေအောင် ထောင်ထလျက် မီးပွင့်မတတ် မျက်လုံးများဖြင့်စူးစူးရဲရဲကြီးစောင်ကြည့်နေကြသည့် သိန်းဝင်းတို့လူသိုက်တို့ ထွန်းကျော်မမြင်းကျောခိုင်း၍ထွက်သွားနှင့်ပြီဖြစ်သည်၊


⇨ ဇေယျမင်းသျှင်

**ဆေး မြီး တို**

**ရောင်ရမ်းနာ** – စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့် ထုပ်ပြီး ကျပ်ထုပ် ထိုးပေးပါ။

**လေငန်း(ရွှဲစောင်း)** – ခွေးလေးယားအစေ့ကို အချွံချွတ်၊ နွားနို့နှင့် ကျိုသောက်ပါ။

**ရင်ဘတ်နာ** – သဘော်ရွက်ပြုတ်ရည်နွေးနွေးတွင် ထန်းလျက်ခတ်၍ သောက်ပါ။




www.burmeseclassic.com





**တစ်ခုသော** ချမ်းအေးလှသည့် ရန်ကုန်မြို့၏ နံနက်ခင်းသည် လွန်စွာမှ လှပနေ၏၊ ရန်ကုန်မြို့လယ် ဆူးလေဘုရားအနီးပန်းပဲတန်းတစ်လျှောက်သည် ဆောင်းနံနက်ခင်းဝယ် ကျေးငှက်သာရတာသံများ၊ ဟိုသည် ကူးခတ်သွားလာနေသောယာဉ်များ၊ လူများဖြင့် စည်ကားလှ၏၊ ကျက်သရေရှိလှသော ရန်ကုန်နံနက်ခင်း၏အရသာကို ကျွန်ုပ်နေထိုင်ရာပန်းပဲတန်းရှိတိုက်ခန်းဝရန်တာမှ ဆီးမျှော်ကြည့်ရင်း ဂျာနယ်ဖတ်ရသော်ဆောင်းလေစွဟုတွေးကာ ဂျာနယ် (၃) စောင်ဆင်းဝယ်လိုက်၏။ ပြီးသော်ဂျာနယ်များကိုအေးဆေးစွာဖတ်ရှုရာအောက်ပါထူးဆန်းသောသတင်းတစ်ပုဒ်ခေါင်းကြီးပိုင်း၌ ပါလာသည်ကို ဖတ်ရလေ၏၊

"လွန်ခဲ့သော (-၊-၊-) ခုကလသာမြို့နယ်ရှိ မာဆတ်ခေါ် အနိပ်ခန်းများအနက် နာမည်ကြီးအနိပ်ခန်း(၃)ခုတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်၊ ဖြစ်စဉ်မှာ ည(၉)နာရီဝန်းကျင်ခန့်တွင်ရှမ်းဘောင်းဘီဝတ်လူတစ်ယောက်သည် အနိပ်ခန်းအတွင်းသို့ဝင်၍ မိန်းမငယ်လေးများကိုဆွဲထုတ်စေ၏၊ အနိပ်ခန်းဝန်ထမ်းများက ညွှန်သည်အမှတ်ဖြင့် မူလက ဝန်ဆောင်ပေးသော်လည်း နောက်ပိုင်းတွင်မချေမငံဖြစ်ပြီး အဆိုပါ ရှမ်းဘောင်းဘီဝတ်လူသည် ဝန်ထမ်းများကိုတိုက်ခိုက်ခဲ့သော မှုခင်းဖြစ်ပေါ်လာလေ၏၊ ထိုသို့ဖြစ်သွားသော အနိပ်ခန်း(၃)ခုမှာ တစ်ညတည်းတွင် အတူတူ ပြဿနာတက်ချင်ဖြစ်ပြီး ယခုအခါ အဆိုပါလူကို ရဲတပ်ဖွဲ့မှ စုံစမ်းရှာဖွေရာ အနိပ်ခန်းတစ်ခုတွင် ပင်ထပ်မံပြဿနာဖြစ်ပွားရင်းဖမ်းမိသွားသည်ဟု သိရသည်၊ အဆိုပါပုဂ္ဂိုလ်၏ အမည်မှာ ဦးရွှေဝင်းဟု ခေါ်ပြီး -

**မျိုးချစ်စိတ်ရှိသော သိုင်းဆရာနှင့်**

**မျိုးချစ်စိတ် ကင်းမဲ့သော သိုင်းဆရာတို့**

**ပညာပြိုင်ကြရာဝယ် ..**

www.burmeseclassic.com

www.burmeseclassic.com



"ဟာ - ဆရာကြီးပါလား"

အထက်ပါသတင်းကို ဖတ်ပြီးနောက် ကျွန်ုပ်၏မျက်လုံးများ ပြူးကျယ်သွားရတော့၏။ ဦးရွှေဝင်းဆိုသူမှာ တခြားမဟုတ်၊ ရှမ်းပြည်နယ်၊ လားရှိုးမှ သိုင်းပြောင်းပြန်ဆရာကြီး ဦးရွှေဝင်းပင် ဖြစ်လေသည်။ ဆရာကြီးရွှေဝင်းသည် ကျွန်ုပ်အပေါ် လွန်စွာမျှ ကျေးဇူးရှိဖူးသည်ဖြစ်ပြီး တစ်နှစ်တစ်ခါ ဆရာကြီးကို ရှမ်းပြည်အထိ သွားရောက်ကန်တော့မြဲဖြစ်၏။ လွန်စွာဖြောင့်မတ်လေးစားဖွယ်ကောင်းသော ဆရာကြီးရွှေဝင်းသည် ယခုအခါ အနိပ်ခန်းဆိုသော မသန့်ရှင်းသည့်နေရာများ၌ပြဿနာဖြစ်ရသနည်း။ အစကတော့ မယုံရဲ၊ ဂျာနယ်(၃)စောင်လုံး ဓာတ်ပုံကြီးနှင့်တကွ ပါလာသဖြင့် မယုံ၍မရတော့ချေ။

ထို့ကြောင့် ဆရာကြီးရှိရာ အင်းစိန်ထောင်သို့လိုက်ရန် ပြင်ဆင်ရတော့၏။ ကျွန်ုပ်သည် ရှေ့နေတစ်ဦးဖြစ်ပြီး ဇော်ဝဏ္ဏ ဟု လူသိများသည်။ ယခင်ကတော့ယောင်ခြောက်ဆယ်ဘဝဖြင့်ဘဝစုံလှုပြီး ဆရာဝေါင်းစုံ၊ စွန့်စားခန်းပေါင်းစုံ တွေ့ကြုံခဲ့ရ၏။ ထိုအထဲတွင် ဆရာကြီးရွှေဝင်းလည်းပါသည်။ ဆရာကြီးရွှေဝင်းမှာ သိုင်းပြောင်းပြန်ဟုခေါ်သော သိုင်းပညာအမျိုးအစားတွင် ဆရာကြီးတစ်ဆူဖြစ်ပြီး ရှမ်းပြည်တွင် လူရှိသေ ရှင်ရှိသေ ရှိလှ၏။ ယခုကဲ့သို့ဖြစ်ရခြင်းကား တန်ရုံမဟုတ်နိုင်ချေ။ ကြီးမားသောပြဿနာ တစ်ခုခုတော့ ရှိရမည်ဟု ယူဆမိပြီး ကျွန်ုပ်လည်း ကားကို ကိုယ်တိုင်မောင်း၍အင်းစိန်အကျဉ်းထောင်သို့လိုက်သွားလိုက်လေတော့သည်။

အင်းစိန်ထောင်ဘူးဝမှ လုံခြုံရေးဝန်ထမ်းက ကျွန်ုပ်ကို တွေ့သည်နှင့် ကောင်းမွန်စွာပင် ဧည့်အဝင်လက်မှတ်ထိုးစေပြီး ဧည့်အဝင်ကတ်ကိုလည်း၌ ဆွဲပေး၏။ ရင်းနှီးနေပြီးသားမို့ ကျွန်ုပ်လည်း ခပ်သုတ်သုတ်ပင် အထဲဝင်ခဲ့တော့၏။ စုံစမ်းမှုပြုပြီးနောက် ဆရာကြီးအားတွေ့ပါတော့သည်။

"ဟာ - ဆရာကြီး - ဘယ်လိုဖြစ်ရတာလဲဗျာ"

"မပြောချင်တော့ပါဘူးကွာ"

သူ့ထုံးစံအတိုင်း နှုတ်ခမ်းမွှေးစဖြင့် ရယ်ကျဲကျဲလုပ်ရင်း ပြန်ဖြေ၏။ ကျွန်ုပ်မှာ တွေ့ရသဖြင့် ဝမ်းသာမိသော်လည်း ယခုလိုအနေအထားအတွက် မချိတင်ကဲ ဖြစ်မိ၏။

"ဇော်ဝဏ္ဏ - မင်းက တယ်ချောတယ်ခန့်လာပါလားကွဟော့၊ ငါ့တပည့်ကြီး ကောင်းစားနေတာမြင်တော့ ဝမ်းသာတယ်လေ"

"အဲဒါ အသာထားစမ်းပါဦး - ဆရာကြီးရာ၊ အခုဖြစ်တဲ့ကိစ္စကို ရှင်းပါဦး၊ ကျွန်တော်ဖြင့် ယုံတောင် မယုံဘူး၊ အနိပ်ခန်းမှာ ဘာလို့ ပြဿနာသွားဖြစ်ရတာလဲ၊ ရှမ်းပြည်ကနေတောင် ပြဿနာလာဖြစ်ရတယ်ဆိုတော့ ..."

ကျွန်ုပ်၏စကားမဆုံးမီဆရာကြီးက လက်ကာပြပြီး သူဝင်ပြော၏။

"ငါလူတစ်ယောက်ကို လာရှာတာကွ၊ အဲဒီလူက တော်တော်ဆိုးတယ်"

"သိုင်းဆရာပဲလား - ဆရာကြီး"

"အင်း - ဆရာတစ်ဆူပဲ၊ သူ့နာမည်က အာဠာဝကမင်းမောင်တဲ့၊ အသက်က ခပ်ငယ်ငယ်ပဲ"

"ဒါဆိုရင်တော့ ဆရာကြီးဖာတ်လမ်းက ရှည်ပြီထင်တယ်၊ ပြောပြပါဦး၊ ဆရာကြီးပြဿနာကိုကျွန်တော်ဝင်ဖြေရှင်းပေးမှာပေါ့၊ ကျွန်တော်က ဆရာကြီးတပည့်ပဲလေ"

ကျွန်ုပ်၏စကားကို ဆရာကြီးကပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ ပြီးသော်လွန်ခဲ့သောကာလများကိုတွေးတန်ဖြင့် စတင်ပြောလေတော့သည်။

✡✡✡



သိုင်းပြောင်းပြန်ပညာရပ်ဆိုသည်မှာ အခြားသောသိုင်းပညာရပ်များနှင့်ကွာခြား၏။ မိမိက တစ်ဖက်သားကိုအားပြုတိုက်ခိုက်ရသည်ထက် တစ်ဖက်မှတိုက်ခိုက်လာသောအားကို ပြန်လည်အသုံးချတိုက်ခိုက်ရခြင်းပင်တည်း။ ထူးခြားချက်မှာ လက်ထက်ခြေထောက်တို့အားပြုအသုံးပြုရခြင်းများ၏၊ သိုင်းပြောင်းပြန်သည်နိုင်ငံတကာသိုင်းပညာရှင်များထဲတွင် ရင်ပေါင်တန်းနိုင်သော်လည်း ကျော်ကြားမှု နည်းလှ၏။ အများအားဖြင့် ဗန်တို၊ ဗန်ရှည်၊ ကရာတေး၊ ပွဲကျောင်း စသည်တို့သာ လူသိများလှသည်။

ရှမ်းပြည်နယ်၊ လားရှိုးမြို့တွင် ဆရာကြီး ရွှေဝင်းကို မသိသူက ခပ်ရှားရှား။ လူဆိုးလူမိုက်များသည်ပင် ဆရာကြီးရှိနေ၍ ငြိမ်နေသည်ဟု ဆိုရပေမည်။ တစ်နေ့ မြို့မျက်နှာဖုံး သူဌေးသားလေးမင်းမောင်သည် ဆရာကြီးထံသို့ အသေပြာထုပ်ပိုက်လျက် တပည့်ခံရန် ချဉ်းကပ်လာ၏။ ဆရာကြီးက ထုံးစံအတိုင်း ဆုံးမစကား မြွက်ကြားပြီး တပည့်အဖြစ် လက်ခံလိုက်တော့၏။

"ဒီမှာ မင်းမောင် ငါ့တပည့်လုပ်ချင်ရင် ငါ့စကားနားထောင်မှရမယ်။

www.burmeseclassic.com



ငါ့စကားက တစ်ခုပဲရှိတယ်၊ အသပြာကြောင့် မမိုက်နဲ့၊ အသပြာ ဆရာအဖြစ်မှားမိစေနဲ့ - ဒါပဲ၊ မင်း အဲဒီ့ဟာကို နားထောင်လိုက်နာမှ ဆရာတစ်ဆူဖြစ်လိမ့်မယ် - ငါ့သား"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် ဆရာကြီးစကားကို မြေဝယ်မကျ နားထောင်လိုက်နာရမယ်"

သို့နှင့်ပင်မင်းမောင်သည်ဆရာကြီးထံ၌ (၇)နှစ်မျှ ပညာသင်ပြီး ဆရာငယ်တစ်ဆူဖြစ်လာခဲ့လေ၏၊ သူသည် သိုင်းပညာရပ်အပြင် ဂမ္ဘီရဆန်သော အင်း၊ အိုင်၊ လက်ဖွဲ့၊ မန္တန်တို့ကိုလည်း လေ့လာလိုက်စားပြီး သူ့ခန္ဓာကိုယ်တွင် အာဋာဝက ဆေးတော်ကြီးကို နက္ခတ်သဘင်ပွဲတုန်းက ဆရာတစ်ဦးအကူအညီဖြင့် ထိုးထားသေး၏၊ နောင်တော့ အာဋာဝကမင်းမောင်ဟု တစ်မြို့လုံး ရှိန်တုန်ကြသည်၊ ငွေကလည်း ရှိ၊ လက်ရုံးရည်ကလည်း ပြည့်စုံတော့ ကြောက်ကြလေမည်၊

တစ်နေ့တော့ ရန်ကုန်မြို့တွင်စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် မင်းမောင် စဉ်းစားလေ၏၊ ထို့ကြောင့် ဆရာကြီးနှင့် လာတိုင်ပင်သည်၊

"ဆရာကြီး - ကျွန်တော် ရန်ကုန်မှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ လာတိုင်ပင်တာပါ၊ ဆရာကြီးရဲ့တပည့်တချို့ကို ကျွန်တော့်လက်ထဲထည့်လိုက်ပါ၊ သူတို့ကိုကောင်းစားအောင်ကျွန်တော် ပံ့ပိုးပြီး ကျွန်တော့်လုပ်ငန်းမှာခန့်ထားပါ့မယ်၊ ပြီးတော့ ဒီမြို့မှာလည်း ဝန်ထမ်းအလိုရှိသည် ဆိုပြီး ကြေညာထားပါတယ်၊ အထူးသဖြင့် ရန်ကုန်မှာ အလုပ်လုပ်ချင်တဲ့ မိန်းကလေးတွေပေါ့၊ ကျွန်တော့်စီးပွားရေး လုပ်ငန်းတွေမှာ ခန့်ထားမယ်လို့ စဉ်းစားထားပါတယ်"

ဆရာကြီးက မင်းမောင်၏စကားကို စဉ်းစားသေး၏၊ ချက်ချင်း အဖြေမပေးသေးဘဲ သူ့တပည့်ငယ်လေးများနှင့် တိုင်ပင်၏၊ ဤတွင် တပည့်တချို့က ရုံးစမ်းလိုစိတ်ရှိသဖြင့် မင်းမောင်နှင့် လိုက်သွားရန် သဘောတူရာ ဆရာကြီးလည်း ခွင့်ပြုလိုက်ရတော့၏၊

"မင်းမောင် - ငါ့သား - မင်းအကြံအစည်တွေကို ဆရာကြီး အားပေးပါတယ်၊ မကောင်းတာတော့ မလုပ်မိစေနဲ့ကွာ၊ ကိုယ့်နယ်က မိန်းကလေးတွေကို လဲ စောင့်ရှောက်ပေါ့"

သို့နှင့်ပင် မင်းမောင်သည် လားရှိုးမှ မိန်းမငယ်လေး အယောက်(၃၀)ခန့်နှင့် သူ့တပည့်အဖြစ် လိုက်ပြကြသော သိုင်းဆရာလေး (၁၀)ဦးခန့်ကိုခေါ်ကာ ရန်ကုန်သို့ ထွက်သွားတော့၏၊ ၎င်းတို့ ထွက်သွားပြီး နှစ်တော်တော်ကြာသည် အထိ ဘာသတင်းမျှ မကြားရချေ၊

တစ်ခုသောညတစ်ညတွင် ဆရာကြီးအိပ်နေစဉ် တံခါးမကြီးအား "တဒုန်းဒုန်း" ထုသံ ကြားရလေ၏၊ ဆရာကြီးတာတော်က ထဖွင့်ရာ "အမယ်လေး" ဟုသောအသံဖြင့် ဓားဒဏ်ရာများ ရထားသောလူတစ်ဦးကို တွေ့လိုက်ရလေတော့၏၊ ဆရာကြီး ထွက်လာပြီးအသေအချာကြည့်ရာ -

"ဟာ - စိုင်းနောင်နောင်ပါလား၊ ဘာဖြစ်တာလဲကွာ"

ဆရာကြီး၏ တပည့်ဟောင်း စိုင်းနောင်နောင် ပင်တည်း၊ စိုင်းနောင်သည် သေလုမြောပါး အသက်ငင်နေပြီး တစ်ကိုယ်လုံး ဓားဒဏ်ရာများ မြင်မကောင်းအောင် သွေးများ ထွက်နေ၏၊ ဆရာကြီးက စိုင်းနောင်ကို ကပျာကယာ မ,ထူ၍ ဆေးကုရန် ပြင်သည်၊

"ဆ - ဆရာကြီး - ကျွန်တော် နေရာမဟုတ်ဘူး၊ မကုပါနဲ့တော့ဗျာ - မသေခင် ဆရာကြီးကို အဖြစ်မှန်တွေ ပြောပြချင်လို့ လာခဲ့တာ၊ အာဋာဝကမင်းမောင်က ကျွန်တော်တို့နယ်က မိန်းမချောလေးတွေကို သူဌေးတွေဆီမှာ ခန္ဓာကိုယ်ရောင်းစားပြီး အခု ရန်ကုန်မှာ ပြည့်တန်ဆာလုပ်ငန်း လုပ်နေတယ်"

"ဘာ ..."

ဆရာကြီး ရွှေဝင်း မျက်လုံးများ ရဲရဲနီတောက်လာ၏၊ စိုင်းနောင်က ဆက်ပြော၏၊

"ပြီးတော့ - မူးယစ်ဆေးဝါးလည်း ရောင်းတယ်၊ ဖိမ်ခန်းတွေ၊ အနှိပ်ခန်းတွေနဲ့ ရန်ကုန်မှာ သူဌေးလုပ်နေတယ်၊ ကျွန်တော်တို့ တပည့်တွေကိုလည်း ငွေနဲ့ စည်းရုံးပြီး လူမိုက်အဖြစ် အသုံးချတယ်၊ အခုလည်း လားရှိုးက မိန်းမငယ်လေးတွေကိုစည်းရုံးပြီးအနှိပ်ခန်းမှာမကောင်းတဲ့မိန်းမ လုပ်စားနိုင်းဖို့စီစဉ်ဖို့ ကျွန်တော့်ကို တာဝန်ပေးတယ်၊ ကျွန်တော်က သဘောမတူဘဲ ပြဿနာရှာတော့ အခုလို - အခုလို - အ - အ - လားရှိုးကိုအပြန် ဒီကိုမရောက်ခင် လုပ်ကြံကြတာပဲ၊ အဲဒီ့ကောင် အခု - အား"

"ဟာ - စိုင်းနောင် - စိုင်းနောင် - မြန်မြန်ရလေ - သားရာ"

ဆရာကြီး ရွှေဝင်း ချွေးချည်မတေ့ စဖူးကျချေပြီ၊ ပြီးသော် မျက်ချင်းသင်ဆေး ရှည်ကို သိုင်းလွယ်၍ သူ့ဇနီးအား -



www.burmeseclassic.com

www.burmeseclassic.com



"တောက် - ခွေးမသား မင်းမောင် ဒီကောင်ကို ငါကိုယ်တိုင် သတ်မယ်ကွ။ တိုယ့်အမျိုး ကိုယ်ဖျက်တဲ့ကောင်၊ ငါ အခုမနက်ပဲ ရန်ကုန်သွားမယ်"

ဟုပြောရာဇနီးဖြစ်သူမှာမလွန်ဆန်ဝံ့ဘဲ လိုအပ်သည်များစီစဉ်ပေးရလေ၏။ စိုင်းနောင် သေဆုံးသွားသဖြင့် အာဠာဝကမင်းမောင် နေထိုင်ရာအရပ်ကိုမသိသော်လည်း ၎င်းလှုပ်ရှားနေသည့် ပြည့်တန်ဆာခန်းများတွင် စုံစမ်း၍ရနိုင်သည်ဟု ဆရာကြီးက ထင်၏။ ထို့ကြောင့် နောက်နေ့မနက်တွင် ရန်ကုန်သို့ လေယာဉ်ဖြင့် ဒုန်းစိုင်းခရီးထွက်ခဲ့တော့သည်။

✡✡✡

လသာရှိ အနှိပ်ခန်းတစ်ခုတွင် ဖြစ်၏။ အချိန်မှာည(၉)နာရီဝန်းကျင်ခန့်ဖြစ်ပြီး အပျော်ခေယ်များ၊ ယောကျ်ားသားများဖြင့် စည်ကားနေသည်။ ထိုစဉ် ရှမ်းဘောင်းဘီဝတ် အသက်(၅၀)ကျော် လူကြီးတစ်ဦး ဝင်လာ၏။ ညှိကြိုတောင်လေးများက ကြိုဆိုကြသည်။

"မင်္ဂလာပါ - ဆရာ၊ ဘယ်လို အရွယ်လေးတွေ သဘောကျလဲ။ ကျွန်တော်တို့ဆီမှာ အစုံရှိတယ်၊ ကဲ - ဟော့ ရှိသမျှအကုန်ထွက်ခဲ့ကြ။ဒီမှာဧည့်သည် လာတယ်"

ကောင်မလေးများမပေါ့်တပေါ်ဝတ်စုံများဖြင့် အခန်းများထဲမှ ထွက်လာကြ၏။ အရွယ်စုံ၊ ဆိုဒ်စုံပင်၊ ရှမ်းဘောင်းဘီဝတ်လူသည်ဆရာကြီးရွှေဝင်းပင်ဖြစ်ပြီး ထွက်လာသမျှ ကောင်မလေးများကို ခေါင်းခါပြသည်။ထိုအခါဝန်ထမ်းကောင်လေးများက -

"အဆင်မပြေဘူးလား အန်ကယ်၊ ဒါအကုန်ပဲလေ"

ဟုမေးရာ ဆရာကြီးက -

"ငါလာတာ ပျော်ဖို့မဟုတ်ဘူး၊ မင်းမောင်ဆိုတဲ့ကောင်ကို လာရှာတာပဲ၊ မင်းသိလား - ဟေ့ကောင်"

ဟုဖြေရင်းပြန်မေးသည်။

"ဟာ - ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားက ဘယ်ကလဲ - ရဲလား၊ ရဲဆိုလည်း ကျုပ်တို့ ညှိပြီးသားလေဗျာ၊ လာမရှုပ်နဲ့ - သွားစမ်းပါ"

"ဟေ့ကောင် - ငါမေးတာ ကောင်းကောင်းဖြေ - စကားမများနဲ့"

"မဖြေတော့ ခင်ဗျားက ဘာဖြစ်ချင်လဲ၊အသက်ကြီးမှအထုအထောင်းခံချင်နေလား - အဘိုးကြီး"

"ဘာကွ - ကဲ"

"ခွပ် - ဗုန်း - ဖြောင်း"

သည်လိုနှင့်ဆရာကြီးရွှေဝင်းသည် အဆိုပါလူများနှင့် ပြဿနာဖြစ်ခဲ့လေသည်၊ နောင် အနှိပ်ခန်းများတွင်လည်း ထိုသို့ဖြစ်ပွားပြီး အရှက်ကွဲရလေ၏။

✡✡✡

ကျွန်ုပ်သည် ဆရာကြီး၏ နောက်ကြောင်းကိုနားထောင်ပြီးနောက် ရယ်ရမလိုလို၊ ငိုရမလိုလိုဖြစ်သွားရသည်၊

"ဟား - ဟား - ဖြစ်ရလေ - ဆရာကြီးရယ်၊ အဲဒီ့လို လိုက်ရှာလို့ ဘယ်ရမလဲ၊ ကျွန်တော့်ကို ခေါ်လိုက်ရောပေါ့၊ အခုတော့ - ဆရာကြီး အချုပ်ထဲက ဆော်တော်နဲ့ ထွက်ရမှာမဟုတ်ဘူး"

ကျွန်ုပ်၏စကားကို ဆရာကြီးက ရှိုးသားစွာဖြင့်ပြန်ဖြေ၏။

"အေးကွာ - ငါက နယ်က လာတာဆိုတော့ ဘယ်လည်ဝယ်ပါ့မလဲ၊ ဒီကောင်ကို သတ်ချင်လို့ ဒေါသအလျောက် လိုက်လာတာ၊ အခုထောင်ထဲရောက်ပြီဆိုတော့ လွတ်ပါ့မလား"

"မလွတ်တော့ရင် ဆရာကြီး ဘယ်လိုလုပ်မလဲ"



"ဟာ - ထောင်ဖောက်ပြေးမှာပေါ့ကွ - ဟား - ဟား၊ ငါငယ်ငယ်တုန်းကတထောင်တစ်ခုမှာ ကျဖူးတယ်၊ ဖောက်ပြေးလာတာ မှတ်မိသေး၊ ပျော်စရာတောင်ကောင်းပေါ့ကွာ - ဟဲ - ဟဲ - ဟဲ"

ဆရာကြီး၏စကားကြောင့် ကျွန်ုပ်က မျက်မှောင်ကြုံ့ပြီး ခေါင်းခါပြလိုက်သည်၊

"မဖြစ်နိုင်ဘူး - ဆရာကြီးရဲ့၊ ရန်ကုန် အင်းစိန်ထောင်ဆိုတာ နယ်ကထောင်တွေလိုမဟုတ်ဘူး။အရှေ့တောင်အာရှမှာ အလုံခြုံဆုံးထောင်ပဲ၊ ဗဟိုစံပြအင်းစိန်ထောင်လို့ခေါ်တယ်။ (၆၈)ဧကကျယ်ပြီး အုတ်ရိုးပေက ပေ(၂၀)မြင့်တယ်၊ အုတ်ရိုးနှစ်ထပ်ကာထားပြီး ညဘက်ဆိုရင် စစ်ခွေးတွေကို အုတ်ရိုးနှစ်ထပ်ကြားထဲလွှတ်ထားတယ်၊ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက စနစ်တကျ ဆောက်ထားလို့ ခိုင်ခံ့တယ်။ ထောင်ကိုနာရီဒိုင်ခွက်ပုံစံဆောက်ထားပြီး အလယ်ဗဟိုမှာ ကင်းမျှော်စင်ကြီးတစ်ခု ရှိသေးတယ်။ (၂၄)နာရီ တင်းကျပ်ထားပြီးအပြင်တစ်ဖက်မှာလည်း သံဆူးကြိုးတွေ ကာထားသေးတယ်၊ နိုင်ငံခြားကားတွေထဲကလို စိတ်ကူးယဉ်ပြီး ထောင်ဖောက်ပြေးဖို့တော့ မလွယ်ဘူး

www.burmeseclassic.com



ဆရာကြီးရေ့၊ အဲဒါ အတည်ပဲ၊ ကျွန်တော်က သေသေချာချာ လေ့လာထားပြီးသား"

ကျွန်ုပ်၏စကားကြောင့် ဆရာကြီးမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"ဒါဆို ငါ ဘယ်လို လုပ်ရမလဲ၊ ထောင်ထဲမှာ ဘယ်လောက်ကြာဦးမှာလဲ"

"အင် - မပူပါနဲ့၊ ဆရာကြီးအမှုက သေးပါတယ်။ မှူးယစ်ရမ်းကားတဲ့အမှု ပုံစံမျိုး ကျွန်တော် ဆင်လိုက်ပါ့မယ်၊ သက်ဆိုင်ရာအနှိပ်စခန်းတွေကိုလည်း နစ်နာကြေးအဖြစ် ငွေနည်းနည်း ပေးလိုက်မယ်၊ ဆရာကြီးကလည်း အဲဒီညက အရက်အလွန်အကျွံသောက်တဲ့ပုံစံမျိုးထွက်ဆိုရင် အာမခံနဲ့ လွတ်မှာပါ"

"တယ်တော်တဲ့ ငါ့တပည့်ပါလား အဟေး - ဟေး"

ဆရာကြီး ရွှေဝင်းသည် အချိန်စေ့ပြီမို့ သံတိုင်ကြားထဲပြန်ဝင်သွားလေ၏။ ကျွန်ုပ်ကားလုပ်စရာရှိသည်များစီစဉ်ရန် နေအိမ်သို့ပြန်ခဲ့တော့သည်။

နောက်(၂)ပတ်အကြာတွင်ကျွန်ုပ်၏အစီအစဉ်ကောင်းမှုကြောင့်ဆရာကြီး ရွှေဝင်း ကွင်းလုံးကျွတ် လွတ်သွားလေသည်၊ ဆရာကြီး လွတ်သွားသည်နှင့် အာဥာဝတမင်းမောင်ကို ရှာဖွေရန် စီစဉ်ကြသည်၊ သို့သော်လည်း ရင်းကို ရှာဖွေရန်မှာ တောက်ရှိုးပုံထဲ အပ်ကျပျောက်သလို ရှာရခက်လှ၏၊ သေချာတာက မင်းမောင်သည် သူဌေးတစ်ဦးအနေဖြင့် တပည့်လူမိုက်များနှင့် နောက်ကွယ်တွင် နေရာမှာသာ နေမည်ဖြစ်သဖြင့် အ ထုတ်ရန် မလွယ်ချေ။

ကျွန်ုပ်မှာ ဆရာကြီးနှင့် ပြန်တွေ့ နိုက် ပညာရပ်များ ထပ်မံသင်ကြားပြီး သွေးပူအောင် နွှေးနေရသည်၊ တစ်နေ့ တော့ ကျွန်ုပ်သည် စိတ်ကူးအကြံတစ်ခု ရပြီး ကြေးမုံနှင့် မြန်မာ့အလင်းသတင်း စာအပါအဝင် ဂျာနယ်အချို့တွင် ဖော် ပါသတင်းတစ်ပုဒ်ကို ကြော်ငြာထည့် လိုက်သည်၊

လူပျောက်ကြော်ငြာ

သား မင်းမောင်၊ ရန်ကုန်ကို ထွက် သွားတာ ကြာပြီ၊ အဖေတို့ လိုက် တယ်၊ မင်းဘယ်တွေ လျှောက်သွား တာလဲ၊ မင်းရဲ့စိတ္တဇဝေဒနာက ပြ မကောင်းသေးဘူး၊ အဖေတို့ စိတ် တယ်၊ အမြန်ပြန်ဆက်သွယ်ပါ၊ အ အခုလားရှိုးကနေ လိုက်လာတယ်၊ ဘယ်မှာရှိတယ်ဆိုတာ သိချင်တယ်၊ အမြန်ပြန်ဆက်သွယ်ပါ၊

မင်းအဖေ

သိုင်းပြောင်းပြန်ဆရာ ရွှေဝင်း

(ဖုန်း - ၀၉ ..................)

အထက်ပါ ကြော်ငြာပါပြီးသည့် နောက် ဆရာကြီး ရွှေဝင်းသည် ကျွန်ုပ်၏နားရင်းကို တဖုန်းဖုန်းရိုက်ရင်း ခွက်ထိုးခွက်လန် သဘောကျစွာ ရယ်လေတော့သည်၊

"ဟား - ဟား - ဟား - ငါ့တပည့်က တော့ဉာဏ်ပြေးသကွာ၊ အခုလောက်ဆို ကြော်ငြာကို ဟိုကောင်ဖတ်မိရင် ငါတို့ အမှန်းသိလို့ တုန်လှုပ်နေလောက်ပြီ၊ ကောင် ပြန်ဆက်သွယ်မှာပါ၊ ဘာလို့ ဆိုတော့ ဒီကောင်က သူ့ရဲ့ဘော ကြောင်တယ်ကွ၊ လူဆိုတာ ကိုယ်ရည် ကိုယ်သွေးရှိပေမယ့် ဉာဏ်ရည်ဉာဏ် သွားမရှိရင် သုံးစားမရပြန်ဘူး"

"သေချာတာပေါ့ - ဆရာကြီးရယ်၊ ဒီကောင့်ကိုတွေ့ရင် ဆရာကြီးက သတ်ပစ်မှာလား၊သတ်ပစ်ရင်ဆရာကြီး ထောင်ကျမှာနော်"

"အင်း - ငါသိပါတယ်၊ သူ့စရိတ်နဲ့ ခံရအောင် လုပ်ရမှာပေါ့၊ မသေရင် ကောင် ဒုက္ခိတဖြစ်ဖို့များတယ်"



သည်လိုနှင့်ပင် ကျွန်ုပ်နှင့် ဆရာကြီးရွှေဝင်းသည်ပျော်ပျော်ပါးပါးနေထိုင်ရင်း ကြော်ငြာကိုသာ အမြဲထည့်နေကြလေ၏။

တစ်ခုသောညတွင် ဆရာကြီး၏ ဟမ်းဖုန်းထဲသို့ အမည်မသိ ဖုန်းနံပါတ်တစ်ခုဝင်လာရာ ဆရာကြီးကကိုင်လိုက်၏။

"ဟယ်လို - ဘယ်သူပါလဲ"

"ဆရာကြီး ရွှေဝင်းလား - ကျုပ် မင်းမောင်ပါ"

"ဘာ - ဟေ့ကောင် မင်းမောင် မင်းမှ ဆက်သွယ်ပါ့မလားလို့ ငါက မျှော်နေတာ၊ မင်းက လူယုတ်မာပဲကွ"

ဆရာကြီးထံသို့ ဝင်လာသော ဖုန်းကို သိလိုက်သဖြင့် ဖုန်းစပီကာအသံဖွင့်လိုက်၏။ တစ်ဖက်မှ ဆက်ပြောသည်၊

"ကျုပ်လုပ်သမျှတွေကို ဆရာကြီး သိနေပြီဆိုတော့လဲ ဘာထူးလဲ၊ ကျုပ်တ ဒီမှာ သူဌေးကြီးဖြစ်နေပြီဗျ၊ လားရှိုးမှာ ထက် (၁၀)ဆ ချမ်းသာနေပြီ"

"အေး - ငါကလည်း မင်းကို အမြင် လှန်ဖို့ လိုက်လာခဲ့တာပဲ၊ မင်းလည်း သိုင်းဆရာပဲကွာ၊ ယောကျ်ားပီပီ ငါနဲ့ ရင်ဆိုင်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"အို - ဟိုး - ဟိုး - ရင်ဆိုင်မှာပါ၊ အခုလည်း ရင်ဆိုင်ဖို့ ဆက်သွယ်တာပဲ၊ ခင်ဗျားကို ရှင်းပစ်မှ ကျုပ်တစ်သက်လုံး သိုင်းပြောင်းပြန်ဂိုဏ်းရဲ့ ဆရာကြီးတစ်ဆူအဖြစ် နေရမှာ၊ ဒီတော့ - ခင်ဗျားနဲ့ ကျုပ် တွေ့ကြမယ်၊ ဘယ်မှာတွေ့မလဲ၊ ကြိုက်တဲ့ လက်နက် ယူခဲ့ နိုင်တယ်၊ မသေမချင်းနော်၊ ကျုပ်က မညှာဘူး"

"မပြောမပြီးနဲ့၊ မင်း မနက်ဖြန်ည သန်လျင်အောင်ချမ်းသာဘုရားဘေးက လယ်ကွင်းကို လာခဲ့၊ အဲဒီမှာ မင်းနဲ့ငါ စာရင်းရှင်းမယ်၊ မင်းရှုံးရင် မင်းလုပ်ငန်းတွေ ငါ့လက်ထဲကိုအပ်"

"ခင်ဗျားရှုံးရင်ရော ..."

"ငါရှုံးရင် သိုင်းပြောင်းပြန်ဆရာကြီး အဖြစ် နုတ်ထွက်ပြီး မင်းကို ဆရာထင် မယ်၊ ရှမ်းပြည်တစ်ခွင်မှာ မင်းက ဘုရင် လိုဖြစ်သွားမယ်၊ ဘယ့်နှယ်လဲ"

"သဘောတူတယ် - ဒါပဲ"

ဆရာကြီးသည် ဖုန်းပြောပြီးနောက် သက်ပြင်းချလိုက်သည်၊ ကျွန်ုပ်က ဆရာကြီးအား -

"ဆရာကြီးတစ်ယောက်တည်းဖြစ် ပါ့မလား၊ ဒီကောင်က ညက်များတယ် နော်၊ ကျွန်တော် ပါဝင်ကူရမလား"

ဟု မေးရာ ဆရာကြီးက ခေါင်းခါ သည်၊

ကိုမင်းမောင်-ကျွန်မကို
ကယ်ပါဦးရှင်။ သူတို့က အခု
ကျွန်မကို ဓားနဲ့ ထောက်ထားတယ်။
ရှင် အညံ့မခံရင် သတ်ပစ်မယ်တဲ့-
အဟင့်-ဟင့်။ ရှင် အညံ့ခံပြီး
ကျွန်မနဲ့ လာနေပါရှင်။
ကျွန်မကိုတော့
မသတ်ပါစေနဲ့။





"ဒါမှာ လက်နက်ကောင်းကောင်း ပါပါတယ်ကွ - ဒီမှာ"

ပြောပြောဆိုဆိုနှင့် ဘယ်တုံးက ပါလာသည်မသိသော စက္ကူပတ်ထားသည့် တောင်ဝှေးတစ်ချောင်းကို ဖြေပြလေ၏၊ ထိုအခါမည်းညစ်ညစ်ဝါးလုံးရှည် တစ်လုံးကိုသာ တွေ့ရသည်၊

"ဟာ - ဒါ ဝါးလုံးရှည်ကြီးပဲ၊ ဒါနဲ့ တိုက်လို့ဖြစ်ပါ့မလား၊ ဆရာကြီးက ယိုးဒယားကို ဝါးရင်းတုတ်နဲ့ တက်သိမ်း သလိုမျိုးဖြစ်နေပြီ"

"ဘာကွ - ဟား - ဟား - ဟား၊ ယိုးဒယားကို အလောင်းမင်းတရားက ဝါးရင်းတုတ်နဲ့တက်သိမ်းတာမဟုတ်ဘူး ကွ၊ တင်ကျည်းတပ်နဲ့ ဝင်သိမ်းတာ၊ ဝါး ရင်းတုတ်တပ်မဟုတ်ဘူး"

"တင်ကျည်း - ဟုတ်လား ဆရာ ကြီး"

ဆရာကြီးစကားကြောင့် ကျွန်ုပ်မှာ အကြားစဖူး စိတ်ဝင်စားသွား၏၊

"အေး - ဟုတ်တယ်ကွ၊ တင်ကျည်း ဆိုတာ ကျစ်လျစ်မာကြောတဲ့ဝါးတွေဖြစ် တဲ့ ဝါးရင်း၊ ဝါးပိုးတွေကို မီးသင်းပြီး မာ ကြောအောင် ပြုလုပ်ထားတဲ့ တုတ်ရှည် တို့ ခေါ်တာပဲ၊ တင်ကျည်းဖြစ်လာပုံက တော့ တောထဲကနေ ခုတ်လာခဲ့၊ လက်

တစ်ဆုပ်လုံးပတ်ရှိတဲ့ဝါးတွေကို လုံး ချောဖြစ်အောင် သပ်ရတယ်၊ အရှည်ကို တော့ကိုယ့်စိတ်ကြိုက်ပေါ့ကွာ၊ ပြီးတော့ နွားမတမ်းရဲ့ကျင်ငယ်ရည်နဲ့ (၇) ရက်စိမ် ထားရတယ်၊ ဒါမှ ကွေးညွတ်နိုင်တဲ့ ဝါး ကြောတွေ သေသွားတယ်ကွ၊ ပြီးတာနဲ့ နေပြင်းပြင်းမှာ နေလှန်းပြီး အခြောက်ခံ အစိုဓာတ်ဖယ်ရတယ်၊ အဲဒီအဆင့်ပြီး တာနဲ့ မီးမှာ အကြောမာအောင် ဖြောင့် စင်းလာအောင် ပေပေါ်တင်ပြီး တူနှင့် ထုထုပေးရတယ်၊ အဲဒီအဆင့်ပြီးသွား ရင်တော့ မာကြောဖြောင့်စင်းတဲ့ ဒီလို လက်နက်နဲ့ ယိုးဒယားကို တက်သိမ်းခဲ့ တာကွ၊ တင်ကျည်းကို ဓားနဲ့ခုတ်ရင် ဓား ကျိုးတယ်၊ ကျောက်လို မာသွားတဲ့ သဘောပေါ့ကွာ"

"တယ်ဟုတ်ပါလား - ဆရာကြီး ရယ်၊ အခုမှပဲ ရှင်းတော့တယ်၊ ဒါဖြင့် မင်းမောင်ကို တင်ကျည်းနဲ့ ရိုက်သတ် မယ်ပေါ့"

"ဟား - ဟား - မသေမချင်းပါကွာ"

ဆရာကြီးသည် ပြောပြောဆိုဆိုဖြင့် အိပ်ရာဝင်လေတော့၏၊

✡✡✡✡

www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသည့် အတိုင်းပင် သန်လျင်မြို့ အောင်ချမ်းသာဘုရားနှင့် ခပ်လှမ်းလှမ်းမြေကွက်လပ်တွင် ည(၉) နာရီထိုးကတည်းက ကျွန်ုပ်နှင့် ဆရာကြီးရွှေဝင်းသည် အာဋ္ဌာဝက မင်းမောင်တို့အလာကို ဇုတ်တုတ်ထိုင်စောင့်နေကြ၏။ လရောင်ပိုးတဝါး၌ သိုင်းဆရာနှစ်ဦး၏ တိုက်ပွဲကို အသည်းတယားယား ကြည့်ရပေဦးတော့မည်။ ကျွန်ုပ်သည် အာဋ္ဌာဝကမင်းမောင်ကိုမယုံကြည်သူမို့ ကြိုတင်၍ ကြံစည်ထားသည် များတော့ ရှိ၏။ ည(၁၀)နာရီခန့်တွင် Alphatကား တစ်စီး ကွင်းထဲသို့ ထိုးစိုက်လာပြီး ကားပေါ်မှ လူတစ်ဦး ဆင်းလာ၏။

အသက်(၃၅)ခန့်ရှိပြီး အသားဖြူဖြူ မျက်နှာလေးထောင့်စပ်စပ်ဖြင့် မျက်လုံးများက စူးရှကာ မြွေပွေးကဲ့သို့ မျက်ပေါက်ကျဉ်းသည်၊ ဆရာကြီးက လက်တုတ်ရင်း -

"အဲဒါ - မင်းမောင်ပဲ - သတိထားတော့"

ဟု ပြောသည်၊ မင်းမောင်သည် သူ၏အပေါ်အင်္ကျီကိုချွတ်လိုက်ပြီး လက်ထဲမှ ဓားရှည်ကို မြှောက်ကာ -

"ဘယ့်နယ်လဲ - ဆရာကြီးရဲ့၊ အဆင်သင့်ပဲလား၊ ဘာလဲ ဝါးရင်းတုတ်နဲ့ တိုက်မယ်ပေါ့၊ မိုက်လိုက်တာဗျာ၊ အသက်ကြီးနေပါပြီ၊ အခုတည်းက ပြန်လှည့်လို့ရတယ်နော်၊ ကျုပ်က ခွင့်လွှတ်ပါတယ် - ဟဲ - ဟဲဟဲ"

ဟု မရှေမင့် ခနဲ့ပြောရာ ဆရာကြီးက ဘာမျှပြောမနေတော့ဘဲ တစ်ဟုန်ထိုးပြေးပြီး စတင်တိုက်ခိုက်တော့သည်။

"ခွပ် - ဒုတ်"

"ဒိုး - ဖုစ် - ဖုစ်"

တိုက်ပွဲကားကြမ်းသည်၊ ဆရာကြီး၏အခုန်အပျံတို့ကား ကျားတစ်ကောင် ပမာကြောက်စရာကောင်း၏၊ မင်းမောင်၏ အရှောင်အတိမ်းနှင့် အဝင်တို့မှာ မြွေခွေးတစ်ကောင် စောင့်ရှောင်းသလို ရှိနေ၏၊ အခွင့်သာမှနတ်မည်ဟုပုံစံမျိုး မည်သို့ပင်ဖြစ်စေ ဆရာဖြစ်သူက ဆရာပေမို့ များမကြာမီတွင် မင်းမောင်သည် ဆရာကြီး၏ရိုက်ချက်များကို အလူးအလဲခံရတော့သည်၊ တစ်ချိန်တွင်ဆရာကြီးသည် တင်ကျည်းတုတ်ဖြင့် မင်းမောင်၏နောက်ကျောမှလက်မောင်းကို လျှို၍လိမ်ချိုးလိုက်ရာ "အား"ခနဲ အော်သံကြားပြီး ငြိမ်သွား၏၊ ဆရာကြီး ချုပ်ကိုင်ခြင်းကို မင်းမောင် ခံရချေပြီ၊

"ဟေ့ကောင် - ခွေးသား - အညံ့ခံစမ်း၊ ဆရာကို အာခံလို့ရမလားကွ"



"ကျုပ်ကို လွှတ် - မလွှတ်ရင် ခင်ဗျား မလွယ်ဘူး"

"မင်းက အောက်ကနေ ခံနေရတာ တောင် လေကျယ်နေတုန်းပဲကိုး"

ထိုစဉ် မင်းမောင်စီးလာသော Alpha ကားပေါ်မှ မိန်းကလေး(၅)ဦးကို လူမိုက်သုံးဦးက လည်မျိုဓားထောက်၍ ဆင်းလာကြ၏၊ ဆရာကြီး အံ့အားသင့်သွားသည်၊

"မင်း - မင်း - ဒါ ဘာလုပ်တာလဲ"

"ခင်ဗျား ကျုပ်ကို မလွှတ်ရင် သူတို့ကို သတ်ပစ်ဖို့ စီစဉ်ပြီးသားဗျ - ဟား ဟား - ဟား၊ ကျုပ်က ဉာဏ်သမားလေ"

"ခြော် - မင်းက ဒီလိုလား၊ ငါက လည်းမခေပါဘူးကွ၊ မင်းသူတို့ကိုသတ်လိုက်တာနဲ့ လားရှိုးက မင်းနဲ့ လက်ထပ်မယ့် နန်းသီတာမွေးကိုလည်း ငါက စေတားလိုက်ပြီပဲ"

"ဘာ - ဘာဗျ - ခင်ဗျား ဘာပြောတယ်"

ဆရာကြီး၏စကားကြောင့် မင်းမောင် အကြပ်ရိုက်သွားသည်၊ ကျွန်ုပ်သည် အသင့်ယူလာသော ဟမ်းဖုန်းကို ဇင်းရှေ့သို့ ယူလာပြီး လားရှိုးသို့ ဖုန်းခေါ်လိုက်၏၊ ဖုန်းဝင်သွားသောအခါ စပီကာကို ဖွင့်လိုက်တွင် တစ်ဖက်မှ နန်းသီတာမွေး၏အသံကို ကြားရတော့သည်၊

"ကိုမင်းမောင် - ကျွန်မတို့ တယ်ဒါဦးရှင်၊ သူတို့က အခု ကျွန်မကို ဓားနဲ့ ထောက်ထားတယ်၊ ရှင် အညံ့မခံရင် သတ်ပစ်မယ်တဲ့ - အဟင့် - ဟင့်၊ ရှင် အညံ့ခံပြီး ကျွန်မနဲ့ လာနေပါရှင်၊ ကျွန်မကိုတော့ မသတ်ပါစေနဲ့"

ထိုအသံကို ကြားသည်နှင့် မင်းမောင်သည် အရှုံးလို ကုန်းအော်ပြီး သူ့တပည့်များကို လှမ်းအော်လေ၏၊

"ဟေ့ကောင်တွေ - ကောင်မလေးတွေကို လွှတ်လိုက်ကြ၊ ခေါ်ပြီး မင်းတို့ လဲပြန်ပေတော့"

"ဟား - ဟား - ဟား - ဒီလိုမှပေါ့ကွာ"

ဆရာကြီးကအာဋ္ဌာဝကမင်းမောင်၏လည်ကုပ်ကို ဖနောင့်ဖြင့် တတ်နင်းထားရင်း အခြေအနေကို ဆက်လက်စောင့်ကြည့်နေ၏၊ အတန်ကြာတွင် မင်းမောင်၏တပည့်များသည်မိန်းကလေးများကိုခေါ်၍ကားထွက်သွားလေသည်၊ ဆရာကြီးက မင်းမောင်အား -

"ဒီမှာမင်းမောင် - မင်းကိုငါအစတော့ သတ်မလို့ဘဲ၊ ဒါပေမဲ့ - မင်းလုပ်ခဲ့တဲ့အမှုတွေက သေဒဏ်ပဲ့ချရင် တချိုးများ၊ မုဒိမ်း

www.burmeseclassic.com



ဆေးဝါး၊ လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှု၊ လောင်းကစားမှုအစုံပဲ။ ဒီတော့ – ငါတို့နဲ့ ရဲစခန်းကိုသာ လိုက်ခဲ့ပေတော့”

ဟုဆိုကာ ၎င်း၏ဖက်ပိုးကို ခြေဖြင့် ဖြောင်းခနဲ နင်းချလိုက်ရာ မင်းမောင်မှာ မြေကြီးပေါ် ဖင်ထောင်လျက် လဲကျမှောက်သွားတော့၏။ အတန်ကြာသော် ကျွန်ုပ်တို့စီစဉ်ထားသည့်အတိုင်း ရဲကားရောက်လာပြီး ၎င်းကို အမှုပေါင်းများစွာဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

ကျွန်ုပ်နှင့် ဆရာကြီးမှာ ရဲကားများကိုကြည့်၍ တဟားဟားရယ်လိုက်ကြသည်။ ဆရာကြီးက ကျွန်ုပ်မှာ –

“မင်းအကြံပေးလို့ငါက မင်းမောင်ရဲ့အဓိကအားနည်းချက်ကို ကိုင်လိုက်တာကွ။ သူ့ရဲ့ချစ်သူက လားရှိုးက စော်ဘွားလေးရဲ့သမီး နန်းသီတာမွှေးဆိုတာ ငါမေ့နေတယ်။ မင်းပြောမှပဲ ငါ့တပည့်တွေကိုလွှတ်ပြီး ပြန်ပေးဆွဲဓားစာခံလုပ်နိုင်းလိုက်ရတယ်”

ဟုပြောရာ ကျွန်ုပ်ကပြန်၍ –

“ကျွန်တော်က ရှေ့နေလုပ်လာတာကြာတော့ ဒီလူမိုက်တွေရဲ့ လှည့်ကွက်တွေကို သိနေတယ်။ ဒီကောင် လူတိုမနိုင်ရင် အကျင့်ယုတ်မယ်ဆိုတာ သိလို့ကြိုကြံစည်ရတာပါ – ဆရာကြီးရယ်။ ဆရာကြီး အောင်မြင်ပါတယ်”

ဟူ၍ ပြောလိုက်လေသည်။ ပြီးသော် ဆရာတပည့်နှစ်ယောက် ကားဖြင့် အေးဆေးစွာ ပြန်ခဲ့ကြ၏။ အမှန်တကယ်တော့ လူဆိုသည်မှာ လက်ရုံးရည်ရှိပြီး နှလုံးရည်မပြည့်စုံသော်လည်း မကောင်း၊ နှလုံးရည်ရှိပြီး လက်ရုံးရည် မပြည့်စုံသော်လည်း မကောင်းဆိုသည့် အခြေအနေမျိုး ကြုံလာပါက နှစ်ခုလုံး မျှတစွာ ရှိနေဖို့ သင့်လေသည် မဟုတ်လော။ မင်းမောင်ကား အမှုပေါင်းများစွာဖြင့် ဘဝအာတ်သိမ်းရမည့်အခြေအနေသို့ ရောက်ရှိသွားပေတော့သည်။

⇨ ဝေယံသိန်း



# အဖွားအိုနှင့် ခွေးတစ်ကောင်

## မြဝတီ

www.burmeseclassic.com

www.burmeseclassic.com



"ကျေးရူးဆင်ပါတယ် ဒေါ်နှင်းဆီ"

ကျွန်တော်သည် အိမ်ငှားစာချုပ်ကို အိမ်ရှင် ဒေါ်နှင်းဆီက လက်မှတ်ထိုးပြီးသည်နှင့် သူ့လက်ထဲသို့ စပေါ်ငွေ ငါးရာ ကျပ်တိတိ ထည့်ပေးလိုက်ပါ၏။

"အံ့မယ်လေး - ငါက ကျေးဇူးတင်ရမှာပါကွဲ့၊ မောင်စိန်လင်းလို လူတော်လူကောင်းတစ်ဦး၊ ကျုပ်အိမ်ငှားရတာ စိတ်လည်း ချမ်းသာ၊ အားကိုးလည်း ရသပေါ့ကွယ်"

ဒေါ်နှင်းဆီက ငွေစက္ကူများကို တစ်ရွက်ချင်း ရေတွက်ရင်း ပြောပါ၏။

"ဩော် - ဒေါ်နှင်းဆီ - ခင်ဗျားရဲ့ခွေးကြီးက ကိုက်တတ်သလားဗျ။ ကြောက်စရာကြီးပဲနော်"

"လူစိမ်းမှုပါကွယ်၊ နောက်တော့ ဒီကောင် "လှိုင်အင်" ဟာ မင်းတို့ကို ခင်မင်သွားမှာပါ"

ကျွန်တော်နှင့် အိမ်ရှင်အိမ်ငှားစာချုပ်တွင်အသိသက်သေအဖြစ်လိုက်လာကြသော လူကြီးများသည် ဒေါ်နှင်းဆီ၏ အိမ်သို့ ဝင်ရောက်လာသည်နှင့် တဝုတ်ဝုတ်ဟောင်လိုက်သည့်အမွေးရှည်နှင့်ခွေးကြီးကို တွေ့ခဲ့ကြသည် မဟုတ်ပါလား။

ကျွန်တော်တို့ အိမ်ပြောင်းလာကြပါပြီ၊ အိမ်မှာ သုံးပင်နှစ်ခန်း၊ သွပ်မိုး၊ ပျဉ်ခင်းပျဉ်ထောင်ဖြစ်သည်၊

အိမ်လခ ငါးဆယ်နှင့် စပေါ်ငွေ ငါးထောင်ကျပ် ပေးရသဖြင့် သည်ခေတ်ထဲတွင် အတော်ဆုံး၊ အနည်းဆုံးငှားနေသည့် အိမ်တစ်အိမ်ဟု ဆိုနိုင်ပါ၏။

**တိရစ္ဆာန်၏ သဘောသဘာဝကို**

**နားမလည်ရှာသည့် မုဆိုးမအဘွားအိုကြီး**

**တစ်ယောက်အကြောင်း ..**



ကျွန်တော့်ဇနီးနှင့် သားသမီးလေးဦး၊ ပစ္စည်းပစ္စယတွေပါ ဆယ်ပေ၊ ပေ(၄၀)အခန်းမှာ ပြည့်သွား၏။

ကျွန်တော့်ဇနီးက တစ်ဖက်ခန်း အိမ်ရှင် ဒေါ်နှင်းဆီနှင့် မိန်းမသားချင်း စကားပြောသည်၊ ဒေါ်နှင်းဆီမှာအသက် ခြောက်ဆယ်ကျော် ကရင်အမျိုးသမီးကြီးဖြစ်ပြီး စကားပြော ပွင့်လင်းသည်။ သူ့အဖော်ဆို၍ ခွေးနက်ကြီး "လှိုင်အင်" သာ ရှိသည်၊

ကျွန်တော့်ဇနီးက ဒေါ်နှင်းဆီနှင့် စကားပြောပြီးနောက် သည်အိမ်ခန်းကို တျေနပ်သွားသည်၊ သို့သော် -

"မောင်ရေ - ဒေါ်နှင်းဆီ ခွေးကြီးက ကြောက်စရာနော်၊ ကျွန်မ သွားပြီး ဒေါ်နှင်းဆီနဲ့ စကားပြောနေတာ စိန်းစိန်းကြီးကြည့်ပြီး ဟောင်လိုက်သေးတယ်၊ ဒေါ်နှင်းဆီက မာန်လိုက်မှ ငြိမ်သွားတယ်"

"ဒါပေါ့ကွယ်၊ အဘွားကြီးက တစ်ဦးတည်းနေရတော့ ဒီခွေးကြီးပဲ အဖော်လုပ်နေရတာပဲပေါ့"

ဟုတ်ပေသည်၊

ဒေါ်နှင်းဆီမှာ သားသမီးမရှိ၊

သူမ၏ ခင်ပွန်း မစ္စတာနတ်(စ်) ကွယ်လွန်သွားသည်မှာ ခြောက်နှစ်ခန့် ရှိပြီ၊

မစ္စတာနတ်(စ်)သည် ခေတ်ပညာတတ်တစ်ဦးဖြစ်သလို ခွေးချစ်တတ်သူ ဖြစ်သည်၊

ထို့ကြောင့် အနောက်နိုင်ငံမှ အယ်လ်ဇေးရှင်းခွေးမျိုးနှင့် မြန်မာခွေးမျိုး ရောစပ်ထားသည့် ခွေးကြီး လှိုင်အင်ကို မွေးခဲ့သည်၊

မစ္စတာနတ်(စ်) သေဆုံးသွားသည့်အခါတွင် ဇနီးဖြစ်သူ ဒေါ်နှင်းဆီက ဆက်လက်ကာ မွေးကျွေးတာဝန်ယူခဲ့သည်၊

အထူးသဖြင့် ဒေါ်နှင်းဆီမှာ သူ့အိမ်ဖော်ခွေးကြီး လှိုင်အင်ကို ချေးယိုသေးပေါက်ကလွဲပြီးအမြဲတမ်း လည်ပင်းတွင် ချည်ကြိုးကွင်းဖြင့် ချည်ထားတတ်သည်၊

ကျွန်တော်၏ စာရေးခန်းမှာ အိမ်ရှေ့အခန်းတွင် ဖြစ်ပါ၏၊ ခွေးကြီး လှိုင်အင်ချည်ထားသော အိမ်ရှေ့အခန်းနှင့် ကပ်နေပါသည်၊

ကျွန်တော်ပထမဆုံးစတင်အခက်အခဲတွေ့ရပါပြီ၊ သည်ဟာက ...

ဒေါ်နှင်းဆီ ဈေးဝယ်နှင့် ဆေးရုံ၊ ပြင်ပသို့သွားသောအခါများတွင် ခွေးကြီးလှိုင်အင်သည် သေးပေါက်ချေးသို့ ထွက်ချင်သဖြင့် တဝေါင်းဝေါင်း တအိုင်အိုင် တအီအီဖြင့် စိတ်ပျက်စရာ အော်ပါတော့၏၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ တံခါးပိတ် သော့ခတ်ထားသော အခန်းတွင်းမှ ခွေးကြီးဖြစ်ပုံကြည့်၍ စိတ်မချမ်းသာသည်က တစ်မျိုး၊ ကျွန်တော် နားမခံနိုင်အောင် ဆူညံနေသဖြင့် စာရေးပျက်သည်က တစ်ဖုံ အခက်ကြုံရပါသည်၊

လွိုင်အင်သည် သူ့ဝေဒနာကို သည်းမခံနိုင်သည့်အဆုံး ချေးရော သေးပါ သူ့အိပ်ရာနှင့် ခင်းကျင်းထားသည့်ကွက်ကွက်ကွာကွာတွင် တဖြန်းဖြန်း ပါချလိုက်ပါသတည်း။ သည်တွင်...

ကျွန်တော့် အဖြစ်မှာ ခွေးကြီးလွိုင်အင်၏ ချေးနံ့ သေးနံ့ကို ဒုတိယအကြိမ် ခံစားရပြန်ပါချေသည်၊

တစ်ခါတစ်ခါ လမ်းပေါ်မှ ကလေးတွေက ခဲလုံးကလေးများဖြင့် လှမ်း၍ ပစ်သွားသောအခါများ၌ တဝုတ်ဝုတ် တဝေါင်းဝေါင်းနှင့် အစွမ်းပြပါချေတော့၏။

မည်သို့ရှိစေ၊ ကျွန်တော့်မှာအိမ်ငှားသာမဟုတ်လား။

✡✡✡✡

ဒေါ်နှင်းဆီနှင့် ကျွန်တော်သည် ညနေပိုင်းအားလပ်ချိန်ကလေးများတွင်လည်းကောင်း၊ တစ်ခါတစ်ခါ လျှပ်စစ်မီးတာစာရွက်များ အဖတ်နိုင်းခြင်းခြင်းသော်လည်းကောင်း စကားပြောရသေး၏။

"ဒေါ်နှင်းဆီ"

"ဘာလဲ မောင်စိန်လင်း"

"ဩော် - ခင်ဗျားခွေးကြီး လွိုင်အင်ကို လွှတ်လွှတ်လပ်လပ် လွှတ်ထားလိုက်ပါလားဗျာ၊ သူ့မှာလည်း ဘယ်လောက်ကျဉ်းကြပ်သလဲ"

"ဘယ်ဖြစ်မလဲ မောင်စိန်လင်းရဲ့ လွှတ်လိုက်ရင် ကလေးတွေ သွားကိုက်လို့ စကားများရတယ်၊ ပြီးတော့ သူက ချေးလည်း စားတယ်ကွဲ့"

"ဩော် - ဒါထက် ခင်ဗျားခွေးက ဘိုခွေး မဟုတ်လား"

"ကပြားပါကွယ်၊ သူ့အမေက အမေရိကန်ရောက်သွားပြီကွဲ့"

"လွှတ်ထားရင် ကလေးတွေနဲ့ နေသားကျသွားမှာပဲ၊ ကျွန်တော်လည်း ထန်းလျက်ကလေး ဝယ်ကျွေးသလို ကျွန်တော့်သားတွေနဲ့ သမီးကလည်း အစာကျွေးလို့ ခင်နေပါပြီ။ ဒါပေမဲ့ - သူ မလွတ်လပ်တာကြည့်ပြီး စိတ်ညစ်ရတာ တစ်မျိုး၊ ခင်ဗျား မရှိတဲ့အခါ ချေးသေးသွားချင်လို့ အော်ဟစ်တာမျိုးဆိုတော့ သနားစရာဗျာ"



"ငါ့အဖို့တော့ မဆန်းပါဘူးကွယ်၊ ချေ့စိနတ်ရှိတုန်းကလည်း ဒီလိုပဲ ချည်ထားတာပဲ၊ ငါက သူ့ချေးသေးဒိုင်ခံသန့်ရှင်းပေးခဲ့ရတာပေါ့"

ကျွန်တော့်အဖို့ ဘာပြောနိုင်ပါမည်နည်း။ ကျွန်တော် စာရေးပျက်သည့်အကြောင်းကို ပြောလျှင်လည်း အကျိုးရှိမည်မဟုတ်ပါ၊

ခွေးကြီး လွိုင်အင် သနားပါသည်ဆိုသည်ကိုတော့ ဒေါ်နှင်းဆီ သဘောပေါက်၏။ သူကလည်း သူ့ယောကျ်ားထားခဲ့သော ခွေးကြီးကို သနားသောကြောင့် ယခုလို နှစ်ဆယ့်လေးနာရီပတ်လုံး ကြိုးချည်ထားခဲ့ရခြင်း မဟုတ်ပါလား၊

သည်လိုနှင့် ဒေါ်နှင်းဆီ၏ နေအိမ်တွင် တစ်လပြီးတစ်လ အနေကြာလာ၏။

သူ့အိမ်အခန်း ပျက်နေသည်ကများပြီး အိမ်သာအဆုံး ပြင်သင့်သည်များကို ကျွန်တော့်အိတ်ထဲမှ ငွေစိုက်ပြင်ခဲ့ရ၏၊ ဝန်းကျင်အိမ်များမှ အိမ်ရှင်များနှင့်လည်း ခင်မင်ခဲ့ပါသည်၊

ကျွန်တော်တို့မိသားစုမှာ ကမာရွတ်လှည်းတန်းမှ နေကာ အိမ်ခန်းခ ဈေးသက်သာသော မြောက်ဥက္ကလာသို့ ပြောင်းရွှေ့ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။

အိမ် ၄ ၁ း ဆို သ ည် အ တိ ု င် း အကြောင်းအမျိုးမျိုးကြောင့်ပင်ရပ်ကွက်သည်ရပ်ကွက် စသည်ဖြင့် ပြောင်းခဲ့ရသည်မှာ မနည်းပါ။

ယခုဒေါ်နှင်းဆီတို့ရပ်ကွက်ရောက်လာသောအခါမှ အတော်အတန် တည်ငြိမ်ကာ အခြားရပ်ကွက်သို့ မပြောင်းရတော့၊

ဒေါ်နှင်းဆီနှင့်ကျွန်တော့်မှာ လူစိမ်းတွေတော့မဟုတ်၊

ဒေါ်နှင်းဆီ ယောကျ်ားမဆုံးမီတနှစ်လမ်းကျော်လောက်တွင် ကျွန်တော် အိမ်ငှားနေခဲ့သဖြင့် သူတို့နှင့် သိကျွမ်းခဲ့သည်မှာ ကြာပါပြီ၊

ကျွန်တော်သည် ဤရပ်ကွက်တွင် နေထိုင်ခဲ့သည်မှာ အစစ အဆင်ပြေနေပါသည်၊

အဲ - တစ်ခုတော့သာ၊

သည်တစ်ခုမှာ ဒေါ်နှင်းဆီ၏ ခွေးကြီး လွိုင်အင် အတွက်ပါတည်း၊

သူ့ကိုကြည့်၍ သနားရသည်၊

စိတ်ညစ်ရသည်၊

စာရေးရန် စိတ်ကူးပျက်ရသည်။

မှန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဆီသည် သူ့ခွေးကြီးအား အခြားခွေးမများနှင့် ယှဉ်ပါးသွားမှာ လည်း စိုးသည်။

တစ်နှစ်တွင်တစ်လတည်းသာခွေး တို့၏ မိတ်လိုက်သော "တော်သလင်း လ"မှာပင် ဒေါ်နှင်းဆီက လွှတ်မပေး။

ခွေးမတစ်ကောင်နှစ်ကောင်သည် အိမ်ရှေ့တွင် ရစ်သီ ရစ်သီလုပ်ကာ အိမ် တွင်းမှ ဒေါ်နှင်းဆီ၏ ခွေးကြီး လွှိုင်အင် ကြားရန် အသံပြု၏။ ကြာသံပေး၏။

သည်တွင် ...

လွှိုင်အင်အပြင်ထွက်ချင်၍တအင် အင် တကိန်ကိန် အော်ပါလေပြီ။ ရှုန်းပါ လေပြီ။

"လွှိုင်အင် – နင် ဘာဖြစ်နေသလဲ။ တယ်နော် – ငါ ရိုက်လိုက်မယ်"

ဒေါ်နှင်းဆီက အိမ်ခန်းတွင်းမှကြိမ်း မောင်း၏။

သူမသည် ပြောမရ၍ အိမ်ရှေ့ထွက် လာသည်။ စူးစမ်းသည်။

"အံမယ် – အလေ့ကျမတွေ ပေါ်ပြီ ကရမတွေ၊ သွားကြ"

ဒေါ်နှင်းဆီသည် သူ့ခွေးကြီး လွှိုင်အင် ရစ်နေသည့် ခွေးမတစ်ကောင် ကို မောင်းထုတ်၏။ တံခါးဖွင့်ကာ တုတ် ဖြင့်ပစ်၏။

ကျွန်တော် စာရေးစားပွဲမှ အားလုံး မြင်နေရပါသည်။

ဟုတ်ပါတယ်ကွယ်။ ငါ့မှာလည်း သူ့ပဲ ခင်တွယ်ရလို့ ဘယ်မှမလွှတ်တာပါ။ ပြီးတော့ သူ့ကို အိမ်ရှေ့မှာ ချည်ထားရင် ဟောင်တယ်။ အဟန့်အတား ဖြစ်တယ်။ သူက ကလေးတွေ ချစ်ပါတယ်။ ကစားတာပဲ။ ဒါပေမဲ့ – ငါမရှိရင် ခြံထဲ ဝင်ကစားတယ်။ အိမ်လည်း စိတ်မချရ တော့ ချည်ထားရတာပါ။ ခွေးမတွေက လာတော့ သူ ပါသွားတာပေါ့။ အခုတော့ ဒုက္ခဖြစ်ပြီမဟုတ်လား။





"ဒေါ်နှင်းဆီနယ်ဗျာ – သူ့ရာသီ၊ သူ့ သဘာကပဲ၊ ခင်ဗျားတော့ ငရဲကြီးတော့ မှာပဲ – ဟဲ – ဟဲ – ဟဲ"

"အလကား မောင်စိန်လင်းရာ။ အလေအလွင့်မတွေနဲ့ဖြစ်ရင် လိုက် သွားရောကွဲ့ – ဟင်း"

ဒေါ်နှင်းဆီက သည်လိုပြောတော့ လွှိုင်အင် ကိုပါ ကြိမ်းမောင်းလိုက်ပါချေ သည်။

ကျွန်တော်သည် ပြုံးနေရပါ၏။

တစ်ညတွင် ...

ကျွန်တော် စာရေးနေခဲ့သည်မှာ ည(၁၂)နာရီကျော်ခဲ့ပြီ။

အိမ်ရှေ့စာရေးစားပွဲမှ မီးရောင် သည် အိမ်ဝင်းတံတားပေါ်သို့ ဖျာလွှင့်ကျ နေပါ၏။

သည်အခိုက် ခြေသံလိုလို ကြား လိုက်ရ၏။ ပြီး ရှူးရှူး၊ ရှူးရှူး ဟူသော အသံပါကြားလိုက်ရ၏။

ကျွန်တော်က စာရေးစားပွဲမှ ကြည့်သောအခါတွင် အိမ်ရှေ့တွင် ရောက်ကောလာသော ခွေးမတစ်ကောင် သည် ဒေါ်နှင်းဆီ၏ အိမ်တံခါး သံဆန် တာပေါက်ကိုနှာခေါင်းဖြင့်ထိုး၍အချက် ပေးနေပါချေသည်။

"ဝုန်း ..."

ရုတ်တရက် ခွေခွေကလေး အိပ် နေသော လွှိုင်အင်သည် လန့်ခုန်ထ လိုက်၏။

ဝုတ်ခနဲ ဟောင်လိုက်သည်။ ပြီးမှ သူ့ချစ်သူ ခွေးမကို တွေ့ကာ ငြိမ်သွား သည်။ လွှိုင်အင်သည် ဝမ်းသာသွားပုံရ ကာ ကြိုးမီသလောက်သွား၍ ခွေးမ၏ နှာခေါင်းနှင့် သူ့နှာခေါင်း တေ့ဆက်ကာ တရှူးရှူး လုပ်နေကြ၏။

ချစ်စကားတွေ မဝနိုင်အောင် ပြော နေကြသည်။

သို့သော် လွှိုင်အင် ဘဝမှာ မလွှတ် လပ်ပါတကား။ ခွေးကျားမလေးနောက် လိုက်ပါချင်ပေမယ့် မလိုက်ပါနိုင်ပါချေ။

သည်အခိုက် အသံကြားသဖြင့် ဒေါ်နှင်းဆီ နိုးလာ၏။ အိမ်ရှေ့ထွက်လာ ၏။

ခွေးကျားမလေးခမျာ ကြောက် ကြောက်လန့်လန့်ဖြင့် ထွက်ပြေးရပါချေ ပြီ။

ဒေါ်နှင်းဆီက ခွေးကျားမလေးကို မတွေ့လိုက်ရ။

"ဝုတ်ဝုတ် – ဝုတ်"

"အိုင်အိုင် – အိုင်အိုင်"

လွှိုင်အင်သည် အော်ငြည်းရှာပါ ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဖြော် – နင် သေးပေါက်ရေးယို ထွက်ချင်နေတာကိုး။ မြန်မြန်ပြန်လာခဲ့နော်"

ဒေါ်နှင်းဆီက တံခါးဖွင့်ကာ သံကြိုးဖြေ၍ လွှတ်ပေးလိုက်၏။

လှိုင်အင်သည် သူချစ်သူရှိရာ ခွေးကျားမလေးဆီသို့ တစ်ကြိုးတည်း လစ်လေပြီ။

ဒေါ်နှင်းဆီ ရပ်၍စောင့်၏။

ထိုင်၍စောင့်၏။

လှိုင်အင်ကား ပြန်မလာ။

"ဟဲ့ – လှိုင်အင် – လှိုင်အင် – လာလေ"

"လှိုင်အင် – လှိုင်အင်"

ကျွန်တော်သည် သိပါ၏။ လှိုင်အင်ဒီည ပြန်လာစရာ အကြောင်းမမြင်။

ဒေါ်နှင်းဆီ၏အသံ တစာစာခေါ်နေချိန် ကျွန်တော် အိပ်ရာဝင်ခဲ့သည်။

ကျွန်တော့် ရင်ထဲတွင် ဝမ်းသာသလိုလို ဘာလိုလို ခံစားမိသည်။

နံနက်မိုးလင်းသောအခါ လှိုင်အင်ပြန်ရောက်လာသည်။

ဒေါ်နှင်းဆီ သူ့ခွေးကြီးရိုက်ရန် တုတ်ဖြင့် ရွယ်သည်။ သို့သော် မရိုက်ဖြစ်တော့။

"အံ့မယ်လေး – ငါ့သားလေး ဘယ်သူ ဓားနဲ့ခုတ်လိုက်ပါလိမ့်ကွယ်၊ ဖြစ်ရလေ"

ကျွန်တော် ကြည့်မိသည်။

လှိုင်အင်သည် ဒယီးဒယိုင်ဖြင့်ပြန်လာကာ ကြမ်းပြင်ပေါ်လဲကျသွားခဲ့၏။

"သားလေး – လှိုင်အင် – နင့်လည်ပင်းကို ဘယ်သူ ဓားနဲ့ခုတ်လိုက်တာလဲဟင်၊ အမယ်လေး – သားလေးရယ်"

ဒေါ်နှင်းဆီ ငိုလေပြီ။

လင်သေ၍ မငိုသော ဒေါ်နှင်းဆီ လှိုင်အင်နှင့်မှ ငိုပါချေပြီ။

ကျွန်တော် ညက တွေ့ခဲ့ပုံကို ပြောချင်သော်လည်း ပြောမထွက်နိုင်၊

နောက်မှ ဖွင့်ပြောခဲ့ရသည်၊

"အဲဒါ ခင်ဗျား မှားတာပဲ၊ တကယ်လို့သာ သူ့ဘာဝမှာ အချိန်နဲ့အခါနဲ့ လွှတ်ပေးမယ်ဆိုရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်ကွယ်၊ ငါ့မှာလည်း သူ့ပဲ ခင်တွယ်ရလို့ ဘယ်မှမလွှတ်တာပါ၊ ပြီးတော့ သူ့ကို အိမ်ရှေ့မှာ ချည်ထားရင် ဟောင်တယ်၊ အဟာနဲ့အတားဖြစ်တယ်၊ သူက ကလေးတွေ ချစ်ပါတယ်။ ကစားတာပဲ၊ ဒါပေမဲ့ – ငါမရှိရင် ခြံထဲဝင်ကစားတယ်၊ အိမ်လည်း စိတ်မရှ



တော့ ချည်ထားရတာပါ၊ ခွေးမတွေက လာတော့ သူပါသွားတာပေါ့၊ အခုတော့ ဒုက္ခဖြစ်ပြီမဟုတ်လား"

ဒေါ်နှင်းဆီသည် မျက်ရည်ဝဲဝဲဖြင့် ပြောပါ၏။

ကျွန်တော်က လှိုင်အင်ဒဏ်ရာကို ဆေးထည့်ပေးသဖြင့် မသေပဲ ပြန်ကောင်းလာပါချေသည်။

ထိုအချိန်မှစပြီး ...

ဒေါ်နှင်းဆီသည် လှိုင်အင်ကို ကြိုးချည်ထားခြင်းမှ လွှတ်ပေး၏။ သူ ဝင်နိုင်ထွက်နိုင်ရန် တံခါးဟပေးထား၏။

လှိုင်အင်ကလည်း အဖြင်ထွက်လျှင် ခဏတစ်ဖြုတ်ထွက်သည်။ ဈေးသေးပါပြီးက ချက်ချင်းပြန်လာသည်။

ယခုတော့ ...

ဒေါ်နှင်းဆီ သဘောပေါက်သွားသလို လှိုင်အင်ကလည်း ဒေါ်နှင်းဆီအပေါ် သစ္စာရှိ၏။

ဒေါ်နှင်းဆီအိမ်မှ ထွက်သွားလျှင် အိမ်တံခါးဝမှ ထိုင်၍စောင့်ပါသတည်း။

➾ မြဝတီ

**သား မြေး တို့**

**ရှပ်ပျိုကိုယ်န**

ကြိတ်မှန်ရွက်၊ နမ်းရွက်၊ ဆီးဖြူသီးခြောက်ဆတူစု၊ ယင်း(၃)ပါး၏အလေးချိန်သကြားထည့်၍ထောင်း။ နေ့စဉ် မှီဝဲပါ၊ အနာကင်း၍ နပျိုလာမည်။

www.burmeseclassic.com

www.burmeseclassic.com






ကိုးပွင့်ဖူးစာ

ဒဂုန်ရွှေမျှား



www.burmeseclassic.com

**ခာယ်** အရပ်ကိုပင်ကြည့်ကြည့်၊ ဝတ်ဝန်းကျင်တစ်ခုလုံးမှာ လှိုင်းတံပိုးများ ထကြွနေသော ရေပြင်ကြီးကိုသာ မြင်ရမည်။

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်" ဆိုသော စကားကို အတိအကျ သရုပ်ဖော်နေဟန်တူသည်၊

ရောဝတီမြစ်ပြင်အလယ်တွင် ရေစီးက ကြမ်းလှ၏၊ အထက်အညာဘက်မှ သစ်ပင်ကြီးများ၊ ထင်းတုံးကြီးများပင် တသောကမျောနှင့်ရေစီးရာတွင်ပါလာကြသည်၊

သို့သော် ရောဝတီမြစ်ကမ်းပါးတစ်လျှောက် ကိုင်းတောကြီးများရှိရာ အရပ်၌မူ ဤမျှလောက် ရေစီးမကြမ်း။

အချို့နေရာတွင် ဝဲပြန်ဖြစ်ပြီး အထက်သို့ပင် ရေက ပြောင်းပြန်လှန်၍စီးနေလိုက်သေးသည်၊

မြစ်လယ်၌မူ ထမင်းအိုး ပွက်သလို ဝုန်းခနဲ ပွက်လိုက်သော မှုတ်ဝဲကြီးများ ကတော့တစ်ခုကဲ့သို့ ချိုင့်ဝင်သွားသော စုပ်ဝဲကြီးများမှာ တဝေါဝေါနှင့် ကြောက်မက်ဖွယ်အသံများ မြည်ဟည်းလျက် ရှိသည်။

ကမ်းပါးစပ်တစ်လျှောက်မူ ငြိမ်သက်နေ၏၊

ရှည်လျားလှသော ကိုင်းပင်ရင့်ရင့်ကြီးများကို တက်နေသော မြစ်ရေက မဖုံးလွှမ်းနိုင်သေး၊

ရေပြင်ပေါ်တွင် ထိုးထွက်နေသော ကိုင်းပင်များမှာ ရေစီးမှုအရှိန်ကြောင့် အငြိမ်မနေနိုင်၊ တလှုပ်လှုပ် တယမ်းယမ်းဖြစ်နေသည်၊

ထူထပ်လိုက်သည့်ကိုင်းတော၊

ကြွက်နီတို့လှေသည် ကိုင်းတောအတွင်းသို့ ခက်ခက်ခဲခဲ လှော်၍ ဝင်နေ

## လှေတစ်စင်းဖြင့် ကိုင်းတောကြား

## ကိုင်းဥရှာ မောင်နှမနစ်ယောက် ကိုင်းဥကို ဆွတ်ခူးရန်

## လက်အလှမ်းတွင် တွေ့လိုက်ရသည့်

## အန္တရာယ်ဆိုးကား ..



၏၊ အချို့နေရာတွင် လှေပင် မဝင်နိုင်အောင် ထူထပ်နေသော ကိုင်းပင်များကို ကြွက်နီက ပါလာသောဓားရှည်ဖြင့် ခုတ်ခွင်ပြီး ဝင်ရသည်၊ ကိုင်းပင်များ အဖျားဝေသောလီချိုင်း၏ လည်ဆံမွေးများကဲ့သို့သော ကိုင်းပွင့်ဖြူဖြူများမှာ လေယူရာကို ယိမ်းနွဲ့နေ၏၊

ကိုင်းပွင့်များ နားထဲဝင်လျှင် နားပင်းတတ်သည်ဆိုသဖြင့် အထူးသတိထားပြီး ခုတ်ရ၏၊

"အစ်ကိုကြွက်နီ - အစ်ကိုကြွက်နီ - ဘက်ကို နည်းနည်း လှော်ပေးပါ၊ ဟိုမှာ - ကိုင်းဥတွေ"

ကိုင်းဥအချို့ကို မြင်သဖြင့် ပုတူးမ ကိုင်းဥများရှိရာသို့ လက်ညှိုးညွှန်ရင်း အားရဝမ်းသာ အော်ပြောလိုက်၏၊

ကြွက်နီသည် ကိုင်းဥများရှိရာသို့ လှေကို လှော်တက်ဖြင့် ပဲ့ထိန်းရင်း လှော်ပေးလိုက်၏၊

ပုတူးမသည် ကိုင်းပင်တစ်ပင်မှ အဖျားကို နှိမ်ပြီး ကိုင်းဥကို ကိုင်းပင်အဆစ်မှ ဖဲ့ခူးလိုက်သည်၊

"ကိုင်းဥ" ဆိုသည်မှာ အမှန်စင်စစ် ကိုင်းပင်မှ ဥသော "ဥ" လည်း မဟုတ်၊ ကိုင်းပင်မှသီးသောအသီးလည်းမဟုတ်၊ ကိုင်းပင်နှင့်လည်း မသက်ဆိုင်လှ၊

အတော်တော့ ဆန်းသည်၊

ကန်စွန်းဥ၊ ပိန်းဥ၊ စိမ်းစားဥ၊ မုန်လာဥ စသည်တို့မှာ အပင်၏ အောက်ခြေ မြေအောက်တွင် ဥသဖြင့် "ဥ" ဟူ၍ ခေါ်နိုင်ပါသည်၊

သို့သော် မြေအောက်တွင်ပင် ဥသော်လည်း "ဥ" ဟု မခေါ်နိုင်သော အရာလည်း ရှိပါသေးသည်၊ ထိုအဝင်ကား မြေပဲပင်ဖြစ်သည်၊ မြေပဲတောင့်မှာ မြေအောက်တွင် သီးသည်၊ မြေပဲပင်၏ အောက်ခြေမြေအောက်၌ ဖွာနေသော အမြစ်မွှာများတွင် မြေပဲတောင့်များကို တွေ့နိုင်သည်၊ မြေပေါ်တွင် မြေပဲပင် အကိုင်းအခက်များ၌ မြေပဲတောင့်များကို ရှာမတွေ့နိုင်၊

မြေပဲတောင့်ကို လိုချင်လျှင် မြေပဲတစ်ပင်လုံးကို နုတ်ပြီး အမြစ်တွင် တွယ်ကပ်နေသော မြေပဲတောင့်များကို ချွေယူနိုင်သည်၊

သို့သော်ထိုအရာကို "မြေပဲဥ" ဟူ၍ မခေါ်၊ မြေပဲတောင့်ဟူ၍သာ ခေါ်ကြသည်၊

ကိုင်းပင်မှာမူကိုင်းပင်၏အဖျားပိုင်း မြေကြီးနှင့် အလှမ်းဝေးသောနေရာမှ ရရှိသည်ကိုပင် "ကိုင်း" ဥ" ဟူ၍ ခေါ်ကြသည်၊ ကိုင်းပင်တစ်ပင်လုံးကို နုတ်၍

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးအတွင်းမှာ ဥနေသော ဥကို ယူရသည်လည်းမဟုတ်။

ကိုင်းပင်တိုင်းလည်း ကိုင်းဥမရ။ ကိုင်းပင်နုနုများ၌ ကိုင်းဥမရှိ။

ဝါခေါင်၊ တော်သလင်း ရေဖွေးဖွေး အချိန်တွင် အသက်ရင့်သော ကိုင်းပင်များ၌သာ ကိုင်းဥကို ရှာဖွေတွေ့ရှိနိုင်သည်။

ကိုင်းဥရသည့် နေရာကို လည်း ကြည့်ပါ။

ကိုင်းပင်၏အဖျားပိုင်းအဆစ်အချို့တွင် တွယ်ကပ်နေသော မည်းမည်းပွပွ အသီးကလေးများ ဖြစ်သည်။ အပြင်အသားမှာ မည်းသော်လည်း အထဲမှ အသားမှာဖြူဖွေး၍နို့နစ်ကဲ့သို့အနှစ်များနှင့်အပြည့်ဖြစ်သည်။ ကိုင်းဥ၏ဘေးတွင် အရွက်မည်းမည်းကလေးတစ်ရွက် ထိုးထိုးထောင်ထောင်ဖြင့် ရှိနေတတ်သည်။

အမှန်မှာမူ မိုးအခါ ကိုင်းပင်အဆစ်များတွင် သဘာဝအလျောက် ပေါ်ပေါက်လာသော မှိုတစ်မျိုးသာ ဖြစ်သည်။ တောက်ရိုးမှို၊ တောင်ပို့မှို၊ ဖက်ဆွတ်မှိုများ ကဲ့သို့ အချိန်အခါအလျောက် ထွက်ပေါ်လာသောမှိုများသာ ဖြစ်၏။

ကိုင်းဥဟုခေါ်သည်ထက် "ကိုင်းမှို" ဟုခေါ်လျှင်ပိုမိုသင့်လျော်မည်ထင်သည်။

ကိုင်းပင်ရင့်ရင့်တစ်ပင်တွင် ကိုင်းဥ နှစ်ဥ (သို့မဟုတ်) သုံးဥထက် ပိုပြီးမရှိ တတ်၊ အများအားဖြင့် ကိုင်းပင်တစ်ပင် တွင် ကိုင်းဥတစ်ခုမျှသာ ရှိတတ်သည်။

ကိုင်းဥ၏အရသာကား ချိုဆိမ့်လှ သည်။ ထူးကဲသောအရသာ ရှိသည်။ ရန်ကုန်မြို့ကြီးသားတို့ နှစ်သက်သော အစာလည်း ဖြစ်သည်။

ကိုင်းဥပေါ်ချိန်ရောက်လျှင် ရန်ကုန် မြို့လမ်းတကာ၌ မီးတရဲရဲဖြင့် ကိုင်းဥကင် များ မီးကင်၍ ရောင်းချနေသည်ကို တွေ့ မြင်နိုင်၏။

ကိုင်းဥကို ဝါးတံကလေးဖြင့် သီ၍ မီးကင်စားမလား။ မီးကင်လိုက်လျှင် နို့နှစ်ကဲ့သို့ အဆီများ ကိုင်းဥအတွင်းမှ ရှုပွက်ထွက်လာပြီးနောက် မီးအပူရှိန် ဖြင့် ခဲသွားတတ်သည်။

နို့ခဲနေသော ကိုင်းဥမီးကင်၏ အရ သာထူးကို စားဖူးသူများသာ သိသည်။

ကိုင်းဥကို ကြော်စား၍လည်း ရသည်။

သို့သော် ကိုင်းဥအကြော်သည် အနည်းငယ်မာပြီး ကိုင်းဥအကင် လောက် နူးညံ့ချိုဆိမ့်မှု မရှိလှ။

တစ်နှစ်မှ တစ်ခါသာပေါ်သော ကိုင်းဥများကို ကြွက်နီတို့ မောင်နှမ ရှာ ဖိုးကလေးရအောင် ရှာကြံရပေဦးမည်။

✡✡✡



ပုတ္တူးမ ကိုင်းဥများကို အားရပါးရ ချူးနေချိန်တွင် ကိုင်းပင်များအဖျားမှာ သိမ့်သိမ့်ခါနေသည်။

ကိုင်းပင်အချို့တွင် ဘုန်းကြီးစာခေါ် စာဝါကလေးများနှင့် စာဝတီးငှက်တို့၏ အသိုက်များကို တွေ့ရ၏။

စာဘူးတောင်းငှက်ကလေးများမှာမူ ဤကိုင်းတောထဲတွင် အသိုက်လုပ်လေ့ မရှိကြ။ သို့သော် ကိုင်းရွက်အနားတလေးများ၊ သက်ငယ်မျှင်များ၊ မြက်ပင်ရှည်များကို လာရောက်ဖဲ့ယူပြီး မြင့်မားလှသော အုန်းပင်၊ ထန်းပင်များအဖျားတွင်သေသေသပ်သပ်ကလေးစာသိုက် များကို ပြုလုပ်တတ်သည်။ အသိုက်ကို ပင် အထီးအသိုက်၊ အမအသိုက်ဟူ၍ ခွဲခြားလုပ်၏။

စာမ၏အသိုက်မှာ လုံလုံလဲလဲနှင့် အောက်ဘက်တွင် မြက်ပင်အမျှင် ကလေးများကို ပိတ်နေအောင် ရက်ပြီး အခေါင်းရှည်ရှည်ကြီးမှပင် သူတို့ ဝင်ရ၏။ မိုးလုံလေလုံ။

စာထီး၏အသိုက်မှာမူ အိပ်နားရန် တန်းနှင့်တကွ ပေါ့ပေါ့ပါးပါးကလေး ပြုလုပ်ထားလေ့ရှိကြသည်။

အံ့ဩစရာမှာ ညအခါ မှောင်မိုက်နေမှုကိုကာကွယ်ရန်အသိုက်၏အတွင်း ဘက်အထက်တွင် နွားချေးဖျော့ဖျော့ကို ကပ်ထားသည်။ ထိုနွားချေးတွင် ညအခါ တလက်လက်နှင့် ပျံသန်းတတ်သော ပိုးစုန်းကြူးတစ်ကောင်ကို ဖမ်း၍တပ် ထား၏။ ပိုးစုန်းကြူး၏ တလက်လက် အရောင်ကြောင့် စာသိုက်အတွင်းတွင် ရေနံဆီမကုန်၊ လျှပ်စစ်ဓာတ်အားမလိုဘဲ အလင်းရောင် ရနေသည်။

နေထိုင်မှုအဆင့်အတန်းမြင့်မားလှသော စာဘူးတောင်းငှက်များပါပေ။

ကြွက်နီတို့ကိုင်းတောထဲသို့တိုးဝင်လိုက်သောအခါ စာဘူးတောင်းငှက် ကလေးများမှာ အလန့်တကြားနှင့် ထပျံသွားကြသည်။

ဟော - ဟို အသိုက် ကတော့ တစ်မျိုး။

ကိုင်းပင်အကြားတွင် မသေမသပ် မလှမပနှင့် တုတ်ချောင်းကလေးများကို ထိုးထိုးထောင်ထောင်နှင့် ဖြစ်ကတတ် ဆန်းအသိုက်တစ်ခု။

ကြွက်နီက ဤအသိုက်ကို ကောင်း ကောင်း သိသည်။

ကိုင်းဥရှာရင်း ဟင်းစားတစ်ခွက်တော့ ရဦးမည်။

ဤအသိုက်ကား [illegible] ကြွက်သိုက်။

www.burmeseclassic.com

www.burmeseclassic.com



မြေကြွက်များ ရေကြီးသောအခါ မြေပြင်ရှိကြွက်တွင်းထဲ၌နေ၍မရတော့။ တိုင်းပင်များအရှားသို့တက်၍ နေရသည်၊ အချို့က စာသိုက်ဟောင်းများ၌ နေသည်၊ ယခုအသိုက်ကား ဖြစ်သလို ဆောက်၍နေသော ကြွက်သိုက်၊

မြေကြွက်များသည် ရေကျလျှင် မြေပြင်သို့ပြန်ဆင်းကြသည်။ သူတို့အဖို့ ရေကြီးနေစဉ်အတွင်း အစာအတွက် ပူပင်စရာမလို၊

ဤကိုင်းဥများသည်ပင် မြေကြွက်များ နှစ်သက်သောအစာ ဖြစ်သည်၊

ကြွက်နီသည် ပါလာသော စားရှည်ကို ဆုပ်ကိုင်ပြီးကြွက်သိုက်ရှိသော ကိုင်းပင်အား စားပြားနှင့်ရိုက်လိုက်သည်၊

ကိုင်းပင်မှာ သိမ့်သိမ့် ခါသွားပြီး အသိုက်တွင်းမှ ကြွက်နီ ထင်သကဲ့သို့ပင် အချိန်သုံးဆယ်သားခန့်ရှိသော မြေကြွက်မည်းမည်းကြီးတစ်ကောင် ကမူး ရှူးထိုး ပြေးထွက်လာသည်၊

ကြွက်နီ၏ လက်ကလည်း လျင် လိုက်ပါဘိ၊

စားသွားသည် မြေကြွက်ကြီး၏ ခေါင်းကို လှလှပပကြီး ခုတ်မိစေပြီး မြေကြွက်ကြီး ရေထဲသို့ ကျသွားသည်၊

မြေကြွက်ကြီးသည် သွေးရူးသွေးတန်းဖြင့်ယက်ကန်ယက်ကန်ရေထဲတွင် တစ်ချက်နှစ်ချက် ကူးပြီး ငြိမ်သွားတော့သည်။ သူ၏ဝန်းကျင်၌ မြေကြွက်၏ သွေးများမှာ ရေနှင့်ရောပြီး ခြင်းခြင်းနီလျက် ရှိ၏၊

ကြွက်နီက လှေကို မြေကြွက်ကြီးနားအရောက် အမြန်လှော်ပြီး မြေကြွက်ကြီး၏အမြီးမှကိုင်မ,ကာ လှေဝမ်းထဲသို့ ပစ်ထည့်လိုက်သည့်တစ်ခဏ၊

ကြွက်နီ မထင်မှတ်သော နေရာ ကိုင်းစပ်မှ ရှူးခနဲ အော်လိုက်သံနှင့် အတူလျှောခနဲရေထဲသို့ဆင်းသွားသော မြွေဟောက်ကြီးတစ်ကောင်၊

မြွေဟောက်သည်လည်း ကိုင်းဥကို အလွန်ကြိုက်သည်။ ယခုအကြိမ်မှာမူ သူ့အစာမှာ ကိုင်းဥ ဟုတ်မည်မထင်၊

အသိုက်ထဲမှ မြေကြွက်ကို ချောင်းမြောင်းနေခြင်းလည်း ဖြစ်နိုင်သည်၊

မြွေဟောက်ကြီး ချောင်းနေသော မြေကြွက်ကို ကြွက်နီက လက်ဦးသွားသည်ထင်သည်၊

တော်သေးသည်၊ ပူတူးမတို့မောင်နှမကြွက်ကိုမမြင်ပဲ ထိုကိုင်းတောထဲသို့ သာ တိုးဝင်သွားမိမည်ဆိုလျှင် ...



မြွေဟောက်ပေါက်လိုက်ပါက သေဟ်သာ၊

မြွေဟောက်သည် မြွေပွေးကဲ့သို့ မဟုတ်၊ ပိုပြီးလျင်မြန်စွာ သွားလာတတ်သည်၊ သူ့အဆိပ်ကလည်း ပြန့်လွယ်သည်၊ ငြိမ်ငြိမ်သက်သက်လည်း မနေတတ်၊ ကလေးနှင့် မိန်းမများဆိုလျှင် မြွေဟောက်က လိုက်တတ်သေးသည်၊

မြွေဟောက်မှာ မိမိနေထိုင်ရာ ဒေသအလိုက်၊ လိုက်လျောညီထွေစွာ အရောင်အနည်းငယ် ပြောင်းလဲတတ်သည်၊ သို့သော် မြွေပွေးလောက်တော့ အရောင်မပြောင်း၊

အများအားဖြင့် မြွေဟောက်၏ အရောင်မှာ ခဲသားပုပ်ရောင်ဆန်ဆန် ဖြစ်သည်၊ လှပစွာ ပါးပျဉ်းကို ခွက်နေအောင် ထောင်တတ်သည်၊ ဟိုမှသည်မှ ပြောင်းရွှေ့နေတတ်ပြီး တရှူးရှူးနှင့်လည်း ဘွန်တတ်သေးသည်၊

မြွေဟောက်၏ လည်ပင်းတွင် အစည်းရစ်တစ်ရစ် (သို့မဟုတ်) နှစ်ရစ် ရှိတတ်၏၊ ရှားရှားပါးပါးအချို့သုံးရစ်ပင် ရှိသည်၊ ထို့ကြောင့် ရှင်မဟာသီလဝံသ ၏ ဆုတောင်းခန်းပျို့တွင် "လည်ကြား သုံးရစ်၊ မည်းချစ်ရင်မြောက်၊ ရေမြွေ ဟောက်" ဟူ၍ စပ်ဆိုခဲ့ဟန်တူသည်၊

ဖက်ပိုးလောက်တွင် ညောင်ရွက်လိုလို မြင်းခွာလိုလို ပုံသဏ္ဌာန်ရှိသော အဝါကွက်တစ်ကွက် ရှိသည်၊ အဝါကွက်မှာ အချို့တစ်ခုနှင့်တစ်ခု မဆက်၊ ဂဝယ်တဲ့သို့ ဖြစ်နေ၍ အချို့မှာမူ ဆက်နေသည်၊

လည်ရစ်နှစ်ရစ်ရှိသောမြွေဟောက်မှာ ကွင်းဆက်ဖြစ်တတ်သည်၊ ကွင်းဆက်ဖြစ်လျှင် ပိုပြီးအဆိပ်ပြင်းသည်ဟု ဆိုကြသည်၊

လျင်မြန်စွာ ရေကူးနိုင်သော မြွေဟောက်သည်ကြွက်နီတို့မောင်နှမအဖေါ်း မှ လိမ်တွန့်၍ကူးခပ်ကာ ကြွက်နီ စားနှင့် လှမ်းမခုတ်နိုင်သေးမီ တစ်ဖက်ကိုင်း တောထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်၊

"တောက် - ပူတူးမရာ - ကြွက်သား အပြင် မြွေသားပါ စားရတော့မလို့ - ဟင်း"

ကြွက်နီ အားမလို အားမရ ပြော လိုက်သည်ကို ပူတူးမက -

"ဟင်း - အစ်ကိုကြွက်နီက ပြော ရော့မယ်၊ မြွေသားမစားရဘဲ ပိုးထိမြွေ ဆေးကာကြီးဆေးခန်း မရောက်သွားဘဲ တော်လှပြီ"

ဟုတ်ပေသည်၊ ပူတူးမှာ မိန်းခ သားပီပီ ကြီးမားသော မြွေဟောက်ကြီး

www.burmeseclassic.com

တစ်ကောင် လိမ်ကာ တွန့်ကာဖြင့် သူ့အနားမှကပ်၍ရေကူးသွားသည်ကိုမြင်လိုက်ရသဖြင့် ကြောက်ရွံ့တုန်လှုပ်နေ၏။

ကြွက်နီတို့လှေသည် မြွေဟောက်နှင့်မြွေကြွက်တို့ကိုတွေ့သောကိုင်းတောမှထွက်ခွာ၍ခပ်လှမ်းလှမ်းမှကိုင်းတောတစ်တောသို့ ကိုင်းဥရှူးရန် လှော်ခဲ့ကြပြန်သည်။

ကိုင်းတောစပ်မှလွန်လျှင်ဖုံထောင်မြှုံးများ ထောင်ထားပြီး မြှုံးဘေးမှ ကာထားသော ယင်းများကို ကွေ့ဝိုက်၍ လှော်ခဲ့၏။

ယင်းပေါ်တွင် နားပြီး ငါးကလေးများ၊ ပုစွန်ကလေးများကို ထိုးသုတ်ရန်စောင့်နေသော ရေတိန်ညင်းငှက်ကလေးတစ်ကောင်မှာ ကြွက်နီတို့လှေကိုမြင်လျှင် လန့်၍ ပျံသွား၏။ သူ၏ ပါ၍ရှည်သော နှုတ်သီးနှင့် စိမ်းပြာရောင်တောက်နေသော ကိုယ်လုံး၊ ကြေးနီရောင်ရင်ဘတ်နှင့် သန္တာကဲ့သို့ နီမြန်းသော ခြေထောက်ကလေးများမှာ လှပလိုက်ပါဘိ။

တစ်ဖက်ကိုင်းစပ်သို့ ရောက်လျှင် ပုတူးမသည် စောစောက မြွေဟောက်ကိုတွေ့၍ ကြောက်လန့်မှုများ ဘယ်ရောက်သွားသည်မသိ။ ဝမ်းမြောက်စွာဆွေ့ဆွေ့ခုန်နေသည်။

အဘယ်မှာလျှင် ပုတူးမ ဝမ်းမသာပဲ နေနိုင်ပါမည်နည်း။



ငါကွာ–ရေထဲမှာ မြွေပွေးတစ်ကောင်တွေ့လို့ သုံးခွမှိန်းနဲ့ ထိုးပြီး ရေထဲမှာပဲ စိုက်ထားခဲ့တယ်။ နောက်တစ်နေ့မှာ ရေထဲကို သွားဖော်တော့ အဲဒီမြွေပွေးဟာ ရေအောက်မှာ တစ်နေ့လုံးနေရပေမယ့် ရေမွန်းပြီးမသေပဲ အသက်ရှင်နေသေးတာကို တွေ့ရတယ်ကွာ။



ကိုင်းတောတစ်ခုလုံးမှာ မည်းမည်းအသီးကလေးများ စီရရီနှင့် ကိုင်းဥများကိုတွေ့လိုက်ရသောကြောင့်ပေတည်း။

✡✡✡

ပုတူးမသည် ကိုင်းဥများကို အငမ်းမရ တစ်ပင်မှ တစ်ပင်သို့ ကူး၍ရှူးနေသည်။ ကိုင်းပွင့်ဖြူဖြူကလေးများပင် အငြိမ်မနေနိုင်ရှာကြ။

ကြွက်နီမှာ ပုတူးမ သွားလာလိုရာသို့ လှေပဲ့ထိန်းပေးပြီး မျက်စိကလည်း အငြိမ်မနေ။

ကိုင်းပင်အကြားသို့ စူးစူးစိုက်စိုက်ကြည့်သည်။ ကိုင်းပင်အပေါ်မှ အသိုက်နှံ့စုံကိုလည်း လှေ့လာသည်။

ထပ်မံ၍ မြွေကြွက်ကြီးများ ရနိုင်သေးသည်။ တစ်ချိန်တည်း စောစောကတွေ့ရသလို မြွေများနှင့်လည်း တွေ့နိုင်သေးသည်။

မြွေကြွက်များကိုမူ တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ ဖြီာရေးမကြီး။ မြွေကြွက်က ကြိုတင်မြင်၍ ပြေးသွားလျှင်ကြွက်နီအဖို့ မြွေကြွက်တစ်ကောင်လေသည်သာ ဖြစ်မည်။

ကြွက်နီက ကြိုတင်မြင်လျှင်မူ စောစောက ရထားသော မြွေကြွက်ကြီးနှင့်အတူဟင်းအိုးတစ်အိုးထဲသို့ရောက်သွားမည်။

သို့သော် ...

မြွေကိုမူ ကြီးစွာသတိထားရမည်။

သတိမထား၍လည်း မဖြစ်။

မြွေကကြွက်နီတို့ကိုကြိုတင်မြင်ပြီးရှောင်မပြေးပဲ ပေါက်လိုက်မည်ဆိုပါက ...

ပေါက်သည့်မြွေကလည်း အဆိပ်ပြင်းသောမြွေဖြစ်ပါက ...

မြွေပေါက်ခံရသူအသက် ဆုံးရှုံးသည်အထိ အန္တရာယ်ရှိနိုင်သည်။

အဲ ... ကြွက်နီတို့က လက်ဦးလျှင်မူ ...

မြွေသားဆိုသည်မှာ ကြွက်နီတို့အဖို့စားကောင်းသောအသားဖြစ်သည်။

ကြိုက်တတ်သူများအဖို့မြွေသားတိုကြက်သားနှင့်ပင် မလဲနိုင်။

လင်းမြွေသားသည် စား၍ကောင်းလှပါ၏။ ထို့ထက် စပါးကြီး၊ စပါးအုံး၊ မြွေပွေး၊ မြွေဟောက်တို့၏ အသားမှာမူ အကောင်းဆုံး ဖြစ်သည်။

တစ်ခုတော့ ရှိသည်။

အဆိပ်ပြင်းသောမြွေအဆိုးများကိုမူ စိရောဂါရှိသူများ မျက်စိကောင်းမွန်သူများအတွက်သာ ရှောင်ကြဉ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေစားမိလျှင် မျက်စိများ ပိုမိုမှုန်သည်၊ မျက်စိဝေသည်၊ မျက်စိရောဂါ တိုးသည်ဟု ပြောကြသည်။

ဘာပဲဖြစ်ဖြစ်၊ အဘိုးဖြစ်သူ အဘ ညက်မှာ အသက်ကြီး၍ မျက်စိမှုန်သူမို့ မစားချင် နေပါစေ။

ကြွက်နီနှင့် ပုတူးမတို့လို ငယ်ရွယ်သူ မောင်နှမကမူ အဆိပ်ပြင်းသောမြွေသားကိုမှ ပိုမိုကြိုက်သည်။

မည်သည့်ကိုင်းတော ချုံစပ်မှ မြွေဟောက်တစ်ကောင် လျှောဆင်းလာမည်နည်း။ သို့မဟုတ် ကိုင်းပင်များကို လိမ်ပတ်၍ ကိုင်းဥကို စားနေရှာမည်နည်း။

သူတို့ကို မကြောက်သော မြွေကြီးတစ်ကောင်ကောင်ကပင် ရန်ပြုရန် ရေထဲမှ ကူးခတ်ကာ လှေပေါ်သို့ အရောက် လိုက်လာမည်လော။

ကြွက်နီသည်ဓားရှည်ကိုအရန်သင့်ထား၍ ပတ်ဝန်းကျင်ကို သိမ်းငှက်၏ မျက်စိကဲ့သို့ အလွတ်မပေး ကြည့်နေမိသည်။

လှုပ်ရှားတတ်သည့် မြွေဟောက်ကဲ့သို့သော မြွေမျိုးက အရေးမကြီး။

မြွေဟောက်ကဲ့သို့ပင် ကိုင်းဥကို အလွန်ကြိုက်သော မြွေပွေးကိုပိုမိုသတိထားရသည်။

မြွေပွေးသည် မြွေဟောက်ကဲ့သို့ မဟုတ်။ သူ့ကို မထိသမျှ ဘယ်သူ့ကိုမှ အန္တရာယ်မပေး၊ မကိုက်။

သို့သော် သူ့ကို ထိလိုက်သည်နှင့် တစ်ပြိုင်နက် မြွေဟောက်ထက် ဆယ်ဆသော လျင်မြန်နှုန်းဖြင့် မလွတ်တမ်း ပေါက်နိုင်သည်။

တချို့က သူ့ကိုယ်ပေါ်လာနားသော ယင်ကောင်ကိုပင် မလွတ်အောင် ပေါက်နိုင်သည်ဟု ပြောကြဆိုကြသည်။

ဤမျှလောက်မလျင်မြန်သည့်တိုင် မြွေဟောက်ထက် လျင်မြန်သည်တော့ အမှန်။

မြွေပွေး၏အဆိပ်သည် မြွေဟောက်၏ အဆိပ်ကဲ့သို့ပင် ပြင်းသည်။ ဆေးမမီက အသက်ဆုံးရှုံးနိုင်သည်။

မြွေပွေးသည် အနေလည်း ကျစ်၏ လှုပ်လှုပ်ရှားရှားမလှုပ်၊ တည်ငြိမ်စွာ နေတတ်သည်။ ရုတ်တရက်လည်း မြင်တွေ့ရန် မလွယ်ကူ။

ဒေသလိုက် အရောင်ပြောင်းလဲမှုလည်း ရှိသည်။

သို့သော် အများအားဖြင့် ကြောင်ရောင်နှင့် မည်းညိုညိုအရောင်များ ရှိတတ်သည်။ ဗိုက်သား၏ အရောင်မှာ အဖြူပေါ်၌ အမည်းစက်ကလေးများ ရှိသည်။



မြွေဟောက်လို ပါးပျဉ်းမထောင်၊ အသံမြည်၍လည်း မတွန်၊ မြွေဟောက်ထက်ကိုယ်လုံးကပိုတုတ်ပြီးကျောဘက်၌ အနက်ကွက်များ ရှိတတ်သည်။ မြွေပွေးကွက်ကို မြင်ရုံနှင့် ကြောက်စရာကောင်းလှ၏။

မြွေဟောက်ကဲ့သို့ လျင်မြန်စွာ ရေမကူးနိုင်သော်လည်း ရေထဲတွင် ငြိမ်ငြိမ်သက်သက်၊ ကိုယ်ဖော့၍နေနိုင်သည်။ ရေအောက်တွင်ငုပ်၍ နာရီပေါင်းများစွာလည်း နေနိုင်သည်။

ကြွက်နီ၏သူငယ်ချင်းတစ်ယောက်ဖြစ်သော ပေသာ ဆိုသူက ပြောဖူးသည်မှာ -

"ငါကွာ - ရေထဲမှာ မြွေပွေးတစ်ကောင်တွေ့လို့ သုံးခွမှိန်းနဲ့ ထိုးပြီး ရေထဲမှာပဲ စိုက်ထားခဲ့တယ်၊ နောက်တစ်နေ့မှာ ရေထဲက သွားဖော်တော့ အဲဒီမြွေပွေးဟာ ရေအောက်မှာ တစ်နေ့လုံးနေရပေမယ့် ရေမွန်းပြီးမသေပဲ အသက်ရှင်နေသေးတာကို တွေ့ရတယ်ကွာ"

ဟူသော စကားကို ကြားဖူးသည်။

ပေါ်သာက ဆက်ပြောလိုက်သေးသည်။

"မြွေပွေးဟာ နေရာမရွေးဖြစ်သလို နေနိုင်တယ်၊ မင်း မယုံရင် မြွေပွေးသေးတစ်ကောင်ကို တွင်းကျယ်ကျယ်တူးပြီးထည့်၊ အပေါ်က ကျောက်ပြားကြီးကြီးနဲ့ ပိတ်ထား။ တစ်လလောက်ကြာမှ ဖွင့်ကြည့်၊ မသေဘူးကွ၊ မြေကြီးသာစားပြီး အသက်ရှင်နေနိုင်တယ်" တဲ့။

ဟုတ်၊ မဟုတ်တော့ မသိ၊ ဤမျှ အထိ မြွေပွေးကိုအထင်ကြီးပြီး ပြောကြဆိုကြ၊ ကြောက်ရွံ့ကြသည်။

ယခုလည်း မြွေဟောက်ထက် မြွေပွေးကို ကြွက်နီ ပိုမိုသတိထားပြီး ကြည့်သည်။

ကိုင်းပင်ချုံပင်များသာမက ရေပေါ်ကိုပါ ကြည့်သည်။

ပုတူးမအဖို့ကား ဘာမျှသတိမရ။ သူ၏ အာရုံ၌ ကိုင်းပင်အဆစ်များတွင် သီးနေသော ကိုင်းဥများကိုသာ လက်သွက်သွက်ဖြင့် လောဘတကြီး ခူးလိုသောဆန္ဒသာ ရှိနေသည်။

ကိုင်းဥများကို တောင်းနှင့် အပြည့်ထည့်ပြီး ခနဖြုံရေး၌ ဈေးတောင်းကောင်းနှင့် ရောင်းလိုက်မည်ဟူသော စိတ်ကူးသာလျှင် ရှိမြဲရှိမည်။

ထိုစဉ် -

"ဟေ့ - ဟေ့ - ပုတူးမ - ပုတူးမ - ကိုင်းဥကို မခူးလိုက်နဲ့ - ခူးလိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားအသံကြီးဖြင့် ကြွက်နီ၏လေ့ပဲ့မှအော်လိုက်သံကြောင့် ပုတူးမမှာ ယောင်တိယောင်ချာဖြင့် ကိုင်းဥချူးမည့်ဆဲဆဲမှာ လက်ကို ရုတ်သိမ်းလိုက်သည်။

ကြွက်နီသည် ပုတူးမအား ပြောနေသည်နှင့်တစ်ချိန်တည်း ပုတူးမ ကိုင်းဥချူးမည့်ဆဲဆဲ ကိုင်းပင်အရင်းရှိ ရေထဲသို့ သူ၏ ဓားရှည်ဖြင့် လွှဲ၍ ခုတ်ချလိုက်သည်။

ကိုင်းပင်မှာ တိခနဲပြတ်၍ ရေထဲသို့ လဲကျသွားသည်။ ဓားသွားအရှိန်ကြောင့် ရေများမှာ ဖွာ၍ တက်လာသည်။

ဒေါက်ခနဲ လေ့နံရံအစွန်းမှ အသံတစ်သံကိုလည်း ကြားလိုက်သည်။

ပုတူးမသည် ဒေါက်ခနဲ ကြားလိုက်ရသော လေ့နံရံကို အမှတ်မထင် ကြည့်လိုက်မိသည်။

အလိုလေးလေး ...။

လေ့နံရံအစပ်ကို ကိုက်ခဲထားသော သွေးရဲရဲနှင့် မြွေပွေးခေါင်းပြတ်ကြီး တစ်ခု။

ရေပေါ်တွင် သွေးရဲရဲဖြင့် တွန့်လိမ်နေသော ခေါင်းမပါသည့် မြွေပွေးကိုယ်လုံးကြီးမှာ လက်ကောက်ဝတ်ခန့် အလုံးရှိသည်။

ကြွက်နီက ဓားဖြင့်ပင် ရေထဲမှ မြွေကိုယ်လုံးကြီးကို ကော်ဆယ်လိုက်ပြီး လေ့ဝမ်းထဲသို့ ထည့်လိုက်၏။

"ပုတူးမ - နင်နည်းနည်းပဲလိုတော့တယ်"

ဟူးခနဲ သက်ပြင်းကြီး တစ်ချက်ချရင်း ကြွက်နီက ပြောလိုက်သည်။

ပုတူးမ၏ရင်မှာ သိမ့်သိမ့်ခုန်နေ၏။ မျက်နှာတစ်ခုလုံးမှာ သွေးမရှိသလို ဖြူနေသည်။

တော်ပြီ - ရှေ့ဆက်ပြီး ကိုင်းဥရှာလို့လည်း ရတော့မည်မဟုတ်။

မြွေပွေးခေါင်းကို ဓားဖြင့် ခုတ်လျှင်လည်း ကြွက်နီခုတ်သကဲ့သို့ မခုတ်ရ။

ဖြစ်နိုင်လျှင် ခေါင်းမပြတ်ရုံ ခုတ်ရသည်။ ခေါင်းနှင့်ကိုယ် တည်းတည်းမျှ ဖြစ်နေလျှင် လုံလောက်သည်။

ယခုလို ခုတ်၍ခေါင်းပြတ်သွားလျှင် ရောက်ရာအရပ်မှ မည်သည့်အရာဝတ္ထုကိုမဆို မြွေပွေးခေါင်းပြတ်က မလွှတ်တမ်းကိုက်ခဲတတ်သည်။ ဤသို့အကိုက်ခံရသော သတ္တဝါမှာ မြွေပွေးအရှင်တစ်ကောင်အကိုက်ခံရသည်နှင့်ဘာမျှမခြားနား။ လုံ (သို့မဟုတ်) မိန်းနှင့် ထိုးခြင်းသာ အကောင်းဆုံး။



မြွေဆိပ်သည် မြွေပွေး၏ ဦးခေါင်းပိုင်း အဆိပ်အိတ်အတွင်း၌ အပြည့်ရှိသည်။

ယခုမူ ဓားရှည်ကို ချိန်ဆနေရန် အချိန်မရတော့သော ကြွက်နီမှာ နှမဖြစ်သူ၏ အသက်ဘေးအတွက် ကမန်းကတန်း အတိုင်းအဆမရှိ ခုတ်ချလိုက်ခြင်းဖြစ်သည်။

ကြွက်နီ၏ စိုးရိမ်မှုဇောဖြင့် ခုတ်ချလိုက်သော ဓားချက်သည် မြွေပွေးခေါင်းသာမက ကိုင်းပင်ပါ ပြတ်သွားသည်။

ပြတ်သွားသော မြွေပွေးခေါင်းက ပုတူးမ (သို့မဟုတ်) ကြွက်နီ၏ကိုယ်ပေါ်သို့သာ ကျသွားပါလျှင် ကြွက်နီ၏ ကြိုးစားမှုသည် အချည်းနှီးမျှသာ။

ကြွက်နီ စောစောက မြင်ရသည်မှာ -

ပုတူးမသည် ကိုင်းပင်ကြီးတစ်ပင်၏ရေစပ်စပ်အောက်ဆုံးအဆစ်နားတွင် ကြီးမားသော ကိုင်းဥကြီးတစ်ဥကို တွေ့လိုက်သည်နှင့် အားရဝမ်းသာ ချူးရန် လက်လှမ်းလိုက်သည်။

သို့သော် ကြွက်နီ မြင်လိုက်ရသည်မှာ -

ကိုင်းဥအနားတွင်ကပ်၍ရေထဲတွင် တစ်ကိုယ်လုံးမြှုပ်ထားပြီး ခေါင်းပိုင်းသာ ရေပေါ်၌ ဖော်ထားသော ကိုယ်ဖော့ထားသည့် မြွေပွေးကြီးတစ်ကောင်၏ ဦးခေါင်း။

မြွေပွေး၏ ဦးခေါင်းမှာ ရုတ်တရက် ကြည့်လျှင် မမြင်နိုင်။ ရေပေါ်တွင် ရှိတတ်သော ကြာဖူးတစ်ဖူးကဲ့သို့ ဖြစ်နေသည်။

ပုတူးမ လက်ကမ်းပြီး ကိုင်းဥချူးစဉ် သူ၏ခေါင်းကို ထိလိုက်မိသည်နှင့်တစ်ပြိုင်နက်။

တွေးဝံ့စရာပင် မရှိတော့။

မြွေပွေး၏ အဆိပ်ဒဏ်ဖြင့် အလွန်ကံကောင်းမှ ဆေးခန်းသို့ ပုတူးမ အသက်နှင့်တကွ ရောက်လာနိုင်ပါမည်။

ကိုင်းဥချူးရန် လှမ်းလိုက်သော ပုတူးမ၏ လက်တစ်ကမ်းသည် အလွန် အရေးကြီးသော လက်တစ်ကမ်း ဖြစ်သည်။

ပုတူးမ၏ "လက်တစ်ကမ်းအလို" သည် တစ်နည်းအားဖြင့် သေမင်းပြည်သို့ ရောက်ရန် "လက်တစ်ကမ်းအလို" ဟုဆိုလျှင်လည်း မှားနိုင်မည်မထင်။

မြွေပွေးကို မျက်ဝါးထင်ထင် မြင်လိုက်ရသဖြင့်သာ ကြွက်နီသည် သေမင်းနှင့် "လက်တစ်ကမ်းအလို" တို့မှ တိုင်းတာခန့်မှန်းလိုက်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခက်ခဲပင်ပန်းစွာ ဝမ်းတစ်ထွာတိုက်ပွဲကို နွေးစဉ် ဆင်နွှဲနေရသော မိမိတို့လို တံငါသည်များ၏ ဆင်းရဲခြင်း ဘဝမှ လွတ်မြောက်ရေးသည်ကော ...။

⇨ မောင်သိက္ခာ

သေး

ဖြုး

တို

လေနာ


(၁) နံနက်အိပ်ရာထတိုင်း ဆားကို မန်ကျည်းစေ့ခန့် သောက်ပေးပါ။ နာတာရှည်လေနာပျောက်၏။

(၂) ခွေးလှေးယားမြစ် သတ္တုရည်ကို တစ်လတိတိ သောက်ပါ။

(၃) ကသစ်ရွက်၊ ပိုးစာရွက်၊ ကြာဟင်းညွှန့်(၃)မျိုးကိုဟင်းချိုချက်၍မကြာခဏ သောက်ပေးပါ။ လေနာလေပြင် ကွဲ၍ ကျ၏။

(၄) ကြက်သွန်ဖြူကို နှမ်းဆီနှင့်စိမ်၍ ဆားအနည်းငယ်ထည့်ပြီးထမင်းမစားမီ စားပါ၊ ပျောက်၏။

(၅) ဆင်တုံးမနွယ် နုပ်နုပ်စဉ်း၊ ရေနှင့် ညောင်စေးကျအောင်ကျို့ထောပတ်နှင့် စားပါ။




www.burmeseclassic.com

www.burmeseclassic.com



## ခေတ်ကာလအားဖြင့်

ဖက်ဆစ်ဂျပန်တို့က မြန်မာပြည်မှ ထွက်ခွာသွားခဲ့ကြပြီး နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာ ခါစ အုပ်ချုပ်ရေးယန္တရားလျော့တိလျော့ ရဲ အားနည်းနေချိန်၊

လူတစ်ယောက်သည် အဝတ်အစားကို ဖိုသီဖတ်သီ ဝတ်ဆင်ထားလျက်ရှိပြီး ဦးထုပ်ဟောင်းတစ်လုံးကို မျက်နှုံးဖုံးကွယ်သည်အထိဆောင်းထားသည်၊ သူ၏မျက်လုံးအစုံက ကျီးကန်းတောင်းမှောက် အသွင်သဏ္ဌာန်ဖြင့် ဝတ်ဝန်းကျင်ကို ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်ရှုစမ်းနေသည်၊

သူသည်မရိတ်သင်ထားသောမုတ်ဆိတ်မွေးငုတ်တိုများ ထိုးထိုးထောင်ထောင်နှင့်ဖြစ်သည်၊ သူဝတ်ဆင်ထားသော ကာကီဘောင်းဘီရှည် ပွယောင်းယောင်း၏ ညာဘက်အိတ်ထဲတွင် ညာလက်ကို ထည့်ထားသည်၊ ထိုလက်ချောင်းများသည် ပြောင်းတိုသေနတ်တစ်လက်ကိုအစဉ်သဖြင့် ဆုပ်ကိုင်ထားလျက်ဖြစ်သည်၊

အကျီမှာ ဖျင်ကြမ်းအကျီမျှသာဖြစ်ပြီး အရောင်အဆင်မပေါ်ပဲ ချေးများ ဖုန်မှုန့်များဖြင့် ပေကျံနေသည်၊ စီးထားသော ရာဘာဖိနပ်ထိပ်မှ ဟပြဲနေသောကြောင့် ရွှံ့များ ဖုံးလွှမ်းနေသော ခြေချောင်းများကို တွေ့ရသည်၊

သူသည် လမ်းသွားလမ်းလာများနှင့် ခပ်ခွာခွာ လျှောက်သည်၊ အထူးသဖြင့်အမှောင်ရိပ်ကျသောနေရာများမှောင်ရိပ်ခို၍ သွားခြင်းဖြစ်သည်၊ ဈေးနှင့်နီးလာသောအခါ လှုရှည်လည်ပုံရသော လူငယ်ဆယ်ကျော်သက်တစ်ယောက်အနီးသို့ ချဉ်းကပ်သွားသည်၊

**ခေတ်ပျက်နေချိန်ကာလတွင်**

**ရာဇဝတ်သားတစ်ယောက်ကို အဆောင်ယောင်**

**ဖမ်းဆီးရာတွင် ဥပါယ်တံမျဉ်ဖြင့် ဤသို့ ..**



"ဒီနားတစ်ဝိုက်မှာ မနီဆိုတဲ့ မိန်းမတစ်ယောက် ဘယ်မှာနေသလဲ - မင်းသိလား"

"မနီဆိုတဲ့မိန်းမက သုံးယောက်လောက်ရှိတယ်၊ ဘယ်မနီကို ပြောတာလဲ"

လူငယ်က ခြေဆုံးခေါင်းဆုံးကြည့်ပြီးစက်ဆုပ်သည့်အမူအရာဖြင့် ပြန်မေးသည်၊

"ဖိုးရွှေရဲ့မယားမိနီပေါ့ကွာ၊ သူအခုဘယ်မှာရှိမလဲ"

"ဒီအတိုင်းမေးရင်တော့ မသိဘူးလို့ပဲ ဖြေရမယ်"

လူငယ်က လက်ညှိုးနှင့် လက်မကို ပွိုင်းပြသည်၊

ထိုသူသည် ဘယ်ဘက်ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူတစ်စောင်ကို နှိုက်ထုတ်၍ လှမ်းပေးသည်၊

"ဖိုးရွှေမိန်းမမနီကို အဲဒ့ဟိုညာဘက်ခြမ်းက စားသောက်ဆိုင်ထဲမှာ တွေ့လိမ့်မယ်၊ ဒါပေမဲ့ - သူကမနီးစပ်စပ်ချုပ်မှ လာတတ်တယ်"

ဟု ပြောရာမှ တစ်ဆက်တည်း -

"ခင်ဗျားကို ကျုပ်တွေ့ဖူးပါတယ် မှတ်နေတာ၊ လက်စသတ်တော့ ဟိုတစ်လောက "အလိုရှိသည်" ဆုငွေထုတ်ထားတဲ့ထောင်ပြေးမိုက်ခဲမဟုတ်လား"

ဟူ၍ မေးခွန်းထုတ်သည်၊

"ကောင်လေး - မင်း ငယ်ပါသေးတယ်ကွာ၊ အသက်ရှည်ရှည်နေချင်ရင် အဲဒီအကြောင်းနဲ့ပတ်သက်ပြီး မစပ်စုနဲ့နားလည်လား"

ထောင်ပြေးမိုက်ခဲသည် သွားနှစ်တန်းစေ့လျက် ဝမ်းခေါင်းသံဖြင့် သတိပေးလိုက်သည်၊

လူငယ်က ဦးခေါင်းတဆတ်ဆတ်ညိတ်ပြသည်၊

"ဟုတ်တာပေါ့ - ဆုငွေဝါးရာ ဆိုတာ ဘယ်လောက်ကြာကြာ အသုံးခံမှာလဲ၊ ကျုပ်က ငွေရဖို့ထက် အသက်ရှည်ရှည်နေရတာကို ပိုပြီးသဘောကျတယ်ဗျ"

လူငယ်၏စကားမဆုံးမီ မိုက်ခဲက သူ့မျက်မှောက်မှ ထွက်ခွာသွားလေပြီ၊ လူငယ်သည် မိုက်ခဲထွက်သွားရာနှင့် ဆန့်ကျင်ဘက်သို့ မျက်နှာမူကာ ဆက်လျှောက်သွားသည်၊

✡✡✡✡

အချိန်အားဖြင့် "သူငယ်တို့ဆိတ်ကြက်တွန်သံ ထွက်ပေါ်လာပြီး၊ "ဆိပ်ကမ်းသာ" ဆိုင်းဘုတ်ချိတ်ဆွဲထားသော

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ထဲတွင် ခေတ်ပျက်သူဌေးအချို့စားသောက်ဖြုန်း၊ သုံးနေကြရာမှ တစ်စတစ်စ လူရှင်းစ ပြုလေပြီ။

စားသောက်ဆိုင်နှင့်မားလွယ်ခုတ်ကုတ္တိုပြင်ကြီး၏ အမှောင်ရိပ်ထဲတွင် မိုက်ခဲသည် ကွမ်းတစ်ရာ ညက်သည်အထိ စိမ်ပြေနပြေ ဝါးလျက် စိတ်ရှည်ရှည် ထိုင်စောင့်သည်။

ကြက်တွန်သံသည် သူထိုင်နေသော ကုတ္တိုပြင်ကြီးအထက်မှ ထွက်ပေါ်လာသည်။ ထိုအခါ မိုက်ခဲက ထိုင်ရာမှထ၍အညောင်းဆန့်လိုက်ပြီးလျှင် ပါးစပ်ထဲမှ ကွမ်းဝါးဖတ်များကို အကုန်အစင်ထွေးထုတ်စွန့်ပစ်သည်။

စားသောက်ဆိုင်ရှိရာသို့တစ်လှမ်းချင်းလှမ်း၍ အတွင်းသို့ ဝင်သွားသည်။

ဖိုးရွှေမိန်းမမနီသည်အပေါ်စားပွဲနာရေချက်ကို လိမ်းခြယ်ထား၍ နှုတ်ခမ်းကိုရဲတွတ်နေအောင် ဆိုးထားသည်။ ထိုခေတ်ထိုအခါကမိန်းမတိုင်းစွဲစွဲမက်မက်နှစ်သက်လေ့ရှိသော လေထီးပိတ်စအကျီနှင့်ကြက်သွေးရောင်ပိုးသားထဘီကို တင်းတင်းရင်းရင်း ဆင်မြန်းထားသည်။



မကြာခင် မိနီ လိုက်လာလိမ့်မယ်။ တို့နှစ်ယောက် ပြည်မက ထွက်ခွာနိုင်အောင် စီစဉ်ရဦးမယ်။ မင်းလဲ–ငါလိုပဲ ဆုငွေငါးရာထုတ်ထားတဲ့ ထောင်ပြေးသမား ဘဝတူတွေ မဟုတ်လား။ နှစ်ယောက်ပေါင်း ဆုငွေတစ်ထောင်ကြီးများတောင်–အဟက်–အဟက်။



ထို့ကြောင့် သူမ၏ သွယ်လျသော ကိုယ်လုံးရှိ အသားစိုင်များသည် ဝတ်စားဆင်ယင်ထားသည့်အတွင်းမှ ရုန်းထွက်နေသည့်အလားမှတ်ထင်ရသည်။ စင်စစ်အားဖြင့် မိနီသည် မျက်နှာပင်ကိုဖြစ်သော မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့က အဆင်ပြေသည်။ သို့ရာတွင် ခိုးလိမ်းခြယ်သမှု လွန်ကဲသောကြောင့် အပေါစားမိန်းမပျက်နှင့် ပို၍တူနေသည်။

ပို၍တူသည်မှာ သူမရှေ့တွင်ချထားသောဖန်ခွက်ထဲတွင်ရေရောထားသောအစ်ရွှေရည်သောက်လက်စ ထက်ဝက်ကျန်သေးသည်။ မိုက်ခဲက မိနီနှင့်နီးနီးကပ်ကပ်နေရာသို့ ခွေးခြေတစ်လုံး ဆွဲယူ၍ရာချ၍ထိုင်သည်။

ထို့နောက် မပြောမဆိုပဲနှင့် မိနီရှေ့မှ ယမကာခွက်ကို ဆွဲယူ၍နှစ်သက်မက်မောစွာ တောက်လျှောက် မော့သောက်ချလိုက်သည်။

"အာပါး – အကောင်းစား၊ ချော်နီ ထမ်းလျှောက်သမားပါလား"

မိုက်ခဲ၏နှုတ်ဖျားမှ အာမေဋိတ်သံ ထိုးတိုးထွက်သွားသည်။ မိနီက ရှုံ့မျက်နှာကို ဖျတ်ခနဲ တစ်ချက်ကြည့်ရုံနှင့် မှတ်ခိုလိုက်သည်။

"ဟယ် – ငါးရာတန် ထောင်ဖောက်ပြေးသမားကြီးပါလား။ ဘာကိစ္စနဲ့ကျွန်မရှေ့ကို ရောက်လာတာလဲ"

အကင်းပါးသောမိနီက နှစ်ကိုယ်ကြားလေသံဖြင့် မေးခွန်းထုတ်သည်။

"ငါသိချင်တာက နင့်ယောကျ်ားရှိမယ့်နေရာ ဘယ်မှာလဲ၊ အရေးတကြီး တွေ့ချင်တယ်။ အပိုတွေ ဘာမှမကြားချင်ဘူး။ ငါပြောတာ ရှင်းလား၊ ဖိုးရွှေ အခု ဘယ်မှာရှိမလဲ"

မိုက်ခဲ၏ မြွေပွေးနှင့်တူသော မျက်လုံးတစ်စုံထဲတွင်အနိုင်းမဲ့ရက်စက်ကြမ်းကြုတ်မှု အရောင်တောက်ပနေသည်။ လူသတ်ခြင်း ဟူသည် မိုက်ခဲအတွက် ပုရွက်ဆိတ်တစ်ကောင်ကို ဖိနင်းချေသလောက်မျှသာဖြစ်ကြောင်း မိနီ သိသည်။

"ကောင်းပြီလေ၊ ကျွန်မ အခုချက်ချင်း စားသောက်ဆိုင်ထဲက ထွက်သွားပြီး ဆိုက်ကားငှားမယ်၊ ရှင့်ကို တင်ဆောင်လိုက်မယ်။ ဟော့ဒီတာလမ်းအတိုင်း ရှေ့ကို တည့်တည့်သွားလို့ လမ်းဆုံးတာနဲ့ ညာဘက်ကိုချိုး၊ တစ်ဖာလုံလောက်အရောက်မှာ စစ်အတွင်းက ဗုံးထိလို့ ပြိုပျက်နေတဲ့ တိုက်ပျက်ကြီးတစ်လုံးရှိတယ်။ အဲဒီတိုက်ပျက်ကြီးထဲမှာ သူ့နာမ်

www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မယ်၊ ညဆိုရင် ဘယ်သူမှ အဲဒီ့အနားကိုမသွားရဲဘူး၊ သရဲခြောက်လွန်းလို့၊ ကဲ - ရှင့်အတွက် ဆိုက်ကားသွားငှားမယ်၊ ဆိုက်ကားသမားကလည်း ရှင့်ကို လမ်းထိပ်အထိပဲ ပို့ပေးမှာ၊ နောက်ထပ်နာရီဝက်လောက်ကြာရင် ကျွန်မ လိုက်လာခဲ့မယ်၊ လောလောဆယ် ရှင်တို့နှစ်ယောက် မောတို့ကုန်းမြေမြင့်ဒေသကို အရောက်ပို့ဖို့ စီစဉ်လိုက်ရဦးမယ်"

✡✡✡

တိုက်ပျက်ကြီးအတွင်းထဲတွင် တညင်ဆီမီးခွက်တစ်ခွက် ထွန်းထားသည်၊ အလင်းရောင်မှိန်ပျပျထဲတွင် ဖိုးရွှေကို တွေ့ရသည်၊ သူ၏မျက်နှာကြီးက အဆီပြန်နေသည်၊ မိုက်ခဲနည်းတူ မုတ်ဆိတ်ငုတ်တိုများ ကျိုးတိုးကျဲတဲနှင့် ဖြစ်သည်၊

"ကိုယ့်လူ - လိုက်လာလိမ့်မယ် လို့ ထင်သားပဲ၊ မိနီရော မပါဘူးလား"

ဖိုးရွှေရှေ့တွင် ယမကာပုလင်းတစ်လုံးနှင့် ပြောင်းတိုသေနတ်တစ်လက် ချထားသည်ကို တွေ့ရသည်၊ မိုက်ခဲက မျက်နှာချင်းဆိုင် နေရာယူလိုက်ပြီးနောက် ဘောင်းဘီအိတ်ထဲမှ သေနတ်ကို ဖိုးရွှေ၏ သေနတ်ဘေးတွင် ယှဉ်လျက်သား ချထားလိုက်သည်၊

"မကြာခင် မိနီ လိုက်လာလိမ့်မယ်၊ တို့နှစ်ယောက် ပြည်မက ထွက်ခွာနိုင်အောင် စီစဉ်ရဦးမယ်၊ မင်းလဲ - ငါလို့ဆုငွေငါးရာထုတ်ထားတဲ့ ထောင်ပြေးသမား၊ ဘဝတူတွေ မဟုတ်လား၊ နှစ်ယောက်ပေါင်း ဆုငွေတစ်ထောင်ကြီးများတောင် - အဟက် - အဟက်"

မိုက်ခဲက သရော်သံဖြင့် ရယ်သည်၊

ထို့နောက် ဖိုးရွှေရှေ့မှ ပုလင်းကို လှမ်းဆွဲက တစ်ကျိုက်မျှ မော့ချလိုက်သည်၊

"ဟုတ်ပ့ါ - ဟုတ်ပ့ါ"

ဖိုးရွှေက သွားကြဲကြီးများပေါ်အောင် ရယ်လျက် ထောက်ခံသည်၊ ထို့နောက် နှစ်ယောက်သား တစ်ယောက်တစ်ကျိုက်စီ ပုလင်းလိုက်မော့ကြရာမှ မကြာမီမျက်တောင်များစင်းလာကြကာ ဆက်ရက်မင်း စည်းစိမ်ယစ်နေကြသည်၊

နောက်ထပ်နာရီဝက်မျှအကြာတွင် ကားတစ်စီး အရှိန်ပြင်းပြင်း မောင်းလာသံကြားလိုက်ရသည်၊ သူတို့နှစ်ယောက်၏ ဦးနှောက်တွင်းရှိ ယစ်ရွှေရည်အခိုးအငွေ့များသည် အဘယ်ဝေးကမ္ဘာဆီသို့ ပြေးပါလေသည် မသိတော့၊

သူတို့နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက် ပြူးတူးပြဲတဲကြည့်လိုက်မိကြသည်၊

"ကောင်မ - မိနီ လာပြီထင်တယ်"

"ကားပါတစ်ပါတည်းခေါ်လာတယ်နဲ့တူတယ်"

မိုက်ခဲနှင့် ဖိုးရွှေအပြန်အလှန် ထင်မြင်ယူဆချက်များ ဖလှယ်နေကြသော အခိုက်အတန့်တွင် တိုက်ပျက်ကြီး၏ ထင်ပေါက်မျက်နှာစာရှေ့ဘက်မှ မျက်နှာဖြူဂေါ်ရာပုလိပ်အရာရှိတစ်ဦးနှင့် မြန်မာစုံထောက်တစ်ယောက်၊ နောက်ဘက်မှ ပန်ချာဘီပုလိပ်ယူနီဖောင်းဝတ်နှစ်ဖော်တို့က လက်နက်ကိုယ်စီဖြင့် လှစ်ခနဲ ဝင်လာကြသည်၊

ကျောချမှ ဓားပြမှန်းသိလိုက်ရသော ဖိုးရွှေက သူ့ရှေ့တွင် ချထားသော ပြောင်းတိုကို ကောက်ယူရန် လက်လှမ်းသည်၊ သို့ရာတွင် မိုက်ခဲက ထိုသေနတ်နှစ်လက်စလုံးကို ဝေးရာသို့ ကန်ထုတ်လိုက်သည်၊

"နှစ်ယောက်စလုံးမလှုပ်နဲ့ - လက်တို့မြင့်မြင့်မြှောက်ထားကြ"



မြန်မာစုံထောက်အရာရှိက အမိန့်ပေးလိုက်သည်၊

ပန်ချာဘီပုလိပ်နှစ်ယောက်က လက်ထိပ်ခတ်ရန် ကြိုးစားကြသည်၊

"ကျွန်တော့်ဘောင်းဘီအိတ်ထဲမှာ စုံထောက်ဌာနချုပ်၊ အင်းစိန်စီအိုင်ဒီက ပေးထားတဲ့ မှတ်ပုံတင်ကတ်ပြား ပါပါတယ်၊ ထောင်ပြေးဖိုးရွှေကို ဖမ်းနိုင်ဖို့ အတွက် စုံထောက်မင်းကြီးမစ္စတာစမစ်ရဲ့ခွင့်ပြုချက်အရ ဆရာကြီး စုံထောက်ဦးလှဘော်ရဲ့အစီအစဉ်နဲ့ ကျွန်တော့်ကို ပါထောင်ပြေးမိုက်ခဲအဖြစ် ကြော်ငြာပြီး ဆုငွေထုတ်ခဲ့တာပါ၊ ကျွန်တော့်နာမည်က ဝေလု ဖြစ်ပါတယ်"

မိုက်ခဲက ရေရေလည်လည် ရှင်းပြသည်၊

သူ၏ကာကီဘောင်းဘီအိတ်တွင်းမှ စီအိုင်ဒီ၏ စုံထောက်မှတ်ပုံတင်ကတ်ပြားကို မြန်မာစုံထောက်အရာရှိက နှိုက်ယူကြည့်ရှု စစ်ဆေးသည်၊ ထို့နောက် မိုက်ခဲအမည်ခံ စုံထောက်ဝေလုအား လက်ထိပ်မခတ်ရန် ပန်ချာဘီပုလိပ်တို့အား အမိန့်ပေးလိုက်သည်၊ ပန်ချာဘီပုလိပ်က ဝေလုကို လက်ထိပ်ပြန်ဖြုတ်ပေးသည်၊

"စီအိုင်ဒီဌာနချုပ်က လုပ်လိုက်တာမှ ဖြင့် သည်းထိတ်ရင်ဖိုစရာချည်းပဲ၊ အောက်

www.burmeseclassic.com



ခြေပုလိပ်ဌာနာကိုဘယ်တော့မှကြိုတင်အကြောင်းမကြားဘူး။ တကယ်လို့များအပစ်အခတ်တွေဖြစ်ခဲ့ရင်မတော်တဆအသက်ဆုံးရှုံးနိုင်တယ်"

ဟူ၍ အပြစ်တင်စကားဖြင့် ညည်းတွားသည် ထို့နောက် ဆက်လက်၍-

"ဒီကောစ်မှာအုံ့ဩစရာကောင်းတာက ရဲသတင်းပေးမိနီ ဆိုတဲ့အမျိုးသမီးပဲ၊ တကယ့်မိနီအစစ်က အင်းစိန်မှာထောင်ကျဖြစ်နေတယ်၊ ရုပ်ချင်းတူတဲ့ အမျိုးသမီးတစ်ယောက်ကို ဖိုးရွှေရဲ့မယားအယောင်ဆောင်နိုင်းပြီး လုပ်ရှားခဲ့တယ်၊ တကယ်လို့သာ ဖိုးရွှေက သူ့မယား မဟုတ်မှန်းရိပ်မိလို့ ပြဿနာတက်ရင် မလွယ်ဘူး"

ဟု ပြောရာ စုံထောက်ဝေလုတာ အပြုံးသဲ့သဲ့ဖြင့် နိဂုံးချုပ်ပြောလိုက်သည်မှာ-

"အဲဒီ့အတွက်တော့မစိုးရိမ်ပါနဲ့ဗျား၊ မိနီနေရာမှာအစားထိုးလှုပ်ရှားတဲ့အမျိုးသမီးက ဗန်တိုဗန်ရှေ့ နပန်းစတဲ့ ကိုယ်ခံပညာမျိုးစုံမှာ ဆရာမအဖြစ် ခါးပတ်နက်ဆရာဖြစ်(၉)ရောက်နေသူတဲ့ဗျ"


ဟူ၍ဖြစ်လေသတည်း။

➾ ဆွေမြင့်

ဆေး
ပြေး
တို့

**လေငန်း**


ထန်းနို့ ရှိန်းရိ၊ ကျပ်ခိုး၊ ကြက်သွန်နီ ခုနစ်တက်တို့ကို အမျှစီကြိတ်၊ ရေနံနှင့်ချက်ပြီး ခပ်နွေးနွေးတွင် လိုရာဆွဲ၍ လိမ်းချပေးပါ။





www.burmeseclassic.com

www.burmeseclassic.com

**မှော်ဝိုက်**သောည၊မြစ်ရိုးတစ်လျှောက်မှာ တဖျပ်ဖျပ်လင်းနေတဲ့ ပိုးစုန်းကြူးလေးတွေဟာ ငါတို့ချစ်သူနှစ်ဦးကို အလင်းရောင်ပြနေသလား၊ သာယာမှုရှိတယ်ဆိုပြီး တို့ကို လှောင်နေသလား၊ ဒါပေမဲ့ - အလင်းရောင်ရရန် အကူအညီ ပေးနေသည့်ပုံပါ။ မည်သည့်အသံကိုမှ မကြားရသော်လည်း လသည့် သာနေ၍ညသည် တိတ်ဆိတ်နေပါသည်။ မောင်အေးကိုနှင့် ညိုညိုမြင့်တို့ ချစ်သူနှစ်ဦးသည် မြစ်ရိုးနားက သစ်ပင်ကြီးတစ်ပင်အောက်တွင် သူငယ်ချင်း၊ အပေါင်းအသင်း မိတ်ဆွေတွေအကူအညီဖြင့် ဒီတစ်ခါတော့ အေးချမ်းတည်ငြိမ်စွာ ချစ်စကားနှီးနှောရင်း အနာဂတ်ဘဝ ဆွေးနွေးနေကြခြင်းသည် အင်မတန်မှ ပီတိဖြစ်ရပေသည်။



အတိတ်မေ့
ပျောက်ဆုံးသွားသော
မိန်းကလေး၏ သုံးပွင့်ဆိုင်
အချစ်ဇာတ်လမ်းကို
သည်းထိတ်ရင်ဖိုဖွယ်ဖြစ်အောင်
ရေးသားထားသော
ဝတ္ထုတစ်ပုဒ်ဖြစ်သည် ..



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး နီးစပ်ဖို့ရာကလည်း တော်တော်မလွယ်သေးပါလားဟု တွေးတောစဉ်းစားမိပါသည်။ ဘယ့်အတွက်ကြောင့်ဆိုသော် ချစ်သူ ညိုညိုမြင့်ရဲ့မိဘများဟာ ဘယ်လိုနည်းနှင့်မျှ သဘောတူမှာ မဟုတ်ပါ။ ဒီအတွက်ကြောင့် သူတို့နှစ်ဦး နီးစပ်ဖို့ရာ တော်တော်လေး ကြိုးစားရမည်ဆိုတာ နှစ်ဦးစလုံးရဲ့ရင်ထဲမှာ သိနားလည်ကြသည်။

"အစ်ကို – ဘယ်လိုလုပ်မလဲ၊ ဘယ်လိုကြံစည်ထားလဲ – ပြောပါဦး"

"စွန့်စားရမှာပေါ့ကွာ"

"ညီမတက္ကသိုလ်မှာနေတုန်းကလို တွေ့ရဖို့ မလွယ်တော့ဘူးနော်၊ ကျောင်းမှာနေတုန်းက အဆောင်ကို မကြာခဏ အစ်ကို ငွေလာပို့တော့ လွတ်လွတ်လပ်လပ် တွေ့ရတယ်၊ အခုတော့ ကျောင်းလည်းပြီးရော မတွေ့ရတော့ဘူး"

တက္ကသိုလ်မှာ နေတုန်းက ငွေလာပို့တယ်ဆိုတာ ညိုညိုမြင့်ရဲ့ မိဘများက မောင်အေးကိုကို ပုသိမ်တက္ကသိုလ် အဆောင်သို့ ငွေပို့ခိုင်းခြင်းဖြစ်ပါသည်။

"ဒီမယ်ညီမ – ဦးမျိုးဦးက သဘော်စက်မောင်းဆရာတစ်ယောက်လိုလို့တဲ့၊ သူဌေးတစ်ဦးဆီမှာ အစ်ကို့အတွက် သူ အလုပ်ပြောထားတယ်၊ အဲဒီအလုပ်ရလို့ လုပ်ငန်းခွင်ဝင်ရပြီဆိုရင် ညီမနဲ့ အစ်ကို နီးပြီသာမှတ်၊ သွားကြမယ်ကွာ၊ အမေ့ ကြီးရင်လိပ်ပုတို့လင်မယားကိုအကြောင်းကြားလိုက်မယ်နော်" မောင်အေးကိုနှင့် ညိုညိုမြင့်တို့သည် စကားလက်ဆုံ ပြောကြပြီး အိမ်သို့ ပြန်သွားကြပါသည်။

နောက်တစ်နေ့ ခင်မင်လေးစားရသော ဦးမျိုးဦးနှင့် တွေ့သောအခါ –

"ဟိုကောင်မလေး ညိုတိုတို မောင့်ကိုချစ်လို့ ကြည့်နေသလား မေမျို့"

"ဦးမျိုးဦးအဲဒီလိုအသံအကျယ်ကြီး မလုပ်ပါနဲ့"

"ဘာဖြစ်လို့လဲ မောင်အေးကိုရဲ့"

"ဘာဖြစ်ရမလဲဗျာ၊ ဦးမျိုးကလည်း သိတဲ့အတိုင်းပဲ သူတို့သမီး ညိုညိုမြင့်နဲ့ ကျွန်တော့်ဆိုရင်ဒီအချိန်မှာစကားတောင် နည်းနည်းမှ ပြောတာကို ကြိုက်တာ မဟုတ်ဘူး၊ အော် – ဦးမျိုးဦး – ကျွန်တော့် အလုပ်ကိစ္စ ဘယ်တိုလဲဗျ"

"ရမှာပါ – သူဌေး နိုင်ငံခြားသွားနေလို့တဲ့၊ သူပြန်လာရင် အဆင်ပြေပြီကွာ"

"အဆင်ပြေပါစေ ဆုတောင်းတယ် ဦးမျိုးဦးရယ်"

"မင်းတို့နှစ်ယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုနဲ့ ချစ်ကြိုက်နေတာပဲ၊ သူ့အဖေ သူ့အမေ ကြိုက်လည်း နေပေ့စေပေါ့"

"ဘယ်ဖြစ်မလဲ ဦးမျိုးဦးရဲ့၊ သူ့မိဘ နှစ်ပါး သဘောမတူရင် ကျွန်တော်တို့နှစ်ဦး ပေါင်းစည်းလို့ရမှာ မဟုတ်ဘူးဗျ"

"ပေါင်းစည်းပေါင်းဆုံလို့မရလည်း ခိုးသာပြေးကွာ – အေးကိုရာ"

"လွယ်လွယ်မပြောပါနဲ့ – ဦးမျိုးဦးရာ၊ ကျွန်တော် ဘယ်ခိုးပြေးရမလဲ၊ ကျွန်တော့်မှာ ခိုးပြေးတိမ်းရှောင်လို့ရမယ့်နေရာ မရှိဘူး"

"တိမ်းရှောင်လို့ရမယ့်နေရာရှိရင် ခင်း ခိုးပြေးမလား၊ ငါကူညီမယ်"

သည်လို သူ့မိတ်ဆွေကြီးဦးမျိုးဦးမှ ပြောလိုက်သောအခါ မောင်အေးကိုတစ်ယောက် စဉ်းစားဝေဖန်ရမည့်အတွေးများ ဝင်သွားပါသည်၊ အမှန်တကယ်လည်း ဟုတ်ပါသည်၊ မောင်အေးကိုကသာ ညိုညိုမြင့်ကို ခိုးပြေးတိမ်းရှောင်ပေါင်းသင်းမည်ဆိုပါက ဦးမျိုးဦးတစ်ယောက်ကူညီနိုင်ပါသည်၊ ဘယ်အတွက်ကြောင့်ဆိုသော် မောင်အေးကို ဆိုသော သူတစ်ယောက်သည်မော်တော်သဘော်စက်မောင်းဆရာတစ်ယောက် ဖြစ်ပါသည်၊ မည်သည့်နေရာမျိုးမဆို ရေလမ်းခရီးတွင် လုပ်ကိုင်စားသောက်လို့ရသော



အရည်အချင်းရှိသူတစ်ယောက် ဝါ၊ အရည်အချင်းရှိတာကိုလည်း မောင်အေးကိုတစ်ယောက်မစဉ်းစားမိ၊ ရိုးသားမှု အင်မတန် ပေါ်လွင်စေပါသည်၊ ဒါကို သူ့မိတ်ဆွေကြီး ဦးမျိုးဦးက သိ၍ သူ့အတွက်ဆိုလျှင် ရေလမ်းမြစ်ရိုးတစ်လျှောက် နေရေးထိုင်ရေးမပူပါ၊ အချိန်မရွေး ကူညီနိုင်သည်။

အမှန်တကယ်မှာ မောင်အေးကိုသည် သူ့ရည်းစားညိုညိုမြင့်တို့ မိဘမော်တော်၊ သဘော်လုပ်ငန်းတွင် စက်ဆရာတစ်ယောက် ဖြစ်ပါသည်၊ ညိုညိုမြင့်ရဲ့အဖေနှင့်အမေက သူ့သမီးနှင့် မောင်အေးကို နီးစပ်သွားမှာကို အလွန်စိုးရိမ်နေပါသည်။ မိတ်ဆွေအဆင့်လောက်နှင့် ဖြစ်စေချင်ပါသည်၊ ဘယ့်အတွက်ကြောင့်ဆိုသော် ဦးညိုထွန်း၊ ဒေါ်သင်းသင်းတို့က သူ့ရဲ့အလုပ်သမား သူ့ဝန်ထမ်းနဲ့ ဘယ်လိုနည်းနဲ့မှ မနီးစပ်၊ မဖြစ်စေချင်၊ ဒီအတွက်ကြောင့်လည်း သူ စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်၊ စိတ်မာတ်ကျနေတာကို သိသော သူ့မိတ်ဆွေကြီးမှဆိုးသို့ ဦးမျိုးဦးက စိတ်သဘောထားပြည့်သော မိတ်ဆွေမော်တော်မောင်း၊ သဘော်စက်မောင်းဆရာ မောင်အေးကိုကို ပြုစုနိုင်သော အကူအညီမျိုးများ ပေးပါသည်။ ထို့

www.burmeseclassic.com



လည်း မော်တော်သဘော်ပိုင်ရှင်၊ လုပ်ငန်းရှင် သမီး ညိုညိုမြင့်ကို နိုးပြေးပါက သူကူညီမှာ အမှန်တကယ်ပါ၊ ဘယ့်အတွက်ကြောင့်ဆိုသော် ဒီမြစ်ရိုးတစ်လျှောက်မှာ သူ့အတော်များများသိထားတဲ့နေရာတွေအများကြီးပါပဲ၊ မောင်အေးတို့နှင့် ညိုညိုမြင့်တို့ နိုးပြေးလျှင် နေဖို့ထိုင်ဖို့နေရာ၊ အခြားမော်တော်သဘော်ပိုင်ရှင်တွေဆီမှာအလုပ်ပြောပေးလို့ရပါသည်၊ မောင်အေးကိုလို ရိုးသားဖြောင့်မတ်သောသူတွေဟာ အလုပ်မရှား၊ နေရာမရှားဘူးလို့ဦးမျိုးဦးတစ်ယောက်နားလည်သဘောပေါက် လျက် ရှိပါသည်၊ မောင်အေးကိုမှာ တစ်ခုတော့ အခက်အခဲဖြစ်နိုင်သည်၊ သူတစ်နေရာတိုမိန်းမခိုးပြေးမည်ဆိုလျှင်ဒီအမေကြီးတိုလောလောဆယ်ဘယ်လိုထားပေးရမလဲ၊ အဘွားကြီးမှာညိုညိုမြင့်တို့အဖေအမေ ဦးညိုထွန်းတို့အိမ်တွင် အလုပ်သမားများစားသောက်ရန် ထမင်းဟင်းချက်ရာ၌ စီမံခန့်ခွဲပေးရသော ဝန်ထမ်းတစ်ဦးဖြစ်ပါသည်၊ သည်အိမ်တွင် သူ့သားဖြစ်သူ မောင်အေးကိုက သူတို့လုပ်ငန်းရှင်သမီးကိုနိုးပြေးပြီဆိုပါကဒီအဘွားကြီးကို လက်ညှိုးပေါက်ပေါက်နှင့် ပိုးစိုးပက်စက်ပြောမယ်ဆိုရင် အဘွားကြီးမှာ နှလုံးရောဂါရှိသည့်အတွက်တစ်ခါတည်းသေသွားနိုင်သည်၊ ဒီအတွက်ကြောင့် မောင်အေးကိုမှာ အခက်အခဲရှိသည်၊ ပြဿနာရှိသည်၊

"ဦးမျိုးဦး – ကျွန်တော်နိုးပြေးလို့ရမယ့်နေရာရှိရင် ဦးမျိုးဦး ကူညီမယ်ပေါ့"

"ရယ်ဒီအသင့်ပဲ မောင်ရေ၊ မင်းတသာ မီးစိမ်းပြလိုက်၊ ငါ အဆင်သင့် စီစဉ်ထားလိုက်မယ်"

"ဦးမျိုးဦး တစ်ခုပြောချင်တယ်ဗျာ"

"နှစ်ခုပြောကွာ"

"ကျွန်တော့်အမေကြီးကို ဘယ်ပို့သွားထားရမလဲ၊ ကျွန်တော့်အမေ ဒုက္ခတွေများရောက်ကုန်မလား၊ ကျွန်တော့်အတွက်နဲ့ ဦးမျိုးဦးရယ်"

"အေး – အဲဒါလည်း ငါ စဉ်းစားပေးမယ်၊ တစ်ခါတည်း ပြောလိုက်မယ်ကွာ၊ သူတို့တစ်တွေ မင်းအမေအဘွားကြီးကို တအားနှိမ်ပြီး ချိုးချိုးဖဲ့ဖဲ့တွေ ပြောလာရင် ငါ့ညီမခင်မြတို့အိမ်မှာအလုပ်ပြောင်းလုပ်နိုင်းမယ်၊ ငါ့ညီမခင်မြကလည်းမင်းသိပါတယ်၊ သက်ကြီးဝါကြီး သူ့အမေအရွယ်ဆို လေးလေးစားစားနဲ့ ဆက်ဆံတာကို သကြံန်တွင်းဆို လူကြီးမိဘအရွယ်တွေကို ခေါင်းလျှော်ပေးရတာနဲ့ ရေချိုးပေးရတာနဲ့၊ ဘာသာရေးကိုင်းရှိုင်းတဲ့ လူတစ်ယောက်ဆိုတာ မင်းသိပါတယ်၊ မင်းအမေနဲ့ ငါ့ညီမကလည်း ခင်ခင်ရင်းနှီးနေတာ အဆင်ပြေမှာပါ၊ ဒါပြောလိုက်ရင်ပြီးပါတယ်ကွာ၊ မပူပါနဲ့"

မောင်အေးကိုရဲ့ မိတ်ဆွေကြီး ဦးမျိုးဦးဟာ သူတို့ချစ်သူနှစ်ဦး နီးစပ်အောင် အမျိုးမျိုး ဖန်တီးပေးရှာပါသည်၊ အမှန်တကယ်တမ်းဤနှစ်ယောက်ညားသွားမည်ဆိုပါကလည်း သဘော်မော်တော်ပိုင်ရှင်ဦးညိုထွန်းသည်သူ့ရဲ့စီးပွားရေးခွင်ထဲမှာအလွန်အဆင်ပြေပါသည်၊ မောင်အေးကိုလိုလူမျိုးကိုသမက်တော်ခဲ့လျှင် ၎င်းလူငယ်ဟာ စိတ်သဘောရိုးသားမှုရှိခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိခြင်း၊ လုပ်ရည်ကိုင်ရည်မှာလည်း အင်အာန်တော်တဲ့လူငယ်တစ်ယောက်ဖြစ်သည်၊ သို့သော်လည်း ဦးညိုထွန်းတို့၊ ဒေါ်သင်းသင်းမာတို့ ဇနီးမောင်နှံသည် ဤတဲ့သို့မတွေး၊ သူ့သမက်လောင်းသည် စိတ်ကောင်းသည်ဖြစ်ဖြစ်၊ မကောင်းသည်ဖြစ်ဖြစ်၊ ရာထူးဂုဏ်ဒြပ်ရှိပြီးကြွယ်ဝချမ်းသာသောသူဖြစ်လျှင် ပြီးရောဆိုတဲ့သဘောထားမျိုးရှိပုံ ရပါသည်၊ မောင်အေးကိုလို ဆင်းရဲသောသူကို ဘယ်လိုနည်းနဲ့မှ သမက်တော်ဖို့ စိတ်ကူးထဲအောင်မထည့်ကြပေ၊ အဲဒါတွေအသေးစိတ်သိထားသောဦးမျိုးဦးကသူတို့နှစ်ဦးနီးစပ်ဖို့ကြိုးစားပေးနေတာ အမှန်ပါ၊

"မောင်အေးကိုရေ"

"ဗျာ – ဦးမျိုးဦး"

"မင်းတို့နှစ်ယောက် တကယ်ချစ်ရင် စွန့်စားတော့ကွာ၊ ငါသတင်းတစ်ခုကြားခဲ့တယ်၊ အဲဒီသတင်းက မင်းရည်းစား ညိုညိုကို မေး၊ အဲဒီအဖြေ ပေါ်လာလိမ့်မယ်"

"ဦးမျိုးဦး သိရင်လည်း ပြောလိုက်ပါလား – ဦးမျိုးဦးရာ"

အဲဒီလိုမောင်အေးကိုမှ ပြောလိုက်သောအခါ အနီးအနားမှာ ထိုင်နေသော မောင်ကျော်ဆွေနှင့် မောင်တင်အေးတို့က –

"အေးကိုရာ – မင်းရည်းစားနဲ့ ချိန်းတွေ့မေးကြည့်လိုက်ရင် သိမှာပေါ့"

"မောင်ကျော်ဆွေရာ – တစ်ခါတစ်ခါ ချိန်းတွေ့ဖို့ မလွယ်လို့ပါကွာ"

"မောင်အေးကို တပည့် လိပ်ငှက်လင်မယားကို ချိန်းခိုင်းလိုက်ပါလား ဆုတောင်းပြည့်စေတီကို သူ့နည်းအရ ဟန်နဲ့ အိမ်ကို အဆင်ပြေအောင် ချိန်းထွက်မှာပေါ့"

"အေး – ဟုတ်တယ် – မောင်ကျော်ဆွေ ပြောသလို နေ့တစ်ခုအချိန် လိပ်ငှက်ကို ချိန်းခိုင်းလိုက်ဦးမယ်"

www.burmeseclassic.com



ဤကဲ့သို့ပြောပြောဆိုဆိုနှင့်နောက်နေ့ကျတော့ သူ့တပည့်လိပ်ပုတို့ လင်မယားကို ဆုတောင်းပြည့်စေတီသို့ ချိန်းခိုင်းလိုက်ပြီ။ ဘုရားတွင် တွေ့ဆုံသောအခါ -

"အစ်ကို - ဘာပြောစရာရှိလဲ"

"မေးစရာရှိလို့၊ ညီမကို ယောက်ျား ပေးစားဖို့ စေ့စပ်နေတယ်ဆို"

"ဟုတ်တယ် - အစ်ကို၊ မြို့မရပ်က အင်ဂျင်နီယာကျောင်းဆင်းလူတစ်ယောက်နဲ့ စေ့စပ်နေကြတယ်။ သူ့မိဘတွေက ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားတယ်တဲ့"

"ညီမအတိအကျသိတာလား၊ ညီမရှေ့မှာ ပြောနေတာလား"

"ညီမရှေ့မှာပြောနေတာမဟုတ်ဘူး အစ်ကို"

"အိမ်မှာနေတဲ့ ဟို အဒေါ်ကြီး ဒေါ်အေးပုံကပြောတာ။ အဲဒီနေ့က သူက လက်ဖက်ရည်ဖျော်ပေး၊ မုန့်ပွဲတွေပြင်နဲ့ သူတို့တစ်တွေထိုင်နေတဲ့ စားပွဲနားတဝဲလည်လည်နေတော့ သူက ကြားမှာပေါ့ အစ်ကိုရဲ့"

"ဒါဆိုရင် - ဒေါ်အေးပုံကို အစ်ကို မေးကြည့်ဦးမယ်"

"မကြာပါဘူးကွာ၊ အသွားအပြန်(၃၄)ရက်လောက်ပါ။ ရာသီဥတုကောင်းရင် ဒါထက် စောပြန်ရောက်မှာပါ"

"အခုပြောလို့ မရဘူးလားကွာ"

"ပြောလို့မဖြစ်ဘူး၊ အခုကအချိန်မရဘူး။ ပြောရမယ့်စကားတွေကအရှည်ကြီးဆိုတော့ အစ်ကို အချိန်ရရင် ပြောမယ်"

"ပြောပါ - ညီမရယ်၊ မင်းရင်ထဲမှာ ရှိတာပေါ့သွားအောင် ပြောလိုက်စမ်းပါ၊ တစ်ခွန်းစ၊ နှစ်ခွန်းစပေါ့"

"အစ်ကို - ညီမတို့ တစ်နေရာကိုရှောင်မထွက်လို့ မဖြစ်တော့ဘူး၊ သူတို့တွေ ညီမကို စေ့စပ်ဖို့ အချိန်ပိုင်းလေးပဲ ရှိတော့တယ်"

"ကဲ - ဒါဆိုရင် ကုန်ပစ္စည်းတွေကို တခြားစိတ်ချရတဲ့ စက်မောင်းနဲ့ ထည့်ပေးလိုက်မယ်၊ ငါတို့ကိစ္စကို ဦးမျိုးဦးက အကူအညီပေးမယ်တဲ့"

"ဦးမျိုးဦးက တကယ်ကူညီမှာလား အစ်ကို"

"အစ်ကို့ကို ပြောတာတော့ သပြေကုန်းရွာမှာ အိမ်ရှာပေးထားတယ်လို့ ပြောတယ်"

"အသေအချာသိရအောင် ညီမတို့ မနက်ဖြန် စကားပြန်ဦး"



"ဒါဆိုရင် - မနက်ဖြန် လိပ်ပုကို စာရေးပေးလိုက်မယ်"

ဤကဲ့သို့ နှစ်ယောက်သားစကားပြောပြီး အိမ်သို့ ပြန်သွားကြသည်။ နောက်တစ်နေ့တွင်မောင်အေးကိုသည် ကူညီမည့်သူဦးမျိုးဦးနှင့်တွေ့သောအခါ သူ့ရည်းစားမှ ခိုးရာလိုက်ဖို့ရာ အဆင်သင့်ဖြစ်နေကြောင်း ကူညီမယ်ဆိုပါက ဘယ်အချိန်ထွက်ရမလဲ၊ သွားရေးလာရေးကူညီပေးမယ့်ပုံသဏ္ဌာန်ကိုမေးမြန်းနေပါသည်။

"သွားဖို့လာဖို့ စက်လှေအတွက် မောင်ကျော်ဆွေကိုငါအကူအညီတောင်းထားတယ်။ သူ့အိမ်ကစက်လှေနဲ့လိုက်ပို့မယ်ဆိုမှပဲ မင်းဘာပူစရာလိုလဲ"

"ဒါဆိုရင် - ဦးမျိုးဦး ကျွန်တော်တို့ ဘယ်အချိန်ထွက်ရင် ကောင်းမလဲ"

"ထွက်တာကတော့ ညနေမှောင်မယ့် အချိန် (၆း၃၀)နာရီလောက်အကောင်းဆုံးပဲကွ၊ ညနေမှောင်တဲ့အချိန် သူငါ့မသိ ငါ့သူမသိ ထွက်လို့ဝင်လို့ကောင်းတာပေါ့"

"သွားဖို့လာဖို့ စီစဉ်လိုက်မယ် ဦးမျိုးဦး"

"မောင်အေးကို သေသေချာချာလုပ်နော်၊ မင်းကောင်မလေးလည်းပြောပြီးပြီလား၊ ငါ သပြေကုန်းရွာက စောင့်နေမယ်၊ မင်းတို့နှစ်ယောက်ရယ်၊ မောင်ကျော်ဆွေ၊ မောင်တင်အေးနဲ့မင်းတပည့် လိပ်ပုရောဆိုရင် အားလုံးပေါင်း စက်လှေပေါ်မှာ (၅)ယောက်ပေါ့ ကောင်းပါတယ်ကွာ၊ ပေါ့ပေါ့ပါးပါး စက်လှေပိုမြန်တာပေါ့"

"ဦးမျိုးဦး - သပြေကုန်းရွာက ဘယ်ကမ်းကို ကပ်ရမှာလဲ"

"လှေဆိပ်ကို မကပ်နဲ့လေ၊ တို့ဒီကအောက်ဘက်စုန်ဆင်းသွားတော့ တစ်နေကျနေရာမရောက်ခင်မှာ ညောင်ဝင်ပင်ကြီးကြီးမျက်လုံးထဲမှာ အပင်တွေ့လား"

"သိတယ် - ဦးမျိုးဦး"

"အဲဒီမှာကပ်ကွာ၊ ငါက အဲဒီအနားမှာတက်လို့ဆင်းလို့ကောင်းအောင်လုပ်ထားမယ်။ အဲဒီတော့မင်းတို့သန်ဘက်ခါ ခြောက်နာရီခွဲထွက်ခဲ့တော့၊ မနက်ဖြန်ခါ မနက်ကို ငါ သပြေကုန်းရွာ သွားပြီး အေးကိုရေ - မင်းနေဖို့အတွက် သပြေကုန်းရွာမှာ ငါးလမ်းရှင်းထွက်ပြီ"

မောင်အေးကို တပည့်လိပ်ပုတော ညိုညိုမြင့်ကိုခေါ်ပြီး အထုပ်အပိုးများနှင့် ညနေခြောက်နာရီခန့်တွင် ဦးမျိုးဦးရှိရာ သပြေကုန်းရွာသို့ သွားကြတော့သည်။

www.burmeseclassic.com



မောင်အေးကိုနှင့် ညိုညိုမြင့်တွေ့ဖို့ကြံဖို့ကလည်းလွယ်ကူပါသည်၊ ဘယ့်အတွက်ကြောင့်ဆိုသော် လိပ်ပုတို့ဇနီးမောင်နှံနှင့် မောင်အေးကို သားအမိနှစ်ယောက်တို့သည် ညိုညိုမြင့်တို့အိမ်တွင် ဝန်ထမ်းများ ဖြစ်ကြသောကြောင့် ဖြစ်ပါသည်၊ သူတို့တစ်တွေ စက်လှေပေါ်တက်ပြီး ထွက်လို့ နာရီဝက်လောက်ကြာသောအခါ လေက တဝူးဝူးနှင့် တိုက်ခတ်လာပါတော့သည်။

"လိပ်ပု - ရေတွေ မြန်မြန်ခပ်စမ်းတာ၊ ကမ်းကိုလည်း ကပ်လို့မဖြစ်ပါလား"

လှေဝမ်းဗိုက်ထဲမှရေတွေကိုလိပ်ပုတို ခပ်ခိုင်းနေပါသည်။ လိပ်ပုကလည်း ဒီအလုပ်ကို ကျွမ်းကျင်ပြီးသားပါ။ တဖြည်းဖြည်းနှင့် လေကလည်း ဝူး၊ ဝူး၊ ဝူး၊ ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်းနှင့် လှိုင်းလုံးတွေပါလာသည့်အခါ မောင်အေးကို စိုးရိမ်တကြီးနှင့် မောင်ကျော်ဆွေ စက်မောင်းနေသည့်နေရာကိုသွားပြီး သူကိုယ်တိုင်မောင်းမည်ဟု စိတ်ကူးပါတော့သည်။ သူချစ်ဇနီးသည်လေး ညိုညိုမြင့်ကို ဖက်ထားရာမှ စကားအနည်းငယ် ပြောလိုက်သည်။

"ညီမလှေဝမ်းထဲမှာ ကပ်နေနော်၊ အစ်ကို စက်သွားမောင်းမယ်"

ညိုညိုမြင့်မှ ခေါင်းလေး ညိတ်ပြလိုက်ပါသည်၊ ညိုညိုမြင့်ရင်ထဲမှာ တစ်ခုခုများ ဖြစ်နေမလားဆိုသည့်အစနှင့် ရင်ခုန်နေပါတော့သည်၊ တကယ်တမ်းကျ တော့ မောင်အေးကိုက စက်လှေမောင်းသည့် စက်ဆရာကြီးပါ၊ မောင်ကျော်ဆွေထက်ကျွမ်းကျင်သူပါ၊ လူချင်းချိန်းပြီးစက်မောင်းမယ်လို့မောင်အေးကိုတစ်ယောက် စက်အနီးအနား ရောက်သွားချိန်တွင်လေရောမိုးရော ပိုပြင်းထန်လာပြီး လှိုင်းလုံးတွေကလည်း ဝုန်းခနဲ ဒိုင်းခနဲ ဆိုသလိုလှိုင်းတစ်လုံးတစ်လုံးတနှစ်ထပ်အိမ်တစ်လုံးမျှလောက်မြင့်သည်ဟု ထင်လိုက်ရပါသည်၊ အနီးအနားမှာလည်း သစ်ဖောင်လိုလို ဝါးဖောင်လိုလို မြင်ရပါသည်၊ အတိအကျတော့ သဲသဲကွဲကွဲမရှိ၊ ဤအချိန်အခါတွင် သူတို့တစ်တွေ မသိလိုက်ကြပါ။

ညိုညိုမြင့်နှင့် လိပ်ပု လှေဝမ်းထဲမှ ထွက်ကျသွားပါတော့သည်၊ မိုးကလည်း တအားသည်း၊ လှိုင်းလုံးသံကလည်းဝုန်းဝုန်းဝုန်းဆိုတော့မကြားမသိလိုက်ကြပါ။ ကျန်သည့်သူတွေလည်း ခဏအတွင်း စက်လှေမှောက်ပြီးကစဥ့်ကလျားဖြစ်၍ လူစုကွဲကုန်ကြပါတော့သည်၊ ဤအချိန်အခါတွင် ညိုညိုမြင့်သည် လှိုင်းလုံးပေါ်ပါသွားသည်၊ ဝါးဖောင်တစ်ခုပေါ်သို့ ကျတင်သွားခဲ့ပါသည်၊ လှိုင်းလုံးက တော်တော်မြင့်၍ ပြန်အကျတွင် ဝါးဖောင်ပေါ်သို့ ကျသွားသောအခါ မလှုပ်မယှက်နှင့် လိပ်ပုကိုတော့ တွေ့လိုက်၍ ကယ်ဆယ်လိုက်နိုင်သည်၊ ဝါးဖောင်တစ်ခုပေါ် ကျသွားခဲ့သော ညိုညိုမြင့်ကိုတော့ မတွေ့ရပေ၊ မောင်အေးကို၊ မောင်ကျော်ဆွေ၊ ထင်အေးနှင့် လိပ်ပုတို့က ရေမှာ ကျွမ်းကျင်သူများဖြစ်ကြသည်၊ သည့်အတွက် ညိုညိုမြင့်ကို ရေစုန်မှာသာ လိုက်ရှာကြပါသည်၊ မတွေ့ရတော့ချေ၊ ညိုညိုမြင့်မှာ ဝါးဖောင်ပေါ်တွင် ကျန်ရစ်ခဲ့ပေတော့သည်၊

☆☆☆

ဝါးဖောင်သမားများသည် မိုးလေကင်းစင်၍ ဝါးဖောင်ပေါ်ရှိ သူတို့တဲလေးထဲမှ ထွက်ပြီး အပေါ်အပါးသွားရန် တံခါးဖွင့်ကြည့်မိသောအခါ လကလေးကလည်း ရေးရေးပေါ်အလာ၊ ဝါးဖောင်ရဲ့ဦးပိုင်းတွင် သစ်တုံးတစ်ခုလိုလို လူအိပ်နေသယောင်ယောင် မြင်ကွင်းထို မြင်တွေ့လိုက်ရသည်၊ ထို့ကြောင့် ဝါးဖောင်ကို ဦးစီးပြီး အထက်ဘက်မှလာသော ကိုစိန်အေးသည် သူ့တဲလေးထဲမှ တော်မီးယူပြီး ထိုး၍ အနားကပ်ကြည့်လိုက်သောအခါ မိန်းကလေးတစ်ဦး ခွေခွေကလေး ရေတွေစိုပြီး မေ့မြောနေသည်ကိုတွေ့ရပေတော့သည်၊ သည်အခါတွင် ကိုစိန်အေးသည် သူ့လူများကို လှမ်းခေါ်ပါတော့သည်၊

"စိန်ငွေနဲ့ အောင်ခင် ငါ့ဆီ လာကြစမ်းကွာ၊ ဒီမှာ မိန်းကလေးတစ်ယောက် မိုးတွေလေတွေ ကျလာတုန်း စက်လှေပေါ်က ကျကျန်ခဲ့တာ ဖြစ်လိမ့်မယ်၊ မြန်မြန် လုပ်ကြစမ်း၊ တဲလေးထဲ သယ်ရအောင်၊ သူ့ပုံသဏ္ဌာန်ကြည့်ရတာ သေတော့မသေသေးဘူး၊ မေ့မြောနေတဲ့ပုံပဲ"

ညိုညိုမြင့်ကို တဲလေးထဲသို့ ဝိုင်း၍ သယ်ဆောင်ပြီး ယောကျ်ားကြီးတွေဆိုတော့ မိန်းကလေးအကျီအဝတ်အစား မရှိပါ၊ သူ့အကျီအဝတ်အစားတွေချွတ်၍ စောင်များဖြင့်ခြုံခိုင်းစေသည်၊ နွေးနွေးထွေးထွေးထား၍ တစ်ရေးလောက်အိပ်စေပြီး နံနက်မိုးသောက်ခါနီးတွင် သူတို့မျှောချရမည့် ဝါးဒိုင်သို့ ရောက်သွားသောအခါတွင် ညိုညိုမြင့်တစ်ယောက်လည်း နိုးလာပြီး သတိရလာပါသည်။

"အစ်ကို - ဘယ်ရောက်နေတာလဲဟယ် - အစ်ကိုရှပ်တည်းတစ်ချိန်ကြီး



www.burmeseclassic.com

ခဲ၊ အစ်ကိုပြောတဲ့ရွာ မရောက်သေးဘူးလား"

ညိုညိုမြင့်သည် ပုံမှန်စိတ်မဟုတ်တော့ပါ။ ကြောင်စီစီ ဖြစ်နေသည်။ ကိုစိန်အေးမှ စကားစရှာ၍မေးနေသော အခါ တွေတွေကြီး ငိုင်တွေနေ၍ ဆက်လက်မပြောတော့ပါ။ ကိုစိန်အေးတစ်ယောက် စဉ်းစားမိပါသည်၊ ဒီအမျိုးသမီးသည် စက်လှေမှ ရေထဲကျပြီး လှိုင်းပေါ်မှ သူတို့၏ဝါးဖောင်ပေါ်ကျလာသောအခါ ခေါင်းနှင့် ဝါးလုံးတွေရိုက်ပြီး သတိလစ် ကာအတိတ်မေ့သွားခြင်းဖြစ်မည်ဆိုတာ ကို သတိထားမိပါသည်၊ သူ့လူတွေကို လည်းရှင်းပြလိုက်ပါသည်။ဒီမိန်းကလေး အတိတ်မေ့နေတယ်ဆိုတာကိုပြောပြီး ဝါးများချရန်အတွက် ကုန်းပေါ်သို့ ခေါ် သွားသောအခါစောင်ခြုံကြီးနှင့်ခေါ်သွား ရပေသည်။ဝါးဒိုင်ရဲ့အိမ်ပေါ်ရောက်သည့် အခါမှ ကိုစိန်အေးသည် သူ့မိတ်ဆွေ ဝါးဒိုင်ကလူတွေကိုညက အဖြစ်အပျက်

> သူ့စိတ်ထဲတွင် သည်အမျိုးသမီးနာမည် မေးတော့လည်း မပြောနိုင်၊ ဘယ်နယ် ကလည်းဆိုတော့လည်း မပြောနိုင်။ စိတ် မနှံ့သူအမျိုးသမီးလို့သတ်မှတ်ချင်သည်။ အမှန်မှာ ညိုညိုမြင့်သည် အတိတ်မေ့ နေခြင်းဖြစ်သည်။ မောင်စိန်အေးတို့ အိမ်ရောက်သောအခါ သူ့မိဘများကို သည်အဖြစ်အပျက် အကျိုးအကြောင်း အစအဆုံး တစ်ခုချင်း ရှင်းပြသောအခါ မိဘများက ဘာတစ်ခွန်းမျှ မပြော၊ ကလေးမလေးကို သနားသည့်ပုံဖြင့် မောင်စိန်အေးအမေသည် ညိုညိုမြင့် ခေါင်းလေးကို ပွတ်သပ်ပြီး ...





များကိုပြောပြပြီးထဘီအကျီလေးပေးပါရန် တောင်း၍ဝတ်နိုင်းစေပါသည်၊ ဝါးများ ချပြီးရိုန်တွင် ကိုစိန်အေးမှ ဝါးခနီဆိုင်ပိုင်ရှင်ဦးတင်ထွန်းကိုတစ်နေရာခေါ်ပြီး တိုးတိုးလေး ကပ်ပြောပါသည်၊

"ဒီအမျိုးသမီးလေးကို ဘယ်လိုကူညီရင်ကောင်းမလဲဗျ၊အကြံဉာဏ်ပေးပါဦး – အစ်ကို တင်ထွန်း"

"ဘယ်လိုအကြံဉာဏ်မှ မယူနဲ့၊ အိမ်ကိုခေါ်သွားသွား၊အရှေ့လေးပဲဟာ၊ နမြောစရာကြီး"

"ဟာ – အစ်ကိုတင်ထွန်းကလည်း နောက်နေပြန်ပြီ"

"နောက်နေတာမဟုတ်ပါဘူး၊ဒီလိုခဲလုပ်ရမှာပဲလေ၊မောင်စိန်အေးစဉ်းစားလေ၊ရေထဲမိုးထဲမှာကယ်လာခဲ့တုန်းက ကယ်လာခဲ့ပြီး ခေါင်းထိသွားလို့ကြောင်တောင်တောင် အတိတ်မေ့တဲ့သူတစ်ယောက် လမ်းဈေး ဒီအတိုင်းထားလို့ ဘယ်ဖြစ်ပါ့မလဲကွာ၊ ကယ်လက်စနဲ့တော့ ပို့မယ့်ပို့ ကူးတို့ ရောက်အောင်ပို့ ဆိုသလို ကူညီလိုက်ပေါ့၊ အတိတ်မေ့ရောဂါလည်း ပျောက်ပါတယ်"

"အတိတ်မေ့ရောဂါကလည်း ဆရာဝန်နဲ့ ကုရင် ပျောက်မှာပါနော်"

"ပျောက်ပါတယ် – ရောဂါရှိရင် ဆေးရှိတာပေါ့၊ ဟိုကျ ဆေးလည်းကုပေး၊ မင်းတို့ရွာလူကြီးလည်းအကြောင်းကြား၊ ရဲစခန်းလည်း အကြောင်းကြားသိလား၊ ကိုယ့်ဘက်က အပြစ်ကင်းတာပေါ့"

ဒီလိုနဲ့ – မောင်စိန်အေးတို့အဖွဲ့တွေဟာ အောက်ပြည်အောက်ရွာမှ ၎င်းနေသော ပဲခူးရိုးမတောင်ခြေရွာသို့ ရေလမ်းဖြင့် ပြန်လည်ဆန်တက်ခဲ့ပါသည်၊ ၎င်းနောက်သို့ညိုညိုမြင့်တစ်ယောက်လည်း လိုက်ပါသွားရလေတော့သည်၊

စက်လှေနှစ်စီး ဆုံတွေ့သောအခါ စက်လှေချင်း ပူးကပ်ပြီး မြစ်ထဲတွင် ညကဖြစ်ပျက်သမျှအကြောင်းစုံ ပြောရလေတော့သည်၊

"ဟော့ – အေးကိုတို့ ဘယ်လိုဖြစ်ကြတာလဲကွ၊ တစ်ညလုံးမအိပ်ရဘဲ စောင့်လိုက်ရတာကွာ"

"ဘယ်လိုဖြစ်တာလဲဆို – ဦးချိုဦး ကျွန်တော်တို့ ဘယ်လိုလုပ်ကြရလဲ ညိုညိုမြင့်တစ်ယောက် ရေလှိုင်းဒဏ်ကြောင့် မြစ်ထဲကျသွားတယ်၊ လိုက်ရှာတာအခု မှမတွေ့ဘူး၊ ဦးချိုဦးရယ် – ကျွန်တော် တော့ဒုက္ခရောက်ပါပြီ ရှာဖွေလို့မရတော့ တက်ပါပြီဗျာ"

www.burmeseclassic.com



"အေး - ဒါဆိုရင် ဒီအချိန်ထိ ရှာမတွေ့ဘူးဆိုရင်တော့ မလွယ်တော့ဘူး၊ ဝင်လယ်ဝရောက်သွားပြီ၊ ကဲ - ဖြစ်သမျှအကြောင်းကို ရင်ဆိုင်ရမှာပဲ၊ ငါလည်း မိတ်ဆွေတစ်ယောက်ဆီက စက်လှေယူလာတာ၊ ကဲ - ပြန်ကြမယ်" ဆိုပြီးပြန်လာခဲ့ကြရာ မောင်အေးကိုတို့ဆီ ရောက်တော့ ဦးညိုထွန်းတို့မိသားစုနှင့် ဆွေမျိုးအသိုင်းအဝိုင်းများ ပျာယီးပျာယာခတ်၍ ဒေါသထွက်နေကြပါသည်၊ စက်လှေနစ်စီး မြောင်းမြသို့ အဝင် မောင်အေးကိုတို့ စက်လှေက အရင်ဝင်သွားပြီးဖြစ်၍ သည်လူစုကို မြင်သွားသောအခါ ဦးညိုထွန်းနှင့် သူ၏အမျိုးများသည် -

"ဟေ့ - အေးကို - ငါ့သမီး ဘယ်မှာလဲကွ"

"ဦးလေးကို ကျွန်တော်တို့ အမှန်အတိုင်းပြောပါ့မယ်"

"ပြောစမ်းကွာ - မြန်မြန်ပြောစမ်း"

"ညိုညိုမြင့်နဲ့ ကျွန်တော် နိုးရာလိုက်လာပါတယ်"

"ဟာ - ကွာ - တောက်"

ဦးညိုထွန်း တက်တစ်ချက် ခေါက်လိုက်ပါသည်၊ သူနှင့်တစ်ပါတည်းလိုက်သွားသော မောင်ကျော်ဆွေကလည်း

"ဟုတ်ပါတယ် - ဦး၊ ညက ခြောက်နာရီခွဲလောက်မှာ မောင်အေးကိုဦးသမီး ညိုညိုမြင့်နဲ့ နိုးရာလိုက်အပြေးမှာ မုန်တိုင်းကျလာလို့ လှေတွေ ကစဉ့်ကလျားဖြစ်ပြီး လိပ်ပုနဲ့ ညိုညိုမြင့် စက်လှေပေါ်မှ ထွက်ကျသွားတယ်၊ ကျွန်တော်တို့ လိုက်ရှာတော့ လိပ်ပုတစ်ယောက်ပဲတွေ့ပြီး ညိုညိုမြင့်ကို မတွေ့ရတော့ဘူး၊ ကျွန်တော်တို့ တစ်ညလုံး လိုက်ရှာပါသေးတယ်"

"ဟေ့ကောင်တွေ - မင်းတို့ စကားတွေ ရပ်လိုက်ကြ - ငါ မကြားချင်ဘူး၊ လူယုတ်မာတွေ"

စကားတွေ ရပ်လိုက်ကြစမ်းဆိုပြီး လာနေသော လူအုပ်ကို ကြည့်လိုက်သောအခါ ဦးညိုထွန်း၊ ဇနီးနှင့် ရဲသုံးယောက် သူ့အမျိုးတစ်စု ရောက်လာပြီး -

"ဒီမှာတာဝန်ရှိတဲ့ ရဲအရာရှိနဲ့ နယ်ထိန်းလူကြီးမင်းများခင်ဗျာ - ကျွန်တော့်သမီးကို ဖြားယောင်းသွေးဆောင် ခေါ်သွားပြီး အခုပြန်လာတော့ ကျွန်တော့်သမီး မပါလာတော့ပါဘူး၊ တစ်နေရာမှာ ရောင်းစားခဲ့တာ ဖြစ်မှာပါ၊ အဲဒီအတွက်ကြောင့် ဒီလူတွေကို အရေးယူပေးပါ"

"မဟုတ်ပါဘူးဗျာ - ရှင်းပြတာ နားထောင်ပါဦး"



ဦးမျိုးဦးမှ ကပျာကယာ ပြေးဝင်လာပြီး ပြောသောအခါ ဦးညိုထွန်းမှ -

"ဘာမှရှင်းပြမနေနဲ့၊ တာဝန်ရှိတဲ့လူတွေရှေ့မှာ သက်ဆိုင်ရာနဲ့ စကားပြောမယ်၊ ရဲအရာရှိမင်းခင်ဗျာ၊ ဒီလူတွေကို ခေါ်ခေါ်ပြီး ရဲစခန်းကျမှ ရှင်းပါရစေ"

ဤလိုနှင့် မောင်အေးကိုတို့ အုပ်စုရဲစခန်းရောက်တော့ အချုပ်ခန်းထဲသွင်းပြီး အချုပ်ခံလိုက်ရပါတော့သည်၊

ဝါးဖောင်ရှုပြန်လာသော မောင်စိန်အေးတို့သည် တစ်မိုးတွင်းစာ အတွင်း ရလာသောငွေများကို ပဲခူးမြို့ပေါ်တွင် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဆားပါမကျန် အဝတ်အစားများလည်း ပြည့်ပြည့်စုံစုံ ဝယ်ရသည်၊ လောလောဆယ် အရေးကြီးနေသည်မှာ ညိုညိုမြင့်တစ်ယောက် အဝတ်အစားဝတ်ရန် အခက်အခဲရှိနေ၍ အရင်ဝယ်ချင်နေပါပြီ၊ အထည်ဆိုင်ရှေ့ရောက်တော့ မောင်စိန်အေးက အင်္ကျီလေးကိုင်ပြီး မေးပါတော့သည်၊

"ညီမ - ဒီအင်္ကျီကြိုက်လား"

ညိုညိုမြင့် တစ်ယောက် ဘာမှ သည်း အဖြေမပေး၊ ပြုံးစိစိကြီးနှင့်၊

"ညီမ - ဒီထဘီရော မကြိုက်ဘူးလား"

ညိုညိုမြင့် တစ်ယောက် အဖြေမပေးဘဲ ပြုံးစိစိနဲ့သာ နေပါသည်၊

အဲဒီတော့ မောင်စိန်အေးညီ မောင်စိန်ဌေးတာ -

"အစ်ကို ရာ - မင်းမိန်းမကို မင်းကြိုက်တာ ဝယ်ပေးလိုက်စမ်းပါကွာ"

"ဟာ - မင်းတို့ အဲဒီလိုမပြောပါနဲ့ကွာ၊ သူကျန်းမာရေးမကောင်းလို့ဖြစ်နေတာ"

"အစ်ကိုကလဲဗျာ ..."

ညီဖြစ်သူမှ အစ်ကိုကို အစ်ကိုတလည်းဗျာဆိုတဲ့စကားသည် ခေါ်လာတာကို မကျေနပ်သည့် ဟန်မျိုးရှိသည်၊ မောင်စိန်ဌေးသည် အစ်ကိုဖြစ်သူမှ်သာ မပြောရဲလို့ မပြောဘဲနေခြင်းဖြစ်သည်၊ သူ့စိတ်ထဲတွင် သည်အမျိုးသမီးနာစည် မေးတော့လည်း မပြောနိုင်၊ ဘယ်နယ်ကလည်းဆိုတော့လည်း မပြောနိုင်၊ စိတ်မမှန်သူအမျိုးသမီးလို့ သတ်မှတ်ချင်သည်၊ အမှန်မှာ ညိုညိုမြင့်သည် အထိတ်တလန့်ဖြစ်နေခြင်းဖြစ်သည်၊ မောင်စိန်အေးတို့ အိမ်ရောက်သောအခါ သူ့ဆွေမျိုးများကို သည်အဖြစ်အပျက် အမျိုးအကြောင်း အစအဆုံး တစ်ခုခုနှင့် ရှင်းပြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



မိဘများက ဘာတစ်ခွန်းမျှ မပြော၊ တလေးမလေးကို သနားသည့်ပုံဖြင့် မောင်စိန်အေးအမေသည် ညိုညိုမြင့် ခေါင်းလေးကိုပွတ်သပ်ပြီး နှစ်သိမ့်နေပါတော့သည်။

"သမီး - ဘယ်ရွာကလဲ"

မျက်လုံးကြီး အကြောင်သားနှင့် ကြည့်နေပြီး -

"သမီး - အဖေ အမေရှိလား"

ဤကဲ့သို့ဆက်လက်မေးသောအခါ မေးခွန်းထုတ်နေသည့် မောင်စိန်အေး အမေကို လက်ညှိုးထိုးပြပါတော့သည်။ နောက်ထပ် မေးပြန်သည်။

"သမီးယောကျ်ားရှိလား၊ သမီး ယောကျ်ားက ဘယ်မှာလဲ"

သည်အခါကျတော့ မောင်စိန်အေး ကို လက်ညှိုးထိုးပြပါသည်။

မောင်စိန်အေးအမေမှလည်း ပြုံးတော့မလို၊ ရယ်တော့မလိုစိတ်မကောင်းသလိုမျက်နှာမျိုးဖြစ်သွားပါသည်၊ ဆက်မမေးတော့ဘဲ ကလေးမလေးအေးအေးဆေးဆေး နေပါစေ၊ ဘယ်သူမှမပြောပါနဲ့တော့ဆိုပြီး နေလေသည်။

မောင်စိန်အေးတို့မိသားစုသည် သစ်ခုတ်ဝါးခုတ်ဆိုသလိုပဲ ရှေးရိုးမတောင်ခြေတွင်ပဲ၊ နှမ်း၊ ပြောင်း၊ ရာသီကုန်များကို စိုက်ပျိုးစားသောက်လျက် ရှိပါသည်။ မောင်စိန်အေးမှာ သူ့မိသားစုတွင် မောင်နှမသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ တစ်အိမ်လုံးတွင်အကြီးဆုံးဖြစ်၍ မိသားစုကို ဦးစီးပြီး ရှာဖွေကျွေးမွေးနေသောသူလည်း ဖြစ်ပါသည်။ ဒီအတွက်ကြောင့်သူ့စကားကိုတော့မလွန်ဆန်နိုင်။ မောင်စိန်အေးဟာ အသက် (၃၅) နှစ်နီးလောက်ရှိသောလူပျိုကြီးတစ်ယောက်ပါ၊ သစ်ဆွဲသမားတစ်ယောက်ပါ၊ သူဟာ သစ်လွှဆွဲသောအလုပ်ကို အင်မတန်ကျွမ်းကျင်ပါသည်။ သူ့အဖေနှင့် ညီဖြစ်သူက တောင်ယာကို လုပ်ပြီး မောင်စိန်အေးကတော့ ရိုးမတောင်ခြေတွင် ခြေတွင်းတူးပြီး သစ်လုံးများကို စင်ဆောက်၍ စင်ပေါ်တင်ကာ အပေါ်တစ်ယောက် အောက်တစ်ယောက်ဆွဲသည့် အလုပ်ကို ကျွမ်းကျင်စွာ လုပ်ကိုင်စားသောက်သူဖြစ်ပါသည်။ တစ်နေ့တွင် သူ၏ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေကြီး ဦးလှရွှေ အိမ်သို့ရောက်လာပြီး -

"မောင်စိန်အေးတို့ သစ်ဆွဲဖို့ သစ်လုံးပိုင်ရှင်တွေက လာပြီး အော်ဒါပေးတယ်၊ သစ်လုံးတွေတောင် စင်ပေါ်တင်ပြီးပြီတဲ့၊ အဆင်သင့်ပဲပေါ့၊ လွှလည်း ငါသွေးပြီးပြီကွ"



"အဆင်ပြေတာပေါ့ - ဦးလှရွှေရဲ့ ဘယ်ရေးနှုန်းပေးလဲဗျ"

"ဒါကတော့ကွာ၊ အဆင်ပြေအောင် ခင်းနဲ့ ငါ နှစ်ယောက်သွားပြီး ဈေးညှိကြမယ်လေကွာ၊ အလုပ်လုပ်နေကျ မိတ်ဆွေတွေပဲကွာ၊ ငါ့လူ - မိန်းမရပြီဆိုတော့ ငွေစကားပြောပြီပေါ့၊ မင်းမင်္ဂလာမဆောင်သေးဘူးလားကွ၊ တို့က - စားချင်လာပြီ၊ ဘာကျွေးမလို့ စီစဉ်ထားလဲ"

လုပ်ဖော်ကိုင်ဖက် ဦးလှရွှေက မောင်စိန်အေး မိန်းမရထားသည်ထင်၍ ပြောခြင်းဖြစ်သည်။

"ဟာ - ဦးလှရွှေကလဲ"

ဟုဆိုပြီး အနီးအနားမှာ ညိုညိုမြင့် တစ်ယောက်က ရှိနေတော့ အင်းမလုပ်၊ အဲမလုပ်နှင့် အပြောရ ကြပ်နေသည်။ အဲဒီတော့ ညိုညိုမြင့်တစ်ယောက် သတိရပြီး ပွဲကြမ်းပါတော့သည်။

"ဟုတ်တာပေါ့ - အစ်ကို၊ အစ်ကိုနဲ့ ညီမ ယူထားတာကြာပြီ၊ အခုထက်ထိ မင်္ဂလာမဆောင်ရသေးဘူး၊ မေ့နေတာ ခုမှ သတိရတယ်၊ ဟုတ်တယ် - ဟုတ်တယ် - ကျွန်မ အစ်ကို့နောက်ကို မိုးရာ လိုက်ခဲ့တာနော်"

"မှန်တာပေါ့ - သမီးရဲ့ ဒီကောင်ကြီး သူများမင်္ဂလာတွေသာ သွားသွားစားနေတာ သူကတော့ မကျွေးသေးဘူး"

"ဦးလှရွှေရာ ခက်ပြီဗျာ၊ ကျွန်တော်တို့ မနက်ဖြန် တောထဲသွားဖို့ ပြင်ဆင်ထားမယ်ဗျာ - သွားကြမယ်"

ဦးလှရွှေရာဆိုပြီး မောင်စိန်အေး ဆက်ပြီး စကားမပြောနိုင်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကာယကံရှင်မိန်းကလေး တစ်ယောက်ရှေ့မှာဆိုတော့ ဘာတစ်ခွန်းမှ အကြောင်းစုံမပြောရဲမပြောနိုင်ပါ။ မောင်စိန်အေးဟာ ညိုညိုမြင့် တစ်ယောက်အပေါ်မှာ သံယောဇဉ် တွယ်မိနေပါသည်၊ အတိတ်မေ့နေတာကလွဲ၍ ကျန်သောအရာအားလုံးတို့သည် ညိုညိုမြင့် တစ်ယောက်မှာ ရုပ်ရည်ရှုပကာ နေပုံထိုင်ပုံအသံ၊ ဆံပင်အင်မတန်မှရှည် ခင်ဖွယ်ရာကောင်းလှသော ခင်မင်ဖွယ်ရာကောင်းလှသော မိန်းကလေးအဖြစ် ရုပ်နှင့် ပြည့်စုံသောသူဖြစ်ပါသည်။ မောင်စိန်အေးမှာလည်း ပစ်ရမှာ အဆီတဝင်းဝင်း၊ စားရမှာကသဲတရှပ်ရှပ် ပုံစံမျိုး ဖြစ်နေသည်၊ ဒါကြောင့် သူ ခေါ်လာစဉ်ကမိနေ့သစ်ဆိုင်ဒိုင်မှဦးတင်ထွန်း ဆိုသူက ရောဂါရှိရင်ဆရာရှိပါတယ်ကွာ ပျောက်သွားမှာပါ၊ ဒါပေမဲ့ - မင်းဆီ ရောက်ရင် ရပ်ကွက်လူကြီးလည်း အကြောင်းကြား၊ မင်းမိဘတွေ ရဲစခန်းလည်း အကြောင်းကြားလို့ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းအကြောင်းကြားခြင်းမရှိပါ။ သူ၏သံယောဇဉ်စိတ်တွေကလည်း လွှမ်းမိုးနေပါသည်၊ အဲဒီကြားထဲ ညိုညိုမြင့်ကလည်းနိုးရာလိုက်ပြေးပြီးအတူနေရတယ်လို့ သတ်မှတ်နေသည်မှာ အမှန်ပါပဲ၊ မောင်စိန်အေးဟာ ညိုညိုမြင့်နာမည်ကို မေးမရတာနှင့်၊ လူနဲ့လိုက်အောင် ရုပ်လှလို့ လှလှဌေးလို့ အမည်ပေးထားလိုက်ကြလေသည်၊

လှလှဌေးသည်သူ့ယောက်ျားမနက်ဖြန် တောထဲသွားမလို့ နားထဲမှာ ဆတ်ဆတ်ကြား၍သူ့ကိုထားသွားမှာစိုးသည့်အတွက် မောင်စိန်အေးကို အရိပ်တကြည့်ကြည့်နှင့် အနားက မခွာတော့ပါ။ နောက်နေ့နံနက် ရောက်သောအခါ သစ်ခွဲဆရာ ဦးလှရွှေ အိပ်ရာစောင်အဝတ်အထည် အထုပ်အပိုးများနှင့် ရောက်လာသည်၊ မောင်စိန်အေးကလည်းပြင်ဆင်ပြီးထွက်မည်အလုပ်တွင် လှလှဌေးက သူလည်းလိုက်မယ် လုပ်ပါတော့သည်၊ မောင်စိန်အေး အခက်ကြုံပြီး

"ညီမ – လှလှဌေး မလိုက်နဲ့လေ။ အိမ်မှာနေခဲ့ပေါ့။ အစ်ကိုကတောထဲသွားအလုပ်သွားလုပ်ရမှာ"

"မရဘူး – လိုက်မှာ – လိုက်မှာပဲ"

လှလှဌေးသည် သူ့ကိုထားပြီးသွားပြီလို့ထင်နေသည်၊ မောင်စိန်အေးအမေကလည်း –

"သမီးလေး၊ အစ်ကိုကအလုပ်သွားတာလေ၊ လေးငါးရက်လောက်ကြာရင်ပြန်လာမှာပေါ့ – သမီးရဲ့"

မောင်စိန်အေး ညီဖြစ်သူစိန်ဌေးကတော့ –

"ကိုယ်မွေးတဲ့မီး ကိုယ့်ဘာသာကိုယ် ငြိမ်းသတ်နော် – ဆရာ"

"ဟေ့ကောင် – လျှာမရှည်နဲ့ – ငါ့ကိုစွ ငါရှင်းမယ်"

သည်လိုပြောသောအချိန်အခါတွင် သူနှင့်အလုပ်သွားမည့်လုပ်ဖော်ကိုင်ဖက် ဦးလှရွှေက ထိုင်ရာမှ ဆတ်ခနဲ ထပြီး မောင်စိန်အေးအား တစ်နေရာသို့ ခေါ်သွား၍ –

"မင်းကို ငါ ပြောရဦးမယ်၊ ဒီအချိုးသမီးက နိုးယူထားရုံပဲ ရှိသေးတာလား မင်္ဂလာမဆောင်ရသေးဘူးမို့လား၊ ငါ့ကို အမှန်ပြောစမ်းကွာ"

"ဒီမှာ ဦးလှရွှေ၊ ကျွန်တော် အကြောင်းစုံ ပြောပြပါ့မယ်"

ဟိုတစ်ပတ်ကျော်က ဝါးဖောင် သစ်ဖောင် ချရင်းနဲ့ ဒိုင်နှင့်မလှမ်းမကမ်းမှာညဘက်ဖြစ်ပျက်သမျှတွေကိုတစ်ခုမကျန် အစအဆုံး နားလည်အောင် နားရှင်းအောင် ပြောပြလိုက်သောအခါ ဦးလှရွှေတစ်ယောက် သဘောပေါက်ပြီး –

"ဟင် – ဒါဆို ငါသဘောပေါက်ပြီကွာ၊ ဒါပေမဲ့နော် – မင်းကို ငါတစ်ခုပြောမယ်၊ ရွာလူကြီးတို့၊ ရဲစခန်းတို့အကြောင်းကြားထားနော်၊ ဒီကောင်မလေး နဖူးရေးနှုးရေကြည့်ရတာ သာမန်အောက်ခြေလူတန်းစားမျိုးနွယ်စုထဲကလာတာမဖြစ်နိုင်ဘူးနော်။ အကြောင်းကြားထားသင့်တယ်၊ တော်ကြာရင် – ထိမ်ချန်ဝှက်ထားမှု ဖြစ်နေဦးမယ်၊ သူ အတိတ်မေ့တာက မေ့တာပဲ"

ဤကဲ့သို့ဦးလှရွှေမှပြောသောအခါ မောင်စိန်အေးသည် ဝါးခန်းဆိုင်မှ ပြောသော စကားနှင့်တူညီနေ၍ ကျောချမ်းလာပြီး ဒီကလေးမလေးကို စွဲလမ်းကာ မွန်မအနီးမှာသာ ကျင်လည်ကျက်စားနေတဲ့ လူပျိုကြီးတစ်ယောက် ပထမ ညိုညိုမြင့်၊ ယခု သူအမည်ပေးထားသော လှလှဌေး ကို ပေါင်းသင်းဆက်ဆံချင်သည့်အတွက်သူ့မိဘများကိုလည်းပြော၊ အနီးအနားမှာရှိတဲ့ လူကြီးများကိုလည်း အတူအညီ တောင်းပြီး လူသိရှင်ကြား



မင်္ဂလာဆွမ်းကျွေး၍ လတ်ထပ်လိုက်ပါတော့သည်၊ ညိုညိုမြင့် ခေါ် လှလှဌေးကတော့ မောင်စိန်အေးကို သူ့ချစ်သူမောင်အေးကိုလို့သာ ဦးနှောက်ထဲတွင် စွဲမှတ်ထင်နေပါတော့သည်၊

မောင်အေးကိုနှင့် နိုးရာလိုက်ရန်စွမ်းဆောင်ပေးကြသော မောင်ကျော်ဆွေ၊ မောင်တင်အေးနှင့် လိပ်ပုတို့သည် ပထမတော့ ထောင်အချုပ်အတူကျပြီးရက်၊ လတို့အတော်ကြာလာသောအခါ တဖြည်းဖြည်းနှင့် အချုပ်ခန်းထဲတွင် မောင်အေးကိုတစ်ယောက်တည်းသာ ကျန်ခဲ့ပါတော့သည်၊ အကြောင်းမှာ သူ့တစ်ယောက်တည်းသာလျှင် အပြစ်ရှိသဖြင့် အပြစ်ဒဏ် ကျခံလျက်ရှိပါတော့သည်၊ ညိုညိုမြင့်မိဘများမှာလည်း ဖြစ်စအချိန်က သားရေပေါ်အိပ် သားရေနားစား၊ ဆန်ကောလောက်မှ စောက်မနက်တဲ့ လူတွေဆိုပြီး နင်ထုတ်လိုက်တာ မောင်အေးကိုရဲ့အမေ၊ လိပ်ပုတို့ဖနီးမောင်နံနှင့် မောင်အေးကို အရင်းနှီးဆုံးလူတွေကိုအလုပ်ဖြုတ်ပစ်လိုက်ပါတော့သည်၊ ဦးမျိုးဦးမှာလည်း သူ့ညီငယ် မောင်အေးကိုရဲ့အမေကြီးကို ထိုင်နှိုင်းအတွက် အဆင်ပြေရန် ပြည်ရတာတစ်ကြောင်း၊ အချုပ်ခန်းပါ တားစရာသောတ်

www.burmeseclassic.com

စရာများအမြဲပို့လျက် ရှိပါသည်။ ဦးမျိုးဦး တစ်ယောက် မိတ်ကောင်းဆွေကောင်း တစ်ယောက်ဆိုတာ ပီသပါသည်။ တစ်နေ့အချုပ်ခန်း ညည့်သည်တွေ့ချိန်တွင် –

"ဦးမျိုးလည်း ကျွန်တော့်အတွက်နဲ့ အတော်လေး ပင်ပန်းရှာပြီနော်"

"ပင်ပန်းတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ငါလည်း မင်းကိုအကြံဉာဏ်ပေးမိတော့ စိတ်မကောင်းဖြစ်နေတာပေါ့၊ မင်းအမေကတော့ အဆင်ပြေသွားပါပြီ၊ ငါ့ညီမဆီမှာ"

"စိတ်အပူဆုံးက အဲဒါပဲဗျာ၊ ကျွန်တော့်အတွက်နဲ့ ဒုက္ခရောက်တာက အမေဖြစ်နေတာ"

"အခုတော့ စိတ်အေးတော့လေကွာ၊ ငါမင်းကိစ္စကို ရှေ့နေတစ်ယောက်နဲ့ တိုင်ပင်ထားတယ်၊ ငါဆက်ပြီး ကူညီမယ်ကွာ"

"ကျေးဇူးတင်ပါတယ် ဦးမျိုးဦးရာ၊ ဖြစ်နိုင်မှလည်း လုပ်ပေးပါ၊ မဖြစ်နိုင်ရင်လည်း ထားလိုက်တော့ဗျာ၊ ဘဝပေးတဲ့ ဝဋ်ကြွေးအကျေခံမယ်ဗျာ"

"မင်းအချုပ်ထဲမှာပဲ ဒီအတိုင်း နေတော့မှာလား"

"နေတော့ ဘယ်နေချင်မလဲ ဦးမျိုးဦးရာ၊ ဒါပေမဲ့ – ဘယ်တတ်နိုင်မလဲ"

"မင်းဒီအတိုင်းနေလို့ ဘယ်ဖြစ်မလဲကွ၊ တရားဥပဒေဆိုတာ ရှိသေးတာပဲ မင်းကို ငါ တစ်ခုပြောရဦးမယ်၊ သတင်းတစ်ခုကြားရတယ်၊ ညိုညိုမြင့်ရဲ့အမေတော အကြားအမြင်ဆရာဆီ သွားမေးတယ်တဲ့၊ သူ့သမီးပျောက်သွားလို့ လူ့လောကမှာ ရှိသေးလား၊ မရှိတော့ဘူးလား"

"အဲဒီတော့ ဘယ်လိုဖြေလဲ ဦးမျိုးဦး"

"ရှိတယ်လို့ပြောတာကို သတင်းရတယ်၊ ဒါပေမဲ့ – သူတို့ပြောစကားအရ အင်္ဂါချို့ယွင်းနေတယ်လို့ ပြောတယ်"

"အေးဗျာ – ညိုညိုမြင့်တစ်ယောက် မသေပါစေနဲ့ဗျာ၊ လူ့လောကမှာ ရှိပါစေ"

"မသေမှ မင်းအတွက် ကံကောင်းမှာ၊ မောင်အေးကို – မင်းအမေကလည်း ဟိုတစ်နေ့က ပြောတယ်၊ ငါ့သမီးလေး ညိုညိုမြင့်ကို ဘုရားဝတ်ပြု ရှိခိုးတိုင်း တရားထိုင်ပြီးတိုင်း မသေမပျောက်ပါစေနဲ့လို့ ဆုတောင်းနေရတယ်တဲ့၊ သူ့အာရုံထဲမှာလည်း အသေအပျောက်မရှိတာကို တွေ့ရတယ်တဲ့၊ ပြောလို့မရဘူးလေကွာ၊ သူတို့တစ်တွေက ဘာသာရေးအလွန် လုပ်တာကိုးကွ"

"အမေက အဲဒီလို ပြောလား ဦးမျိုးဦးနောက်တစ်ပတ်ကျရင်အမေ့ကို ကျေးဇူးပြုပြီး ခေါ်ခဲ့ပေးပါလားဗျာ"

"အေးပါ – ငါခေါ်ခဲ့ပါမယ်"

ညိုညိုမြင့်ခေါ် လှလှဌေးဟာ မောင်စိန်အေးနှင့်ညားပြီး ရှစ်လကျော် ကိုးလလောက်ကြာသွားတော့ ကိုယ်ဝန်ကလည်း ရင့်မာနေပါပြီ။ လှလှဌေးမှာ ရှီးမတောင်ခြေ၊ လင်ယောက်ျား မောင်စိန်အေး လှေဆွဲရာနေရာသို့ ကိုယ်ဝန်နှင့်စဉ်တုန်းကတော့ မကြာခဏ လိုက်သွားဖူးသည်။ ယခုလို ကိုယ်ဝန်ရင့်သွားတော့ မလိုက်တာကြာပါလေပြီ။ တောင်ခြေနှင့်ရွာကလည်း မဝေးပါ။ (၃)မိုင်မျှလောက်ပဲ ရှိပါလိမ့်မည်။ တောင်ခြေမှာ သစ်ခုတ်သူ ဝါးခုတ်သူ၊ လှေဆွဲသူ၊ တောင်ယာလုပ်သူနှင့် တဲအိမ်များ များပြား၍ လှလှဌေးက အလွန်ပျော်မွေ့ပါသည်။ ရွာနှင့် တောင်ခြေမဝေးကွာပါ။ ညိုညိုမြင့်ခေါ် လှလှဌေး ယခုလို ကိုယ်ဝန်ရင့်၍ အသွားအလာ ဆင်ခြင်ရသည့်အခါ မောင်စိန်အေး အမေကလည်း ဝီရိယစိုက်ပါသည်။

"သမီးလေး လှလှဌေးကို ဝမ်းဆွဲသည် လက်သည်ပြောထားမှ ဖြစ်မယ်"

မောင်စိန်အေးမှ သူ့အမေပြောသောစကားကို ရှင်းပြပါတော့သည်။

"အေး – ငါတို့ကတော့ မခေါ်တတ်ပါဘူးဟယ်၊ ပြောထားဖို့ ကောင်းနေပြီနော်၊ အချိန်က နီးနေပြီ"

"ဟုတ်ကဲ့ – သူတကျွန်တော်တို့ရွာမှာ တာဝန်ကျတယ်ဆိုပေမယ့် နစ်ရွာကျော် ဟိုဘက်ကျောက်ခြေမှာနေတာ အမေ၊ ကျွန်တော် မနက်ဖြန်တာတချင် အကြောင်း သွားကြားလိုက်မယ် အမေရေ"

"သွားဖြစ်အောင်သွားနော် သား"

"ဟုတ်ကဲ့"

ဟိုဘက်နစ်ရွာကျော်ဆိုပေမယ့် မောင်စိန်အေးတို့တောင်ခြေရွာနှင့် တစ်အုပ်စုထဲပါ။ ဆရာမလေးဆီသို့ သွားအကြောင်းကြား၍ ဆရာမလေးမှာ ရွာနာမည် လူနာမည် လိပ်စာအပြည့်အစုံ ယူထားလိုက်ပြီး နောက်နေ့နက်ဖြန်လာခဲ့ပါမည်ဟု ကတိပေးလိုက်ပါသည်။ နောက်နေ့နက် (၁၀)နာရီလောက်တွင် သူနာပြုဆရာမလေး မြင့်မြင့်မော်ဟာ တောင်ခြေရွာ မောင်စိန်အေးတို့ အိမ်ရောက်တော့ ကိုယ်ဝန်ဆောင်ရဲ့ အမည်၊ ယောက်ျားအမည်၊ လိပ်စာနံပါတ်အပြည့်အစုံ ယူပါတော့သည်။ ကိုယ်ဝန်ဆောင်သည်ရဲ့ သွေးပေါင်ချိန်ကြည့် အမျိုးမျိုး စစ်ဆေးပြုလုပ်နေပါတော့သည်။ သို့သော်လည်း ဆရာမလေးရဲ့ စိတ်ထဲတွင် ဒီအမျိုးသမီးကို ရင်းရင်းနှီးနှီး ဖြစ်မှုခြင်း တရင်းတနှီး စကားပြောမှုခြင်း သိသလို

www.burmeseclassic.com



လိုမသက်ာဖွယ်ဖြစ်နေပါသည်၊ ဆရာမလေးက ဖဝေဖဝါဖြစ်နေပြီး မကျေမနပ်နှင့် စစ်စစ်ဆေးဆေး ပြန်လည်မေးမြန်းမြန်းပါသည်၊

"ကိုယ်ဝန်ဆောင်သည်အမည်ပြန်ပြောပါဦး"

"မလှလှဒွေးပါ"

"အခြားနာမည်ရှိသေးလား"

မောင်စိန်အေးတို့မိသားစုသည် တွေဝေစဉ်းစားနေသည်ကိုဆရာမလေးငေးကြည့်နေသည်၊

"ဘာမှတော့မဟုတ်ပါဘူး၊ ကျွန်မတောင်းနေဘက်သူငယ်ချင်းနဲ့ အရမ်းတူညီနေလို့ မြောင်းမြဘက်က သူကနာမည်ချင်းတော့ တော်တော်လွဲတယ်၊ ဘာလဲ - သူက စိတ်ပုံမှန်မရှိဘူးလား၊ အတိတ်မေ့နေတာလား၊ ဘာဖြစ်လို့ဒီလိုဖြစ်နေတာလဲ"

ဆရာမလေးသည် သူတို့မိသားစုတွေ သူ့ မေးသမျှမေးခွန်းတွေကို အဖြေရတျပ်နေသည်ကို ဝေခွဲ၍မရသည့်အတွက်ကြောင့် -

"ကျွန်မ နောက်နှစ်ရက်လောက်ကြာရင် ပြန်လာခဲ့ပါ့မယ်၊ မိန်းကလေးမွေးတာမလာတဲ့ ရက်လတွေ အသေအချာပြောနိုင်တဲ့အတွက်ကျွန်မပြန်လာမယ့်ရက်ကျရင် သူမွေးဖွားမယ့်ကိစ္စတစ်ခုခု ထူးခြားပါလိမ့်မယ်"

ဆရာမလေးလည်း လူနာအတွက်လွယ်ကူစွာမွေးဖွားရန် မကျန်းမာမှုစိုးရိမ်၍လိုအပ်သောဆေးများနှင့်သွေးစစ်ဆီးစစ်ကိစ္စများပြုလုပ်ကာ ပြန်သွားပါတော့သည်၊ လမ်းတစ်လျှောက်လုံး တော်တော်လေး နက်နက်ရှိုင်းရှိုင်း စဉ်းစားနေပါသည်။ ကျန်ခဲ့သောငါးနှစ်မျှလောက်က မြောင်းမြတွင် (၁၀)တန်းနှစ်က အတူတက်ခဲ့သော သူငယ်ချင်းနာမည်ကိုအမိအရတွေးနေသည်၊ တွေးနေရင် သတိရလာသည်။ ညိုညိုမြင့်ဖြစ်သည်၊ သူဟာ သူဌေးသမီးတစ်ယောက်နှင့်အရမ်းတူလွန်းနေသည်၊ (၁၀)တန်းအောင်တဲ့အခါ ညိုညိုမြင့်တို့က ပုသိမ်တက္ကသိုလ်တွင် ဆက်တက်သည်၊ သူကတော့ဘဝပေးကံတရားကြောင့်(၁၀)တန်းအောင်တွေ၊ သားဖွားနှင့်မီးယပ်ခေါ်သောအခါ တက်ရောက်ခဲ့ပြီး ဘွဲ့ရရန်အတွက်တော့ အဝေးသင်တက္ကသိုလ်တက်၍ ဘွဲ့ရခဲ့သည်၊ ညိုညိုမြင့်ကိုဖုန်းဆက်ကြည့်ဦးမယ်၊ ဘာတွေများလုပ်နေမလဲ၊ ကျောင်းကတော့ပြီးသွားပြီဆိုတာ ဒီအချိန်မှာသိသည်။ ဖုန်းနံပါတ်ပေးထားခြင်းတော့ မရှိပါ၊ ဒါကြောင့် စိတ်ထဲမှာ



တစ်မြို့ထဲနေပြီး သူ့အရင်းနှီးဆုံးသူငယ်ချင်းအဆက်အသွယ်ရှိသော သူဇာခင်ကိုဖုန်းဆက်မေးကြည့်သောအခါ -

"ဟယ်လို - ပြောပါ"

"မသူဇာခင် ခေါ်ပေးပါလား"

ခေါ်ပေးမယ်ပြောပြီး မကြာခင်မှာ ဖုန်းပြန်ဝင်လာပါသည်။ ဖုန်းဘယ်သူဆက်သလဲမေးသောအခါ ဖုန်းဆက်သူကိုဖုန်းပိုင်ရှင်မှ ပေးလိုက်သောအခါ -

"ဟယ်လို - ဖုန်းဘယ်သူဆက်တာလဲ"

"သူဇာခင်လား"

"ဟုတ်တယ်"

"ငါမြင့်မြင့်မော်လေ"

"ဟယ် - ကောင်မ၊ ခုမှ ဖုန်းဆက်တယ်၊ နင် အခြေအနေကောင်းလား"

"ကောင်းတယ် - နင့်ကိုငါမေးစရာတစ်ခုရှိတယ်"

"ပြောလေ - ဘာမေးမှာလဲ - ဘာပြောရမှာလဲ"

"တို့ (၁၀)တန်းမှာ အတူတက်ခဲ့တုန်းက နင်တို့တစ်ရပ်ကွက်ထဲက တို့သူငယ်ချင်း ညိုညိုမြင့် ဘာတွေလုပ်နေလဲ - သူဇာခင်"

"ဟဲ့ - ညိုညိုမြင့် သေသွားပြီ၊ မနှစ်တမိုးဦးကျမှာ သူ့ရည်းစားနဲ့ နိုးရာလိုက်အပြေးမှာ မုန်တိုင်းနဲ့တွေ့လို့ ရေထဲပါသွားတာ ဒီနှစ်မိုးဦး အခုအချိန်မှာ တစ်နှစ်ပြည့်ပြီပေါ့"

"ဟယ် - ငါမသက်ာတာ တကယ်များဖြစ်နေမလားမသိဘူး"

"ဟဲ့ - နင့်စကားကြီးကလည်းဘယ်လိုလဲ"

"ဘယ်လိုမှမဟုတ်ဘူးသူငယ်ချင်းရေ၊ မနက်ဖြန်ခါ သန်ဘက်ခါ နေ့စေ့လစေ့ ကလေးမွေးမယ့်အမျိုးသမီးတညိုညိုမြင့်နဲ့ တစ်ပုံစံတည်းပဲ အရမ်းတူတယ်၊ သူများလားလို့တောင် ထင်ရတယ်၊ ဒါပေမဲ့ - သူငယ်ချင်းရဲ့ - စိတ်မမှန်သလို အတိတ်မေ့သလို ဖြစ်နေတယ်၊ မနက်ဖြန်ခါတောင် မွေးပေးရမလားမသိဘူး"

"ဟယ် - ငါတွေ့ချင်လိုက်တာ သူငယ်ချင်းရယ်"

"တွေ့ချင်ရင် ငါ့ဆီလာခဲ့လေ ကောင်မရဲ့"

"နင် စရိတ်ခံမှာလား"

"ဒီအတွက်ကတော့ ပါးပါးလေးပေါ့"

"မြင့်မြင့်မော် ပြောရဦးမယ်၊ သူ့နိုးရာလိုက်ပြေးသွားတဲ့ သူတို့ဖခင်တသဘောစက်မောင်းမောင်စိန်အေးတို့အခုအထိ အချုပ်ကျနေတယ် သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးကိုဖြားယောင်းသွေးဆောင်ခေါ်သွားပြီး ရောင်းစားပါတယ်ဆိုပြီးရဲစခန်းမှာ အမှုဖွင့်ထားတဲ့ကိစ္စ"

"ဟယ် - သနားပါတယ်သူငယ်ချင်းရေ၊ ကလေးမီးဖွားပြီး အသေအချာ စစ်ဆေးမေးမြန်းကြည့်ဦးမယ်၊ ဖုန်းပြန်ဆက်ပေးမယ် - သူငယ်ချင်း"

ဤကဲ့သို့ သူငယ်ချင်းနှစ်ဦး ဖုန်းဆက်စကားပြောပြီး နောက်နေ့နံနက်တွင် တောင်ခြေရွာသို့ သားဖွားဆရာမလေး မမြင့်မြင့်မော်တစ်ယောက် ဆိုင်ကယ်ဖြင့်သားဖွားပစ္စည်းစုံလင်စွာဆေးပစ္စည်းများ ယူဆောင်လာရာ ရွာသို့ရောက်သည်နှင့် အိမ်ထဲဝင်လိုက်သောအခါ ကိုယ်ဝန်ဆောင်သည် လှလှဒွေးတစ်ယောက် ရေမွှာပေါက်ပြီးပါပြီ။ သူ့ယောက်ျားကလည်း ဗိုက်သည်အသန်နာပြီဆိုကတည်းက အရပ်လက်သည်ခေါ်ထားပေးပါသည်။ ဆရာမလေးရောက်လို့ မကြာခင်မှာပဲ ကိုယ်ဝန်ဆောင်သည် မီးဖွားပါတော့သည်။ ကလေးမှာ မိန်းကလေးဖြစ်သည်။ မီးနေသည်တိုက်ရမည့်ဆေးနှင့် အစားအသောက်များ၊ ကလေးကိုနွေးနွေးထွေးထွေးထားရန် ပြောဆိုပြီး နောက်နေ့ စပ်စောစောလာပါဦးမည်ပြောဆို၍ပြန်ခဲ့ပါသည်။

သားဖွားဆရာမမြင့်မြင့်မော်အနေနှင့် မေးမြန်း စစ်ဆေးချင်ပါသည်။ သို့သော်လည်း ကလေးမီးဖွားချိန်ဖြစ်နေ၍ မေးရခက်နေပါသည်။ နောက်နေ့တွင် မြင့်မြင့်မော် လူနာအိမ်ကို ခပ်စောစောရောက်ပါသည်၊ လူကြီးကလည်း ကျန်းကျန်းမာမာ၊ ကလေးကလည်း ကျန်းကျန်းမာမာဆိုတော့ သားဖွားဆရာမအနေနဲ့ ဝမ်းသာမိပါသည်၊ ဆရာမလေးသည် ကလေးကို ဝီရိယစိုက်ရန် လူကြီးအတွက် သောက်ဆေးလိမ်းဆေးများပေး၍ ပြန်ခဲ့ပါသည်၊ နောက်ရက်တွေလည်း (၂)ရက်တစ်ပတ်၊ (၃)ရက် တစ်ပတ်လာ၍ ဆရာမလေး ပြုစုပါသည်၊ ဆေးများ ပုံမှန် ပေးပါသည်။ (၃)ပတ်လောက်ကြာသွားသောအခါမီးနေသည်မှာ ကြည်လင်သောမျက်လုံးနှင့် ရွှင်မြူးသောမျက်နှာကို တွေ့နေရပေသည်။ ဆရာမလေး မြင့်မြင့်မော်ကိုလည်း စိုက်ကြည့်ပြီး တစ်စုံတစ်ရာပြောချင်ပုံရသည်။ ဆရာမလေးကလည်းမီးနေသည်ဖြစ်နေ၍ စကားအများကြီး မပြောစေချင်ပေ။

ဒီလိုနှင့် တစ်လကျော်သွားသောအခါ ဆရာမလေးအိမ်သို့ သတင်းတစ်ခုရောက်လာသည်။ တောင်ခြေရွာက မောင်စိန်အေးမိန်းမ သားဖွားပြီးနောက်



အတိတ်မေ့ရောဂါတွေပျောက်ပြီးစကားပုံမှန်ပြောနေတယ်လို့သတင်းရပါသည်။ ဒီသတင်းကြားရသောအခါဆရာမလေးအရမ်းပျော်သွားပြီး သူတို့အိမ်ကို သွားချင်စိတ် ပေါက်လာပါသည်၊ နောက်နေ့အိမ်ရောက်သွားသောအခါ -

"မလှလှဒွေး - နေရထိုင်ရတာအဆင်ပြေလား"

"အဆင်ပြေပါတယ် - ဆရာမ"

"သွေးပေါင်ချိန် ကြည့်ဦးမယ်"

"ဆရာမ ဘယ်နယ်ကလဲ"

"ကျွန်မက မြောင်းမြဘက်ကပါ။ ဒီမှာ တာဝန်ကျတာ သုံးနှစ်ကျော်ပြီ"

"ဆရာမကို ကျွန်မ မြင်ဖူးသလိုလိုနဲ့လို့ ကျွန်မ မိတ်ဆွေတစ်ယောက်နဲ့လည်း တူတယ်"

"မလှလှဒွေးကလည်း ဘယ်ကလဲ ဒီရွာကလား"

"မဟုတ်ပါဘူး၊ ကျွန်မလည်း မြောင်းမြဘက်ကပဲ"

တစ်ယောက်နှင့်တစ်ယောက် ဤကဲ့သို့စကားလက်ဆုံကျသောအခါပြောရင်းပြောရင်းနှင့် ဇာတိတွေ ပေါ်ကုန်ကြပါသည်။

"ဟဲ့ - မြင့်မြင့်မော် - နင်ငါ့ကိုမမှတ်မိဘူးလား ငါ ညိုညိုမြင့်လေ"

"အေး - ငါလည်း အဲလိုထင်နေတာ နင်ဘယ်လိုတွေဖြစ်တာလဲ"

ညိုညိုမြင့် သည် လုံးဝ ငြိမ်သက်တိတ်ဆိတ်သွားပြီး မျက်ရည်များဝဲ၍ လုံးဝငြိမ်သက်နေပါသည်။ သူမအတွေးသည် တစ်နေရာသို့ လွင့်သွားသည်။ ဤအချိန်အခါတွင် မောင်စိန်အေးအမေနှင့် အတူ ရှိနေသောလူများသည် အာမေဋိတ်သံများနှင့် မှင်တက်မိသလို ပါးစပ်အဟောင်းသားများနှင့် ဘာစကားမှ မပြောဖြစ်ကြ၊ ထိုအချိန် မလှလှဒွေးရဲ့ယောက်ျား မောင်စိန်အေးကတော့ မရှိပါ။ တောထဲတွင် သစ်ခွဲနေသည့်အချိန်ဖြစ်ပါသည်၊ ဆရာမလေးအနေဖြင့် သူ့အတွေးတစ်ခုကတော့ သူ ခွင့်ယူပြီး တိုကလူတွေကိုအကြောင်းစုံပြန်ပြောမယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါသည်။

"ဟဲ့ - မြင့်မြင့်မော်၊ ငါ့အမေနဲ့ အဖေတွေ့ချင်တယ်၊ ငါ့ကိုကူညီပါ သူငယ်ချင်း"

"စိတ် ချပါဟာ - အဲ ဒီ အတွက် ငါ့တာဝန်ထားပါ"

သားဖွားသူနာပြုဆရာမလေး မြင့်မြင့်မော် လုပ်ငန်းခွင်မှ ခွင့်ယူပြီး မြောင်းမြသို့ပြန်သွားပါသည်။ [illegible]ဆက်ပြီးစကားမပြောတော့ပါ၊ အိမ်သို့ရောက်သွားသောအခါ သူ၏ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



သူဖခင်အိမ်ကိုသွားပဲရူးတောင်ခြေမှာ သူပြောသောကိုယ်ဝန်ဆောင်သည်ဟာ တကယ်အမှန်အကန် ညိုညိုမြင့်ဖြစ်နေကြောင်းနှင့် ပထမတော့ အတိတ်မေ့နေပြီး ယနမီးဖွားပြီးချိန်တွင်ပြန်လည်ပုံမှန်ဖြစ်သွားသည်။ သူ့ယောကျ်ားကလည်း သစ်လုပ်ငန်း၊ ဝါးလုပ်ငန်းအလုပ်ကိုလုပ်သည်၊ ယနု လောလောဆယ်တော့ လှဆွဲသည့်အလုပ်ကို လုပ်ကိုင်ကြောင်း၊ မနှစ်က မုန်တိုင်းမိစဉ်တုန်းကလည်း လှိုင်းလုံးပေါ်မှာပါသွားပြီးၿငင်း၏ဝါးဖောင်ပေါ်မှာ ညိုညိုမြင့်ရဲ့ခေါင်းကို ဝါးများဖြင့်ရိုက်မိသဖြင့် အတိတ်မေ့မြောခြင်း ဖြစ်ကြောင်းကုန်စင်အောင်ပြောပြ၍ညိုညိုမြင့်၊ ညိုညိုမြင့်၏ အဖေအမေများက ခုချက်ချင်း လက်ငင်းတွေ့ချင်ကြောင်းပြော၍ ဆရာမလေး မမြင့်မြင့်မော် သူ့သူငယ်ချင်းမသူဖခင်နှင့် ဆွေမျိုးတစ်စုတို့သည် သူနာပြုသားဖွားဆရာမလေးတာဝန်ကျသောပဲရူးသို့ လိုက်ပါသွားကြပါလေတော့သည်။

ဒီသတင်းကို ရသွားသောအခါ ဦးမျိုးဦးသည် အချုပ်ကျနေသော မောင်အေးကိုရှိရာသို့အပြေးလေးသွားပါတော့သည်။ ရောက်သွားသွားချင်း တာဝန်ရှိသောသူများကိုအကျိုးအကြောင်းပြောပြကာ ခွင့်တောင်းပြီး တွေ့ပါတော့သည်။

ဦးညိုထွန်းကတော့ မယုံပါ။ သမီးရှင်လိုက်လာလို့ မာယာများပြီး ထွက်ပြေးတယ်လို့ ထင်နေပါသည်။ အမှန်တကယ်တမ်းမှာ မောင်စိန်အေး သစ်တုံးပိခြင်းမှာ အမှန်တကယ်ပါ။ သူတို့ သစ်ဆွဲရတာက လေးတိုင်းစင်လုပ်ပြီး အပေါ် တစ်ယောက် အောက်တစ်ယောက် ဆွဲသည့်အခါ သစ်တိုင်ကျိုးပြီး သစ်လုံးပိသွားခြင်းဖြစ်ပါသည်။





"ဟော့ - မောင်ဧအေးကို - မင်းတော့ ထိပေါက်ပြီကွ"

"ဘယ်လိုပေါက်တာလဲ ဦးမျိုးဦး"

"သတင်းအတိအကျရပြီ။ ပဲရူးတောင်ခြေမှာတဲ့၊ ညိုညိုမြင့်ကို တွေ့ပြီတဲ့။ အတိအကျပဲ - သူ့အဖေ သူ့အမေနဲ့ တို့ဆီက လူတွေ လိုက်သွားကြပြီ"

"ဝမ်းသာလိုက်တာ ဦးမျိုးဦးရာ၊ အမှန်သတင်းဖြစ်ပါစေ"

"ဝမ်းကတော့ တစ်ဝက်ပဲသာကွ"

"ဘာဖြစ်လို့လဲ ဦးမျိုးဦးရဲ့"

"ယောကျ်ားရပြီး ကလေးမွေးနေသတဲ့။ ပထမတုန်းကဆိုရင် အတိတ်တောင် မေ့နေတာတဲ့ဟေ့၊ ကလေးမွေးပြီးမှ ကောင်းသွားလို့ မင်းတို့ဖာတ်ကြောင်းပြန်ပြောပြတာ၊ သူ့သူငယ်ချင်း တစ်ယောက်နဲ့တွေ့လို့ သတင်းရပြီး လိုက်သွားကြတာ"

✡✡✡

မောင်အေးကို စဉ်းစားပါပြီ၊ ညိုညိုမြင့်ဟာပုံမှန်ဦးနှောက်ကောင်းရင်ဘယ်တော့မှ သူ့အပေါ် သစ္စာဖောက်မှာမဟုတ်၊ဦးနှောက်မကြည်လင်တဲ့အတွက်သည်လိုဖြစ်ခဲ့ခြင်းဖြစ်မည်ဟု စဉ်းစားမိပါသည်။ မောင်အေးကိုဟာ ညိုညိုမြင့်အပေါ်မှာ အမြင်ကြည်လင်ပါသည်။

ဦးညိုထွန်းတို့ ဇနီးမောင်နှံနှင့် ဆွေမျိုးသားချင်းတစ်စုတို့သည် သားဖွားဆရာမလေး မြင့်မြင့်မော်နေသောနေရာသို့ ရောက်သောအခါ ခေတ္တခဏ အနားယူပြီး သူတို့သမီးရှိရာ တောင်ခြေရွာသို့ ဆရာမလေးမှဦးဆောင်၍ ဆက်လက်ခရီးဆက်ကြပါတော့သည်။ ရွာသို့ရောက်သောအခါ ညိုညိုမြင့်ဟာ သူ့အဖေနှင့် အမေကို တွေ့၍ ဖက်၍ငိုပါတော့သည်၊ သည်အချိန် သည်အခါတွင် လိမ္မာပါးနပ်လှသော ဆရာမလေး မမြင့်မြင့်မော်ဟာ ညိုညိုမြင့် (ခ) လှလှဌေး၏ ယောကျ်ားကြီးကို အရင်ပြောရပါတော့သည်။ ဆက်ဆံရေးတွေ ရှင်းပျမှာစိုးသည့်အတွက် ဖြစ်သည်၊

"အန်တီ့ချွေးမရဲ့အဖေနဲ့ အမေပါ။ သူတို့က မြောင်းမြမြို့မှာ သဌေး၊ မော်တော်ပိုင်ရှင်သူဌေးတွေပါ၊ အန်တီ့ချွေးမ နာမည်က ညိုညိုမြင့်တဲ့။ လှလှဌေးတာ ဒီကျမှ အန်တီ့သား မှည့်တာဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ်အန်တီရယ် - သူတို့ကဘာပြောပြောရည်ရည်မွန်မွန်ဖြေ ငံငံလေးပြန်ပြောပါ"

"အေးပါ - ဆရာမလေးရာ၊ အဖေတို့ကတော့တောသူတောင်သားတွေဆို

www.burmeseclassic.com



"တော့ စကားကိုတော့ လူတွေ နားဝင်အောင် ကောင်းကောင်းမွန်မွန် မပြောတတ်ဘူး။ အရိုးခံအတိုင်းပဲလေ၊ ဆရာမလေးပဲ ကြည့်ပြောပေးပါ"

"ဖေဖေနဲ့မေမေ သမီးမိုက်ကို ခွင့်မလွှတ်ပါနဲ့"

"ခွင့်လွှတ်ပါတယ်သမီးရယ်၊ မသေကောင်း မပျောက်ကောင်း သမီးကို အခုလို ကောင်းကောင်းမွန်မွန် ပြန်တွေ့ရတာပဲ ဝမ်းသာလွန်းလှပါပြီ"

"ဖေဖေနဲ့ မေမေ - သမီးဦးနောက်ထိထားတာပြန်ကောင်းလာတာ တစ်လကျော်ကျော်ပဲ ရှိသေးတယ်"

ဤအချိန်အခါတွင် -

"တောက်"

ဦးညိုထွန်း တောက်တစ်ချက်ခေါက်လိုက်ပါပြီ။ ဒေါသထွက်နေသည်။

"သမီးယောက်ျားဆိုတာ ဘယ်မှာလဲ"

ဆရာမလေး မမြင့်မြင့်မော်မှ ကြားထဲကဝင်ပြီး အဖြေပေးပါသည်။

"သွားခေါ်နေပါတယ် ဦး၊ တောင်ခြေမှာ သစ်ဆွဲနေလို့တဲ့"

"အေး - ဒါဆိုရင် - လူကြီးခေါ်ပေးကွာ"

"ဟုတ်ကဲ့ - ခေါ်ပေးပါ့မယ်"

ရွာလူကြီးရောက်လာသောအချိန်အခါတွင် စကား စတင်ပြောပါတော့သည်။

"ရွာလူကြီးလားခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော် ဒီရွာရဲ့လူကြီးပါ။ ကျွန်တော့်နာမည် ဦးတင်အောင်ပါ"

"ကျွန်တော်က မြောင်းမြကပါ။ နာမည်ကဦးညိုထွန်းပါ။ ကျွန်တော့်သမီး ရေထဲမှာ ပြုတ်ကျသွားပြီး စိတ်မမှန်၊ ကျန်းမာရေးမကောင်းတဲ့ သူကို တိတ်တဆိတ် ခိုးယူပေါင်းသင်းနေတာ တစ်နှစ်ရှိပြီ၊ ခင်ဗျားတို့ ရွာလူကြီးတွေရော အကြောင်းကြားရဲ့လား"

ထိုအချိန်တွင် သတင်းဆိုးတစ်ခု ဝင်လာသည်။

"အစ်ကိုကြီး စိန်အေး - သစ်တုံးပိလို့"

"ဟာ"

"ဟင်"

မောင်စိန်အေး အမေကလည်း -

"အမလေး - ငါ့သားလေးတော့ သေပါပြီ"

အဘွားကြီးကတော့ သတိလစ်၍ သွားသည်။ သူ့အိမ်က မိသားစုနှင့် အနားမှလူများ ပြုစုလိုက်ရသည်။ ဦးညိုထွန်းကတော့ မယုံပါ။ သမီးရှင်လိုက်လာလို့



မာယာများပြီး ထွက်ပြေးတယ်လို့ ထင်နေပါသည်။ အမှန်တကယ်တမ်းမှာ မောင်စိန်အေး သစ်တုံးပိခြင်းမှာ အမှန်တကယ်ပါ။ သူတို့ သစ်ဆွဲရတာက လေးတိုင်းစင်လုပ်ပြီး အပေါ်တစ်ယောက် အောက်တစ်ယောက်ဆွဲသည့်အခါ သစ်တိုင်ကျိုးပြီး သစ်လုံးပိသွားခြင်းဖြစ်ပါသည်။

"ဖေဖေ - သမီးကို ခွင့်လွှတ်ရင် ပြဿနာမလုပ်ပါနဲ့ ဖေဖေရယ်၊ သူတို့လည်း သမီးကို ရေထဲမှာ အသက်ဘေးက ကယ်လာခဲ့တာပါ၊ ကျေးဇူးလည်း ရှိပါတယ်။

"အေးပါ - သမီးရယ်၊ ဖေဖေလည်း စိတ်လျှော့လိုက်ပါပြီ။ မင်းယောက်ျား သစ်တုံးပိတယ်ဆိုတာ ဆေးရုံသွားကြည့်ရအောင်"

သူတို့လူအုပ်စုနှင့် တောင်ခြေရွာမှ မောင်စိန်အေးမိသားစုဆွေမျိုးတစ်စုတို့သည် ဆေးရုံသို့ လိုက်သွားကြသည်။ လူနာမှာ ဒဏ်ရာပြင်းထန်သည့်အတွက် အသက်မမီလိုက်တော့ပါ။ မောင်စိန်အေး၏ ဆွေရင်းချာ မျိုးရင်းချာတွေ ဝိုင်းငိုကြပြီး ဦးညိုထွန်းတို့က သမက်လောင်းကို မမြင်ဘူးပေမယ့် ဝိုင်းငိုနေသည်ကိုမြင်ရ၍ ယုံကြည်မှု ရှိသွားပါသည်။ လုလုဖွေး

(ခ) ညီညီမြင့်တတော့ ကလေးငယ်၍ မလိုက်နိုင်ပါ။ ဤအကြောင်းကို သိရှိ၍ ဝမ်းနည်းပက်လက်နှင့် စိတ်မကောင်းရှာပါ။ ဦးညိုထွန်းသည် သူ့ဇနီးနှင့် ဆရာမလေး မမြင့်မြင့်မော် အခြားလူများတို့ သူ့သမီး၊ ကျန်းမာရေးနှင့် အသုဘကိစ္စ၊ ရက်လည်ထိအောင် စောင့်ရှောက်ခိုင်းပြီး မြောင်းမြသို့ ပြန်သွားသည်။ ထို့နောက် သူ့အိမ်အလုပ်ကိစ္စများအတွက် အလုပ်သမားများနှင့်လုပ်ငန်းခွင်အတွက် စီမံကွပ်ကဲမည့်သူတွေကို ညွှန်ကြား၍ အသက်ရှင်စဉ်အခါက မမြင်လိုက်ရသော သမက်အသုဘ ရက်လည်သောအခါဦးညိုထွန်းသည် ခမည်းခမက်တွေကို ကူညီပံ့ပိုးခဲ့သည်။ သမီးယောက္ခမ ခမည်းခမက်တွေကို အကျိုးအကြောင်းပြောပြီး သမီးနှင့်ကလေးကိုအတိနေအိမ်သို့ပြန်ခေါ်ခဲ့ပါတော့သည်။

☆☆☆

ညီညီမြင့် တစ်ယောက် အိမ်ကို ပြန်ရောက်လာပြီဆိုတော့ တစ်ရပ်ကွက်လုံး တစ်ဆွေလုံး တစ်မျိုးလုံးတော့ အားရဝမ်းသာ ဖြစ်ကုန်ကြသည်။ ပျောက်နေသော သေရွာပြန် ညီညီမြင့်လေး မှတ်

www.burmeseclassic.com



နာမြင်လိုက်ရ၍ဝမ်းသာပီတိဖြစ်ပြီးသွားလိုက်ကြတာ တစ်ရပ်ကွက်လုံးလိုလို ထိုင်စရာမရှိသလောက် ဖြစ်နေပါတော့သည်။ ဤအထဲတွင် ဦးမျိုးဦး၊ လိပ်ပုတို့ ဖနီးမောင်နံ၊ မောင်ကျော်ဆွေပါမကျန် အပျော်ကြီး ပျော်နေကြပါတော့သည်။ ညိုညိုမြင့်ကလည်း မျက်နှာတွင် မျက်ရည်များမဆည်နိုင်လောက်အောင် မိတ်ဆွေအပေါင်းအသင်းနှင့် လူအများကို ရှင်းပြနေတာ တွေ့ရပါသည်။ ကလေးနို့မတိုက်ရတော့ပါ။ သူ၏မိဘများကနို့ဘူးတိုက် နိုင်းပါတော့သည်။ ဦးညိုထွန်းတစ်ယောက်လည်း သူတို့မှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ၊ သေသွားပြီလို့ ထင်ပြီးပျောက်သွားတာတစ်နှစ်လောက်ရှိသည့် အခါမှာ ဖြစ်ပျက်ခြင်း တရားသဘောတွေ ရလာသည်။ သူ အလုပ်ဖြုတ်ခဲ့သောလိပ်ပုတို့ လင်မယားလည်း ပြန်ခေါ်၊ မောင်အေးကိုအမေကိုလည်း တောင်းပန်ပြီးပြန်ခေါ်ခဲ့သည်။ ညိုညိုမြင့်၏အနားမှာလည်း မောင်အေးကိုအချုပ်ထဲမှာ ယခုထက်တိုင် မထွက်ရသေးတာကို သိတဲ့အတွက်ကြောင့် -

"ဖေဖေ - ကိုအေးကို ရဲစခန်းမှာဆို၊ အပြစ်တွေ ကျေအေးပေးပါလား ဖေဖေရယ်"

"အေးပါ - သမီးရယ်၊ ဖေဖေ အဲဒါ စဉ်းစားနေတာပါပဲ၊ သူ့ကို အမြဲအကူအညီပေးတဲ့ကိုမျိုးဦးကိုခေါ်ပြီးကျေအေးကြောင်း အမှုပိတ်ဖို့ သွားကြမယ် သမီး"

ဦးညိုထွန်းစိတ်တွေ ပြောင်းပြီး ဦးမျိုးဦးကိုသွားခေါ်၊အမှုပိတ်ရန်အတွက် တိုင်ပင်ပြောဆိုကြပြီး နောက်က နိုးရာလိုက်စဉ်အမှုတွဲထဲတွင်ပါခဲ့သောလိပ်ပု မောင်ကျော်ဆွေ၊ မောင်တင်အေး၊ မောင်အေးကိုရဲ့အမေ၊ ဦးညိုထွန်းတို့ ဖနီးမောင်နံ မညိုညိုမြင့်အပါအဝင် ဦးမျိုးဦးက ဦးဆောင်ပြီး ရဲစခန်းထဲသို့ ဝင်လာသည့်အခါတွင် မောင်အေးကိုမှာ ဝမ်းနည်းဝမ်းသာ ဖြစ်နေပါတော့သည်။

"ညိုညိုမြင့်လည်း ဖြစ်ပျက်ခဲ့သမျှ တစ်ခုချင်း အစအဆုံး ရှင်းပြသောအခါ မောင်အေးကိုက အားလုံးကို နားလည်သဘောပေါက်၍ ညိုညိုမြင့်ကို ခွင့်လွှတ်ပါကြောင်း ပြောသည့်အခါ ဦးညိုထွန်းစကားစပါသည်။

"မောင်အေးကို - အမှန်ကတော့ မင်းတို့ပြုခဲ့တဲ့အမှုတွေပါ"

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် မငြင်းပါဘူး"

"အေး - ဒီတော့ ငါ့သမီးကို အစေ အရာရာခွင့်လွှတ်တယ်၊ နားလည်မှုပေး တယ်ဆိုရင် ငါလည်း ဘာမှပြောစရာမရှိတော့ပါဘူးကွာ။ ငါ့မြေးလေးကိုတော့ ငါတို့ ဖနီးမောင်နံတွေရဲ့ တာဝန်ထားလိုက်ပါ"

လူအများကြားထဲက ဦးမျိုးဦး ဤကဲ့သို့ ပြောလိုက်ပါသည်။

"ဦးညိုထွန်း - မောင်အေးကိုကို ခွင့်လွှတ်ပေးလိုက်ပြီပေါ့နော်၊ သူတို့နှစ်ဦး အတူနေဖို့ပါ"

"ဟုတ်ပါပြီ၊ အတူနေဖို့ပါ ခွင့်လွှတ်ပေးတာပါ။ ငါပြောပြီးပြီးနော် - ငါ့မြေးလေးက ငါတို့နဲ့ အတူတူနေမှာ"

အားလုံးဝိုင်းပြီး ပြောကြ၊ ရှင်းလင်းပြ၊ ရယ်ရယ်မောမောနှင့် ဝမ်းသာလိုက်ကြတာ မောင်အေးကိုနှင့် ညိုညိုမြင့်တာလည်း မျက်ရည်တွေ မဆည်နိုင်ကြပေ။

ဤသို့ ဆိုလျှင် မောင်အေးကို၏ အမှုပိတ်ဖို့အတွက် ဆက်လက်လုပ်ဆောင်ရန်သာ ရှိပါတော့သည်။

ဝင်းမောင်ကျော်

**ဆေး မြီး တို**

**ယားနာ**

(၁) ခံပင်၏အမြစ်ကို ရေ (သို့မဟုတ်) နမ်းဆီနှင့်ရော၍ သွေးလိမ်းပါ။

(၂) ကျွန်းသီးကို ဆီနှင့် သွေးလိမ်းပါ။

(၃) ကြွက်နပေါင်းမြစ်မှုန့်ကိုသကြားနှင့် စပ်၍ သောက်ပေးပါ။

(၄) အရေပြားပေါ်တွင် အဖုအပိမ့်များ ဖြစ်ပေါ်၍ ယားယံလာလျှင် ကောက်ရိုးနွယ်ကို ထုထောင်းပြီး အရက်ညှစ်၍ သုတ်လိမ်းပေးပါ။

**လေသင်ဓုန်း**

နနွင်းမှုန့်နှင့် မှိုင်းတိုက်ပေးပါ။



www.burmeseclassic.com